ဆုပြည့်စုံထွန်းစာပေ

# ဂမ္ဘီရလောက



No.79, December 2013

သို့

မှ

# ဂန္ထလောက

စာစဉ်

ခုဖြည့်စုံတွန်း တာဝေ


အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

အမှတ် ၃၁၈ / ၅၁၂၊၂(ခ)၊ [illegible]

ဗိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော

# ဝဝ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့






ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည်

# ဗိုလ်ချုပ်အောင်ဆန်း၏ ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဒုတိယအကြိမ်

# ဗိုလ်တေဇ

ဘဝကာဗျာ

ရှုသဟန် အတ္တုပတ္တိ

Quality စာတည်းအဖွဲ့




ဆုပြည့်စုံထွန်းစာပေ

ခရုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်၊

# ဂမ္ဘီရလောက

အမှတ် (၇၉)၊ ဒီဇင်ဘာလ၊ ၂၀၁၃ ခုနှစ်

သေသူ့ရဲ့ ပိုးကာအင်္ကျီပွတ်တိုက်သံ
မောင်ညိုဖြိုး (သန်လျင်) ၆

ကုဏ္ဍာသာယ တစ်မျိုးရှ
စာတိဂုဏ်မျိုးမြင့်အောင် ၂၉

အကျွတ်တရား
တက္ကသိုလ်မျိုး ၅၂

တိုက်ဆိုင်ထူးခြား နိမိတ်ဆန်းကြီး
တောက်ထိန် ၆၃

ဆေးနှင်းရွှေမြို့က တိုက်ကြီးကျော်
ဘညိုကြီး ၇၇

ကျိုးသားသနဲ့ ရုန်းကြွခံရသည်
ထားဥသုံ ၁၀၀

ရန်တိုင်းအေးအောင်ဒါ ထွက်ပေါက်ပါလမ်း
မောင်လေးခိုင် ၁၁၅

တစ္ဆေလှန့်တဲ့ည
စောစုထိုက် ၁၄၀

# December 79 2013


[illegible]ကာနီးစွာ ဘုံကွက်ပုံပြင်

ဆောင်မျိုးကြီး သိန်းဝင်း ၀၇၆

[illegible]

ဇင်းမြင့်နိုင် (ဘူးသီးတောင်) ၀၉၀

[illegible]သီးနှင့် တားရေးစရာ

ဆောင်လင်းသစ် ၂၀၁

[illegible]

ကျော်စွာလင်း ၂၀၆

[illegible]

ဆောင်[illegible] (ဇီးကုန်း) ၂၂၁

[illegible]

ကြိုးနှစ် ၂၄၂

Next Month Preview ၉

အယ်ဒီတာချုပ်
**ကိုမြင့်ထွန်း (Quality)**

တာဝန်ခံအယ်ဒီတာ
**[illegible]**

ရုပ်ချပ်နှင့် အယ်ဒီတာ
**[illegible]**

အယ်ဒီတာအဖွဲ့
**[illegible]**

ရုံးအဖွဲ့
**[illegible]**

ထုတ်ဝေသူ
**[illegible]**

မျက်နှာဖုံး
**[illegible]**

အတွင်းသရုပ်ဖော်
**[illegible]**


ကွန်ပျူတာနှင့်ဖယ်ဝင်
Quality

ပုံနှိပ်သူ
**[illegible]**

စာအုပ်ချုပ်
**[illegible]**

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

စာတည်းအဖွဲ့နှင့် / ဖြန့်ချိရေးရုံးခွဲ
**[illegible]**



# Next

အငေချင်းသား
တောင်သန်းငဒိုင်

တောင်ဖြိုး

# Month

ရတနာ့သေမိ
ဘုရင်မ

ကောင်းသူ



# Preview



ချစ်ဝင်းလှ



တစ်နေ့ စိတ်ကူးသစ်တာပေမှာ ကျွန်တော်စာရေး
နေတုန်း ပရပ်းကုန်းမြို့နယ်က စာရေးဆရာကြီး
မောင်စိန်ရှိုင်(ဥသဿ) ရောက်လာတယ်။

"ဆရာနိုင်း-နေကောင်းလား"

"ကောင်းပါတယ်-ဆရာစိန်။ ဆရာစိန်ရော
ကျန်းမာရေးကောင်းတယ် မဟုတ်လား"



မိုးကာအင်္ကျီပွတ်တိုက်သံ

ကောင်းပါရဲ့ဗျာ။ ဒီ လာရတာကလည်း
ဆရာမှိုင်းကို ဂုဏ်ရဆန်တဲ့
လူသတ်မှုတစ်ခုအကြောင်း
ပြောပြချင်လို့ ခင်ဗျ

"လူသတ်မှု..."

"ဟုတ်ကဲ့"

"ဂုဏ်ရဆန်နေလို့..."

"အဓေသာအရျပါ - ဆရာရယ်၊ အဲဒါပြောချင်လွန်းလို့ပါ"

တခရေးဆရာကြီး မောင်စိန်လှိုင် (ဥဿဘ) ရဲ့ အပြောကို စိတ်ဝင်စား ကြလို့...တခရေးတာဖတ်လုပ်နေကြတဲ့ တခရေးဆရာတောင်မှုကြီးသိန်းဝင်း၊ ဆရာကြီးမှဆိုးကြီး၊ ဦးလေးမောင်နဲ့ စိတ်ကူးသစ်တာအုပ်တိုက်ပိုင်ရှင် ကိုတင်ထွန်းတို့ပါ ဆရာစိန်နဲ့ ကျွန်တော်တို့စားပွဲဝိုင်းရှိရာ ရောက်လာကြပါ ရော ခင်ဗျာ။

ကျွန်တော်တို့ စိတ်ကူးသစ်တာပေမှာတလည်း နေ့စဉ်ပါပဲဗျာ၊ တခရေး ဆရာတွေဆုံပြီး တာပေအနုပညာအကြောင်း၊ နိုင်ငံရေးအကြောင်း၊ ကမ္ဘာ့ စစ်ပွဲများအကြောင်း သူ့သိ၊ ကိုယ်သိ ပြောဆို ဆွေးနွေးလေ့ရှိကြတာကိုး ...။

အဲဒီစကားဝိုင်းမှာ ဆရာတောင်မှုကြီးသိန်းဝင်း၊ မှဆိုးကြီး ဦးလေး မောင်၊ တောင်မှုစိုးဝေ၊ တောင်မှုဆရာ ဖေယျာမင်းသျှင်၊ ဝင်းနိုင် (ရွှေပြည် သာ)၊ ဆရာ ကိုကျော်မင်းနိုင်၊ ဆရာ သုဝဏ္ဏကျော်စိန်၊ ဆရာ နန်းထိုက်စိုး၊ ရွှေခနတခရေးဆရာကြီး ကိုမောင်စံသိန်း၊ အစ်ကို အသံတု ခဲမြှင့်လေးနှင့် ဆရာမောင်စိန်လှိုင်တို့ မကြာခဏ တွေ့ဆုံစကားဝိုင်းဖွဲ့ ဆွေးနွေးလေ့ ရှိကြ တယ်လေ ...။

တောင်မှုကြီးတို့၊ တောင်ပိုင် ဦးမြဦးတို့၊ ဆရာ စိုးဝေတို့က အကျည်း တောင်များအကြောင်း။

မုဆိုးကြီး ဦးလေးမောင်က တောတွင်းအတွေ့အကြုံ။

ဆရာ နေမိုးသော်က သည်းထိတ်ရင်ဖို စုံထောက် ....။

ဝင်းနိုင်(ရွှေပြည်သာ)က ဘူ့အမျိုး လူပေလူတေများ မကောင်းတဲ့အကြောင်း။

ဆရာကြီး ကိုမောင်စံသိန်းက တရားခွင်ဘဝများ၊ ကျွန်တော်က ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ....။

အသံတု အစ်ကို ခဲမြင့်လေးက မျက်လှည့်လက်လှည့်များအကြောင်း ကိုယ့်အတွေ့အကြုံတွေကို ဝတ္ထုဆောင်းပါးရေး၊ ရေးချင်စဖွယ်ဖြစ်အောင် ပြောပြတာလေ ....။

ဒါကြောင့် - ကျွန်တော်တို့ စကားဝိုင်းကို "လေစုံကွန်း" လို့ အမည်ပေးရ လို ဖြစ်နေရဲ့ ခင်ဗျ။

လေထန်ကွန်းနဲ့ လေအန်ကွန်းကလည်း ရှိနေတော့ လေစုံကွန်းလို့ ပေးချင်တာပေါ့ဗျာ၊ အမှန်က ကွန်း မဟုတ်ဘူး၊ တိုက်ခန်း ခင်ဗျ။

အခု ဆရာစိန်လှိုင်က ဂမ္ဘီရဆန်တဲ့ လူသတ်မှုအကြောင်း ပြောပြချင်လို့ ဆိုတော့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်ဝင်စားကြတာပေါ့ဗျာ၊

"ဖြစ်ပျက်ပုံကို ပြောပါဦး - ဆရာစိန်"

"မြောက်ဥက္ကလာပက ပုရွက်ဆိတ်ကုန်းဘူတာအနီးမှာ ဖြစ်ခဲ့တဲ့ လူသတ်မှု - ဆရာမှိုင်းရဲ့ စိတ်အစွဲအလမ်းလို့ ပြောရမှာလား၊ ဂမ္ဘီရစကားပြောရရင် အယုံလာတာလား။ ကျွန်တော်လည်း သိပ်မပြောတတ်ဘူး၊ ဆရာတို့ပဲ စဉ်းစားအဖြေထုတ်ကြပါဗျာ၊ ဖြစ်ပုံက ဒီလိုခင်ဗျ ....။

=◈=

ကိုနေမျိုးဆွေဆိုတဲ့လူ ပိုက်ဆံတော်တော်ချမ်းသာတဲ့လူ ခင်ဗျ၊ ကျွန်တော်တို့ မရမ်းကုန်း (..........)ရပ်ကွက်မှာ နေတယ်၊

ပွဲရုံလုပ်ငန်းက ဘုရင့်နောင်မှာရော၊ ဇော်ဘွားကြီးကုန်းမှာရော ရှိတယ်၊ ကိုယ်ပိုင်ကားလည်း ရှိတယ်။

သူ့ခန်းနားမည်က မိုးမြဲဝေတဲ့ ...။

ရှောဝုံ လူပုံက ရှပ်ရှင်မင်းသမီး မေသဥ္စာဦးနဲ့ ရုပ်ဆင်ပါတယ်။ ကိုနေမျိုးထွေးက လုပုံသွယ်သွယ်၊ မင်းသားရုပ်တပ်ပဲ။ သန့်သန့်ပြန့်ပြန့် ဝတ်စင်လိပ်ကျကျ ဝတ်စားနေထိုင်တဲ့လူ။

နှစ်ဦးစလုံး အရွယ်ကောင်းတွေပါဗျာ ...။

သို့သော် သူတို့လင်မယားမှာ ထူးခြားတာက လင်မယားနှစ်ယောက်စလုံး လောင်းကစား ဝါသနာကြီးတာပဲဗျ။

ဖဲကစားရင်လည်း ကြေးကြီး ရှိန်းဝိုင်းမျိုးမှ ကစားတာ။ ဝိုင်းတစ်ဝိုင်းမှာ ငွေသိန်းလေးငါးဆယ် အလည်အပတ်ရှိမှ ကစားတာ။ ငွေနည်းရင် မကစားဘူး။

ကိုနေမျိုးထွေးက ဖဲကစား အရမ်းကြီး ကျွမ်းတယ်တော့ မဟုတ်ပါဘူးဗျာ။ သို့ - ဖဲနဲ့ ဖဲသမားများအကြောင်းကိုတော့ နားလည်သိရှိတယ်။ ရှင်းရှင်းတိုတိုပြောရရင် ဖဲလိမ်ကစားနည်းပညာ၊ ပရိယာယ်မျိုးစုံကိုတော့ လေ့လာသိရှိပြီး ကိုယ်တိုင်လည်း ပိုင်ပိုင်နိုင်နိုင် ကစားပြတတ်တယ်။

သို့သော် - ဖဲဝိုင်းမှာ ဘယ်တော့အခါမှ သူ ဖဲလိမ်မရိုက်ဘူး။

ရိုးရိုးမှန်မှန် တဲ့တိုက် ကစားလေ့ရှိတယ်။

ကြေးကြီးဖဲဝိုင်း နာမည်ကြီး ဖဲဝိုင်းကို ရောက်သွားလို့ ဝိုင်းစ,တော့မယ်ဆိုရင် မေးပြီဗျာ။

"ရိုးရိုးက တိုက်ဖဲကစားကြမှာလား။ ဖဲလိမ်ရိုက် ပညာပြနည်းနဲ့ ကစားကြမှာလား - ပြောကြဗျာ"

"ကိုမျိုးထွေးက နှစ်မျိုးစလုံး ရလို့လားဗျ - ဟင်း - ဟင်း - ဟင်း"

"ရပါတယ်။ ညာက်တိုက် ဖဲလိမ်ရိုက်ပြီး ကစားကြမယ်လို့ ဖွင့်ပြောပြီး ကစားမယ်ဆိုလည်း ကစားပေါ့မယ်။ ဒါမှမဟုတ် ဝှက်သိက္ခာရှိရှိ တဲ့တိုက် ကစားမယ်လို့ ကတိကဝတ်ပြုကြရင်လည်း သိက္ခာရှိရှိ တဲ့တိုက်ကစားသွားကြတာပေါ့ဗျာ ..."

"အတယ်လို့ - ကံတိုက်ကစားရင်းက ပညာသုံးပြီး ဖဲလိပ်ရိုက်ခဲ့ရင် ဘယ်လိုလုပ်မတုံးဗျာ ..."

"ဗိုင်းထဲက ထ,သွားရင် အကောင်းဆုံးပေါ့ဗျာ ..."

"မထ,သွားရင်ကောတဲ့ဗျာ ..."

"ဒါဆို - ကျုပ်လည်း လိမ်ရိုက်မှာပဲ၊ အရှုံးအနိုင်မှာ စကားမများကြေး၊ ရန်မဖြစ်ကြေး - ကြိုက်ရဲ့လား"

"ကြိုက်ပြီဗျာ"

"ဒါဆို - ဘယ်လိုကစားမလဲ - အားလုံးပြော"

"ကံတိုက်ပဲ - ကောင်းတယ်ဗျာ"

"ကံတိုက်ပဲ ကစားမယ် - ကိုမျိုးဆွေရယ်"

" Very Good ပဲပေါ့ဗျာ၊ ကျုပ် ကုန်သွားရင် ထ,ပြန်မယ်၊ အပြန်လမ်း စရိတ်မပေးနဲ့ -ဟုတ်ပြီနော်"

"သိပ်ကြိုက်"

ဖဲထုပ်အသစ်ကျပ်ချွတ်ကို အားလုံးစိတ်ကျေနပ်အောင် စစ်ဆေးပြီးမှ ကစားကြတာဗျ။

ကိုနေမျိုးဆွေ ဖဲနိုင်တာ များတယ်။

ငွေအိတ်ကို လွယ်ထမ်းနဲ့ သယ်ယူရတဲ့ ဆရာတို့ရေ၊

(၁၀)ပွဲကစားရင် (၈)ပွဲ၊ (၉)ပွဲ နိုင်တာ များတယ်၊ ဒါပေမဲ့ - ကစားသမား သူဌေးတွေက ပြောကြတယ်၊

"ကိုနေမျိုးဆွေကို ထီးချက်စောင့်နတ်သမီးပဲ စောင့်ရှောက်နေသလား၊ ဝခန်းကိုကြီးကျော်ပဲ စောင့်ရှောက်နေသလား မသိဘူး" တဲ့ ...။

"မဟုတ်မှလွဲရော - ဖဲမှော်များ အောင်နေရောလားကွာ"

"နှုးလုညှိတော့ ပေါ်ဦးမှာပါကွာ - စောင့်ကြည့်ပါ"

=◈=

ကိုနေမျိုးဆွေတို့လင်မယားမှာ လက်ကသုံးတောင်ရေး လူယုံတစ်ဦး ရှိတယ်ဗျ။ နာမည်က ကိုတေဇောတဲ့ ... ထောင်ထွက်တစ်ဦးပါ။ ထောင်က ထွက်လာတော့ အလုပ်တစ်ခုခုပေးမည့်သူ မရှိတော့ တားဝတ်နေရေး ခက်နေ တာပေါ့။

နောက်ထပ် ခုစရိုက်မှု ရိုက်နက်၊ ခိုး လုလည်း မလုပ်ချင်တော့ဘူး။ အဲဒါ ရေခဲချောင်း တွန်းလှည်းလှည့်ရောင်းနေတာ။

တစ်နေ - ကိုနေမျိုးဆွေက "အားကိုးရပြီးသစ္စာရှိတဲ့လူတစ်ယောက် ရှာ ပေးစမ်းပါဗျာ" လို့ မိတ်ဆွေတစ်ဦးထံ အကူအညီတောင်းရာက ရေခဲချောင်း ရောင်းနေတဲ့ ကိုတေဇောကို ပို့ပေးလာတယ်။

"တေဇောတဲ့ ပေ့"

"သစ္စာရှိရဲ့လားဗျ - ကိုလွန်းဇော်ကျော်ရ"

"ဒီကောင် - ထောင်ထွက်ပေမယ့် နောက်ထပ် ရာဇဝတ်မှု ဘာမှမကျူး လွန်တော့ဘဲ ခင်ဗျားမြင်တဲ့အတိုင်း ရေခဲချောင်းရောင်းနေတာဗျ။ သစ္စာ လည်း ရှိတယ် - ကိုနေမျိုးရေ"

"တေဇော"

"ခင်ဗျာ"

"မင်း - ဘာမှုနဲ့ ထောင်ကျခဲ့တာလဲ"

"ဓားထိုးမှုပါ ခင်ဗျ"

"ဘာလို့ လူတစ်ယောက်ကို ဓားနဲ့ ထိုးရတာတုံး"

"ကျွန်တော့်ကို သူက အမြဲပဲ အနိုင်ကျင့်နှိပ်စက်လေ့ ရှိပါတယ်။ ဖြစ်တဲ့ နေ့က ဓားပြောင်ကိုင်ပြီး ကျွန်တော့်မျက်လုံးကို ဖောက်ထုတ်မယ်ဆိုပြီး အလှူ မဏ္ဍပ် အမျိုးသမီးများရှေ့မှာ အနိုင်ကျင့်တာပါ။ ရှက်လည်းရှက်၊ မခံလည်း မခံနိုင်လွန်းလို့ နောက်ဆုံး သူ့ကို ကြောက်တန်တန် ပြန်ချရင်းကနေ သူ့ ဓားနဲ့ သူ့လည်ပင်းကို ထိုးလိုက်ရင်း၊ အဖမ်းခံရလို့ ထောင်(၃)နှစ် ကျသွားပါ တယ် ခင်ဗျ"

"သူရော - သေသွားရောလား - ကိုတေဇော"

"မသေပါဘူး ခင်ဗျ။ လည်ပင်းအကျိုး ပျောက်သွားပေမယ့် လည်ပင်း စောင်းကန်းတန်း ဖြစ်သွားခဲ့ပါတယ် ခင်ဗျ"

"ကိုဝေဘဇော်မှာ ဆွေမျိုးသားချင်း မရှိဘူးလား"

"မရှိပါဘူး။ ရွာမှာ နေတုန်းကလည်း ဘုန်းကြီးကျောင်းသားဘဝနဲ့ ကျောင်းမှာ နေရတာပါ"

"ကျုပ်နိုင်းတဲ့အလုပ်ကို လုပ်နိုင်မှာလား"

"ဘာနိုင်းနိုင်း လုပ်ပါ့မယ် - ဆရာ"

"လူသတ်နိုင်းရင်ကော ..."

"အဲ - အဲ"

"ကျုပ်တို့လင်မယားအပေါ်မှာ သစ္စာရှိနိုင်မှာလား"

"စိတ်ချပါ - ဆရာ။ သစ္စာရှိပါမယ် - ယုံပါ"

"ကောင်းပြီလေ - ခင်ဗျားကို စမ်းသုံးကြည့်တာပေါ့"

ဒီလိုနဲ့ ထောင်ထွက် ကိုဝေဘဇော ... ကိုမျိုးတို့လင်မယားထံမှ အလုပ် ဝင်ခဲ့တယ်။ ကိုမျိုးတို့ရဲ့ပွဲရုံလုပ်ငန်းကို ကိုမျိုးဆွေ မအားရင် သွားရောက် ကြည့်ရှုမှာကြားပြီး အစီရင်ခံရတယ်။ ကိုဝေဘဇောကို လက်ရှိနေတဲ့တိုက်မှာ မနေနိုင်းဘူး။ တစ်နေရာမှာ အိမ်ငှားပေးထားတယ်။ ဝေဘဇောရဲ့ အဓိက အလုပ်က ကိုမျိုးဆွေတို့လင်မယား ချိန်းဆိုင်းရှိရင် ကိုယ်ရံတော်လူယုံ သဘော လိုက်ရတယ်။

ဓါပိုင်းကလည်း ဝက်သစရှိရှိ လူကြီးမင်းတချို့အိမ်မှာ ဖြစ်ရသလို စီးပွား ရေးသမားတွေရဲ့တိုက်မှာ ဘာညာသာရကာ ကြောင်သူတော် ကြွက်သူခိုး လူအချေဖြုံများရဲ့တိုက်မှာလည်း ကစားရတယ်။

ရပ်ကွက်လူကြီးရော၊ ရဲရော အနားကို သီလို့မရဘူး။

ပေးထား၊ ကမ်းထားတာကလည်း သူတို့ဗိုက် ကယ်နေပြီလေ ...။

တစ်ခါတစ်ရံ မိုးလင်းသွားတာရှိသလို ...။

တစ်ခါတစ်ရံ ညဥ့်နက်သန်းခေါင်ကြီးသွားတာလည်း ရှိတယ်။ ကိုမျိုး ဆွေရဲ့ကစားပုံက ပါလာတဲ့ ငွေဆယ်သိန်း ရှုံးသွားရင် အိမ်ပြန် ငွေယူကစား လေ့ မရှိဘူး။ ရှုံးရင် အိမ်ပြန်အိပ်တာပဲ။

နိုင်ပြီဆိုရင် ငွေထုပ်ကို တပည့်တေဇောက ကိုင်လာ။ ပြီးရင် နာမည်ကြီးဟိုတယ်မှာ ဝင်ပြီး ကောင်းကောင်းစားသောက်မယ်။ စားလို့သောက်လို့ဝရင် တေဇောကို သောက်ရေးငွေပေး။ ပြီး - အိမ်ပြန်။

=◈=

တေဇောလည်း မကြာမီကာလမှာပဲ လူတစ်လုံး သူတစ်လုံး ဖြစ်လာတယ်။ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ နာရီအကောင်းစားနဲ့ မသိရင် သူဌေးကိုမျိုးရွှေရဲ့ညီလား၊ ယောက်ဖလား ထင်မှတ်ကြ။

တစ်နေ့...

"သူဌေး"

"ဘာတုံး - တေဇော။ ချိန်းဆိုင်းရှိလို့လားဟေ့။ ဘယ်မှာတုံးကွ"

"ချိန်းဆိုင်း မဟုတ်ပါဘူး ခင်ဗျ။ ဟို - ဟို - လေ"

"ပြော - ဘာလဲ။ ရဲရဲပြောစမ်းပါကွာ"

"ကျွန်တော့်ကို ငွေနည်းနည်းချေးပါ - လို့ - ပြော"

"ငွေချေးရမယ်"

"ဟုတ် - ကဲ့"

"မင်းက ဘာတွေလုပ်မလို့တုံး - တေဇောရ - ဟေ"

"ဟို ... ဟို - မြေလေးတစ်ကွက် ဝယ်ချင်လို့ပါ - သူဌေး"

"အမ်မာ - ဘာလဲ - မင်းက မိန်းမယူတော့မလို့ပေါ့"

"မဟုတ်ပါဘူး ခင်ဗျ။ ဈေးလည်းချောင်လို့ စုမိ ဗိုက်မိအောင် ဝယ်ထားမလို့ပါ - သူဌေး"

"ဘယ်လောက်တဲ့တုံး..."

"ဆယ်သိန်းပါ။ ကျွန်တော် လက်ဝတ်လက်စားရောင်းလိုက်ရင် ငါးသိန်းရမှာပါ။ လိုငွေ - ငါးသိန်း"

"မဝေးရ"

"ရှင် - အစ်ကို - ဘာလဲဟင်"

"ဟောဒီမှာလေ – တေဇောရယ် – မြေတစ်ကွက်ဝယ်ဖို့ ငွေနည်းနည်းလို လို့တဲ့၊ ငွေငါးသိန်း ပေးလိုက်စမ်း"

"မေတ္တာကြေးလား – အစ်ကို"

"မဟုတ်ပါဘူး။ ချေးတာပါ။ သူလည်း အဖတ်တင်အောင် ကူညီရမှာ ပေါ့"

ဒါနဲ့ ငွေငါးသိန်း ရစရာ ရှိတဲ့ရွှေ ရောင်းပြီး ရွှေပြည်သာဘက်မှာ မြေတစ် ကွက် ဝယ်လိုက်တယ်။ မဆိုးပါဘူး။ သီးပင်၊ စားပင်တွေလည်း ပါတယ်။

နောက်သုံးလလောက်နေတော့ ပြောပြန်ရောဗျ။

"သူဌေး ခင်ဗျာ"

"ဘာတုံး – တေဇော – ပြော"

"ဟို – ဟို – ဟိုဒင်း"

"မင်းငွေလိုပြန်ပြီ မဟုတ်လား – တေဇော"

"ဟို – ဟို – သစ်သားအိမ်လေး ဆောက်ချင်လို့…"

"ငွေ ဘယ်လောက်လိုတုံး – ပြော"

"ငါး – ငါး – သိန်း"

"တေဇော – မင်းအိမ်ဆောက်ဖို့ အစီအစဉ်ရော ရှိလား"

"ဟုတ် – ဟုတ်ကဲ့ – သူဌေး"

"မင်းချေးငွေကို နောင် ဘယ်လိုဆပ်မှာတုံး – တေဇော"

"တဖြည်းဖြည်း ခွဲဆပ်ပါ့မယ် – သူဌေး။ ပြီး – ကျွန်တော် ဆိုက်ကားလေး ငါးစီးထောင်ပြီး အပိုဝင်ငွေရအောင် ကြိုးစားနေတာလည်း ရှိပါတယ်။ ယုံပါ သူဌေး"

သူဌေး ကိုမျိုးအေးကလည်း အကြိမ်ကြိမ်ချေးတိုင်း မတွန့်ဆုတ်ပါဘူး။ ချေးသလောက် ပေးတာချည်းပဲ။ ကိုယ့်မှာ သားထောက် သမီးခံလည်း မရှိ၊ ဒါက – လူယုံတပည့်။

နှစ်ဖက်မိဘ ရပ်ဝေးနေရာများကို ပေးကမ်းရင်းက ကိုယ့်တပည့် လူရင်း ဆိုတော့ လင်ရော၊ မယားရော ယုံကြည်စွာ ချေးပါတယ်။ ဆပ်နိုင်တဲ့အချိန် ကျမှဆပ်။ တစ်ခါမှ ပြန်မတောင်းဘူး။

သူဌေးတို့လင်မယားကလည်း ရှိန်းပိုင်းကစားနေရရင် ပျော်နေတာပဲ၊ ကစားတိုင်းနိုင်တာ များလေရဲ့...။

နိုင်တိုင်း၊ ရတိုင်း တပည့်တေဇောကို ဘောက်ဆူးလည်း ပေးတယ်၊ ဆိုင်ကောင်းကောင်းမှာ ကျကျနန ရှယ်ကျွေးတာ၊

ကိုယ်လုပ်လူကလည်း ခဲနိုင်ငွေများများရမှန်းသိနေတော့ အကြိမ်ကြိမ်ချေး နေတာ သိန်းငါးဆယ်ကျော်သွားပြီ၊

တစ်နေ့တော့ ရှုပ်ယှက်တော် တေဇော စဉ်းစားရော၊

ငါ ... သူဌေးဆီက ယူတဲ့ငွေ များနေပြီ၊ ငါ ရင်းနှီးထားတဲ့လုပ်ငန်းအရှုံး လည်းဟန်ကျနေပြီ၊ ဒီအချိန်မှာမှ သူဌေးလင်မယားက ချေးငွေ သိန်းငါးဆယ် ကျော်ကို ပြန်တောင်းရင် ဘယ်လိုလုပ်ရမှာတုံး ...။

တစ်နေ့က သူဌေးကတော်က မေးတယ်၊

"တေဇော"

"ခင်ဗျာ - မမလေး"

"မင်းလုပ်ငန်းတွေ အခတော်ဟန်နေဆို - တဲ့"

"သိပ်မဟန်သေးပါဘူး - မမလေးရာ၊ မမလေးကို ဘယ်သူပြောလို့ တုံး ..."

"နင့်ဆရာအရင်းကိုလွန်းမောင်ကျော်က ပြောလို့ပါဟဲ့၊ ကြီးပွားအောင် လုပ်နော်၊ ငါတို့လို လောင်းကစားမလုပ်ပါနဲ့ - ငါ့မောင်ရေ၊ အစ်မတို့က ခဲ နကွတ်၊ လောင်းကစားနကွတ် ပါလို့လား မသိဘူး၊ ခဲရိုက်နေရ၊ ငွေမြင်နေရ မှ စားဝင်အိပ်ပျော်တယ်ကွယ် ..."

အဲဒီစကားအသွားအလာကို ကြည့်ရင် ငွေပြန်တောင်းချင်၊ လိုချင်တဲ့ သဏ္ဌာန်ပါသလိုလိုပဲ ...။

ဖြစ်ချင်တော့ ခုတစ်လောမှာ သူဌေးကိုရှိုးမှာတွေတို့သိန်းတစ်ရာလောက် ခဲရှုံးသွားတယ်၊ နိုင်ငွေနဲ့ ရှုံးငွေယှဉ်ရင် ရှုံးငွေက များနေတယ်၊

တစ်နေ့မဟုတ်တစ်နေ့ ချေးငွေများပြန်တောင်းခဲ့ရင် အခုအောင်မြင်နေ တဲ့ သူ့လုပ်ငန်းလေးတွေ ပြုန်းတီးသွားနိုင်တယ်၊

သူဌေးကတော့ ဦးခေါင်းကို အကြံသမား တေရေကာ ရဲတင်းနဲ့ ခုတ်ချလိုက်တာ တစ်ချက်၊ နှစ်ချက်ပဲ အော်နိုင်ပြီး ရထားလမ်းအနီးမှာ လဲကျလူးလှိမ့် အသက်ပျောက်သွားခဲ့တယ်။



ဒီငွေသိန်းငါးဆယ်ကျော် ပြန်မပေးရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ နေ့ရော၊ ညရော စဉ်းစားပြီးရော ...။

=◈=

စဉ်းစားတဲ့အတိုင်းပါပဲ၊ သူဌေးကတော်က ဓါးရှုံးနေတော့ ချေးထားတဲ့ ငွေထဲက (၁၅)သိန်း ပြန်ထပ်ပေးပါတဲ့၊

"ဟုတ်ကဲ့၊ ကျွန်တော်လုပ်ပေးပါ့မယ် - မမလေး" လို့ပြောပြီး အစီအစဉ် ဆန်းစုကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်တယ်၊

ဒီနေ့က မိုးဖွဲဖွဲရွာတဲ့နေ့၊ မှောင်ရိပ်ပျိုးနေချိန်၊

"မမလေး"

"ဘာလဲ - မေတာဇော"

"ဆရာရော - ဘယ်သွားလဲဟင်"

"ထုံးစံအတိုင်း - ဖဲနှာကျနေတော့ ဖဲဝိုင်းသတင်းစုံ စမ်းနေတာပေါ့ ဟယ်"

"မမလေးတို့ ငွေလိုတယ်နော် ..."

"အေးလေ - ငါပြောထားတဲ့ငွေ ရမှာလား"

"မမလေး - အခုလိုက်ယူပါလား။ ပုရွက်ဆိတ်ကုန်းဘူတာနားက ကျွန်တော့်အသိအိမ်ကိုလိုက်ခဲ့ပါ။ ကျွန်တော်ပြောထားပြီးပြီ။ မမလေးအာမခံရင် (၁၀)သိန်း ချေးမယ်၊ အတိုးတော့ ပေးရမယ်တဲ့၊ လမ်းလျှောက်သွားရုံပါ ဗျာ"

"နှင်းနာခည်နဲ့ ချေးငွေနော်"

"ဟုတ်ပါတယ်ဗျာ။ မမလေးက မျက်နှာပြ အာမခံရင် ချက်ချင်းရမှာပါ ဗျာ - လာပါ"

ငွေကလည်း လိုနေတယ်။ ကားတစ်စီးတောင် ပေါင်ထားရတာ၊ လူရင်းဆိုတော့ ယုံကြည်ပြီး လိုက်ခဲ့လိုက်တာပါ။ ဒါနဲ့ ရထားလမ်းအတိုင်း သူမက ထီးဆောင်း၊ မေတဇောက ဦးထုပ်ဆောင်းပြီး မီးရောင်ပျပျအောက်မှာ လာခဲ့ကြတယ်။

"ဘယ်အိမ်တုံးဟဲ့ - မရောက်သေးဘူးလား"

"ဘူတာနားက အိမ်ပဲဗျ။ ဟိုရှေ့က အိမ်ပဲ၊ မမလေး - ဇောလေး။ ကျွန်တော် အပေါ့သွားချင်လို့ - သွားနှင့်"

ဒါနဲ့ သူဌေးကတော်က ရှေ့နားကြိုသွားပြီး ဘူတာရုံကို လှည့်ကြည့်ရင်းနီးစဲလို့ ထီးပိတ်လိုက်ချိန်မှာပဲ -

"ခုတ်"

"အား ..."

"ခွပ် - ခုတ်"

"အား - အ - အ"

သူဌေးကခေတ် ဦးခေါင်းကို အကြံသမား တေဇောက ရဲတင်းနဲ့ စုတ်ချ လိုက်တာ တစ်ချက်၊ နှစ်ချက်ပဲ ခေါ်နိုင်ပြီး ရထားလမ်းအနီးမှာ လဲကျ ရှားလွှန့် အသက်ပျောက်သွားခဲ့တယ်။

သည့်နောက် အလောင်းကို ဘူတာနဲ့ မလှမ်းမကမ်းတွက်လယ်နဲ့တေား တ ချုံအောက်မှာ ပစ်ထားခဲ့လိုက်တယ်။

ပြီး - သွေးပေနေတဲ့ ရဲတင်းသွားကို ရေအိုင်ထဲကရေနဲ့ အမြန်ဆေး ကြောပြီး လွယ်အိတ်ထဲကို ပြန်ထည့်လိုက်တယ်။

ဘူတာဝန်းကျင်မှာ မိုးဖွဲဖွဲနဲ့ လူရှင်းနေတော့ သူ့လုပ်ရပ်ကို ဘယ်သူမှ မမြင်ကြဘူး။

သည့်နောက် သူဌေးအိမ်ကို ပြန်လာခဲ့လိုက်တော့ သူဌေးကိုခံနေမျိုးတွေ ပြန်ရောက်နေပြီ။

"သူဌေး - ပြန်ရောက်နေပြီလား ခင်ဗျ"

"အေး - ဒါနဲ့ တေဇော - မင်း - မမလေးကို မတွေ့မိဘူးလား ဟေ့"

"သူဌေး - မမလေးပွဲစား ဦးမျော်ဘွယ်ကြီးတို့တိုက်မှာ ရောက်နေတယ်။ အဲဒီမှာ မိုးကုတ်နဲ့ မန္တလေးက ကျောက်သူဌေးတွေ ရောက်နေလို့ ဒီည ရှိန်း ပိုင်းကြီး လုပ်မယ်တဲ့၊ အဲဒါ သူဌေးကို သွားပြန်ခေါ်ဆိုလို့ လာခေါ်တာပါ"

"ပွဲစား ဦးမျော်ဘွယ်ကြီး - ဟုတ်လား"

"ဘူတာရှေ့နားက သုံးထပ်တိုက်အသစ်ကြီးလေ - ဆရာရဲ့"

"ကြော် - ပဲပွဲစား မျော်ဘွယ်ကြီး ဆိုတာလား ဟေ့"

"သိပ်ဟုတ်ပေါ့ - သူဌေးရာ။ မြန်မြန်လာ"

"မင်းမမလေး - အဲဒီမှာရှိတာ သေချာတယ်နော်"

"ရောက်ရင် တွေ့ပါလိမ့်မယ် - သူဌေးရာ။ လာပါ"

အပြင်မှာမိုးကလည်းဖွဲဖွဲရွာနေတယ်။ ဒါကြောင့်မိုးကာအင်္ကျီကိုကောက် ဝတ်လိုက်ပြီး ဦးထုပ်ဆောင်းလိုက်တယ်။

"ကားနဲ့ သွားမှာလား - တေဇော"

"နီးနီးလေးပါ - သူဌေးရာ။ မမလေးကိုတောင် ရထားလမ်းအဝိုင်း မြေကျင်လျှောက်ပြီး သွားပို့ခဲ့တာပါဗျာ။ ကားပါလို့ အဝင်အထွက်များရင် အများက မသင်္ကာဖြစ်မယ်တဲ့ ..."

"ကိုင်း - သွားမယ်ဟေ့။ မိုးကုတ်၊ မန္တလေးသူဌေးတွေနဲ့ ရင်းတာပြန်ရအောင် ဒီည လုပ်ရမှာပဲ ဟေ့"

ဒါနဲ့ မြောက်ဥက္ကလာရထားလမ်းအဝိုင်း မီးရောင် မလင်း။ တလင်းကြားမိုးကာတရွှမ်းရွှမ်းနဲ့ အားတက်သရော လျှောက်လာခဲ့ကြတယ်။

လမ်းမှာ လူကလည်း ရှင်းလိုက်တာရယ် ...။

လမ်းနီးအောင် ရထားလမ်းဘေးကနေ လျှောက်လာရတော့လည်း လူရှင်းတာပေါ့။

ဒီလိုနဲ့ မမလေးကို သတ်တဲ့ ခပ်မှောင်မှောင်နေရာလည်းရောက်ရော ... အကြံသမား တေဇောက လွယ်အိတ်ထဲက ဓါးတင်းကို ဆွဲထုတ်ပြီး သူဌေးရဲ့ ဦးခေါင်းကို နောက်ကနေ ခုတ်ချလိုက်တာ ...။

"ဖောင်း"

"အား - အာ - တေ - ဇော"

ခုတ်ချက်က လွှဲနေတဲ့ သူဌေးခေါင်းနောက်စေ့ကို မခုတ်မိဘဲ နားရွက်ကို ခုတ်မိတော့ နားရွက်ပြတ်ပြီး မိုးကာအင်္ကျီပေါ် သွေးတွေ စီးကျ ...။

သူဌေးမျိုးဆွေ အရမ်းဆုံကြပြီး ပြန်ခုခံဖို့ ပြင်တယ်။

"တေဇော - မင်း - မင်း - ဒါ - ဘာလုပ်တာလဲ ဟင်"

"ခင်ဗျားကို သတ်တာလေဗျာ။ ခင်ဗျားတို့သေမှ ကျုပ်အကြွေး သိန်းငါးဆယ် ပြန်မပေးရမှာ - သေပေရော့"

"မလုပ်နဲ့ - မလုပ်ပါနဲ့၊ တေ - ဇော - ဇော့ - ဟော့ - ကောင်"

"ကိုင်းဟာ"

"ဝိုး"

"ဟာ"

သူဌေး ကိုမျိုးဆွေက သွေးစက်လက်နဲ့ ရှေ့က ပြေး၊ မိုးကာအင်္ကျီက မိုးဖွဲဖွဲကြားမှာ တရွှမ်းရွှမ်း တဂျိဂျိမြည်နေ ...။

"သေကွာ"

"ဖောင်း"

"အား"

"ကိုင်းဟာ"

"ရွပ်"

ဦးခေါင်းကို ထိသွားပြီး သူ့ခြေ ယိုင်သွားတယ်။ နောက်တစ်ချက် ကျောဘုန်းကို ခုတ်လိုက်တော့ ဓားနဲ့ လှည့်လိုက်ပြီး တေဓောရှိရာကို သူ့ခြေက သွေးသံရဲရဲ ကမူးရှူးထိုး ပြေးဝင်လာနေသေးတယ်။



(၂၄)နာရီပုံးလုံးနီးပါး နေလို့ ထိုင်လို့ မရအောင် ရူးသွပ်ချင်အောင်
အာရုံပေးနေတဲ့ မိုးကာအင်္ကျီ မှတ်တိုက်သံကြောင့် ဂနာမငြိမ်ဖြစ်ပြီး
ထ.အော်ပြန်အော်နေတာကို အနီးဝန်းကျင်ကလည်း
အကဲခတ်ပြီး မေးနေကြတယ်။

သူ့ကိုယ်ပေါ်က ဖလတ်စတစ်သား မိုးကာကလည်း တရွှမ်းရွှမ်း တရိုရို တရွတ်ရွတ်နဲ့ မြည်နေပုံက အကျယ်ကြီးပဲ။

သူဌေး ဒယီးဒယိုင်ဖြစ်လာရာကနေ အရှိန်ကြီးပြတ် ပုံလဲကျသွားတော့မှ သူဌေး ဖဲရိုက်ဖို့ ယူလာတဲ့ ငွေအားလုံးကို ယူလိုက်တယ်။

ပြီး - ရဲတင်းကို အဝေးရှုံ့ထဲ လွှင့်ပစ်လိုက်တယ်။

=◈=

သူဌေး ဦးနေမျိုးဆွေနဲ့ ဇနီး မခိုးမြဝေတို့ရဲ့အလောင်းကို မိုးလင်းတော့ ရဲက တွေ့ပြီး -

အနီးစပ်ဆုံးလူဖြစ်တဲ့ လူယုံတော် ကိုတေဇောကို စစ်မေးကြတယ်။ ကိုတေဇောကလည်း သူဌေးတို့သေတဲ့ညက ရွှေပြည်သာအိမ်မှာ ရှိတယ်။ နေမကောင်းလို့ ဆေးသောက်ပြီး အိပ်နေပါတယ်လို့ ဆိုတယ်။

ဒါကြောင့် အဲဒီနေ့ညက သူတို့နဲ့ ပါမသွားပါဘူးလို့ ပြောပြီး ဆေးရုံ စာအုပ်ကို သက်သေပြတယ်။

ရဲအဖွဲ့ကလည်း လူသတ်တရားခံကို စုံစမ်းတုန်းပဲ။ လင်ဝရော၊ မယားရော ရဲတင်းလို အသွားထက်တဲ့ အရာမျိုးနဲ့ ရက်ရက်စက်စက် ခုတ်ခံရဖွယ် ရှိတယ်လို့ ရဲဆေးစာအရ သိထားတယ်။

ဒါနဲ့အတူ ဗီလောတက သူဌေးအိမ်သမားများကိုလည်း စောင့်ကြည့် ထောက်လှမ်းနေကြတာပေါ့။

ဒီမှာ ကိုယ့်ပယောဂနဲ့ကိုယ် ဂနာမငြိမ်ဖြစ်နေတာက လူသတ်သမား တေဇောပဲ။ တေဇော သတ်မည်လို့လဲ မည်သူမှ မထင်ကြဘူး။ တေဇောက သူဌေး နေမျိုးဆွေရဲ့ သစ္စာရှိ ယုံကြည်ရသည့်လူယုံတော်လို့ အကြွင်းမဲ့ ယုံကြည်ထားတာ။

သူဌေး လင်မယားရဲ့ အသုဘကို သင်္ဂြိုဟ်တော့ သူ လိုက်မပို့နိုင်ဘူး။ ခွေးအားနည်း အိပ်မပျော်ရောဂါကြောင့် ဆေးထိုးနေရလို့ အများက သိနားလည်ထားကြတယ်။

အမှန်က - ဒီလို ...။

လူယုံတော်နေတဇော အိပ်လို့ မပျော်၊ စားလို့မဝင်တဲ့အကြောင်းက ထူးဆန်းနေတယ်။ ဒီအကြောင်းကို သူကိုယ်တိုင် ဖွင့်ပြောလို့ တောင်မှူး ကိုလှဆိုထံက သိရတာ။

တေဇော သူဌေးတို့လင်မယားကို ဓါးတင်းနဲ့ ခုတ်သတ်ပြီး ပြန်လာတော့ မိုးကာအကျီ တရှမ်းရှမ်း ထိခတ်သံကြီး နောက်က ကြားလို့လှည့်ကြည့်တော့ ဘယ်သူမှ မရှိဘူး။

သို့သော် အိမ်ရောက်တဲ့အထိ သူကိုယ်တိုင်သတ်ခဲ့တဲ့ သူဌေးရဲ့မိုးကာ အကျီထိခတ်သံ တရှမ်းရှမ်းကို ကြားနေရပြီး အလွန်အံ့သြသလိုဖြစ်နေတယ်။

ဘာကြောင့် ဒီမိုးကာအကျီ တရှမ်းရှမ်းမြည်သံ ဒီအထိ ပါလာရတာလဲ။

ပိုဆိုးတာက မိုးကာအကျီ တရှမ်းရှမ်းအသံဟာ အိမ်သာတက်ရင် နောက်ကနေ ကြားနေရသလို ...။

အိပ်မလို့လုပ်ရိန်မှာလည်း အနားမှာ သူဌေးရဲ့မိုးကာအကျီထိခတ်သံကို ကြားနေရတယ်။ မျက်စိမှိတ်လိုက်ရင် လူတို့ တစ်ယောက်ယောက် လှုပ်နိုးလိုက်သလို ခံစားရပြီး လန့်နိုး ...။

ဘုရားရေ ... အနီးမှာ သေသူ သူဌေးရဲ့မိုးကာအကျီပွတ်တိုက်ခတ်မြည်သံတို့ ခပ်ကျယ်ကျယ်ကြားနေရပါရော ...။

အိပ်လို့မရဘူး။

အိပ်ပျော်မယ်ကြည့်ရင် လှုပ်အနိုးခံရပြီး တစ်ခါ တစ်ခါ သွေးအံ့ရဲရဲနဲ့ သူဌေးရဲ့မျက်နှာကြီးကို မြင်ရပြီး လန့်အော်မိတယ်။ သူဌေးရဲ့မျက်နှာ ပျောက်သွားပြီးရင် မိုးကာအကျီ ထိခတ်ပွတ်တိုက်သံကို တစ်ညလုံး တစ်နေ့လုံး ကြားနေရပြီး လူဟာ ကယောင်ချောက်ချားဖြစ်သွားခဲ့ရတယ်။

ထမင်းစားနေရင်လည်း အနားကနေ ကြားရ ...။

မျက်နှာသစ်ရင်၊ ရေချိုးရင် အနီးကနေကို သူဌေးရဲ့ မိုးကာအကျီပွတ်တိုက်သံကို ကြားနေရတယ်။

အရက်သောက် အိပ်လည်း မရဘူး။

လှုပ်အနှိုးခံရတယ်။ ငြိုး-ဘုဖွေးတို့လင်မယားရဲ့ ချွေးသံရွှဲရွှဲ မျက်နှာများနဲ့အတူ မိုးကာအင်္ကျီပွတ်တိုက်သံကို နေ့တိုင်း ကြားနေရပြီး ထွက်ပြေးချင်သလိုလို၊ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်သလိုလို စိတ်တွေ နှောက်နေတယ်။

နောက်ဆုံးအိပ်မှာ မအိပ်ဘဲ တည်းခိုခန်းမှာ သွားအိပ်တော့လည်း ချွေးသံရွှဲရွှဲ ဘုဖွေးလင်မယားမျက်နှာနဲ့အတူ မိုးကာအင်္ကျီ တရှမ်းရှမ်း၊ တရှပ်ရှပ် တချတ်ချွတ် မြည်သံဟာ တစ်ညလုံး အိပ်လို့မရအောင် အနီးမှာ ကြားနေရတယ်။

မဟုတ်မှလွဲရော ...။

ဘုဖွေးတို့လင်မယား မိမိကို တလွဲစားရျို့ တစ္ဆေဘဝနဲ့ နေ့နေ့ညည လာရောက် ခြောက်လှန့်နေတာလား။

သူတို့ ငါ့ကို ငါလှွန့်ပစ်ခဲ့တဲ့ လူသတ်ရဲ့တင်းကြီးရှာယူလာပြီး ငါ့ခေါင်းကို ငါခုတ်ခဲ့သလိုမျိုး ခုတ်သတ်မှာလား။

အလိုလို ခေါင်းရမှာကြောက်ပြီး ငုတ်တုတ်ထ ထိုင်ရော ...။

"ဖလပ်-ဖလပ်"

"ရှုရပ်-ရှုရပ်"

"ရွှမ်း-ရွှမ်း-ရှုရပ်-ဖလပ်-န္နိ-န္နိ-ဖလပ်"

"ဟင်-သူ-သူ-ရောက်လာပြန်ပြီ၊ ငါ့နားကို မိုးကာအင်္ကျီတိုက်ပွတ်သံ ပေးပြီး ရောက်နေပြီ-ဘုရား-ဘုရား"

သူ ဘယ်သွားသွား။ ဘယ်မှာနေနေ ဘုဖွေးရဲ့မိုးကာအင်္ကျီတိုက်ပွတ်သံဟာ နားနှစ်ဖက်ထဲမှာ ရှုညံနေတယ်။

(၂၄)နာရီလုံးလုံးနီးပါး နေလို့၊ ထိုင်လို့ မရအောင် ရူးသွပ်ချင့်အောင် ဒုက္ခပေးနေတဲ့ မိုးကာအင်္ကျီပွတ်တိုက်သံကြောင့် ဂနာမငြိမ်ဖြစ်ပြီး ထ,အော်လန့်အော်နေတာကို အနီးဝန်းကျင်ကလည်း အကဲခတ်ပြီး မေးနေကြတယ်။

ပိုဆိုးလာတာက မိုးကာအကျီ ပွတ်တိုက်သံကြားရာနေရာကို ဓားရှည်နဲ့ လိုက်ခုတ်တဲ့အဖြစ်ဆန်းပဲ။

"ကိုင်း - ငါ့ကို ခုကွပေးဦး - တဲ - တဲ - တဲ"

"ရွှမ်း"

"ခုတ် - ခုတ် - ခွမ်း"

ရှေ့က အသံကြားရင် ရှေ့ကို ခုတ်၊ နောက်ကနေ အသံကြားရင် နောက်ကို လိုက်ခုတ်၊ နံဘေးဝဲယာက မိုးကာအကျီသံကြား၊ ကြားရာ အရပ်ကို ဓားရှည်နဲ့ လိုက်ခုတ်နေတော့ ...။

တစ်အိမ်လုံး ဝုန်းဒိုင်းကြဲ ရှုပ်နေပြီ ...။

ရပ်ကွက်လူကြီးတွေနဲ့ အိမ်နီးနားချင်းတွေ ရောက်လာ မီးမြှိန်းထိန်းချွန်တော့ သူတစ်ကိုယ်လုံး ချွေးသံရွှဲရွဲ မျက်လုံးပြူးကြောင်နဲ့ တုန်ရီနေပြီ။

"မောင်တေဇော - မင်း ဘယ်လိုဖြစ်နေတာတုံး။ ဘာကြောင့် တစ်အိမ်လုံးကို မွစာကြဲအောင် ဓားနဲ့ လိုက်ခုတ်နေတာတုံး - မောင်တေဇောရယ်၊ ပြောလကွာ ..."

"သူ - သူတို့ဗျ"

"ဘယ်သူတွေတုံး"

"သူတို့ဗျာ - အသံတွေ ကြားနေရတယ်"

သူ့ပုံစံက ရူးကြောင်ကြောင် စိတ်မမှန်တော့တဲ့အသံနဲ့ ဟန်ပန်မျိုး။ မြင်ရသူတွေတောင် သူ့ပုံစံကို ကြည့်ပြီး အနားကို မကပ်ရဲသလို ဖြစ်နေကြတယ်။

"မောင်တေဇော"

"ဗျာ - ဗျာ"

"ဘယ်လိုအသံတွေကို ကြားနေရလို့တုံး - ပြောလေ"

"ကျွန် - တော့်ကို သတ်ဖို့လာနေတဲ့အသံ - အသံ"

"မင်းနေကောင်းရဲ့လား - မောင်တေဇော"

"ဦ - မ္မ - နှ - ကြီး"

"ပြော - ဒါ ဘယ်လိုကူညီရမလဲ - ပြောပါ"

"ကျွန် - တော့် - ကို ရဲစခန်း ပို့ပေးပါရှာ - ရှာ"

"နေပါဦး - မင်းကို ဘာလို့ ရဲစခန်း ပို့ရမှာတုံး ဟ"

"ကျွန် - တော် - လူသတ်ခဲ့လို့"

"ဟေ"

"ဘာ"

"မင်း လူသတ်တယ်။ မင်း ဘယ်သူ့ကို သတ်ခဲ့လို့တုံး - မောင်တေဇော ရ - ဟင်"

"ကျွန်တော့်သူဌေးလင်မယားကို သတ်ခဲ့တာ ကျွန်တော်ပဲဗျ - ကျွန်တော်ပဲ - ဟီး - ဟီး - မှားပါပြီဗျာ - ဟီး"

"ဟေ"

"မြတ်စွာဘုရား"

"ဟုတ်ရဲ့လား ဟ"

နောက်ဆုံး သူ့ကို ရဲစခန်း ခေါ်သွားရတယ်။ ရဲစခန်းက တာဝန်မှူးရှေ့ ရောက်တော့ သူ နောက်လှည့်ကြည့် လှည့်ကြည့် လုပ်နေသေးတယ်။ ရပ်ကွက်လူကြီးက ဒုရဲအုပ်ကို ဖြစ်ပုံပြောပြတော့ ဒုရဲအုပ် အံ့အားသင့်သွားတယ်။

"ကိုတေဇော"

"ခင်ဗျာ"

"နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"မေးတာကို မှန်မှန်ဖြေနော်"

"ဟုတ် - ကဲ့"

"ရဲစခန်းကိုရောက်တော့ ကြောက်လန့်နေလား"

"မကြောက်လန့်တော့ပါဘူး - ဆရာ"

"ကိုတေဇော - သူဌေးဦးနေမျိုးဆွေတို့လင်မယားကို သတ်ခဲ့တာ အမှန်ပဲလား"

"အမှန်ပါပဲ - ဆရာ"

"ဘယ်လိုသတ်ခဲ့တုံး။ သတ်ခဲ့ပုံကို ပြောပါ"

"ကျွန်တော့်မှာ သူဌေး ဈေးငွေ သိန်းငါးဆယ်ကျော်တင်နေတယ်။ ဒီတစ်ခါ သူတို့လင်မယားခံရှုံးနေလို့ ငွေပြန်တောင်းနေတာနဲ့ အကြွေးမပေးချင်လို့ ( ) မှာ နှစ်ယောက်စလုံးကို ဓါးတင်းနဲ့ ခုတ်သတ်ခဲ့တယ်"

"အဲဒီဓါးတင်းရော ..."

"ရထားလမ်းအရှေ့ဘက်က ချုံပုတ်တွေရှိရာကို လွှင့်ပစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း သူဌေးနဲ့ ကျွန်တော် လုံးထွေးရင်း သူဌေးရဲ့ပလတ်စတစ် မိုးကာအင်္ကျီရဲ့ ပွတ်တိုက်သံကို နားထဲမှာ စွဲသွားပြီး သေသူ သူဌေးရဲ့မိုးကာအင်္ကျီ လုံးထွေးပွတ်တိုက်သံတွေ ကျွန်တော့်သွားရာနေရာ၊ စားရာ၊ အိပ်ရာနောက်ကို တကောက်ကောက်လိုက်လာတယ်။ အဲဒီမိုးကာအင်္ကျီ ပွတ်တိုက်သံကြောင့် ကျွန်တော် ဘယ်လိုမှ နေလို့ ထိုင်လို့ မရတော့ဘူး။ ကျွန်တော် ထိတ်လန့်ရောက်ရှားပြီး သေချင်သလို၊ ရူးချင်သလိုလို ဖြစ်နေရာကနေ စဉ်းစားကြည့်တယ်။ သူဌေးတို့လင်မယားရဲ့ ဝိညာဉ်တွေက ကျွန်တော့်ကို တလှဲ့စား ချော့ နေ့ရော၊ ညရော ခြောက်လှန့်နေတာလို့မြင်ပြီး မနေနိုင်လွန်းလို့ ကျူးလွန်ခဲ့တဲ့ဖြစ်ရပ်အမှန်ကို နောက်ဆုံး လာရောက်ဝန်ခံရတာပါ - ဆရာတို့ရယ်"

"ကိုဝေဇော - ဒီအကြောင်းချက်ကို တရားသူကြီးတစ်ဦးရှေ့မှာ ထွက်ဆိုပေးနိုင်မယ် မဟုတ်လား"

"ဟုတ်ကဲ့ - ထွက်ဆိုပေးပါ့မယ် - ဆရာ"

=◈=

တိုတိုပြောရရင် တရားရုံးက ကိုဝေဇောကို သေဒဏ်ပေးလိုက်တယ်။ သူ့ အယူခံဝင်ဖို့ စောင့်နေတယ်။ ဒီမှာ ကျွန်တော်မိတ်ဆွေ ထောင်မှူးကြီး ကိုလှနဲ့တွေ့ပြီး ထောင်မှူးကြီးကပဲ သူ့အယူခံကိစ္စကို ပါဝင်ကူညီခဲ့ရတယ် ပေါ့။

"ထောင်မှူး"

"ပြော – ကိုစိန်လှိုင်"

"ထောင်မှူး – တေဇောကို တွေ့ခဲ့တယ်ပေါ့"

"ဟုတ်တယ် – သူ့ကို ကြိုးပေးခံရမည့်သူတွေထားတဲ့ ကြိုးတိုက်မှာ တွေ့ရတာ၊ သူ့အယူခံကိစ္စလည်း ကျွန်တော်ပဲ ဆောင်ရွက်ပေးနေရတယ်"

"သူ့အယူခံဟာ ရှုံးနိုင်မလား ဟင်"

"မသိဘူး။ အယူခံရှုံးရင် သမ္မတထံ အသနားခံစာ တင်ရမှာပေါ့၊ အဲဒီကမှ ပယ်လိုက်ရင် ကြိုးပေါ့ဗျာ"


"ဒါနဲ့ မသိလို့မေးပါရစေ – ထောင်မှူးကြီးရော၊ ကြိုးတိုက်ထဲရောက်တော့ တေဇော အရင်လိုမိုးကာအင်္ကျီပွတ်တိုက်သံကြားရသေးတယ်လို့ ပြောတုန်းပဲလား ခင်ဗျ"

"ထူးဆန်းတယ်လို့ ပြောရမှာပဲ – ကိုစိန်လှိုင်ရေ၊ တေဇောပြောပုံအရ ဆိုရင် သူ ရဲစခန်းမှာ သူသတ်တဲ့အကြောင်း ဝန်ခံဖြောင့်ချက်ပေးပြီး အချုပ်ထဲ စ,ဝင်ချိန်ကစ,လို့ ထူးဆန်းချောက်ချားစရာ ကောင်းတဲ့ သေသူ သူဌေးရဲ့ မိုးကာအင်္ကျီပွတ်တိုက်လှုပ်ရှားသံကို လုံးဝမကြားရတော့ဘူးတဲ့ – ကိုစိန်လှိုင်ရေ"

"ဒါဆို အသတ်ခံရသူရဲ့ဘဝပြောင်းတစ္ဆေကများ သူ့ကို အပြစ်ရအောင် ခြောက်လှန့်ပြုစားနေတာလား။ ဒီလိုမှမဟုတ်ရင် တေဇောကိုယ်၌က အကုသိုလ်အကျိုးပေးရဲ့ အစွဲအလမ်းဇောကြောင့် သူ့အကုသိုလ် ဒုစရိုက် အကြွေးကို သူ့ဘာသာသူ ဝန်ခံဆပ်လိုက်ရတာလား။ ဘယ်လိုလဲ ဟင်"

"ကျွန်တော်တို့ ဥပဒေစကားနဲ့ ပြောရရင် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိလို့ ပြောရမှာပေါ့ဗျာ၊ ခင်ဗျားတို့ စာရေးဆရာများရှုထောင့်က ကြည့်မယ်ဆိုရင်တော့ ..."

→ **မောင်ညိုမှိုင်း (သန်လျင်)**





ဇာတိဂုဏ်မျိုးမြင့်အောင်

# ကကြည့်ယ တစ်မျိုးရ

"ရတာမလို လိုတာမရ"

ဆိုသောစကားကို လူအများ ပြောဆိုလေ့ ရှိကြပါသည်။ လိုချင်သော အရာသည် ရသင့်ရထိုက်သော အကြောင်းအရာများနှင့် မပြည့်စုံပါသဖြင့် မရခဲ့ကြခြင်းပေလော။ ထိုသို့ဆိုပါလျှင်လည်း မျှော်လင့်မထားသော ရရှိလာကြသည်များကိုတော့ အဘယ်သို့ ဆိုရပါမည်နည်း။ မည်သူမျှ တင်ကြို၍ မပြောနိုင်သည်ကတော့ သေချာပါသည်။

ကျွန်ုပ်တို့သည် အတိတ်ဆီသို့ ပြန်လည်၍ သုံးသပ်ကြမည်ဆိုပါက မျှော်လင့်ထားကြသည်များမှ မဖြစ်ခဲ့ကြရသော ကိစ္စများ ရှိခဲ့ကြရသလို၊ မျှော်လင့်မထားသော အကြောင်းအရာများကိုလည်း တွေ့ကြုံခံစားကြရသည်ကို တွေ့ရှိကြရပေမည်။ ထို့ကြောင့် လူ့ဘဝဆိုသည်မှာ ပြည့်စုံသည်ဟူ၍ မရှိဟု ရှေးလူကြီးသူမများက ပြောဆိုခဲ့ခြင်းပင် ဖြစ်တန်ရာပါသည်။ ထိုသဘောတရားသည် ပုထုဇဉ်လူသားအားလုံးတို့အပေါ်တွင် ထာဝရလွှမ်းမိုးထားနိုင်စွမ်းရှိသဖြင့် "တောင့်တခြင်း" ဆိုသောအရာသည် လူသားများနှင့်

လွန်စွာ ရင်နှီးခဲ့ရပေသည်။ ကျွန်ုပ် ရေးသားဖော်ပြမည့် ဂမ္ဘီရနည်းပညာမှာ တောင့်တသောအရာတိုင်းကို ပြည့်စုံစေသော အစီအရင်မျိုး မဟုတ်ပါ။ သို့သော် တောင့်တခြင်းတစ်မျိုးကိုတော့ ပြည့်စုံစေနိုင်ခဲ့သော ဂမ္ဘီရအစီအရင်ပင် ဖြစ်ပါသည်။

ဂမ္ဘီရပညာရပ်များကို လေ့လာလိုက်စား စီရင်ကြသူများအနေနှင့် အများအားဖြင့် အခက်အခဲများစွာကို ဖြတ်သန်းကျော်လွှားနိုင်မှသာလျှင် အောင်မြင်မှုရရှိနိုင်ပေသည်။ မိမိတို့လေ့လာလိုက်စားသော ပညာရပ်အပေါ်မူတည်၍ သတ်မှတ်ထားသော ဥပဒေ၊ ကျင့်ထုံး၊ စည်းကမ်း၊ ကိုယ်ကျင့်တရား သဖြင့် များပြားသော လုပ်ထုံး၊ ကျင့်ထုံးများကြောင့် ထိထိမိမိ ပေါက်ရောက်သွားသော ဂမ္ဘီရပညာရှင်ဟူ၍ ရှားပါးရခြင်း ဖြစ်ပေလိမ့်မည်။ ယခုတင်ပြမည့်ပညာရပ်မှာ သစ္စာစံရခြင်း၊ မှော်သောက်ရခြင်း၊ အစားအသောက်များ ထိုတန့်သတ်ထားခြင်း၊ နေ့စဉ် ဝတ္တရားတစ်ခု ပြုရခြင်း၊ နက္ခတ်အချိန်အခါ စောင့်ကြည့်ရခြင်း စသည့် တာဝန်ကြီးမားလှသော ဝတ်ဝတ်ခဲခဲ ပြုလုပ်မှသာ ပြီးမြောက်နိုင်သောကိစ္စရပ်များ တစ်ခုသော်မျှ မပါဝင်ပါ။ လူတိုင်းပြုလုပ်နိုင်သော ဂမ္ဘီရပညာမျိုးဖြစ်၍သာလျှင် တင်ပြရေးသားခြင်း ဖြစ်ပါသည်။ ကျွန်ုပ် ငယ်ရွယ်စဉ်ကာလ၊ အလယ်တန်းကျောင်းသားဘဝက ဤပညာရပ်ကို စတင်တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။

=◈=

မကွေးမြို့ ဝပြရုပ်ရှင်ရုံ၏ အရှေ့မြောက်ဘက်တွင် လမ်းမသာခြားလျက် တိုင်းရင်းကာဗီအမည်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင် တည်ရှိခဲ့ပါသည်။ ယခုထက်တိုင်ပင် ရှိနေဆဲဖြစ်၏။ ထိုဆိုင်သည် ကျွန်ုပ်တို့သူငယ်ချင်းများ ဆုံဆည်းကြသော ပုံမှန်နေရာပင်ဖြစ်၏။ ကျွန်ုပ်တို့သည် လက်ဖက်ရည်သောက် ကြရင်းဖြင့် ရောက်တတ်ရာရာ စကားများကို ပြောဆိုခြင်း၊ ဆွေးနွေးခြင်း၊

ပြင်းရန်ခြင်းများကို ပြုလုပ်ရှိ၏။ တစ်နေ့သောနံနက်ပိုင်းတွင် ဖြစ်ပါသည်။ ကျွန်ုပ်နှင့်တကွ ကျော်ထွန်း၊ မောင်မောင်ဝင်းနှင့် တင်အောင်တို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ လူမစုံကြသေးပါ။ နံနက်(၉)နာရီခန့်တွင်တော့ သူငယ်ချင်းများ စုံလင်လေ ရှိပါသည်။ နံနက်(၈)နာရီသာသာခန့်တွင် အနောက်ဘက်သို့ မျက်နှာမူထားသော တင်အောင်က –

"ဟော – ဟော – ဟိုမှာ – မလုံးမပြားတစ်ယောက်တော့ လာနေပြီ"

ဟုတ်ပါသည်။ အောင်ခန့်သည် သူ၏ပင်ကိုအမူအရာအတိုင်း မင်းသားဟန်ဖြင့် ကျွန်ုပ်တို့ စားပွဲဝိုင်းဆီသို့ လှမ်းဝင်လာပါသည်။ မောင်မောင်ဝင်းက –

"အောင်ခန့် – မင်း – ဒီနေ့နည်းနည်းနောက်ကျတယ်။ ဟိုကောင်တွေကရော –"

"သူတို့ဆီကို တစ်ခါတည်း ဝင်လာခဲ့လို့ ကြာနေတာကွ။ ဒီနေ့ သူတို့မလာဖြစ်တော့ဘူးလို့ မှာလိုက်တယ်။ အဲဒါက အရေးမကြီးပါဘူးကွာ။ ကဲ သူငယ်ချင်းတို့ – မင်းတို့အားလုံး ဒီနေ့အဖို့ ငါကိုယ်တော်မြတ်ကို မှီရှိသေသေ အလေးအမြတ်ထားပြီး ဆပ်ပလိုင်းပြုကြစေရာ၊ မောင်မင်းတို့ကို အလွန်သနားသောအားဖြင့် ငါကိုယ်တော်မြတ် ပြုစုခွင့် ပေးသနားတော်မူမယ်"

ကျွန်ုပ်တို့အားလုံး အနီမလုံးမပြားကို ကြည့်၍ရယ်ချင်သလိုလို၊ အောင့်သက်သက် ခံစားရသလိုဖြစ်လာကြ၏။ စိတ်အလွန်ဆတ်သော ကျော်ထွန်းက –

"ဟေ့ကောင် – အောင်ခန့် – ဒီလိုမှန်းသိရင် တောတောက ဝံပြုံရှုမြောင်းသေးမှာ ငါတွေ့ခဲ့တဲ့ဟာလေးကို ဇွတ်နဲ့ သေသေချာချာထုပ်ပြီး ယူခဲ့ပါတယ်ကွာ"

"ထွီ – ငါက ထူးဆန်းတာ ရလာလို့ – မင်းတို့ကို ဝမ်းသာအားရပြောဖို့ မျှော်လာတာကွ။ ဟေ့ကောင် ကျော်ထွန်း – မင်းကြောင့် ငါမပြောတော့ဘူး"

သူ့အကြောင်းကို သိထားသော ကျွန်ုပ်က ဝင်၍ချော့ရပါတော့သည်။

"အောင်စန္ဒာ – နောက်စကြောင့်နေကျပဲဟာ။ မင်းမျက်နှာကြီးက ဒွဲဒီ ထိုပုပ်သိုးနေရင် ဟိုသင်းထဲကို အဝါကြီးတည့်ထားတဲ့အတိုင်းပဲ။ လုပ်ပါကွာ။ မင်းက ပြုံးပြုံးလေးဆိုရင် ရုပ်ရှင်မင်းသား မြင့်အောင်နဲ့ ရွှတ်စွပ်ပဲလေ။ မင်း ဆိုင်ထဲ ဝင်လာတုန်းကဆိုရင် တို့စိတ်ထဲမှာ မြင့်အောင် လာတာယ်ထင်နေတာ"



"စီရင်တဲ့နည်းကို ပြောပြီးရင် မင်းတို့လည်း လက်ခံလာမှာပါ။ ဒီနည်းက ဘာကာတိမှ ပေးစရာမလိုဘူး။ နတ်စင်တို့ သင်္ချိုင်းတို့ တောင်တောင်တို့ဆိုတာတွေလည်း သွားစရာမလိုဘူး ဘယ်အချိန် ဘယ်နက္ခတ်မှာလည်း ရွေးစရာလည်း မလိုဘူးဆိုတော့ မခက်ဘူးပေါ့ကွာ။ ဒါပေမဲ့–သုံးကြိမ်ပဲ ပြုလုပ်ခွင့် ရှိတယ်ကွ။"

သူသည် အမြှောက်ကြိုက်ဖြစ်၏။ သူငယ်ချင်းများက သူ့ကို ရုပ်ရှင်မင်းသားမြင့်အောင်နှင့်တူသည်ဟု ပြောမိသည့်နေ့ကစ၍ မြင့်အောင်ဆိုက်၊ ပိုက်ချိုး ပြုလုပ်တော့၏။ သူသည် မြင့်အောင်ကို အလွန်ကြိုက်နှစ်သက်သူဖြစ်ပြီး မြင့်အောင်ပါဝင်သော ရုပ်ရှင်ကားများကို မလွတ်တမ်းကြည့်သူဖြစ်၏။ တင်အောင်ကလည်း အလိုက်သိစွာဖြင့် ဝင်ရောက်၍ အကြောပြ၏။

"ဟုတ်တယ်ကွ – ဆိုင်ထဲ ဝင်လာခါစက ညောင်ရမ်းညီနောင်ထဲက မြင့်အောင် လှမ်းလာပုံနဲ့ တော်တော့်ကိုတူတာ …"

ချစ်သူငယ်ချင်းများပေမို့ မလုံးမပြုံးကိုယ်တော် စိတ်ပြေသွား၏။

"ဒါကတော့ ငါ့သူငယ်ချင်းတွေအတွက် အဖိုးတန်တဲ့နည်းတစ်ခုပြီး ဆိုပြီး ဝမ်းသာအားရ ပျော်လာတာ။ အခုတော့ မင်းတို့က …"

အောင်ခန့်စကားမဆုံးမီ စိတ်ဆတ်သော ကျော်ထွန်းက –

"ကိုယ်တော်သနားသဖြင့် ခွင့်ပြုတော်မူပါသော ဆပ်ပလိုင်းအား ငယ်ကျွန်ကြီးတို့သည် ရိုသေစွာ ဆက်သပါမည် ဘုရား။ အတိုင်းအဆမရှိ မျိုတော်မူပါ ဘုရား။ ဆို့တော်မူပါ ဘုရား။ ကဲ – ကျေနပ်ပြီလား"

"ဟဲ – ဟဲ – ဒီလိုဆိုပြန်တော့လည်း တယ်ပြီး သူငယ်ချင်းကောင်း ပီသပါလား"

"ဟေ့ကောင် – မင်းပြောသလို ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်တော့လား ကွာ …"

"စိတ်ချ – ကျော်ထွန်း။ ဟုတ်စေရမယ်။ အခုတော့ – ပွဲတော်စာ မျိုလိုက်ဦးမယ်"

အောင်ခန့်က ဇာတ်ရှိန်တက်စေမှာပင် ဖြတ်ထားလိုက်ပြီး လက်ဖက်ရည်နှင့် မုန့်များကို အားရပါးရ လွေးနေပါတော့သည်။ ကျွန်ုပ်တို့မှာ အောင့်သက်သက်နှင့် စောင့်နေကြရ၏။ ကျွန်ုပ်တို့သူငယ်ချင်းများ မူလတန်းကျောင်းသားဘဝက ဖြစ်ပါသည်။ ပထဝီဘာသာသင်ပြသောဆရာက ကျောင်းသားကျောင်းသူများအား ဆုံးဖြတ်ချက်တစ်ခု ပြုလုပ်စေပါသည်။ ကမ္ဘာသည်

အလုံးဖြစ်သည်ဟု ယူဆသူများအား မတ်တတ်ရပ်စေ၍ ကျွှမ်းပြားသည်ဟု ထင်မြင်သူများကိုတော့ ထိုင်နေရန်ဖြစ်၏။ အတန်းထဲတွင် မတ်တတ်ရပ်သူ များပြီး ထိုင်နေသူ နည်းပါသည်။ ထူးခြားသည်မှာ အောင်ခန့်ပင် ဖြစ်၏။ သူသည် လက်ပိုက်၍ ထိုင်လိုက်၊ ထလိုက် ပြုလုပ်နေသဖြင့် ဆရာက -

"အောင်ခန့် - ဘာဖြစ်လို့ ထိုင်၊ ထ လုပ်နေရတာလဲ"

"ကျွန်တော့်စိတ်ထဲမှာ မလုံးမပြား ဖြစ်နေလို့ပါ ဆရာ"

"ဟော - ဘယ်လိုဖြစ်လို့ မလုံးမပြားဖြစ်ရတာလဲ"

"အပေါ်မော့ကြည့်တော့ လုံးနေတယ် ဆရာ။ မြေပြင်ကိုကြည့်တော့ အပြားကြီးဖြစ်နေလို့ပါ။ ကျွန်တော် ဘယ်ဘက်လိုက်ရမှန်း မသိလို့ပါ"

အလွန် အရိုက်ကြမ်းသော ပထဝီဆရာသည်ပင်လျှင် ဟတ်ဟတ်ပက်ပက် ရယ်ရသည်အထိ တတ်စွမ်းနိုင်သော အောင်ခန့်ပင် ဖြစ်၏။ ထိုနေ့မှစ၍ သူ့အား မလုံးမပြားဟု တစ်ကျောင်းလုံးက ခေါ်ဝေါ်ခြင်း ပြုကြတော့၏။ ယခု ထည်း သူ့ပွဲတော်ခေါ်နေခြင်းကို အားလုံးက အော့်သက်သက်ဖြင့် စောင့်နေ ကြရ၏။ ယခုတစ်ကြိမ်တွင်တော့ စိတ်မရှည်သူက မောင်မောင်ဝင်းဖြစ်၏။

"အောင်ခန့် - မင်းအဖိုးတန်နည်းက လိပ်ကို အမွေးနုတ်ပေးရမှာလား"

"မင်းတို့ကလည်းကွာ။ ငါက တကယ့်တေတနာနဲ့ပါ။ အစ်အရင် အောင် မြင်သွားရင် တို့လိုချင်တာကို ရမှာကွ။ အဘိုးလေးအကြောင်းကို မင်းတို့ လည်း သိပြီးသားပါ။ နည်းကောင်းတစ်ခုရှိရင် ပေးပါလို့ တောင်းနေတာ။ ငါ့ မှာတောင်ရှိပြီ၊ ဘာတစ်ခွန်းမှ ပြန်မပြောဘူး။ ငါလည်း ထက်ပြီး မပြောခဲ့ဘူး ထား၊ ဒီနေ့မနက်ကမှ အိမ်ကို ရောက်လာပြီး ဒီနည်းကို ပေးသွားတာကွ"

အဘိုးလေးဆိုသူမှာ လက်တွေ့ဆန်လွန်းသော ဂမ္ဘီရပညာရှင်အဖြစ် ကျော်ကြားသူဖြစ်၏။ လူအများ၏ လေးစားခြင်းကို ခံရသူလည်းဖြစ်ပါသည်။ ဂမ္ဘီရပညာတွင် စိတ်ထက်သန်လှသော တင်အောင်က -

"ဟာ - အဘိုးလေးက ပေးတာဆိုရင် ယုံတယ်ကွာ။ နေပါဦး - အဲဒါကို လုပ်ရတာက သိပ်ခက်နေရင်တော့ တို့နိုင်ဖြစ်ပါ့မလား။ လွယ်ရင်တော့ တော်ပြီ ပေါ့"

"အင်း - ခက်လည်းခက်တယ်။ လွယ်လည်း လွယ်တယ်ကွ"

"ဟော့ကောင် - မလုံးမပြား - မင်းက အခုထိ ငယ်ကျင့်တွေ မပျောက်သေးဘူးလား။ ရှင်းအောင်ပြောကွာ"

"ငါက ရိုးရိုးပဲပြောတာပါကွာ။ စီရင်တဲ့နည်းကို ပြောပြီးရင် မင်းတို့လည်း လက်ခံလာမှာပါ။ ဒီနည်းက ဘာကာတိမှ ပေးစရာမလိုဘူး။ နတ်စင်တို့၊ သရိုင်းတို့၊ ဇာတာတောင်တို့ ဆိုတာတွေလည်း သွားစရာမလိုဘူး။ ဘယ်အချိန်၊ ဘယ်နက္ခတ်မှလည်း ရွေးစရာလည်း မလိုဘူးဆိုတော့ မခက်ဘူးပေါ့ကွာ။ ဒါပေမဲ့ - သုံးကြိမ်ပဲ ပြုလုပ်ခွင့် ရှိတယ်ကွ။ ဆက်လုပ်ရင် မူးတယ်တဲ့။ ပြုလုပ်နည်းကတော့ မခက်ဘူးလို့ ဆိုရမှာပဲ။ ကိုယ်ကြိုက်တဲ့ရွှေပြား၊ ငွေပြား၊ ကြေးပြား တစ်ခုခုပေါ်မှာ တလုံးထင်အောင် ရေးရမှာ။ ရေးပုံရေးနည်းက ဘယ်နေ့ပဲဖြစ်ဖြစ် နေထွက်နေတုန်း နေဝန်းကြီးက မလွတ်စင်ပေါ့ကွာ။ (ဂ)ငယ်ကို ရေးထားရမယ်။ အဲဒီနေ့ နေဝင်ချိန်မှာပဲ နေဝန်းကြီးနဲ့ ငြိုးထိတာနဲ့ မနက်က ရေးပြီးသား (ဂ)ငယ်အောက်မှာ (ပ)စောက်ကို ရေးရမယ်။ သတိထားဖို့က (ဂ)ငယ်နဲ့ (ပ)စောက်နှစ်ခု ရေးပြီး ကြည့်လိုက်ရင် (ဗ)လုံး ဖြစ်နေရမယ်။ မဆက်မိဘဲ ဟာနေမယ်၊ လွဲနေမယ်ဆိုရင် ပျက်တယ်။ နေထွက်နေဝင်မှာလည်း နေဝန်းကြီးနဲ့ထိနေတုန်းမှာ ပြီးအောင်ရေးရမယ်။ မပြီးရင်လည်း ပျက်တယ်။ အဲဒါ ပထမပိုင်း ပြီးသွားပြီ။ ဒုတိယပိုင်းက ဘယ်နေ့ပဲဖြစ်ဖြစ် အဲဒီ(ဗ)လုံးဖြစ်ပြီးသားနဲ့ ရေးစရာ ကညစ်ပေါ့ကွာ။ ဒါမှမဟုတ် သံနဲ့လုပ်ထားတဲ့ အံရှုန်တစ်ခုခုပေါ့ကွာ။ ကိုင်ပြီး - ညဘက်မှာ တောင်းတာင်ကို ကြည့်နေရမယ်။ ကြယ်ကြွေသွားတာကို မြင်အောင်စောင့်ရမှာ။ မြင်ပြီဆိုရင် ရေးပြီးသား(ဗ)လုံးထဲမှာ (န)ငယ်ရေးထည့်လိုက်ရုံပဲ။ အဲ - အမြင်က (ဗ)လုံးနဲ့ ထိသွားရင်တော့ ပျက်တယ်။ ကြယ်ကြွေနေတုန်းမှာ မပြီးရင်လည်း ပျက်ပြန်တယ်။ (ဗ)လုံးထဲမှ (န)ငယ် ရေးထည့်တာပါပဲ။ ပျက်တာတွေ မရှိရင်ဖဲ အောင်ပြီပေါ့ကွာ။ ကဲ - မင်းတို့ ဘယ်လိုပြောကြမလဲ။ လွယ်တယ်ပြောမလား။ ခက်တယ်ပြောမလား။"

ထိုအခါ တင်အောင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး -

"အင်း - ဒီလိုဆိုတော့လည်း မလွယ်မခက်လို့ ပြောရတော့မှာပဲ၊ နည်းသုလာတာကလည်း မလုံးမပြားဆိုတော့ ဒီလိုပဲ ဖြစ်ရတော့မှာပေါ့၊ နေပါဦး အစွမ်းသတ္တိက ဘာတွေလဲ"

"ဣန္ဒာသယ တစ်မျိုးရတဲ့နည်းကွ"

ဤတစ်ကြိမ်တွင် ငြိမ်သက်နေသော ကျော်ထွန်းက ဝေါ်တော့တော့ချောင်း -

"ဣန္ဒာသယ လိုတိုင်းရပဲ ကြားဖူးပါတယ်ကွာ၊ အဘိုးလေးပြောတာနဲ့ လိုသာ ယုံတာ၊ မင်းလို မလုံးမပြားပြောတာဆိုရင် အစုလောက်ဆို လုံးရောတနေ အပြားစစ်စစ်ဖြစ်သွားအောင် ဟိုနေရာကို ပို့ပြီးလောက်ပြီ"

"ငါက အဘိုးလေးပြောတဲ့အတိုင်းပဲ ပြောတာကွ၊ မင်း - သေးမပြောနဲ့"

တွန့်ပ်က စီရင်နည်းကို စိတ်ဝင်စားသဖြင့် အောင်ခန့်အား မေးရပါသည်။

"ဒီကောင်က အမြဲတမ်း ဒီလိုပဲဟာကို၊ မင်းလည်းသိတာပဲ၊ ဆက်ပြောပါကွာ"

"ဒီအစီအရင်က ပြီးပြည့်လုပ်ကတည်းကပေါ့၊ ကိုယ်လိုချင်တဲ့ကိစ္စတစ်ခုတို့အစီအမှာန်ပြုပြီး ဆုတောင်းရမယ်၊ အဲဒီကိစ္စတစ်ခုပဲ ထူးထူးခြားခြားအောင်မြင်မယ်၊ ကျန်တဲ့ကိစ္စတွေမှာ မစွမ်းဘူးတဲ့"

ထိုအခါ စူးစူးစိုက်စိုက် နားထောင်နေသော မောင်မောင်ဝင်းက -

"ဒီလိုဆိုတော့လည်း သူပြောတာ မှန်သားပဲ၊ နေဦးပြီး - ဒီအစီအရင်ထမြဲလုပ်တဲ့လူတိုင်း အောင်မြင်ဖို့ မလွယ်လောက်ပါဘူး၊ ခက်ခက်ခဲခဲတွေ ခေါ်ပေမဲ့ တော်တော်သတိထားပြီးလုပ်မှ အောင်မြင်မှာ ..."

တင်အောင်ကမူ အလွန်ဝမ်းမြောက်သောလေသံဖြင့် တောပနာပြုရာဘေး

"ငါတို့အတွက်တန်ဖိုးရှိတဲ့နည်းကိုမေတ္တာကရုဏာကြီးမားစွာဖြင့်သယ်ဆောင်ပေးလာသော ကိုယ်တော်လေးအား ဝယ်ကျွန်ကြီး တောင်အောင်က

ယနေ့မှစ၍ ရနစ်ရက်တိုင်တိုင် ဤဆိုင်၌ နံနက်စာစားပွဲတော်စာအား ရှိသေ
ထောက်ကာပ်ပါမည့်အကြောင်း ကြေညာမောင်းခတ်လိုက်ပါသည် ခင်ဗျား"

"ကြောင်း - ကြောင်း - ကြောင်း - ကြောင်း"

ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်း၍ လက်ခုပ်များ တီးပေးလိုက်ကြ၏။ မလုံ မပြောသည့် သူ၏မြင့်တက်သွားသောအဝင်အား မသိမသာ အောက်သို့ဆွဲ ချနေရင်း လုပ်ယူထားရသော ဂုဏ်ကြီးတစ်ခွဲသားဖြင့် -

"ငယ်သူငယ်ချင်းတွေပဲကွာ၊ ကောင်းတူဆိုးမျှ - ဖြစ်ကြရမှာ မဟုတ် လား"

ကျော်ထွန်း ဝေ့ဝေ့မည်ကို လှမ်းမြင်လိုက်သဖြင့် ကျွန်ုပ်ကပင် ကြား ဝင်၍ -

"အောင်ခန့် - အဲဒီအစီအရင်ကို ဘာရေတောင်းပြီး စီရင်မှာလဲ"

"ငါကတော့ကွာ၊ ယာခင်းတွေ ကျဉ်းလွန်းတယ်၊ နှမ်းတစ်စိတ်ပဲကျ တယ်၊ ငါက နှမ်းငါးတင်းလောက် ရချင်တာ၊ ဒါမှ - စီးပွားရေး ပြေလည်မယ်၊ အကြွေးကင်းမယ်၊ လူ့ခါနီးနိုင်မှာကွ၊ ငါကတော့ အဲဒီရေတောင်းပြီး စီရင် မယ်ကွာ၊ မင်းတို့ကရော ..."

ကျွန်ုပ်တို့ သူငယ်ချင်းများသည် ဤတစ်ကြိမ်တွင်တော့ ညှိနှိုင်းနေကြ ရောမလိုပါဘဲ အောင်ခန့်ကို လေးစားသွားကြရပါသည်။ တင်အောင်က -

"ငါကတော့ - တီး - ဟီး - မင်းတို့သိပြီးသားပါ၊ အဲဒါပဲ လုပ်မယ်"

"ဟေ့ - နေဦးကွ၊ ပြောစရာကျန်သေးတယ်၊ ဒီစီရင်နည်းကို ဘယ်သူ့ ကိုမဆို လက်ဆင့်ကမ်းပြီး ပေးလို့ရတယ်တဲ့၊ အဘိုးလေးက ပြောတယ်၊ သုံး ခါထက် ပိုပြီးစီရင်လို့ သူတို့အထဲက တစ်ယောက် ရှုံးသွားတာ ဘယ်လိုမှ ဆေးကုမရဘူးတဲ့ကွ၊ သူငယ်ချင်းတို့ - သုံးကြိမ်ထက်တော့ ပိုမလုပ်ကြပါနဲ့ ကွာ၊ ငါ့ပယောဂ ဖြစ်နေပါဦးမယ်၊ သူများတွေကို ပေးချင်ရင်လည်း သေချာ ပြောပြီး စိတ်ချရမှ ပေးကြပါကွာ၊ အဘိုးလေးတို့သူငယ်ချင်း ထယ်ယောက် ထဲကတောင် အဘိုးလေးနဲ့ နောက်ထပ်တစ်ယောက်ပဲ အောင်တယ်တဲ့၊

ဒါကတော့ တကယ့်စေတနာနဲ့ပေးတာနော်၊ မင်းတို့ အမှားလုပ်ခဲ့ရင်တော့ ဥပဒေကို အပြစ်မတင်ကြနဲ့"

"ဒါကတော့ကွာ၊ အပြစ်တစ်စရာမလိုပါဘူး။ တို့အထဲမှာ အမှားလုပ်မယ့်လူလည်း မပါလောက်ပါဘူး။ မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

ကျွန်ုပ်တာပင် ဝင်ရောက် ပြောကြားရပါသည်။ ထိုနေ့နံနက်က ကျွန်ုပ်တို့ သူငယ်ချင်းများသည် မိမိတို့လိုချင်တောင့်တသည့်အရာများကို ညှိနှိုင်းဆွေးနွေးကြ၏။ အတွင်းသိ၊ အစင်းသိများ ဖြစ်ကြသည့်အလျောက် သင့်တော်မည့် အစီအစဉ်ကို အမြန်အလျှင် အကြံပြု ဆုံးဖြတ်ချက် ချကြပြီးနောက် လမ်းခွဲလိုက်ကြပါတော့သည်။ ကျွန်ုပ်တို့ (၅)ဦးသည် ထိုအစီအစဉ်ကို ကိုယ်တိုင်လည်း ပြုလုပ်ကြသည့်အပြင် အခြားသူများကိုလည်း လက်ဆင့်ကမ်းခဲ့ကြပါသည်။ ထို "ဂုဏ္ဍသသ တစ်မျိုးရ" အစီအစဉ် အောင်မြင်သွားသူများအကြောင်းကို တချို့တစ်ဝက်အား အကျဉ်းမျှ ဖော်ပြပါမည်။ စာလေးမည်စိုး၍ အားလုံးကို အကျယ်မရေးတော့ပါ။

နည်းပေးသော အဘိုးလေးသည် မကွေးမြို့မှ အရှေ့ဘက် (၁၀)မိုင်ခန့်ဝေးသော ကန်သာလေးရွာသား ဖြစ်၏။ ထိုစဉ်က ရေရှားပါးမှုပြဿနာကြောင့် နွေရာသီရောက်လာလျှင် ရွာသုံးရေကန်များကို တူးကြရ၏။ ကိုယ့်နေရာနှင့်ကိုယ် တာဝန်ခွဲပေ တူးကြရ၏။ စီးပွားရေးအတွက် အစီအစဉ်ပြုခဲ့သော အဘိုးလေးသည် ကန်တူးရာမှ ရွှေအင်္ဂါးအပြား (၂၀)ပါသော အိုးတစ်လုံးကို ရရှိခဲ့၏။ ကျွန်ုပ်ကား မအောင်မြင်ပါ။ ပထမတစ်ခါတွင် နေဝင်အကွေ့ရာ (၀)ကို ရေးသွင်းရာတွင် ခံနေထွက်အကွေ့ရာ (ဂ)နှင့် မထောက်မိဘဲ ဖျက်သွား၏။ ဒုတိယအကြိမ်တွင် (၀)အဆင့်ထိ အောင်မြင်ခဲ့ပြီးနောက် ကြယ်ကြွေချိန်စောင့်ဆဲမှာပင် ထိုခွင့်ပြုးမှာ ပျောက်သွား၏။ တတိယအကြိမ်တွင် အောင်မြင်လုနီးနီးတွင် ဖျက်သွားပြန်၏။ ထည့်သွင်းသော (န)သည် (၀)နှင့် ထိသွားသောကြောင့် ဖျက်ရခြင်း ဖြစ်၏။ ကျွန်ုပ်တို့အထဲမှ မောင်မောင်ဝင်းတစ်ယောက်သာလျှင် (၃)လအတွင်း ဒုတိယအကြိမ်၌ အောင်မြင်သွား၏။ သူ၏

အဓိဌာန်ကား စာမေးပွဲအောင်ရန် ဖြစ်၏။ (၁၀)တန်းတွင် အကြိမ်ကြိမ် စာမေးပွဲကျခဲ့သော မောင်မောင်ဝင်းသည် ထိုနှစ်တွင် အောင်မြင်သွားပြီးနောက် ဆက်တိုက်အောင်မြင်သွားကာ သိပ္ပံဘွဲ့ရရှိခဲ့သည်။

ကျွန်ုပ်တို့၏ ဖာတင်လိုက်ကျော် မလုံးမပြားကိုယ်တော်လည်း ထိုအစီအရင်ကို (၅)လကြောက်၊ တတိယအကြိမ်တွင် အောင်မြင်ခဲ့ပါသည်။ ထိုနှစ်မှာပင် အဘိုးလေး ကွယ်လွန်သောကြောင့် အဘိုးလေးထံမှ ယာမြေများနှင့် ပစ္စည်းတချို့ကို အမွေရလိုက်၏။ အဘိုးလေးသည် တစ်ကိုယ်တည်းသမားလူပျိုကြီးဖြစ်သဖြင့် သူမသေမီကပင် သူ့အလှူနံ ရစ်သော အောင်ခန့်အား လူကြီးစုံရာရှေ့၌ ခေါ်ယူ၍ ပေးခဲ့ခြင်း ဖြစ်၏။ အောင်ခန့်သည် (၁၀)တန်း မအောင်သေးမီ တောင်သူအလုပ်ကိုပင် လုပ်ကိုင်တော့၏။ သူ မျှော်မှန်းချက်ပြည့်စုံသွားပြီး တောင်သူလေးဘဝမှ တောင်သူကြီးဘဝသို့ ရောက်ရှိခဲ့ပါသည်။ ယခု စာရေးနေသောအချိန်တွင် မရှိတော့ပါ။ ကွယ်လွန်ခဲ့သည်မှာပင် ကြာခဲ့ပေပြီ။ ကျွန်ုပ်တို့ သိင်္ဂါဂိရိရပ်ကွက်ထဲမှ အစီအရင် အောင်မြင်သွားသော လူပျိုကြီး ကိုတင်သည် ကျွန်ုပ်ထံမှ နည်းလှသွားသူ ဖြစ်၏။ ဥစ္စာပေါ၊ ရုပ်ရော၍ ငယ်ရွယ်သောအမျိုးသမီးတစ်ယောက်ကို စွဲသွားပြီး ကြွယ်ဝချမ်းသာသူအဖြစ် ပြောင်းလဲသွား၏။

နောက်ထပ် ရှိကြပါသေးသည်။ မရေးတော့ပါ။ မကွေးမြို့မှာပင်လျှင် ထိုအစီအရင် အောင်မြင်သွားကြသူများ (၁၀)ဦးထက်မနည်း ရှိကြပါသည်။ ယခုစာရေးနေသည့်အချိန်အထိ ထိုအစီအရင်ပြားကလေးများကို အမြတ်တနိုးကိုင်ဆောင်ထားကြသူများ ရှိနေကြပါသေးသည်။ အောင်မြင်သူတချို့သည် မျှော်မှန်းချက်တွင် အောင်မြင်ခဲ့ကြသော်လည်း ကိုယ်ရည်ကိုယ်သွေး ညံ့ဖျင်းမှု၊ မိုက်မဲမှု စသည်တို့ကြောင့် ရရှိပြီး အခွင့်အရေးများ ထင်းဖြည်းဖြည်းနှင့် ဆုံးပါးသွားကြသည်ကို တွေ့ရှိခဲ့ရပါသည်။ "လူ" သာ အဓိကဖြစ်ပွယ်ရှိ၏။ ရရှိထားသော အခွင့်အရေးအား ထိန်းသိမ်းနိုင်စွမ်းရှိခြင်း၊ တိုးတက်အောင် ကြိုးလုပ်နိုင်စွမ်းရှိခြင်း၊ တာရှည်ခံကောင်းမွန်ခြင်းများသည် ထိုအစီအရင်ကြောင့် ရရှိလာသော အခွင့်အရေးအား သိမ်းဆည်းတင်ခြင်းပင် ဖြစ်မည်ဟု ဆိုရပါမည်။

"ရတာမလိုချင်၊ လိုတာမရ" ဆိုသည်ကတော့ သဘာဝဖြစ်စဉ်မို့ အသေသိထားရမည့် မှန်ကန်သည့် အဓိပ္ပာယ်ပါ။ ရတာမလို လိုတာမရ ဆိုတော့ လိုချင်တာကို ရအောင်ကြိုးစားနိုင်ပါ၍ ကျွန်တော်တို့ အကြံဉာဏ်မြှင့် ယုံကြည်လက်ခံကြသူ

"ရတာမလို၊ လိုတာမရ" ဆိုသည်ကတော့ သဘာဝဖြစ်စဉ်မို့ အသေသိထား
ရမြဲစည်းမြဲလမ်းတွေ မမွမ်းပေါ်။ လိုချင်တာတိုင်း မရနိုင်သော်ငြား လိုအပ်သင့်
တော်သောတစ်မျိုးကိုတော့ ရရှိရန် ကြိုးစားနိုင်မည့် ဂမ္ဘီရအတောက်အကူ
တစ်ခုကို ဤ "ဂုဏ္ဍာသယ တစ်မျိုးရ" ဆောင်းပါးဖြင့် ယုံကြည်လက်ခံကြသူ
များအတွက် ရေးသားတင်ပြလိုက်ပါသည်။

ဘဝ၏တစ်နေရာတစ်နားတွင် အကြိုးပန်းများ ပွင့်လန်းနိုင်ပါစေ။

→ ဓာတ်ဂုဏ် ရျှိုးမြင့်အောင်

## စာရှုသူများသို့

'ဂမ္ဘီရမဂ္ဂဇင်း' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၏
အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊
နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ပုံဝမ်းရှိမရှိခြင်း စသည့်
အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊
ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူ
နိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

ဂမ္ဘီရမဂ္ဂဇင်း



တက္ကသိုလ်မျိုး

အကျပ်တကာ

# အကျွတ်ရှာရေး



တက္ကသိုလ်မျိုး

သန်းမောင်တစ်ယောက် ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံကြီး၌ တက်ရောက်ကုသခဲ့သည်မှာ နှစ်ပတ်ကျော်ခဲ့ပေပြီ။ ဦးနှောက်အတွင်း၌ အရည်ကြည်တည်နေ၍ ဖောက်ထုတ်ရန် စမ်းသပ်မှုများ ပြုလုပ်နေရ၍ ရက်အတော်ကြာ ဆေးရုံတက်နေရခြင်းဖြစ်သည်။ ပထမ၌ ဦးနှောက်ကို ခွဲစိတ်ကုသရန်ဖြစ်သော်လည်း အကုန်အကျများပြီး အန္တရာယ်များ၍ မခွဲစိတ်တော့ပဲ အာခေါင်မှဖောက်၍ ဦးနှောက်၌တည်နေသော ရေကြည်များကို ဖောက်ထုတ်ရန် စမ်းသပ်ကြခြင်းဖြစ်သည်။

လူနာသန်းမောင်အနေနှင့် ဦးနှောက်အရည်ကြည် စတင်တည်စက ခေါင်းမူးသည့် ဝေဒနာကို ခံစားခဲ့ပြီးနောက်ပိုင်း ခေါင်းကိုက်လာသည်။ ပို၍ အခြေအနေဆိုးလာသောအခါ အိပ်၍သာနေသည်။ မှတ်ဉာဏ်အားလည်း နည်းလာသည်။ အိပ်ရာထဲလဲတော့သည်။ မိခင်ကြီး ဒေါ်မြအနေနှင့် သား ဖြစ်သူ သန်းမောင်အဖြစ်ကို မကြည့်ရက်၍ ပထမအရပ်ထဲ၌ ဖွင့်ထားသည့် ဆေးခန်း၌ ပြသကုသသော်လည်း ရောဂါက မသက်သာ။ ဒေါ်မြ ရှိစုမဲ့စုငွေ လေးဖြင့် အထူးကုဆရာဝန်ကြီးနှင့် ပြသကုသသည်။ နောက်ဆုံး၌ ရန်ကုန်

ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးရုံသို့တင်ရန် ဆရာဝန်ကြီးက ညွှန်ကြား၍ ဦးနှောက်အာရုံကြောဆေးရုံသို့ သန်းမောင် ရောက်ရှိလာခြင်း ဖြစ်သည်။

ဒေါ်မြအေးနှင့် မှဆိုးမဘဝဖြင့် ရပ်တည်နေရသူဖြစ်သည်။ ဝင်ငွေ မရှိသော်လည်းကွယ်လွန်သူ ခင်ပွန်းသည်၏ပင်စင်လစာကလေးနှင့်ရပ်တည်နေရသူဖြစ်သည်။ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိသော်လည်း အိမ်ထောင်သည်များဖြစ်ကြ၍ဒေါ်မြကိုထောက်ပံ့နိုင်သူအလွန်ရှားသည်။ သမီးကြီးတစ်ဦးသာ လစဉ်မှန်မှန် ထောက်ပံ့သော်လည်း သားသမီးငါးယောက်ရှိသူဖြစ်၍ များများစားစား မထောက်ပံ့နိုင်ပေ။ သမီးလတ်ကတော့ သတင်းကျွတ်ရာသီ ကန်တော့ချိန်၌သာ အဝတ်အစားလောတ်နှင့် ကန်တော့နိုင်သည်။ သားနှစ်ယောက်ကတော့ မိခင်ကြီးကို မထောက်ပံ့နိုင်ရုံသာမက မိခင်ကြီးထံမှ ရသမျှ တောင်းခံတတ်ကြသည်။

ထိုသားနှစ်ယောက်အနက် အငယ်ကောင် သန်းမောင်က ပိုဆိုးသည်။ မိခင်ကြီးထံမှလိုသော ငွေကြေးတောင်းမရက နည်းမျိုးစုံနှင့် သောင်းကျန်းသည်။ မိခင်အိမ်ရှိ ပစ္စည်းများကို ဖျက်ဆီးသည်။ မိခင်ကြီးတို့ ဇော်ဇော်ကားကားပြောတတ်သေးသည်။ နောက်ဆုံး ရိုက်မောင်း။ ပုတ်မောင်းလုပ်ရန်ပင် တန်ပြင်လာသည်။ မိခင်ထံမှ သူလိုချင်သောငွေ၊ ပစ္စည်းတစ်ခုခု မရမချင်း ခြိမ်းခြောက်မှုအမျိုးမျိုးလုပ်၍ မရရချင်း တောင်းတတ်သည်။ နောက်ဆုံး မိခင်မုဆိုးမကြီးက ပေးလိုက်ရသည်တများသည်။

=◈=

မိမိအပေါ် တစ်ချက်ကလေးမှ မကောင်းခဲ့သည့်သားငယ်အပေါ် မိခင် မေတ္တာဖြင့် တတ်နိုင်သလောက် အကုန်ကျခံ၍ ဆေးကုသပေးခဲ့သည်။ ဆေးရုံတက်သည့်အချိန်မှစ၍ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေသော သားငယ်ကိုကြည့်ပြီးစိတ်မကောင်းဖြစ်နေသည့်ဒေါ်မြကိုယ်တိုင်ကအသက် (၇၀)ကျော်အရွယ်၊ ကျန်းမာရေး သိပ်ကောင်းသူတစ်ယောက်မဟုတ်ပေ။ သွေးတိုး၊ နှလုံးရောဂါအတွက် ဆေးမပြတ် သောက်နေရသူဖြစ်သည်။

ယခု - သားဖြစ်သူ၏ဦးနှောက်၌တည်နေသောရေအိတ်ကိုအာခေါင်မှဖောက်၍စုပ်ထုတ်မည်ဖြစ်သောကြောင့် ဒေါ်မြဝေးရှဲသို့ မနက်(၇)နာရီတာယင် ရောက်နေခဲ့သည်။ မနက် (၈)နာရီ၌ သားကို ခွဲစိတ်ခန်းအတွင်း ခေါ်သွင်းသွားချိန်မှစပြီး ဒေါ်မြ တတ်သသလောက်၊ မှတ်မိသလောက် ဂါထာများကို ရွတ်နေမိသည်။ သားအတွက် စိတ်သောကဖြစ်နေပြီး သားဝေယံ ကျန်းမာရေးအတွက် မေတ္တာပို့ဆုတောင်းနေမိသည်။

ခွဲစိတ်ခန်းပြင်ပ၌ သားအတွက် စိတ်ပူပင်သောက ရောက်နေရာမှ လွန်ခဲ့သော ငါးနှစ်လောက်က ကွယ်လွန်ခဲ့တဲ့ ခင်ပွန်းဖြစ်သူ ဦးအေးကိုလည်း သတိရမိသည်။ ခင်ပွန်းဖြစ်သူမှာ ကုန်သွယ်ရေးရုံးမှ အရာရှိတစ်ဦး



စီးပွားရေးဖြစ်ပြီး ငွေဝင်မှန်လာသည့်အခါ

သားမယား၊ ယောက္ခမတို့အတွက် ခေါက်ဆွဲကြော်၊ ကြာဇံကြော်

အထုပ်များ ဝယ်သွားသည့်သတင်း ကြားနေရသော်လည်း

မိခင်အရင်းခေါက်ခေါက် ဒေါ်မြအတွက် စားစရာ သောက်စရာပို့ဖို့

မဆိုထားဘိ။ နေ့ဘိမ်သို့ပင် မလာရောက်တော့ပေ။

ဖြစ်ပြီး သားမယားအပေါ်အလွန်ကြင်နာတတ်သူတစ်ဦးဖြစ်၍ဒေါ်မြသတိရ လွမ်းဆွတ်နေခြင်းဖြစ်သည်။ အရက်၊ အလောင်းအစားကင်းပြီး အပျော် အပါး လိုက်စားခြင်းလည်းမရှိ၍ ဇနီးဒေါ်မြ ဝတ်စားရန် ထိုက်သင့်သော ရွှေထည်လက်ဝတ်ရတနာများ ဝယ်ပေးနိုင်ခဲ့သည်။ နေထိုင်ရန် အိမ်ငယ် တစ်လုံးကိုလည်း ကိုယ်ပိုင်အဖြစ် ဝယ်ယူနေထိုင်နိုင်အောင် စီစဉ်ပေးခဲ့ သည်။ သားသမီးများ၏ ပညာရေးကိုလည်း ဂရုစိုက်၍ သင်ကြားပေးရှာ သည်။ သားနှစ်ယောက် အပေါင်းအသင်းခင်ပြီး အပေါင်းအသင်းမှား၍ ဆယ်တန်း မအောင်ခဲ့ခြင်းဖြစ်သည်။ သမီးနှစ်ယောက်မှာ ဘွဲ့အသီးသီးရရှိ ခဲ့သည်။

သားငယ် သန်းမောင်မှာ ဝယ်ဝယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုသွားပြီး ပညာကလည်း စကောစကဖြစ်၍ ခင်ပွန်းဖြစ်သူအနေနှင့် မိမိရုံး၌ပင် ရုံးလု လင်ရာထူး၌ ခန့်ထားနိုင်ရန် အထက်အရာရှိကို တောင်းပန်ပြောကြားပြီး အလုပ်ရရှိလေသည်။ သားငယ်သန်းမောင်မှာအိမ်ထောင်ကျပြီး ကလေး နှစ်ယောက်ရသည့်တိုင် မိဘအိမ်၌ပင် နေထိုင်စားသောက်၍ မိဘများ အနေနှင့် ကြည့်ကြည့်ရှုရှု လက်စံထားခဲ့သည်။ ထိုစဉ်က ရုံးလုလင် တစ်ယောက်၏ လစာမှာ (၈၂) ကျပ်ဖြစ်ရာ သန်းမောင်အဖို့ နေစရိတ်၊ စား စရိတ်မကျန်သဖြင့် ငွေပိုငွေလျှံအဖြစ်စုဆောင်းနိုင်သော်လည်းမစုဆောင်း။ အလောင်းအစားကတစ်ဖက်၊ အရက်သောက်စားမှုကတစ်ဖက်နှင့် သုံးမ လောက်အောင်ဖြစ်သည်။ မိခင်ကြီးထံမှ ဖခင်ကြီး မသိအောင် အကြောင်း အမျိုးမျိုးပြ၍ တောင်းတတ်သည်။ ခင်ပွန်းသည်ရှိစဉ်က ဝင်ငွေမှန်နေ၍ သန်းမောင်ကို ထောက်ပံ့ပေးကမ်းနိုင်သော်လည်း ဦးအေး ကွယ်လွန်ပြီး နောက် ဒေါ်မြအနေနှင့် သန်းမောင် တောင်းသလောက် မပေးနိုင်တော့ပေ။

မှဆိုးမဘဝနှင့် သူတို့မိသားစုကိုလည်း မစောင့်ရှောက်နိုင်တော့ပေ။ ဒီ ကြားထဲ သန်းမောင် အလုပ်မလေးစားမှုကြောင့် အလုပ်ပြုတ်ပြန်သည်။ အလုပ်ပြုတ်ပြီး ဝင်ငွေမရှိဖြစ်နေသည့် သန်းမောင်ကို ဒေါ်လှအရင်းအနှီး ထုတ်ပေးပြီး ပုဇွန်တောင်ဈေးအပြင်ဘက်တန်း၌ ထမင်းကျော်ဆိုင်ဖွင့်၍ စားသောက်နိုင်ရန် စီစဉ်ပေးသည်။ သန်းမောင်အနေနှင့် ပထမပိုင်း၌ အဓိကအလုပ်ဖြစ်သည်။ နောက်ပိုင်းသော ရောင်းသော ထမင်းကျော်ဆိုင်မှ

တစ်လလျှင် တစ်ထောင်ကျော်ကျော်လောက် ဝင်ငွေရှိ၍ သန်းမောင်တို့ မိသားစု စိုစိုပြေပြေဖြစ်လာသည်။ မိခင်အိမ်၌ မနေတော့ဘဲ ယောက္ခမအိမ်သို့ ပြောင်းရွှေ့နေသည်။ ယောက္ခမအိမ်စရိတ်ကို သန်းမောင်က တာဝန်ယူခဲ့သည်။ မိခင်ကြီး ဒေါ်မြအတွက်ကို သန်းမောင်ထည့်မတွက်။ မိခင်ကြီး၏ အရင်းအနှီးကိုလည်း ပြန်မဆပ်တော့ပေ။

သန်းမောင် စီးပွားရေးအဆင်ပြေလာသောအခါ ဖောတိပြလာသည်။ အလောင်းအစားမျိုးစုံ လုပ်လာသည်။ အရက်သောက်လာသည်။ ထိုအခါ ကြွေးပတ်လည်ဝိုင်းလာပြန်သည်။ နောက်ဆုံး ဝင်ငွေမှန်နေသည့် ထမင်းကြော်ဆိုင်ကို ပိတ်လိုက်ရတော့သည်။ ကြွေးတင်လာပြီး ကြွေးပြသနာ ရှင်းရန် မိခင် ဒေါ်မြထံ အပူကပ်လာသည်။

သန်းမောင်၏ နည်းပရိယာယ်အတိုင်း မိခင်ကြီးကို အနူနည်းနှင့်မရသောအခါအကြွမ်းဖက်ပြီးကြွေးဆပ်ရာငွေတောင်းလာသည်။နောက်ဆုံး မိခင်ကြီး ဒေါ်မြအနေနှင့် ခင်ပွန်းဝယ်ယူပေး၍ဝတ်ဆင်ထားသည့် နှစ်ကျပ်သားခန့်ရှိ ဆွဲကြိုးကို ရောင်း၍ သန်းမောင် ကြွေးဆပ်လိုက်ရသည်။

သန်းမောင် အလုပ်ပြောင်းလုပ်ပြန်သည်။ ထမင်းကြော်ဆိုင်ကို ရောင်းလိုက်၍ ထိုဆိုင်နှင့် နှစ်ဆိုင်ကျော်၌ အကြွေးဝယ်၍ရသော မီးသွေးဆိုင် ဖွင့်ပြန်သည်။ မီးသွေးဆိုင်၏ သဘောမှာ ဝင်ရင်းဆိုင်ကြီးမှ မီးသွေးများကို အိတ်လိုက်ခြင်း လိုက်ဝယ်ပြီး လက်လီငါးဆယ်သား၊ တစ်ပိဿာ စသည်ဖြင့် လက်လီပြန်ရောင်းခြင်းဖြစ်သည်။ ထိုအလုပ်နှင့်လည်း သန်းမောင် အကျိုးပေးခဲ့သည်။ တစ်နေ့ ငွေလေးငါးရာ အမြတ်အစွန်းရသည်။ ထမင်းကြော်ဆိုင်လောက် အလုပ်မများ၍ သန်းမောင် အတော်သဘောကျသည်။ လုပ်ငန်းအဆင်ပြေ၍ ဝင်ငွေကောင်းနေသောကြောင့် ဒေါ်မြအနေနှင့် သားဖြစ်သူထံမှ ရွှေရောင်း၍ ယူသွားသော ငွေရှစ်သောင်းအတွက် ပြန်ရလိုရငြား မျှော်လင့်နေမိသော်လည်း သန်းမောင်အနေနှင့် စကားတစ်ခွန်းမှ မဟလာပေ။ ဒါကြောင့် - ဒေါ်မြက သားဖြစ်သူကို ...

"သန်းမောင် - မင်း ငွေရေးကြေးရေး အဆင်ပြေနေရင်လည်း အမေ့ဆီက ရွှေရောင်းပြီး ယူသွားတဲ့ ငွေထဲက တတ်နိုင်သလောက် ပြန်ဆပ်ဦး။ ငါ့မှာလဲ ဝင်ငွေရှိတာမဟုတ်လို့ ငွေအသုံးကြပ်နေတယ်"

"အမေကလည်းပြန်ဆပ်မှာပေါ့။ လောလောဆယ် ကျွန်တော့်အနေနဲ့ ဗီးသွားဝယ်ရင်းနေရလို့ ငွေတောင်လိုနေတာ။ အကြွေးဝယ်ရောင်းတော့ ဆိုင်က ဈေးတင်ထားလို့ အမြတ်သိပ်မရှိလို့ အခု ဗီးသွားပို့တဲ့ ကားတွေဆီက လက်ငင်းငွေပေးဝယ်နေရတာသိ။ ဒါမှ ပင်ရင်းဈေးနဲ့ရလို့ အကျိုးအမြတ်လေးရှိလာတာ။ အမေ့ဆီကတောင် ငွေအရင်းအနှီးတောင်းဖို့ စိတ်ကူးနေတာ"

သန်းမောင် စကားကြားမိသော ဒေါ်မြတစ်ယောက် နှုတ်ဆိတ်သွားသည်။ သားထံမှငွေပြန်မရရုံသာမက ထပ်၍ငွေတောင်းခံလာသောကြောင့် အသာငြိမ်နေလိုက်ခြင်းဖြစ်သည်။ ဗီးပွားလေးဖြစ်ပြီး ငွေဝင်မှန်လာသည့်အခါ သားမယား၊ ယောက္ခမတို့အတွက် ခေါက်ဆွဲကြော်၊ ကြာဇံကြော်အထုပ်များ ဝယ်သွားသည့်သတင်း ကြားနေရသော်လည်း မိခင်အရင်းခေါက်ခေါက် ဒေါ်မြအတွက် စားစရာ၊ သောက်စရာပို့ဖို့ မဆိုထားဘိ၊ နေအိမ်သို့ပင် မလာရောက်တော့ပေ။

ဒါကြောင့်လည်း ဒေါ်မြ နှုတ်မှ -

"သားရတာ - နာတာပဲ"

ဟူသော စကားကို တွင်တွင်ရွတ်နေမိသည်။

=◈=

ခွဲစိတ်ခန်းအတွင်းမှ သန်းမောင်ကို သူနာပြုဆရာမများ၊ ဆရာဝန်များ ခြံရံ၍ ထုတ်လာသောအခါ ဒေါ်မြတစ်ယောက် စိုးရိမ်တကြီးနှင့် တွန်းလာသည့် လှည်းအနီးသွားကြည့်မိသည်။ ထောင်ပါလာသည့် ဆရာဝန်နှင့် ဆရာမများကိုလည်း -

"ဆရာကြီးတို့၊ ဆရာမတို့ ကျွန်မသားလေး အခြေအနေကောင်းပါရဲ့လား"

"ကောင်းပါတယ် - ဒေါ်ဒေါ်၊ မေ့ဆေးမပြေသေးလို့ပါ။ နောက်နှစ်နာရီလောက်ဆို သတိရလာမှာပါ"

ဆရာဝန်ကြီး၏ အမြေစကားကြားမှ ဒေါ်မြ စိတ်သက်သာရာ ရသွားသည်။ ကောင်းဆိုးပေါ့ဆိုးကိုသာ ပစ်ရိုးထုံးစံရှိသော်လည်း သားဆိုးကိုကား ပစ်ရိုးမရှိဆိုသော ဆိုစကားအရ မိမိအပေါ် တစ်ချက်တလေမှ မကောင်းခဲ့သော သားဆိုးသန်းမောင်အတွက် စိတ်သောကဖြစ်ရသာမက တစ်စုံတစ်ရာ ဖြစ်သွားမှာကိုပင် စိုးရိမ်နေမိသည်။ သန်းမောင် မိန်းမအစေနှင့် ကလေး မျက်နှာမြင်ထားတာ မကြာသေး၍ဟု အကြောင်းပြပြီး ဆေးရုံသို့တစ်ခေါက် မှမလာ။ သန်းမောင် ယောက္ခမ ဒေါ်ဝင်းအေးနှင့် ထမင်းပို့ရုံသာ ဆေးရုံသို့ လာသည်။ သန်းမောင် နံဘေး၌ အသက် (၇၀) ကျော် မုဆိုးမအိုကြီးသာ နေ့စဉ်ညည ရှိနေသည်။ ဆေးရုံကြီးမှ သူနာပြုဆရာမတွေက ဒေါ်မြကို သနား၍ ညဘက်သူနာပြုဆရာမများ နားနေခန်း၌ ခေါ်သိပ်ရသည်။ ဒေါ်မြမှာ ငွေကြေးတတ်နိုင်သူ တစ်ယောက်မဟုတ်၍လည်း အခကြေးငွေဖြင့် သီးခြားသူနာပြုမငှားနိုင်။ သတိလစ်နေသည့်သားဖြစ်သူကိုလည်း ပစ်မထားရက်၍ သားနှင့်အတူ ဆေးရုံ၌ အိမ်မပြန်ဘဲ နေနေခြင်းဖြစ်သည်။

မိဘ မေတ္တာတရားက ကြီးမားလှပေသည်။ သားသမီး ဒုက္ခရောက်နေသည်ကို မျက်နှာလွှဲ၍ မနေနိုင်ခြင်းသည် မိဘအများစု၏ မေတ္တာစေတနာ ဝင်ဖြစ်ပေတော့သည်။ ဒေါ်မြသည် ခွဲခန်းမှ ထွက်လာပြီး နှစ်နာရီကျော် သော်လည်း သတိမရသေးသည့် သားအားကြည့်ရင်း မျက်ရည်များ ထိန်း မရဲ တသွင်သွင် စီးကျလာမိသည်။

"ငါ့သား - တစ်စုံတစ်ရာများ ဖြစ်ခဲ့သော်"

ဟူသော - အတွေးကြောင့်ဒေါ်မြတစ်ယောက်ပူပင်သောကဖြစ်နေရသည်။ ရင်ထဲမှလည်း ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် တို့ကို မနားတမ်း ရွတ်နေရှာသည်။

ခုတင်ပေါ်ရှိ သန်းမောင်သည် မျက်လုံးစတင်၍ ဖွင့်ကြည့်လာသည်။ လျှာနှင့် နှုတ်ခမ်းကို လျက်လာသည်ကို တွေ့မြင်ရသော ဒေါ်မြတစ်ယောက် ဝမ်းအသာကြီး သာမိပေသည်။ ဆေးရုံတင်ပြီးနောက်ပိုင်း သန်းမောင် မည်သည့်အစာမှ မစားတော့ပဲ သတိလစ်၍နေသည်။ အကြောမှပိုက်ဖြင့် ဂလူးကို့စ်နှင့် ဆေးများသွင်းပေးရသလို၊ နှာခေါင်းမှ ပိုက်ဖြင့် အစာအိမ်အတွင်း

သို့ နှိုး ထမင်းရည်များ ဘွင်းပေးရသည်။ သန်းမောင်ကတော့ သတိလုံးဝ လစ်နေပြီး မျက်လုံးပင် မဖွင့်နိုင်ပေ။

ယခု - သန်းမောင် မျက်လုံးဖွင့်လာသလို လျှာထုတ်၍ပင် နှုတ်ခမ်းကို လျက်လာ၍ ,အခြေအနေ တိုးတက်လာကြောင်း ဒေါ်မြတွေ့ရသောအခါ ဝမ်းအလွန်သာမိသည်။ သန်းမောင် မျက်နှာနားသို့ ဒေါ်မြအသာကပ်၍ -

"သား - သတိရပြီလား"

ဒေါ်မြအသံကို ကြားသည့်အခါ သန်းမောင် မျက်လုံး ကျယ်ကျယ်ဖွင့် လာပြီး ပါးစပ်မှလည်း စကားပြောရန် ကြိုးစားလာသည်။ ထိုအချိန်၌ ဆရာဝန်နှင့် ဆရာမနှစ်ယောက် ရောက်လာပြီး -

"ဒေါ်ဒေါ်- စကားမပြောနဲ့ဦး၊ လူနာကို နားပါစေ၊ ဦးနှောက်ထဲက အရည်ကြည်တွေ ထုတ်ပစ်လိုက်လို့ ဦးနှောက် ပြန်အလုပ်လုပ်ပါလိမ့်မယ်။ လောလောဆယ် နားပါစေ။ မေ့ဆေးကလည်း သိပ်မပြေသေးလို့ သတိမရ သေးတာပါ"

= ◈ =

ဒေါ်မြ တစ်ညလုံး အိပ်မပျော်ပဲ အတွေးခေါင်နေမိသည်။ ကွယ်လွန်သူ ခင်ပွန်း ဦးအေးကိုပို၍သတိရမိသည်။ မိသားစု စားဝတ်နေရေးကို အပင်ပန်းခံ၍ ရှာဖွေကျွေးမွေးခဲ့သည်။ မိမိနှင့် သားသမီးများအပေါ် ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင် ရှိလှသည်။ ယခုလို အချိန်မျိုး၌သာဆိုလျှင် ဦးအေးသည် မိမိထက်ပို၍ စိတ်သောကဖြစ်မည်ကိုလည်း ဒေါ်မြ မြင်ယောင်နေမိသည်။

နံနက် မိုးလင်းခါနီးမှ ဒေါ်မြအိပ်ပျော်သွားသည်။ သိပ်ကြာကြာ မအိပ်လိုက်ရပေ။ ဆရာမ တစ်ယောက်၏ အသံကြောင့် ဒေါ်မြအိပ်ရာမှ နိုးလာသည်။

"ဒေါ်ဒေါ် . . . မနက်မိုးလင်းခဲ့နပြီ ဆရာဝန်ကြီးတွေ လှည့်တော့မယ်။ ဒေါ်ဒေါ် သားလည်းသတိရနေပြီ အမေ - အမေနဲ့ ဒေါ်ဒေါ်ကို မေးနေတယ်"

ဒေါ်မြအိပ်ရာမှ လူးလဲထလိုက်သည်။ သား သတင်းကြား၍ ဝမ်းအသာကြီးသာတာ မျက်နှာပင် မသစ်တော့ပဲ သားရှိရာသို့ ပြေးလာမတတ်

သွားရောက်လေသည်။ သန်းမောင်သည် ဝိုင်ကြီးကို မြင်သောအခါ လက်အုပ်ချီလျက် နှုတ်မှလည်း....

"အမေ့ကိုကျွန်တော်ကန်တော့ပါတယ်အမေရယ်။ ကျွန်တော် - အမေ့အပေါ်ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ခွင့်လွှတ်ပေးပါအမေ"

ထူးထူးဆန်းဆန်း သန်းမောင်တစ်ယောက် ဝိုင်ကြီးကို ပက်လက်အိပ်နေရာမှ လက်အုပ်ချီ ကန်တော့လျက် နှုတ်မှ အတန်တန် တောင်းပန်နေသည်ကို ဒေါ်မြမြင်ရသောအခါ ဝိတိဖြစ်မိပေသည်။

"ငါ့သားသန်းမောင် - နေကောင်းအောင်နေ။အမေငါ့သားကိုခွင့်လွှတ်ပြီးသားပါ။ ဘယ်တုံးကမှ အပြစ်မယူခဲ့ပါဘူး သားရယ်"

ဒေါ်မြ အသံများ တုန်နေရှာသည်။ သားဖြစ်သူ၏ အပြုအမူ၊ လေသံချောချောဖြင့် တောင်းပန်နေပုံကို မြင်တွေ့ရသော ဒေါ်မြတစ်ယောက် စိတ်ကြည်နူးလျက် ပြုံးနေရှာသည်။ လူကောင်းပကတိပမာ ဖြစ်နေသည့် သန်းမောင်ကို မြင်မိသော ဒေါ်မြသည် ဘုရား၊ တရား၊ သံဃာတော်တို့၏ ဂုဏ်ကျေးဇူးကို အထူးသိမြင်ပြီး ကြည်နူးသဒ္ဓါဖြစ်မိပေသည်။

"သား - သန်းမောင် - မင်းနှစ်ပတ်ကျော်ကျော်လောက် သတိလစ်နေတာ၊ မင်း သိပ်ကံကောင်းတယ်။ နေကောင်းလာရင် ကျွန်းမာရေး ဂရုစိုက်ပါသားရယ်။ ပေပေတေတေ မနေပါနဲ့"

"စိတ်ချပါအမေရယ်၊ ကျွန်တော် လိမ္မာပါပြီ၊ ကျွန်တော်ဘဝမှာ တစ်ခါမှမကြုံဘူးတာ တွေ့ကြုံခဲ့ရလို့ နောင်တလည်း ရပါပြီ၊ အမေကိုလည်း ဘယ်တော့မှ မစော်ကားတော့ပါဘူး"

သန်းမောင် သတိလစ်နေစဉ် ဝိညာဉ်ဘဝနှင့် ကြောက်မက်ဖွယ်ရာများ ကြုံတွေ့ခဲ့ရ၍ နောင်တစကားကို အလေးအနက် ပြောလာရုံသာမက ဝိုင်ကြီးကိုလည်း အကြိမ်ကြိမ်တောင်းပန်နေသည်မှာ ထူးခြားလှသည်။

"အမေ - ကျွန်တော် သတိလစ်နေချိန်မှာ ကျွန်တော် အိပ်မက်လိုလို၊ အကယ်လိုလိုနဲ့ တွေ့ကြုံခဲ့ရတာတွေက သိပ်ကြောက်စရာကောင်းပါတယ်။ ပထမဆုံး ကျွန်တော်အိမ်ကို ပြန်ရောက်သွားပါတယ်။ ကျွန်တော်ကသာ စဝ်တင့်တို့သားအမိကို မြင်ရပြီး သူတို့က ကျွန်တော့်ကို မမြင်ကြပါဘူး။ ကျွန်တော်ပြောတာလဲ သူတို့မကြားဘူး။ အိမ်ကနေ ရုတ်တရက်

ကျွန်တော် ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်နားက သစ်ပင်အောက် ရောက်သွားတယ်။ သစ်ပင်တစ်ပင်လုံး ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ မကောင်းဆိုးဝါးတွေ ပြည့်နေတာပဲ။ ကျွန်တော်နေစရာ သစ်ကိုင်းလွတ်မရှိလို့ သစ်မြစ်ဆုံကြားမှာ နေရတယ်။

အဲဒီသစ်ပင်မှာ တော်တော်ကြာကြာ နေနေတဲ့အချိန်မှာ တစ်ခါတစ်ခါ ဒီဆေးရုံကို ပြန်ပြန်ရောက်လာတယ်။ အမေကိုရော ကျွန်တော် ခန္ဓာကိုယ်ကြီးကိုရော မြင်နေရတယ်။ ဆေးရုံကြီး အအေးတိုက်ထဲက သစ်ပင်မှာ နေရာကနေ ကျွန်တော်လွင့်ထွက်သွားပြီး မီးတောက်မီးလျှံတွေကြားထဲမှာ လူတွေပြေးကြလွှားကြ မီးလောင်ကြနဲ့ ကြောက်စရာကောင်းတဲ့ နေရာကို ရောက်သွားပါတယ်။ ကျွန်တော့်အနားမှာလည်း လက်ထဲမှ ရွှန်းရွှန်းတောက် ထက် လက်နက်ကြီးတွေ ကိုင်ထားတဲ့ သူတွေကရပ်နေပြီး ကျွန်တော့်ကို မီးပုံထဲ ပစ်ချဖို့ တစ်ဖက်တစ်ချက်က ကိုင်ထားပြီး "အမေကို ကိုယ်ထိလက်ရောက်စော်ကားတဲ့ကောင်ကို မီးပုံထဲ ပစ်ချရမယ်" ပြောနေတုန်း နတ်ဝတ်နတ်စားနဲ့သူ တစ်ယောက်ရောက်လာပြီး "ဒီကောင်အလှည့်မဟုတ်သေးဘူး။ ဒီကောင်ကို ပြန်ပို့လိုက်ကြ၊ ဒီကောင်အမေကို စော်ကားထားတဲ့အတွက် ဒီထက်ဆိုးတဲ့ နေရာရောက်မှာ၊ အခု သူ့ကို ခေါ်ဖို့အချိန်မတန်သေးဘူး" လို့ပြောပြီး ကျွန်တော့်ကို ဆွဲခေါ်သွားရာက သတိလစ်သွားပြီး အခု ဆေးရုံပေါ် ပြန်ရောက်လာတာပါအမေ။ ကျွန်တော့်အမေ့ကို ဘယ်တော့မှ မစော်ကားတော့ပါဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါအမေရယ်..."

သန်းမောင် တကယ့်ခံစားချက်နှင့် ပြောနေခြင်းဖြစ်၍ ဘေးမှာ ကြားနေရသူအပေါင်းမှာ တဆုံ့တဆြဖြစ်နေမိကြသည်။ ဒေါ်မြတစ်ယောက် အနေနှင့် သားအသက်ပြန်ရှင်လာ၍ ဝမ်းသာမိသလို သားလူမိုက် အကျွတ်တရားရ၍လည်း ထပ်ဆင့်ဝမ်းသာပီတိဖြစ်မိလေခြင်းကြောင့် မျက်ဝန်းမှ မျက်ရည်အသွယ်သွယ်သည် တားမရအောင် ပါးပြင်တစ်လျှောက် စီးကျလျက်ရှိပေတော့သည်။

→ [illegible]



# တိုက်ဆိုင်ထူးခြား
# နိမိတ်ဆန်းပြား



ဇောက်ထိန်

ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးကို ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းဟု မြန်မာများ ယုံကြည်ကြသည်။ တောင်ကျွန်းက ကမ္ဘာကြီးတစ်ခုလုံးကို ဆိုလိုသလား။ အာရှတိုက်ဒေသကိုပဲ ဆိုလိုသလား။ သဲသဲကွဲကွဲ မသိရပေသော်လည်း တောင်ကျွန်းရှိသလို မြောက်ကျွန်းလည်းရှိသည်။ အရှေ့ကျွန်း အနောက်ကျွန်းလည်းရှိသည်။ ဘုရားရှင်လက်ထက်တော်မှာ ထင်ရှားသော သူဌေးကြီး ဇောတိကအိမ်ဝန်း အတုလတောနိုင်ပေဘိက မြောက်ကျွန်းသူဟုဆိုသည်။ နေရောင်ကို မခံနိုင်၍ တိုက်ခန်းအဆောင်ထဲမှာ မနေမပယသော ပတ္တမြား၏ အလင်းရောင်ဖြင့် နေရသည်ဆိုတော့ မြောက်ကျွန်းဆိုသည်မှာ ဥရောပတိုက်များဖြစ်လေမလား ထင်ရသည်။ ထိုကျွန်းကြီးတွေ (တိုက်ကြီးတွေ) ထဲမှာ ကျွန်တော်တို့၏ တောင်ကျွန်းက ထူးခြားမှုတစ်ခုခု မဖြစ်မီ၊ နိမိတ်ပြသည်၊ နိမိတ်ထွန်းသည်ဟု စာတွေမှာလည်း ပါ၍ သာဓကတွေလည်း ရှိခဲ့ဘူးသည်။

ရာဇဝင်ထဲမှာတော့ ရှင်ဘုရင်တွေ နတ်ရွာစံခါနီးမှာ ကြယ်ကြွေတာ၊ ငလျင်လှုပ်တာ၊ တော်လဲတာ (အဝေးရပ်ဆီက အသံကြီးမြည်ဟိန်းတာ) စသည့် နိမိတ်တွေပြကြောင်း ဖတ်ရသည်။

မြန်မာဘုရင်များလက်ထက်က ရှေးဖြစ်ဟောင်း ဝေဒင်ပညာရှိ ပုဏ္ဏား တော်ကြီးများ ခန့်ထားသည်။ နိမိတ်ဟော နိမိတ်ဖတ်မှုပုံကြီးလ်များလည်းရှိ သည်။ရာဇဝင်မှာထင်ရှားခဲ့သောမန်လေးလာဘုတိုင်းသိကြသည့်အယူတော် မင်္ဂလာ ဦးနိုးဆိုသူက ကြားရမြင်ရတာကို နိမိတ်ကောက်ယူ၍ မှောက်ထား သော ခွက်ထဲက ပစ္စည်းကိုပင် မှန်အောင်ဟောနိုင်ခဲ့ဖြစ်သည်။

နိမိတ်ကောက်ယူပုံ အကြမ်းဖျဉ်းကတော့ ကောင်းတာကို မြင်ရလျှင် အကောင်းတွေ့ကြုံရမည်။ မကောင်းတာ မြင်ရလျှင် အဆိုးနှင့် ကြုံရတော့ မည်ဟု ယူဆကြတာဖြစ်သော်လည်း ပုံသေကားကျ မှတ်ထားလို့လည်း မရ ပါ။ ဘုရင့်နောင်မင်းတရားလက်ထက် နန်းတော်ဦးမှာ လင်းတ နားသည်။ မြန်မာတို့က လင်းတငှက်သတ္တဝါကို နိမိတ်ဆိုးသောအကောင်ဟု ယူဆကြ သည်။ ဒီလိုအကောင်မျိုးက နန်းတော်ဦးမှာ နားတာဆိုတော့ ဘာမန်ပြော ရလျှင် အဆိုးတွေနှင့် ကြုံရတော့မည်ဟု နိမိတ်ကောက်ရန်သာ ရှိသော် လည်း လင်းတ နားပြီး မရှေးမနှောင်းမှာ ဘုရင်မင်းတရားကြီးအတွက် သမီး ကညာ ဆက်လာသည့် လက်ဖွဲ့ရွှေဆင် (၇)စီးသာရသည်ဆိုတာမျိုး ရာဇဝင် ရှိသည်။

=◈=

ကားစပ်မိ၍လင်းတအကြောင်းပြောပါဦးမည်။ကျွန်တော်တို့ကအရုပ် ဆိုးဆိုးနှင့် ရွံစရာကောင်းပုံ၊ အသေကောင်စုပ် စသည်များကို ထိုးဆိတ် စားသောက်လေ့ရှိသော လင်းတငှက်ကို ရွံ့ရှာစက်ဆုပ်၍ နိမိတ်မကောင်း သောငှက်ဆိုးဟု ယူဆကြသည်။ ကျွန်တော် ရောက်ခဲ့ဖူးသည့် အိန္ဒိယနိုင်ငံ ကျေးရွာတွေမှာ လင်းတငှက်တွေ တွေ့နေရသော်၍ သူ့အိမ် ကိုယ့်အိမ်ပေါ် ပျံသန်းနားနေကြတာ ရှိနေပြီးဒေသခံရွာသားတွေကဘာမျှနိမိတ်မကောက်၊ သူတို့အဖို့တွေ့နေကျ ရိုးအီနေသော မြင်ကွင်းဖြစ်သည်။ အိန္ဒိယကျေးရွာ သားတွေက ငှက်အပါအဝင် ထောသတ္တဝါများကို သတ်ဖြတ်စားလေ့မရှိ၍

ငှက်အမျိုးမျိုးနှင့်ဖွတ်လို့၊မြွေလိုတောသတ္တဝါတွေအိန္ဒိယတောင်ပိုင်းကျေးရွာတွေမှာ အတွေ့ရများသည်။ လူတွေက သူတို့ကို မပစ်မခတ်၊ မသတ်ဖြတ်ကြောင်း သိပ်ဟန်ရှိ၍ လူကို တော်တော်နီးနီး အကပ်ခံသည်၊ ကျွန်တော်က ငယ်စဉ်မှာ ဖွတ်သား ကောင်းကောင်းစားခဲ့ဖူး၍ အရသာသိနေသဖြင့် ဖမ်းလိုက်လျှင် လွယ်လွယ်ရနိုင်သော ဝဲတောင်သာသာ ဖွတ်ကြီးများ တွေ့ရတော့ စားချင်စိတ်ပေါ်သေးသည်၊ အိန္ဒိယကျေးရွာသားတွေက ဖမ်းလည်း မဖမ်း၊ စားလည်း မစားပါ၊ သူတို့က မြွေကိုပင် ရိုက်သူများမဟုတ်ကြပါ၊ ကျွန်တော်တို့ဆီမှာတော့ မြွေကိုတွေ့လျှင် အဆိပ်ရှိ မရှိပင် မစဉ်းစားတော့ဘဲ "မြွေဟ..မြွေဟ" ဆိုပြီး တစ်ယောက်တစ်လက် ဝိုင်းရိုက်ကြမှာ သေချာသည်။

မြန်မာတွေက ထိုမြွေကိုပဲ ခရီးလမ်းမှာ ကန့်လန့်ဖြတ်သွားတာ ကြုံရလျှင် နိမိတ်မကောင်း ခရီးကြန့်ကြာတော့မည်ဟု ယူဆကြသည်၊ မြွေက ခရီးလမ်းကြောင်းအတိုင်း ယှဉ်၍သွားနေတာ မြင်ရလျှင် မိမိသွားနေသည့် ခရီးရှည်တော့မည် (ခရီးဆက်သွားရမည်) ဟု နိမိတ်ကောက်ယူသည်။

မုဆိုးတွေတာတော့ တောလည်သွားစဉ် မြွေကိုမြင်လျှင် အမဲကောင်တွေ့ များများရတော့မည်ဟု နိမိတ်ကောက်သည်။ မုဆိုးတွေက မြွေကို "မုဆိုးတံခွန်" ဟု ခေါ်ကြသည်။

စောစောက ပြောခဲ့သည့် ဖွတ်ကိုဆိုလျှင် မြန်မာတောသူတောင်သားတွေက ဟင်းကောင်းတစ်ခွက်အဖြစ် စားသုံးကြသော်လည်း၊ ဖွတ်အရှင်အိမ်ပေါ်တက်လာမှာကို အလွန်ကြောက်ကြသည်။ အိမ်ပေါ်ဖွတ်တက်လျှင် အိမ်ရှင်မွဲဥာတ်သည့်ဆိုပဲ၊တချို့ကဖွတ်ကို "ဖွတ်" ဟုပင်မခေါ်၊ "ဇောတိက" ကောင်ဟု ရိုးပင့်၍ ခေါ်ကြသေးသည်။ ဒီလိုမျိုး မူလနာမည်ကို ပြောင်း၍ နာမ်နိမိပြီးခေါ်တာတွေကျွန်တော်တို့လူမျိုးမှာ တော်တော်များများရှိသည်။ တောထဲမှာ ကျားကို "ကျား" ဟု ခေါ်မိလျှင် အခေါ်ခံရသူက အားတက်ပြီး ပြင်းပြင်းထန်ထန် ရန်မူလာမှာစိုး၍ ကျားမှန်းသိပါလျက် "ဟင်းမျိုးကြီး" ဟု

လည်းကောင်း၊ "ကြောင်ကြီး"ဟု လည်းကောင်း "နာခေါင်းတို" ကောင်ဟု လည်းကောင်း ခေါ်သည်၊ မြွေကို "ပိုးကောင်"ဟုခေါ်၍ မြွေကိုက်တာကို "ပိုးထိ"သည်ဟု သုံးသည်၊ တချို့က မြွေကို "အကောင်ရှည်"ဟု ခေါ်သည်၊ ဒါတွေက ရန်မူတတ်သည့် တောကောင်များကို နာမ်နိမိတ်ခေါ်ပြီး ကိုယ်က အသာစီးရအောင် နိမိတ်ပြုခေါ်ကြတာဖြစ်သည်၊

လင်းတ၊ လင်ကောင်ပို၊ တစ်တီးတူး၊ လင်းဆွဲ၊ ငှက်ကြီးများကို ငှက်ဆိုးတွေဟု သတ်မှတ်၍ မြင်ရတွေ့ရလျှင် နိမိတ်မကောင်းဟု ယူဆကြသည်၊ ဥဒေါင်း၊ ဟင်္သာ စသည့် ငှက်တို့က မင်္ဂလာရှိပါသတဲ့၊ ဗီးကွက်ကို ဆိုလျှင် လာဘ်ကောင်ငှက်အဖြစ် ထင်စားသုံးစွဲနေသည် မဟုတ်ပါလား၊ ဖွတ်၊ မြွေ၊ ကျား၊ ငှက်တို့အပြင် ဖားသတ္တဝါလည်း နိမိတ်ကောက်ရာမှာ ပါသည်၊ မြန်မာ ရာဇဝင်ပုဂံခေတ်က အနော်ရထာမင်းကြီး တိုင်းခန်းလှည့်လည်စဉ် ယာယီ တဲနန်းအောက်မှ ဖားအော်သံကြား၍ ဟူးရားဖြူ ဟူးရားညိုတို့ကို မေးတော် မူသည်၊

ဟူးရား ပညာရှိတို့က "ဖားဖိုသံ၍ ဖားမယယ်လင်ကောင်ကို ပိုး၍ ပိုသည်"ဟုလျှောက်သည့်အခါ "ဒါဘာနိမိတ်လဲ" ထပ်၍အမေးတော်ရှိသည်၊ "အရှင်မင်းကြီး နန်းတော်ပြန်မရောက်မီ နတ်ရွာစံမည်" အတိတ်နိမိတ်ဖြစ် ကြောင်း ပညာရှိများကလျှောက်တော့ ဘုရင်အမျက်ထွက်သည်၊ မြေကြီး ကိုတူးကြည့်တော့ ဟူးရားတို့ဆိုတိုင်း ဖားဖိုသေကို ကျောပိုးလျက် ဖားမကို တွေ့သည်၊ နိမိတ်ကောက်အဟောအတိုင်း နန်းတော်ကြီးသို့အပြန် အနော် ရထာဘုရင်ကို ကျွဲတော်၍သေသည်၊

နိမိတ်ဖတ်တာမှန်ပုံကိုအံ့ဩရသည့်ထက်ဖားအော်သံမြေကြီးအောက် တကြားရုံနှင့် "ဖားထီးသေ၍ဖားမက ကျောပိုးပြီးငိုတာ"ပဲဟု အတတ်ဟော နိုင်သည့် ဟူးရားဖြူ ဟူးရားညိုတို့၏ ပညာကို လက်များခါရပါသည်၊

အတိတ်၊ နိမိတ်တွေက ရာဇဝင်ထဲမှာ နေရာအနှံ့ တွေ့ရသည်၊ အထူး သဖြင့် ရှင်ဘုရင်များနတ်ရွာစံလုနီးလျှင်လျှင်လျှင်လျှပ်သည်ကြယ်ကြွေသည်၊

ဘီလူးကိုယ်ထင်ပြသည်၊ ငှက်ကြီးကျသည်၊ နန်းတော်အမိုးထွက်သည် ဆိုတာမျိုး၊ ရှင်ဘုရင်တိုင်းလိုလို၏ ဇာတ်သိမ်းခန်းတွေမှာ တွေ့ရသည်။ ထို နိမိတ်တွေကို ဖော်ကြသည်။ နိမိတ်ဖတ်ပညာရှင်များ၏ အစွမ်းကိုလည်း အံ့မခန်းအောင်တွေ့ရသည်။ (သည်နေရာမှာ မြန်မာတွေမှမဟုတ် အင်္ဂလိပ် စာဆို ရှိတ်စပီးယား၏ မက်ဘက်ပြဇာတ်မှာ ကိုယ့်အိမ်လာတည်းသော ရှင်ဘုရင်ကို လုပ်ကြံတော့ မက်ဘက် အတိတ်နိမိတ်ဆိုးတွေ တွေ့ရပုံအသား ပေးရေးထားတာ ဖတ်ရှုကြမည်ထင်သည်။ သူတို့လည်း အတိတ်နိမိတ်ကို ယုံကြဲပုံရသည်)

ရာဇဝင်ထဲက အင်းဝခေတ်မှာ နာမည်ထင်ရှားခဲ့သော "သာလွန်မင်း" လက်ထက် ကောဇာသက္ကရာဇ် ၁၀၁၀ - ခုနှစ် ထိုမင်းနတ်ရွာမစံမီ တစ်လ ခန့် ကြို၍ ဝါခေါင်လဆန်း (၆)ရက်၊ စနေနေ့မှာ နန်းတော်ရှေ့ နန်းရင်ပြင်၌ ငှက်ကြီးအများကျသည်။ ဝါခေါင်လပြည့်ကျော် (၅) ရက်၊ စနေနေ့မှာ ဘုံမှတီး ငှက်ကြီးတစ်ကောင် စနေထောင့်ကပျံလာ၍ လွှတ်တော်ရှေ့မှာကျသည်။ ထို့နောက် - စနေထောင့်သို့ပင် ပျံသွားသည်။ ထိုနိမိတ်များပေါ်ပေါက်ချိန်တွင် ဘုရင်ကြီးက ကျန်းကျန်းမာမာရှိသည်။ ရာဇမဏိစူဠာစေတီကို ထီးတင်ရန် လုံးပန်းနေသည်။ ထီးတင်တာက တင်ချင်သလိုတင်လို့မရ၊ အချိန်နှင့် အခါ နှင့်တွက်ချက်ပြီးတင်ရတာမျိုးမို့ ဘုရင်က တောင်ငူလောကဗျူရာသိမ်ကျွန်း ဆရာတော်ကိုပင့်ပြီး အခါတောင်းသည်။ ဘုန်းကြီးက သင်ရှင်ဘုရင်လက် ထက်မှာ ထီးတင်နိုင်မည်မဟုတ်၊ သားတော်လက်ထက်မှ ထီးတင်ရလိမ့် မည်ဆို၍ ဘုရင်က စိတ်ဆိုးသည်။

ထို့နောက် ပုဏ္ဏားတော်ကြီး "အဇာဂရု" ကို ထီးတင်ရမည့် နေ့ရက် အခါကို တွက်ချက်စေသည်။ ပုဏ္ဏားတော်ကြီးက "အရှင်မင်းကြီး ထီးတော် တင်နိုင်မည်မဟုတ်ပါ။ သားတော်လက်ထက်မှ ထီးတင်ရပါလိမ့်မည်" ဆို၍ ဘုရင်အကြီးအကျယ်စိတ်ဆိုးသည်။ "ငါ ဘာကြောင့် ထီးမတင်နိုင်ရမှာလဲ" ဆိုတော့ "အရှင်မင်းကြီး နောက်တစ်နေ့ မွန်းမတည့်မီ နတ်ရွာစံလိမ့်မည်" ဆိုတော့ အတောင်းကြီးရှိနေသော ဘုရင်က ဒေါသထွက်ရုံမက ပုဏ္ဏား

တော်ကြီးကို နန်းမြင့်မျှော်စင်တစ်ခုမှာ ချုပ်နှောင်ထားပြီး "မနက်ဖြန် ငါ မသေသလျှင် သင့်ကို သားမယားနှင့်တကွ မီးတိုက်သတ်မည်" ဟု ကြိမ်းဝါး သည်။

ထိုညနေမှာ ပုဏ္ဏားကြီးကို ချုပ်ထားသည့် နန်းမြင့်အနီးသို့ ကျီးတစ်ခု နှင့် ရောက်လာ၍ ပုဏ္ဏားကြီးကြားအောင် "ငါ ဘာမျှ မဖြစ်သေး" ဟု အော် ပြောသည်။ ထိုည အပြင်းများ၍ နောက်တစ်နေ့ ဘုရင်နတ်ရွာစံသည်။ တော်သလင်းလဆန်း(၁၀)ရက်၊ကြာသပတေးနေ့ဖြစ်သည်။အတိတ်တွေ၊ နိမိတ်တွေပေါ်တာနှင့် ဘုရင် နတ်ရွာစံတာ တစ်လခန့်ပဲကွာသည်။ အတိတ် ကိုကောက်၍ အမှန်ကိုဟောနိုင်မှုသာ တောင်ငူလောကဇ္ဈရာ ဘုန်းတော် ကြီးသည် အဝသို့ တရုတ်တပ်ကြီး ရောက်လိမ့်မည်ကို (၁၂)နှစ်ခန့် ကြိုတင် ဟောခဲ့ပြီး တိုစဉ် - စစ်ပွဲအတွင်း ပျံလွန်တော်မူသည်။

ကျွန်တော် ရေးလိုရင်းက မြန်မာတို့ အတိတ်နိမိတ်ကို ယုံကြည်ကြပုံ နှင့် ကျွမ်းကျင်သူ ပညာရှိများက နိမိတ်ကောက်၍ အတတ်ဟောနိုင်ပုံများ ကို သာဓကပြလိုခြင်းဖြစ်ပါသည်။

=◈=

စောစောက ပြောခဲ့သည့်အတိုင်း မြန်မာတွေက ထူးထူးခြားခြား မြင်တွေ့ရ မြင်ရတာကို နိမိတ်ကောက်၍ အကောင်းအဆိုး ခန့်မှန်းကြသည်။ သူတို့ နည်းကအရုပ်ဆိုးဆိုးနန့်စော်စော်ကြက်သရေမရှိသောအကောင်ပလောင် အရာဝတ္ထုကိုမြင်ရလျှင်မကောင်းတာဖြစ်တော့မည်။ လှလှပပ ဝင်းဝင်းဝါဝါ မြင်ရလျှင် ကောင်းတာတွေ ဖြစ်လိမ့်မည်ဟု ယေဘုယျယုံကြည်ကြသည်။ ဤနေရာတွင် ကျွမ်းကျင်သူ ပညာရှင်မဟုတ်ပါက မှန်အောင် မဟောနိုင်ပါ။ ဓလေ့မင်းခေါင်းသည် ဘုရင်မဖြစ်မီ ရေတိုးသားဘဝက ရေတိုးလိုက်စဉ် အိပ်မက်ထဲမှာ သူ့ဒူးက ချက်မှထွက်၍ ပုဂံမြို့ကို ပတ်သည်ဟု မက်သည်။

နောက်တစ်နေ့ ရေလှုထိုးတော့ ထိုးဝါးမှာ ရွှေလင်ပန်းနှစ်ချပ် ပါလာသည်။ ငခွေးက "ငါ့အိပ်မက်ကြီးလှသည်၊ ဒါလေးနှင့် ကျိန်းကျေတော့မည်" ဟု ရွှေလင်ပန်းတွေကို မြစ်ထဲပြန်ကန်ချခဲ့သည်။

ရေလှုဆိုက်ရာမြို့ကို ရောက်တော့ နိမိတ်ဖတ်အတတ်ဟော ပုဏ္ဏား အိမ်မှာ အိပ်မက်အကြောင်း ပြောပြ၍ ဗေဒင်မေးသည့် ထိုအချိန် ပုဏ္ဏားကြီး အိမ်မှာမရှိ၍ ပုဏ္ဏားမကြီးက တတ်ယောင်ကားနှင့် "မောင့်အိပ်မက် ကောင်း သည် ဘုန်းကြီးလိမ့်မည်၊ အသက်ရှည်လိမ့်မည်" ဟု ရမ်းတုတ်သည်။ ငခွေး စိတ်ပျက်ပြီးအပြန် ပုဏ္ဏားကြီးပြန်လာ၍ ဒီလိုမေးလို့ ဒီလိုဟောလိုက်သည် ပြောတော့ ပုဏ္ဏားကြီးက ပုဏ္ဏေးမ၏ ဆံထုံးကို ဓားဖြင့်ဖြတ်၍ အိမ်အပြင် ပစ်လိုက်စဉ် ဆံထုံးကို မိုးကြိုးပစ်သည်။ ပုဏ္ဏားကြီးက ငခွေးကို တွေ့အောင် ရှာ၍ ထိုအိပ်မက်နိမိတ်မှာ ပုဂံပြည်တွင် မင်းဖြစ်မည့် နိမိတ်ဖြစ်ကြောင်း အမှာမြွက်ရသည်။

တကယ်ကျွမ်းကျင်သူနှင့် ရမ်းတုတ်သူတို့၏ ခြားနားမှုသာဓကတစ်ရပ် ဖြစ်သည်။ နိမိတ်ဖတ်ပညာကို မတတ်ကျွမ်းလျှင် မှန်အောင်မဟောနိုင်ပါ။ "အဇာဂရ" ပုဏ္ဏားလို အချိန်ရက်စွဲနှင့် တိတိကျကျ အတတ်ဟောနိုင်ဖို့ ဆိုလျှင် အထူးကျွမ်းကျင်မှု ရှိရမည်ဖြစ်ပါသည်။

ကျွန်တော်ကတော့ စာအုပ်များဖတ်ရှုလေ့လာခြင်း၊ ဖခင်ကြီးထံမှ ပညာ အမွေတချို့ရရှိခြင်း၊ ဖြစ်ရပ်မှန်သာဓကများရှိခြင်းတို့ကြောင့် ဗေဒင်နှင့်နိမိတ် ဟော၊ နိမိတ်ကောက် ပညာရပ်ကို အထင်မသေးဝံ့ပါ။ နိမိတ်ကောက်ယူ တော့မည်ဆိုလျှင် အကြမ်းအားဖြင့် ဣဋ္ဌကို မြင်သလား။ အနိဋ္ဌကို မြင်သ လား၊ မင်္ဂလာအချိန်မှာမြင်သလား။ အမင်္ဂလာအချိန်မှာမြင်သလား။ ဆန်းစစ် ဖို့လိုသည်။ ဣဋ္ဌနှင့် အနိဋ္ဌကိုလည်း ခွဲခြားတတ်ဖို့လိုသည်၊ အချိန်ကတော့ သာမန်အားဖြင့် နေတက် နေကျကိုယူလျှင် ရာခိုင်နှုန်း တော်တော်များများ မှန်နိုင်သည်။ အင်္ဂဝိဇ္ဇာနည်းဖြင့် အချိန်ပိုင်းခြားနိုင်လျှင်တော့ အတိကျဆုံး ဖြစ်သည်။ တွေ့ မြင်ရသည့် အရပ်အနေအထားကတော့ ဣဋ္ဌကောင်ကို

နိမ့်ရာအရပ်မှာမြင်လျှင် မကောင်း။ ထိုဂြိုဟ်ကို အထက်အရပ်မှာတွေ့လျှင် အကောင်းဟောရသည်၊ အနိဋ္ဌကို မြင့်ရာမှာမြင်လျှင် မကောင်း၊ နိမ့်ရာမှာ မြင်လျှင်ကောင်းသည်ဟု ယေဘုယျဟောနိုင်သည်။ ထိုအမြင်လားရာအရပ်တို့၏ ပြိုပြက်နေပြိုပြက်ထား တွေ့ရသည့် နေ့ရက်၏ ခိလာစန်း - ပုဏ္ဏားစန်း (လဆန်း - လဆုတ်) တို့ကိုလည်း ထည့်တွက်ရသေးသည်။

စလေမင်းရွှေကို ဟောသောပုဏ္ဏားက သာလွန်မင်းကို ဟောခဲ့သော "အဇာဂရ" - ပုဏ္ဏားတို့လို တိတိကျကျ မှန်မှန်ကန်ကန်ဟောတတ်ရန်ကတော့ တော်ရုံကျွမ်းကျင်မှုနှင့် မဖြစ်နိုင်ပါ။



ဒေလ်ီတစ်ခုမှာတော့ ထိုဒေလ်ီဂူပုရက်အတွင်း ဝင်သည့်မှန်တံခါးဝမှာ
ဘီလူးရုပ်ကြီးနှစ်ရုပ်ကို တောင်တော်ပက်ရာမြောက်စွာ ထုလုပ်ချထားသဖြင့်
မျက်လုံးပြူးပြူး နှုတ်ခမ်းမောက်မောက်၊ နှာခေါင်းကားကားကား
ဘီလူးရုပ်ကြီးတွေကိုကြည့်ရုံနှင့် ကျောချမ်းပါသည်။

ခင်ဗျားက တွက်တတ်တယ်ဆိုတော့ ဟောစမ်းပါ၊ ပြောစမ်းပါဟု ထည့်ပြောလာလျှင်တော့ ကျွန်တော့်မှာ ပညာမရှိရင့်၍ ပွဲလယ်မတင့်နိုင်ပါ။ သို့ရာတွင် ကျွန်တော်၏ သတင်းမှာ ကြုံခဲ့ဖူးသည့် အတိတ်ဆိုးနိမိတ်ဆိုးများကို ကျွန်တော်က အတိတ်ကောက်၍ "အဆိုးတွေ ကြုံနိုင်သည်" ဟု ဘယ်သူ့ကိုမှ ဟောတာ ပြောတာမဟုတ်ဘဲ ကိုယ့်ပညာကိုယ်စမ်း၍ အဟောထုတ်ခဲ့ရာမှ တိတိကျကျ မှန်ခဲ့ဖူးသည်၊ မှတ်တမ်းလည်း မဝင်၊ သက်သေလည်းမရှိသော်လည်း ဖြစ်ရပ်မှန်ဖြစ်၍ တချို့မှတ်မိကြဦးမည်နို "ပေါက်မှ ပေါ်တဲ့" ပေါက်ဖော်ကြီး လုပ်ပြီး ရေးသားလိုက်ပါသည်။

=◈=

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်တစ်ပိုက်က ကျွန်တော် လူပျို့ပေါက်အရွယ်သာဖြစ်ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံမှာ ပါလီမန် ဒီမိုကရေစီခေတ်ဖြစ်၍ မဆပလပါတီက လွှတ်တော်ထဲမှာ အများစုဖြစ်သည်၊ ၁၉၆၀ - ခုနှစ်များတစ်ပိုက်က ဗေဒင်ဆရာများလောကမှာ ခေတ်စားခဲ့သည်က ငြိုပ်ကြီးရှစ်လုံး ပူးလိမ့်မည်၊ တိုင်းပြည်အတွက် အခြေအနေမကောင်းဟု အဟောထွက်သည်၊ ဗေဒင်ဆရာတို့ တွက်ချက်မှုကို ယုံကြည်သော လူကြီးပိုင်းက အဆိုးအညံ့တွေပြေပျောက်ဖို့ ဗလိနတ်စာကျွေး ပရိတ်ရွတ်ကြတာ မှတ်မိကြဦးမည်ထင်ပါသည်။

ကျွေးတော့လည်းကျွေးကြ၊ ရွတ်တာလည်းရွတ်ရွတ်ပင်၊ ဘယ်လိုဖြစ်သွားခဲ့သည်ကို ထိုခေတ်မီသူများ ကောင်းကောင်းသိကြသည်၊ ထိုစဉ်ကတော့ - ကျွန်တော့်မှာ ရာဇဝင်အရွယ်မို့ ဘာကိုမျှကြီး မထွက်ကြီးမမြင်ခဲ့ပါ၊ သို့သော် - ကျွန်တော့် ဖခင်က ဗေဒင်ပညာ တတ်ကျွမ်းသူဖြစ်၍ "ဆိုးလိမ့်မည်" ဟု သူ့ မိတ်ဆွေများကို တွက်ပြခဲ့တာ မှတ်မိသည်။

ထို့နောက် - ကျွန်တော် လူလားမြောက်၍ တက္ကသိုလ်ဘွဲ့ရ အလုပ်ရှေ့ဗွာနကြီးတစ်ခုမှာ တာဝန်ထမ်းဆောင်စဉ် ရန်ကုန်တစ်ဖက်ကမ်းမြို့က

ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သီတင်းသုံးသည့် ဘုန်းတော်ကြီးက သူ့အိပ်မက်ထဲမှာ ရန်ကုန်နှင့် ထိုမြို့ကို ခြားထားသည့် မြစ်အတွင်း လှေများကို မီးကျောင်းစားသည်ဟု မြင်မက်ခဲ့သည်။ ထိုအိပ်မက် နိမိတ်ကောက်ယူပြီး ဘုန်းကြီးက ခွေးထွက်သံယိုမှုတွေ များလိမ့်မည်။ ထိုကပ်ဆိုးကို ကျော်နိုင်ရန် မုန့်ဟင်းခါးစားရမည်။ သံပုရာသီး ကိုယ်စီဆောင်ရမည်ဟု အမိန့်ရှိ၍ ထိုအဟောကို လက်ဆင့်ကမ်းပြီး လူတွေကြားမှာ အုတ်အုတ်သောင်းသောင်းဖြစ်သည်။ မုန့်ဟင်းခါးမကြိုက်သူလည်းမရှိ၍ဘူးယကြာကအဆောင်ပြေသည်။ သံပုရာသီးကလည်းရဖို့မခက်၍တစ်လုံး၊ နှစ်လုံးစလူတိုင်းကိုယ်စီဆောင်ကြသည်။

ကျွန်တော်က ထိုအချိန်မှာ မတောက်တခေါက် လှေလာထား၍ ဘုန်းကြီး၏ ယကြာကို သဘောပေါက်သည်။ မီးကျောင်းတွင် မီက-ကြာသပတေး။ ကျောင်းက-တနင်္လာ ဖြစ်သည်။ ၅-တေး၊ ၂-လာ အစားမစံရအောင် ကိုယ်ကကြို၍ မုန့်ဟင်းခါး အရင်းအနှီးများကိုကောက်သော် မုန့်-၅ တေး၊ ခါး-၂ လာ ပင်ဖြစ်၍ စားတောဖြစ်သည်။ သံပုရာကတော့ ၆-ကြာ၊ ၅-တေး၊ ၄-ဟူး ဖြစ်၍ သောမတွေ့စနေသည်။ ထိုအသီးကို ဆောင်ရတာလည်းလွယ်၍ဆောင်နိုင်းတာဖြစ်သည်။ (သံပုရာတွင် ၄-ဟူးကသောမဆိုသော်လည်း သူက အဆိုးနှင့်ပေါင်းလျှင် ပါပဖြစ်၍ အကောင်းနှင့်ပေါင်းမှ သောမဖြစ်သည်။ ထို့ကြောင့်-၆-ကြာ၊ ၅-တေး တို့နှင့် တွဲထားခြင်းဖြစ်သည်)

ထိုစဉ်မှာ-ဆွေမျိုး မိတ်သင်္ဂဟတွေကလည်း ကိုယ့်အမျိုး၊ ကိုယ့်မိတ်ဆွေတွေကို ကပ်ကျော်စေဖို့ စေတနာထား၍ မုန့်ဟင်းခါးချက်ပို့တာ သံပုရာသီး ဝယ်ပို့တာတွေ လုပ်ကြသည်။ ကျွန်တော့် ဇနီး၏ အစ်မ ကျွန်တော့်မရီးက ကျွန်တော်တို့ မိသားစု မစားဖြစ်မှာစိုး၍ မုန့်ဟင်းခါး သူ့အိမ်မှာ ချက်ပြီး ငါးဆင့်ချိုင့်ကြီးနှင့်ပို့လာသည်။ သံပုရာသီးအလုံးကြီးတွေလေးငါးဆယ်လုံး ပါသည်။ ကျွန်တော်တို့မုန့်ဟင်းခါးအဝစားပြီးနောက် သံပုရာသီးဝင်းဝင်းဝါဝါ

ကြီးတွေကို ကျွန်တော်က သံကြားနိုင်နိုင်နှင့် သံပုရာဖျော်ရည် လုပ်သောက်ချင်ပါသော်လည်း ဓနီဖြစ်သူက သူ့အစ်မပေးလိုက်တဲ့အရည်ဖျော်သောက်နိုင်မယုတ်။ ဆောင်ထားဖို့ပေးတာဆို၍ ခွင့်မပြုသောကြောင့် သံပုရာရည်တော့ မသောက်လိုက်ရပါ။

မုန်ဟင်းခါးစား၍ သံပုရာသီး ဆောင်ရသော ယကြာက တစ်တိုင်းပြည်လုံး ပျံ့နှံ့သွားတာကို သိမီသူများ မှတ်မိကြဦးမည် ထင်ပါသည်။

ထိုကိစ္စများ မရှေးမနှောင်းမှာ ကျွန်တော်က ဌာနဆိုင်ရာ တာဝန်ဖြင့် မြည်နယ်ဒေသတစ်ခုကို ခရီးထွက်ရသည်။ ထိုဒေသမှာ မြို့တစ်မြို့က ပုဂံဒေသကဲ့သို့ ဘုရားစေတီများ လက်ညှိုးထိုး၍ မလွဲအောင် ပေါများလှသည်။ ပြိုနေတာ ပျက်နေတာတွေလည်းရှိ၍ အကောင်းအတိုင်း ထိန်းသိမ်းထားသော စေတီတွေကိုဒေသခံများက လှည့်လည်ပြသဖူးမြော်စေခဲ့ရာ သုံးရက်တိုင် မြင်းလှည်းတစ်စီးနှင့် လှည့်လည်ဖူးမြော်သော်လည်း ဘုရားစုံအောင် မရောက်ခဲ့ပါ။ ထိုဒေသခံများထဲမှာ ကျွန်တော့်ဌာန ဝန်ထမ်းတချို့က ဘုရားစေတီတချို့တွင် ဂေါပကဘုရားလူကြီးများဖြစ်၍ သူတို့ အထက်အရာရှိ ဖြစ်သည့် ကျွန်တော့်ကို ရောက်ရှိရာဘုရားသမိုင်းနှင့် ထူးခြားဆန်းပြားပုံ အစုံစုံကို အသေးစိတ်ပြောပြကြသည်။ စေတီတစ်ဆူမှာတော့ ထိုစေတီပစ္စုပ္ပန်အတွင်းဝင်သည့် မုခ်ဦးဝမှာ ဘီလူးရုပ်ကြီးနှစ်ရုပ်ကို တော်တော်လက်ရာမြောက်စွာ ထုလုပ်ရထားသဖြင့် မျက်လုံးပြူးပြူး နှုတ်ခမောက်မောက်နှာခေါင်းကားကားကောက် ဘီလူးရုပ်ကြီးတွေကို ကြည့်ရုံနှင့် ကျောချမ်းပါသည်။ သူတို့ကြားကဖြတ်ပြီး စေတီတွင်းဝင်ရတော့ နောက်ကများ လည်ကုပ်ဖမ်းဆွဲမှာလားဟု နောက်ကျောမလုံဖြစ်ရသေးသည်။ ထိုမျှထိ အသက်ဝင်လှသော ဘီလူးရုပ်များဖြစ်သည်။

ထိုစေတီကို လှည့်လည်ဖူးမြော်ကြပြီး တန်ဆောင်းတစ်ခုထဲဝင်တော့ တန်ဆောင်းရင်ပြင်တစ်နေရာကို အဂ်ဂတေအသစ် ခင်းထားသည်။ တခြားနေရာတွေက ဟောင်းနွမ်းအညိုတက်နေ၊ အသစ်ခင်းထားတာကပို၍ထင်ရှား

နေသည်။ ထိုနေရာကို ကျွန်ုပ်တော် သေသေချာချာကြည့်နေတာ။ အတူ
လိုက်လံပြသည့် ကျွန်တော့်ဝန်ထမ်း ဘုရားဂေါပကလုပ်သူက ကျွန်တော့်
အနားကပ်၍ -

"အဲဒါ - ဆရာ၊ သိုက်တူးထားတဲ့ နေရာပဲ" တဲ့။

"ဗျာ - ဘယ်လို သိုက်တူးတယ် ဟုတ်လား။ သိုက်တူးတယ်ဆိုတာ
ဒီလိုမျိုး မြေကြီးကို တကယ်တူးရတာလား။ ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးတာ
ကတော့ သိုက်ဆရာက မန်းမှုတ်ပြီး အင်းနဲ့ပေါက်လိုက်ရင် သိုက်နန်းဆို
ဘာကြီးဘွားခနဲ ပေါ်လာတာပဲ။ သိုက်စောင့်ဆိုတာလည်း ချုပ်ပြီးသားလက်
မြန်ကြီးတုပ်ပြီးသား မဟုတ်လား"

"ရုပ်ရှင်ကတော့လည်း တစ်မျိုးပေါ့၊ အခုလည်း ဒီနေရာမှာ တကယ့်
သိုက်ဆရာက မန်းမှုတ်စီရင်၊ ကန်တော့ပွဲထိုး၊ ဖယောင်းတိုင်မီးတွေ ထွန်း၊
စည်းချပြီး မြေကြီးကိုတော့ ပေါက်ချွန်းပေါက်တူးတွေနဲ့ တကယ်တူးရတာ
ဆရာရဲ့"

"အင်း - သိုက်တူးတော့ ဘာတွေ့ရသလဲ၊ ကျွန်တော် ကြားဖူးတာက
တော့ ဥစ္စာသိုက်ဆိုရင် အနည်းဆုံး ရွှေကိုးတင်း၊ ငွေကိုးတင်း ရှိတယ်ဆို"

ဒီလိုပြောတော့ - ကျွန်တော့် ဂေါပကကြီးက ဟိုဟိုဒီဒီကြည့်၍ -

"ဒီမှာ ဒါတွေပြောလို့ မကောင်းဘူး။ ဆရာ - တည်းအိမ်ကျမှ ကျွန်တော်
သေသေချာချာ ပြောပြပါ့မယ်" တဲ့။

ထိုနေ့ညနေတည်းအိမ်ပြန်ရောက် ရေမိုးချိုးပြီး ထမင်းမစားမီ ယမကာ
ဗိုင်းလေးနှင့်ညစ်တော့သောက်မည့်၊ စားမည့်သူက ကျွန်တော်တစ်ယောက်
တည်းဖြစ်နေသည်။ အတူသောက်ဖော်အရာရှိက အရေးပေါ်ကိစ္စနှင့် အပြင်
ထွက်သွားသည်။ အိမ်ရှင်တွေကလည်း အဘိုးကြီး၊ အဘွားကြီးတွေဖြစ်
သည်။ ဝယ်သားဝန်ထမ်းတွေက ကျွန်တော်နှင့် တစ်ဝိုင်းထဲ မထိုင်ချင်ကြ၍ လို
အပ်တာတွေ ပြင်ဆင်ပေးပြီး ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားကြ
သည်။ ကျွန်တော်ကလည်းရှင်းတော့လည်းတစ်မျိုးကောင်းတာပဲဟုနေလာသ်က

"သိုက်" ဇာတ်လမ်းဆက်ရန် ကျွန်တော့် ဝန်ထမ်းဂေါပကကြီးကို အခေါ်ခိုင်းရသည်။ သူက အရက်သောက်နိုင်းမည်ထင်၍ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသဖြင့် -

"လာပါဗျ - ခင်ဗျားကို အရက်မသောက်နိုင်းပါဘူး။ ကျွန်တော်လည်း သိပ်မသောက်ပါဘူး။ လူရှင်းတုန်း နှစ်ယောက်တည်း နားအေးပါးအေး နေ့လယ်က ခင်ဗျား "သိုက်" အကြောင်းလေး ဆက်စမ်းပါ၊ ရော့ - ဒီမှာ လဖက်ပုလင်းတွေ ခင်ဗျားသောက်၊ အာလူးကြော်စား" ဆိုတော့မှ ဂေါပကကြီးက ကျွန်တော့်နား ဝင်ထိုင်သည်။

သူ တိုးတိုးတိတ်တိတ် ပြောပြသာက ထိုဘုရား၊ ထိုနေရာမှာ သိုက်ရှိကြောင်းသိရတော့ ဘိုးတော်ယောင်ယောင် မုဆိုးလိုကြီးတစ်ယောက်၏ အစီအစဉ်ဖြင့် ထိုသိုက်ကိုတူးကြောင်းကို ဘိုးတော်ရှူးမုဆိုးလိုကြီး၏ ညြဇာအမိန့်အခါကြောင့် အားလုံးကလိုအပ်သည်များ ပိုင်းကူဆောင်ရွက်ပေးကြရာ ကျွန်တော့် ဂေါပကကြီးလည်း လက်တိုလက်တောင်းအဖွဲ့ထဲမှာ ကိုယ်တိုင်ပါကြောင်း။ ဦးဆောင်သူ သိုက်ဆရာက စောစောပိုင်း အစီအရင်များကို နေ့စဉ်တကျ လုပ်ကြောင်း။ ကန်တော့ပွဲကြီးထိုး၍ ရွတ်ဖတ်မန်းမှုတ်ပြီး ယောင်းတိုင်ဒီးများ ဝိုင်းပတ်ထွန်း၍ သူပြသည့်နေရာကို ပေါက်တူးပေါက်ရှူန်းတွေဖြင့် တူးဖောက်နေစဉ် ကန်တော့ပွဲကြီး ရှပ်ခြုန်မှောက်ကျသွား၍ လေမလာဘဲဖယောင်းတိုင်ဒီးများငြိမ်းကုန်ကြောင်း။ သိုက်ဆရာလုပ်သူက အစောင့်ဘီလူးနှစ်ကောင် လွှတ်သွားပြီ ရပ်ကြတော့၊ မနိုင်တော့ဘူးဆို၍ ပစ္စည်းများကောက်သိမ်းပြီးကာမန်းကာတန်းပြန်သွားကြရာမှ ပေါင်းလောင်း ပေါက်ဖြစ်၍ ကျန်ခဲ့သော သိုက်တံခါးဝ မြေကျင်းကြီးကို ဌာနဆိုင်ရာတစ်ခုက ညတွင်းချင်း အင်္ဂတေလောင်း၍ ပိတ်ခဲ့ရတာဖြစ်ကြောင်း ပြောပြတော့ သိုက်စောင့်ဘီလူးနှစ်ကောင်ဆိုလျှင် ထိုစေတီမုခ်ဝမှ ဘီလူးကြီးနှစ်ကောင်ကို မြင်ယောင်မိပါသည်။

နေ့လယ်က ဘုရားမှာ ဒါကိုကြားရလျှင် ထိုဘီလူးရုပ်ကြီးနှစ်ရုပ်ကြားမှ ဖြတ်၍ အပြင်ကို ထွက်ခဲ့လိမ့်မည်မထင်ပါ။ သူတို့မှာ အစောင့်အရှိ့လည်း

မရှိဘူးဆိုတော့ အသင့်အနေအထားဖြင့် ရှိနေပုံရပါသည်။ ကျွန်တော့် ဖေါ်ပကကြီးက ဆက်ပြောသည်မှာ -

"အဲဒီကိစ္စတွေပြီးတော့ ကျွန်တော်တို့ ဘုရားကြီးကျောင်းက ဆရာတော်ကြီး အိပ်မက်တစ်ခု မက်တယ်။ အိပ်မက်ထဲမှာ ဘီလူးကြီးနှစ်ကောင် တပည့်တော်တို့ စေတီတော်ကြီးရဲ့ သိုက်စောင့်တွေပါဘုရား။ လူမသမာတွေကြောင့် တပည့်တော်တို့ သိုက်နေရာပြောင်းရပါတော့မယ်။ တပည့်တော်တို့ သိုက်စောင့်သက်တမ်းလည်း ကုန်ပါပြီ။ အစောင့်အသစ်ရှာဖို့နဲ့ ဒကုံဆံတော်ရှင်ဘုရားကြီး ဖူးမြော်ဖို့ တပည့်တော်တို့နှစ်ယောက် ခရီးထွက်ရပါ့မယ်။ အရှင်ဘုရားကို ကန်တော့နှုတ်ဆက်ပါတယ် ဘုရားလို့ဆိုသတဲ့။ သူက ဆက်၍ "ဆရာတော်ကြီးက သူ့အိပ်မက်ကို လူတိုင်းလျှောက်မပြောဘူး။ ကျွန်တော်တို့ သူ့အနားနေတဲ့ သူတွေကိုပဲ ဘုရား၊ တရားမြဲကြသီလစောင့်ကြလို့ အမိန့်ရှိပြီး ကာလမကောင်းဘူး။ အတိတ်နိမိတ်တွေလည်း ဆိုးတယ်၊ မကြာခင် မကောင်းတာတွေ မြင်ရ ကြားရလိမ့်မယ်လို့မိန့်တယ်၊ နောက်ထပ် ဘာမှ မပြောတော့ဘူး"တဲ့။

=◈=

ဒီအကြောင်းတွေ ကြားခဲ့ပြီး ကျွန်တော်တို့ ရန်ကုန်ပြန်လာခဲ့ပါသည်။ ကြားခဲ့ရသော သတင်းတွေက အံ့ဩစရာ ထူးခြားတာတွေဖြစ်သော်လည်း ကျွန်တော်က အိမ်သူအိမ်သားများအပါအဝင် ဘယ်သူ့ကိုမှ မပြောမဖြစ်ခဲ့ပါ။ မှလရုံးအလုပ်တာဝန်များနှင့် နပန်းလုံးနေရပါသည်။ ထိုကာလမှာပဲ တိုင်းပြည် မငြိမ်သက်မှုတွေက စတင်လာပြီး လက်ဇက်ရှည်ဆိုင် ရန်ပွဲတစ်ခုမှ စ၍ ရှုပ်ပွမှုကြီးများဖြစ်လာသည်။ တာဝန်ရှိသူများက နှိမ်နင်းရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ရန်ကုန်စက်မှုတက္ကသိုလ် အရေးအခင်းဖြစ်သည်။ ထိုအခါ ကရှန်းမှာ ကျောင်းသားတချို့ ဖက်ရာရှေ့ နှစ်ဦးသေနတ်ထိမှန်သေဆုံး

သည်။ ထိုကိစ္စတွေဖြစ်ပွားနေဆဲမှာ ကျွန်တော်နှင့်တစ်ရုံးထဲအလုပ်လုပ်သူ တစ်ဦးက သတင်းထူးတစ်ခုပြောလာသည်။ သူက နေ့ဘက်ရုံးအလုပ် လုပ်ပြီး ညဘက်မှာ တက္ကစီလေးဘီးကားကလေးမောင်း၍ အပိုဝင်ငွေရှာသည်။ ကားသမားဆိုတော့ နေရာအနှံ့ရောက်၍ သတင်းလည်းစုံသည်။ သူက တစ်နေ့မှာ - ကျွန်တော့်ကို တက္ကစီမောင်းရတာ နည်းနည်းလန့်လာပြီဗျာ" တဲ့။ ဆိုတော့ -

"ဘာဖြစ်လို့လဲ - ကိုယ့်ဆရာရဲ့ ခင်များကားကို ပိုင်းပြီးဆန္ဒပြမှာစိုးလို့လား။ စိတ်မရှရတဲ့ ဘက်တွေ မလိုက်နဲ့ပေါ့"

"မဟုတ်ဘူး - ဗိုလ်တောက်ရဲ့အစုကားကို လူတွေမှ ငှားစီးတာမဟုတ်တော့ဘူး"

"ဒီအေး - ကြွက်တွေလည်း ငှားစီးတာ သိပါတယ်။ ဒါ - လန့်စရာလားဗျ"

ဒီတော့မှသူက သူကြားလာသည့် သူ့အသိကား ဆရာတစ်ယောက်၏ ဇတ်လမ်းကိုပြောပြသည်။ ထိုသူကလည်းသူ့လိုပဲညဘက်အချိန်ပိုတက္ကစီမောင်းသူတစ်ဦးဖြစ်သတဲ့။ လွန်ခဲ့သည့်တစ်ရက်၊ နှစ်ရက်လောက်ကမြို့ထဲမှ ကမ္ဘာအေးဘက်ကို အငှားလိုက်သွားပြီး အပြန်မှာ ကမ္ဘာအေးဘုရားလမ်း အင်းလျားကန်ဘေး လမ်းနီလေးမှတ်တိုင်လောက်မှာ လူနှစ်ယောက်က ကားကိုတားသည်။ ဘယ်သွားမှာလည်းဆိုတော့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ဟုဆိုသည်။ လမ်းကြောင်းက ဖြောင့်နေသည်။ ကားခကပြောဆို ဈေးတည့်ပြီးတော့ထိုနှစ်ယောက်ကကားကိုနောက်ခန်းကနှစ်ယောက်လုံးတက်ထိုင်သည်။

ရွှေကိုတစ်ယောက်လာပါဆိုတော့နောက်ကပဲစီးကြမည်ဟုဆိုသည်။ လူပုံတွေက ရိုးရိုးပဲဖြစ်သော်လည်း နှစ်ယောက်ကရှုယိတူ ရှပ်ရှင်းလည်း ဆင်၍ ညီအစ်ကို ဖြစ်လိမ့်မည်ထင်ရသည်။ ရှေ့ကို မခေါ်ရတော့။ ကားဆရာက သူတို့နှစ်ယောက်လုံးကို နောက်ခန်းကပဲ တင်၍မောင်းသည်။ လေးဘီးကားလေးတွေကို ငှားပြီး နောက်ခန်းက စီး၍အဆင်းမှာ ငွေမရှင်း

ဘဲ ထွက်ပြေးကြတာမျိုးရှိသည်။ ဒီနစ်ယောက်ကတော့ ကျသင့်ငွေပေးပြီး တစ်ခါတည်းရှင်းထား၍ စိတ်မပူရတော့။ ထူးဆန်းတာကသူတို့နစ်ယောက် ကားပေါ်တက်လိုက်တာနှင့် လူလေးငါးယောက်ခန့် တက်လိုက်သလို ကား လေးက လေးလံညွတ်ကျသွားသည်။ ကားဆရာက အံ့ဩတော်လည်း ကားကို မောင်းထွက်ခဲ့သည်။ လမ်းနီလေးက ဇယာန်းကိုရောက် ရေတာရှည် လမ်းပေါင်းမှဝင်ပြီး အရှေ့မှန် အလယ်တန်းကျောင်းဝမှာ ရပ်ပေးတော့ သူတို့နစ်ယောက် ကားပေါ်ကဆင်းသည်။ ကားလေးက သိသိသာသာ ဝန် ပေါ့သွားသည်။ ကားဆရာက စိတ်ထဲမှာ ထူးဆန်း၍ သူပါစင်ဂျာနစ်ယောက် ကို နောက်ကြည့်မှန်ကတစ်ဆင့် ကြည့်လိုက်တော့ – ဘုရား – ဘုရား –။

"လား – လား – ဘီလူးကြီးနစ်ကောင်ယှဉ်ပြီး ရပ်နေတာတွေ့ရတယ် ဆိုဘဲဗျ"

လေးဘီးဆရာလည်း လန့်ဖျပ်ပြီး သူ့ကားလေးကို တစ်ဟုန်ထိုးမောင်း ထွက်ခဲ့သတဲ့။ ထိုဆရာက ကျွန်တော့် မိတ်ဆွေနှင့်တွေ့တော့ အလန့်မပြယ် သေး။ ခြေတွေ၊ လက်တွေ တုန်တုန်ရီရီ ရှိသေးသည်ဟု ဆိုသည်။ ညဘက် ကားမောင်းရမှာ လန့်သွားသတဲ့။

ကျွန်တော့် မိတ်ဆွေက ကျွန်တော့်ကို ပြန်ပြောတော့ အဆင့်ဆင့် ရဲ့ ကားလာသည့် သတင်းမဟုတ်။ ကိုယ်တိုင် တွေ့လာသူနှင့် ကြုံ၍ တစ်ဆင့် သာခံပြီး ပြန်ပြောတာကို ကြားရခြင်းဖြစ်သည်။ ဘီလူးနစ်ကောင်ဟု ဆို သည်နှင့် ကျွန်တော်က ဘုရားဖူးထွက်စဉ်မှာ ကြားခဲ့ရသော သိုက်စောင့် ဘီလူးနစ်ကောင်အကြောင်းကို ချက်ချင်း သတိရပါသည်။ ကျွန်တော် ကြား ခဲ့တာကို ဘယ်သူ့ကိုမှ ပြန်ပြောပြထားတာမရှိ၍ ကျွန်တော့် မိတ်ဆွေက ကျွန်တော့်ဇာတ်လမ်းကို ဝင်ဆက်တာ မဟုတ်ကြောင်း သေချာသည်။

ဤသို့ဆိုလျှင် ပြည်နယ်ဒေသက ဘုရားတစ်ဆူ၏ သိုက်စောင့် ဘီလူး နစ်ကောင်သည် လူယောင်ဆောင်၍ ရန်ကုန်သို့ ရောက်လာခြင်းဖြစ်လေ သလား။ သူတို့ ကိုယ်စား စောင့်ပေးမည့် သိုက်စောင့်တွေကို ရှာနေဆဲပဲ

လား။ ရှာတွေ့ပြီလား။ အစွယ်ပြူးပြူး ထိုဘီလူးတွေက မြို့တော်ရန်ကုန်တစ်ဝိုက်မှာ ဘီလူးနှင့်ဆိုင်ရာ ရက်စက်မှုတွေကို ဖန်တီးကျူးလွန်နေကြပြီလား။ စဉ်းစားစရာတွေ များလှပါသည်။ အံ့ဩစရာ ဆန်းစရာများပင်။

အတိတ်ဆိုး နိမိတ်ဆိုးတွေကလည်း ထပ်ဆင့်တိုး၍လာသည်။ မှတ်မှတ်ရရ ပထမတစ်ခုက ရွှေတိဂုံဘုရားကြီးမှာ ပူဇော်ထားသော မီးများ ပျက်၍ မှောင်အတိကျသွားခြင်း ဖြစ်ပါသည်။

=◈=

ရွှေတိဂုံဘုရားကြီးသည် မြန်မာပြည်၏ သာသနာ့သင်္ကေတ နိုင်ငံ့ဂုဏ်ဆောင်ဖြစ်၍ မီးရောင်ထိန်လင်းစွာ ပူဇော်ထားသည်။ မီးပွင့်မီးနိုင်များ မီးမောင်းဆလိုက်များ ထိုးထား၍ ညဘက်မှာ ဖူးမြင်ရလျှင် ရွှေကောင်ကြီး သွေယ် ဝင်းဝင်းထိန်ထိန် အမြဲတွေ့ရသည်။ ထိုစဉ်က ကျွန်တော့်ကို ဌာနဆိုင်ရာမှ ပေးထားသော နေအိမ်နေးသည် ပြတင်းပေါက်မှာ ရွှေတိဂုံစေတီကြီးကို တည့်တည့်ကြီး ဖူးမြင်ရသည်။ နေ့ဘက်မှာ နေရောင်နှင့်လည်းကောင်း၊ ညဘက်မှာ မီးရောင်ထိန်လင်းစွာလည်းကောင်း ဖူးမြင်နိုင်သော ပြတင်းတံခါးကို ဇနီးသည် ဇာခန်းဆီးတပ်၍ ပြုပြင်ထားသဖြင့် အိမ်လည်လာသူ မိတ်ဆွေများ ချီးမွမ်းသဘောကျကြသည်။

ထိုဘုရားကြီး၏ လျှပ်စစ်မီးစနစ်ကလည်း ဘယ်တော့မှ မီးမပျက်နိုင်အောင် စီစဉ်ထားသည်။ ရိုးရိုးမီးလိုင်း နှစ်လိုင်းအပြင်၊ အထူးမီးလိုင်းတစ်လိုင်းနှင့် အထူးအရေးပေါ်မီးလိုင်း ဆိုတာရှိသေးသည်။ ဒါတွေ ချို့ယွင်းလျှင် ဂျင်နရေတာမီးစက်ကြီးလည်းရှိသည်။ သူက လျှပ်စစ်မီးများ ရုတ်ခေါင်းဖြစ်သည်နှင့် အလိုအလျောက် မောင်းနှင်မည့် စနစ်ဖြစ်သည်။ ရန်ကုန်တစ်မြို့လုံး သာမက မြန်မာတစ်နိုင်ငံလုံး မီးပျက်စေသော်မှ ဘုရားကြီး မီးမပျက်နိုင်ဟု ဂေါပကများက ဂုဏ်ယူပြောကြားတာကို ကျွန်တော်က မိမိဌာနတာဝန်ဖြင့် စစ်ဆေးခဲ့ဖူး၍ အတိအကျသိထားပါသည်။

ဆူပူမှုများ ဖြစ်ပွားနေသည့် ရက်များတွင် ကျွန်တော်တို့က ရုံးကိုတော့ မှန်မှန်တက်နေကြသည်။ ရုံးက မြို့လယ်မှာရှိ၍ နေအိမ်ခန်းက စမ်းချောင်းမှာရှိသည်။ ရုံးတက်သည်ဆိုသော်လည်း ရုံးမှာ ဘာအလုပ်မှမရှိ။ ကျွန်တော်တို့လေးငါးဦး နံနက်ပိုင်းရုံးကို သွားလိုက်၊ ညနေ ရုံးဆင်းချိန်ရောက်တော့ ကားစီးပြန်လာလိုက်လုပ်နေရာမှာ တစ်နေ့ ရုံးကအပြန် အိမ်မှာရှိနေစဉ် ညဦးပိုင်း (၈း၀၀) နာရီခန့် အမှတ်တမဲ့ အပြင်ကိုကြည့်မိရာတွင် ဖူးမြော်မြင်တွေ့နေကျ ရွှေတိဂုံစေတီတော်ကြီးမှာ မီးရောင်မရှိမှောင်အတိကျနေတာ တွေ့ရသည်။ ဟုတ်မှဟုတ်ရဲ့လား။ မျက်စိများ မှားသလား။ တံခါးများ ပိတ်ထားသလားဟု ရှုစမ်းတော့ အမှန်ပါပဲ။ ဘုရားကြီးမှာ မီးမှောင်ကျနေသည်။ သားချင်းယှဉ်လျက် အခန်းတွေကိုပြောပြတော့ သူတို့လည်း ယခုမှ သတိထားမိကြပြီး အံ့အားသင့်ကုန်ကြပါသည်။ ကျွန်တော်ကတော့ နိမိတ်ကောက်တတ်သူဖြစ်၍ အဆိုးတကာ့ အဆိုးဆုံး နိမိတ်ပါပဲဟု စိတ်ထဲက လေးလံသွားပါသည်။ ဘုရားကြီးမှာ မီးပျက်နေတာ ကျွန်တော်တို့ မတွေ့ရမီ အချိန်မည်မျှကြာသည်ဟု မသိရသော်လည်း မီးပျက်ကြောင်းသိရချိန်မှ မီးပြန်လင်းသည်အထိ ဆယ့်ငါးမိနစ်တိတိကြာသည်။

နောက်တစ်နေ့မှာ ထုံးစံအတိုင်း ရုံးကိုသွားပြီး ပြန်လာတော့ မြို့ထဲမှာ အခြေအနေတော်တော် ဆိုးနေပြီ။ ဆူပူဆန္ဒပြသူများကို နှိမ်နင်းတာတွေ့ရသည်။ အခြေအနေမကောင်း၍ ထိုနေ့မှာ စောစောပြန်လာသည့်အခါ မြို့တွင်းလမ်းဆုံနေရာ၊ မီးပွိုင့်နေရာတိုင်းမှာ လူတွေ အုပ်စုလိုက်ရှိပြီး တချို့က မီးပွိုင့်တွေကို ဖျက်ဆီးထားကြသည်။ ထိုလူအုပ်ကိုပစ်ခတ်တားဆီးခြောက်လှန့်မှုတွေရှိနေ၍ လမ်းပေါ်မှာ ကားအသွားအလာ ရှင်းနေသည်။

ကျွန်တော်တို့ မရဲတရဲ မောင်းလာတော့ ရှမ်းပွိုင့်ကို ရောက်လျှင် နောက်မီးပွိုင့်မှာ ပစ်ခတ်မှုတွေဖြစ်ပြီး ကျန်ခဲ့သည်။ ဒီလိုနှင့် ရွှေလေဘုရားလမ်းမှထွက်၍ ယောက်လမ်းကိုချိုးဝင်ပြီး ဦးဝိစာရလမ်းထဲရောက်မှ လူရှင်းသွားသည်။ ဦးဝိစာရအဝိုင်းကိုပတ်၊ အလုံလမ်း၊ ပြည်လမ်း၊ ဘားတရာလမ်း

ကိုဝင်၍အိပ်ကိုရောက်မှ သက်ပြင်းချနိုင်ပါသည်။ နောက်တစ်နေ့ ရုံးမသွား တော့ဟု ကျွန်တော်တို့အရာရှိက ပြောပါသည်။

အဝိတ်ဆိုးနိမိတ်ဆိုးများနှင့်ပတ်သက်၍တောတောင်ပိုင်းမှာကြုံရသော အဖြစ်အပျက်တစ်ခု ရှိပါသေးသည်။ စက်မှုတက္ကသိုလ် ကျောင်းသားနှစ် ယောက် ကွယ်လွန်ပြီးနောက် အစိုးရက စုံစမ်းရေးကော်မရှင်ဆိုတာဖွဲ့ ဖွဲ့ခဲ့သေးသည်။ အဖြေက သေနတ်မှန်လို့ သေတာပဲဖြစ်သည်။ သေနတ်ကို ဖြေရှုပ် ပစ်ခတ်သည်ဟုဆိုသည်။ လိုရင်းကတော့ တစ်စုံတစ်ရာ ကျေနပ်မှု ရှိစေရန် ကြိုးစားခြင်းဖြစ်ပါသည်။ ထိုစဉ်မှာ စက်မှုတက္ကသိုလ်ကျောင်းသား တွေက သေဆုံးသူနှစ်ဦးကို လိုက်ပါပို့ဆောင် သင်္ဂြိုဟ်လိုသည်ဟု တောင်း ဆိုရာ သက်ဆိုင်ရာက လိုက်လျောသည်။ ဘယ်နေ့ဘယ်အချိန် ကြံတော သုသာန်မှာ မီးသင်္ဂြိုဟ်မည်ဟု သတ်မှတ်သည်။

တကယ့်အချိန်ကို ရောက်တော့ ကျောင်းသားထုက ထင်တာထက် များနေသည်။ တစ်စုံတစ်ရာဖြစ်လျှင် ထိန်းသိမ်းဖို့မလွယ်၍ ချိန်းဆိုချိန် မတိုင်မီ အလောင်းများကို တာမွေသုသာန်မှာ လုံခြုံရေးအရ သင်္ဂြိုဟ်လိုက် သည်။ ထိုနေ့က ကျွန်တော်တို့ကား ရုံးကပြန်လာတော့ ပြည်လမ်းပေါ် လွှတ်တော်ရုံးကြီးရှေ့မှာ အသုဘယာဉ် (၂) စီးရပ်ထားတာ တွေ့ရသည်။ ဘယ်လိုဖြစ်သလဲ အသုဘယာဉ်သည် သာမန်လူနေအိမ်ရှေ့မှာပင် အရ အနားမခံ။ တတ်ဆီဆိုင်မှာ တန်းမစီရပါဘဲလျက် ယခု-နိုင်ငံကြက်သရေ ဆောင် လွှတ်တော်ကြီးရှေ့တည့်တည့်မှာ ထိုယာဉ်နှစ်စီး ရပ်ထားသည် ထိုနိမိတ်ဆိုးကိုကျွန်တော်မိမိဘာသာတွက်ချက်နိမိတ်ကောက်တော့ဖ အပြောင်းအလဲဟု အဖြေထွက်သည်။ ဘယ်သူ့ကိုမှတော့ မပြောမပြီပါ။

အသုဘယာဉ်များရပ်ထားခြင်းကို စုံစမ်းတော့ကျောင်းသားနှစ်ယော ကို ကြံတောသုသာန်မှာ သင်္ဂြိုဟ်ဖို့ ချိန်းဆိုထားပြီး တာမွေသုသာန်သို့ ပြော ရွှေ့သင်္ဂြိုဟ်ရာမှာ လိုက်ပါပို့ဆောင်မည့် ကျောင်းသားတွေကို လမ်းလွှဲဖို့ တ ပြအသုဘယာဉ် နှစ်စီးကို အသုံးပြုခဲ့ရာ ကျောင်းသားတွေ ပိုင်းလိုက်တေ

ယာဉ်မောင်းသူများက ယာဉ်ကို ထားခဲ့ပြီး ထင်ပြေးကြသည်ဟု ဆိုပါသည်။ မည်မျှမှန်ကန်သည်ဟု မသိသော်လည်း အနီရှာရဲ့ နိမိတ်ဆိုးကတော့ ဖြစ်ပွားခဲ့ပြီးပါပြီ။ (ထိုစဉ်က ကြံဖတာသုသာန်၊ တာမွေသုသာန်တွေ မရောက်သိမ်းရသေး။ နာရေးကူညီမှု အသင်းဆိုတာလည်း မရှိသေးပါ)

ကျန်းမာရွှင်လန်းသာကြပါစေ ...

⟶ ကောက်ထိန်


## စာရှုများ ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂန္ထဝင်လောကာမဂ္ဂဇင်း
အမှတ် (၅၈၈ / ၅၁၂)၊ (၂/၈)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


ပခန်းရွှေမြို့

ည်ယဉ် လွန်စွာမှ ဒေါသဖွေထွက်ကာ ...

တောက်’ ဟူသောအသံ ပြင်းထန်စွာ ထွက်ပေါ်သွားသဖြင့်

ဆောင်ရှေ့ရှိ မန်ကျည်းပင်ပေါ်တွင် နားနေသော

က်တစ်ကောင်မှာ လန့်ဖျပ်ကာ ထပျံသွားလေ၏။

သင်း ... ကြည့်တဲ့ အကြည့်တွေက မရိုးသားဘူး’

လည်း ယဉ်ယဉ် အသံထွက်ကာ ပြောလိုက်လေ၏။



---

ထိုထိုနှစ်တွေထဲ အစ်ကိုဖြစ်သူအား ပြောလိုက်သော်လည်း ...

'ညီလေး ထင်သလို တွေ့တ်ထူးနဲ့တူပါတယ်'

ထူထ – ထူ ပါထနာမှီတိုင်း ယောထ်မားနေတာပါ။

ပြီးတော့ – ထူတာ တို့တစ်တွေနဲ့ စောင်နှစေတွေပဲ တွေ့တ်ထား။

---

ဟု အစ်ကိုဖြစ်သူ ကိုးမြို့ရှင်ကိုယ်တော်ကြီးက ပြောလိုက်လေ၏။

ယဉ်ယဉ်သည် – ကိုယ်တော်ကြီးကိုကြည့်၍ –

"တင်"

ဟု ဆိုကာ သက်ပြင်း မှိုးချမိလေ၏။ ထို့နောက် –

"ပြော် – ကိုးမြို့ရှင်ကိုယ်တော်ကြီးရယ် ကိုယ်တော်ကြီးက သိပ်နိုးတာပဲ၊ ကိုယ်က မိုးသားတဲ့လူ ကိုယ်လိုပဲ တစ်ဖက်သားလည်း မိုးသားလွန်းတယ်လို့ ထင်နေရှာတာကို"

ဟု ရင်ထဲ၌ ပြောလိုက်မိလေ၏။

ယဉ်ယဉ်သည် သူနဲ့ ခပ်ဝေးဝေးနေ၏။ ကိုးမြို့ရှင်ကိုယ်တော်ကြီးက သူ့ကို ယုံကြည်သော်လည်း ယဉ်ယဉ်က သူ့အား မယုံကြည်ချေ။

သူကမှ – ယဉ်ယဉ်ကို တွေ့လိုက်သည်နှင့် –

ရင်ထဲက ဘဝအမောတွေ ပြေသွားတာပဲဟူ၍လည်းကောင်း။

"ယဉ်ယဉ် – အရင်နဲ့မတူ အရမ်းလှသွားတယ်" ဟူ၍လည်းကောင်း။

"ယဉ်ယဉ်လှတော့ အစ်ကိုကျော် စိတ်မရှ ဖြစ်ရတယ်" ဟူ၍လည်းကောင်း။

"ယဉ်ယဉ်ကိုလေ"

ဟု၍ – ရှိသွဲ့သွဲ့စကားများပြောပြီး သူ့ရဲ့မျက်လုံးတွေကလည်း မရိုးသား လွန်စွာမှ ကြောက်ရောကောင်းသည့် အကြည့်မျိုးတွေနှင့် ကြည့်သဖြင့် ယဉ်ယဉ်မှာ သူ့ကို ဝေးဝေးက ရှောင်၏။

=◈=

"ဟား – ဟား – ဟား"

ဟု ဦးညိုကြီး ရယ်မောလိုက်ပြီးအရက်တစ်ခွက်ကို ကောက်မော့လိုက်လေ၏။

"ရှို့ – ဦးညိုကြီး – ခင်ဗျားက ဘာရယ်တာလဲ"

"ကျုပ် –အရမ်းသဘောကျလို့ ရယ်တာပါ မောင်ကျော်ရယ် –"

ဟု ဆိုကာ – ပြောလိုက်ပြီး အရက်ကို လာဘ်သောက်လိုက်ပြီး ဖိုပြီးသား ကြက်ကြော်ကို ကောက်ဝါးလိုက်လေ၏။

"ကဲ – မောင်ကျော်၊ ကျုပ် – ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ တို့ဓနီးတောင် မြို့မှာ အခုရောအလှ မိန်းကလေးမှန်သမျှ မင်းနဲ့မကောင်းကြသူ။ပြီးတော့ – ခင်းဟာ ဘယ်မိန်းကလေးကိုမှလည်း အလွတ်မပေးဘူး။ မိန်းကလေးတွေကလည်း မင်းကိုသဘောကျကြတာပဲ မဟုတ်လား။ နောက်ဆုံး တုန်တုန် ပြောမယ်။ကြိုက်တဲ့မိန်းကလေးမှန်သမျှ ဘယ်အချိန်၊ ဘယ်ကာလပဲဖြစ်ဖြစ် ခင်းပျော်ပါးချင်ရင် အချိန်မရွေးဘဲ မဟုတ်လား။ အဲဒီလို ဇနီးလို့ရတဲ့ ခန်တီးရှင်တစ်ယောက်က ယဉ်ယဉ်ဆိုတဲ့ဂုလဲယဉ်နဲ့တွေ့တော့မှမင်းရဲ့အဖြစ် ကိုကြည့်ပြီး ကျုပ်စိတ်ထဲ ရယ်ချင်စိတ်တွေ ဖြစ်ပေါ်လာလို့ ရယ်မိတာပါ"

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

"ဟာဗျာ– ကျုပ်အဖြစ်က ဘေးလူတွေ ရယ်စရာဖြစ်အောင်ရှုပ်ပျက် ဆင်းပျက် ဖြစ်နေပြီလားဗျ"

ဟု ငိုလ်မှုးမင်းခေါ်က ပြောလိုက်ရာ ဦးညိုကြီးက –

"ကဲပါလေ – ဒါတွေအသာထားလိုက်စမ်းပါ။ အခုလို ကျုပ်ရဲ့ကိုယ်တော်လေး ရွှေစိတ်တော်မလန်းမဲဖြစ်နေတာ ကျုပ်မခံစားလို့မရဘူး။ ဒီတော့ – ရော့"

ဟုဆိုကာ အရက်တစ်ခွက်နှင့်ကြက်ကြော်တို့ကိုလ်မှူးမင်းကျော်စွာအား ကမ်းလိုက်ပြီး –

"ပျော်ပျော်ကြီး စံမြန်းတော်မူပါ – ယဉ်ယဉ်တို့ရွာကို ကျုပ်တာဝန်ထားစမ်းပါ"

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

"ဘာကယ်ပြောတာလား"

ဟု ဗိုလ်မှူးမင်းကျော်စွာက ဦးညိုကြီးအားမေးရာ –

"မောင်ကျော့ကို ကျုပ် – ဘယ်တုံးကများ မှသားသုံးဘူးလို့လည်း မောင်ကျော်ရဲ့အိမ်တော်ဝန်တစ်ယောက်၊ နောက်ပြီးမောင်ကျော့ကို ခတ်ငယ်ငယ် ကလေးဘဝထဲ ထိန်းကျောင်းလာတဲ့အထိန်းတော်တစ်ယောက်လေ။ မောင်ကျော့ကို စိတ်ဆင်းရဲအောင် ဘယ်တုံးကများ လုပ်ဖူးလို့လဲ၊ အမြဲတမ်းပျော်ရွှင်အောင် ထားခဲ့တာတွေကို မေ့သွားပြီလား"

ဟု ပြောလိုက်လေ၏။

"ကျွန်တော် ဦးညိုကြီးကို ယုံကြည်ပြီးသားပါ။ တကယ်တော့ ကျွန်တော်ဟာ မိန်းမတွေ အများကြီးနဲ့ ပျော်ပါးခဲ့ပါတယ်။ ဒါပေမဲ့ရာ – သူတို့တွေနဲ့ ပျော်ပါးတာပဲရှိတယ်၊ မခံစားရဘူး။ ယဉ်ယဉ်ကို တစ်နေ့တခြား တွေ့နေလို့ဖြစ်နေတော့ စိတ်ထဲမှာ ဘယ်လိုဖြစ်တယ် မပြောတတ်ပါဘူး။

ပြီးတော့ – ယဉ်ယဉ်တာ ကျွန်တော့်ကိုတွေ့လိုက်တာနဲ့ မတွေ့သလို မတန်သလို သူစိမ်းလိုဆက်ဆံပြီး ကျွန်တော်နဲ့ ဝေးဝေးနေတယ်။ အဲဒီအတွက် ကျွန်တော် အတော်လေး ခံစားရတယ်"

ဟု ဗိုလ်မှူးမင်းကျော်စွာက ပြောလိုက်ရာ –

"အဲဒါကြောင့် – ကျုပ်က ရယ်တာ။ မိန်းမတွေ အများကြီးတွဲလာပြီးမှ ယဉ်ယဉ်နဲ့လည်းကျမှရော ကျုပ် – ကိုယ်တော်လေး ဘယ်နဲ့ဖြစ်သွားတာလဲ"

ဟု ဦးညိုကြီးက ပြောလိုက်ပြန်၏။

"ဘယ်လို – ဖြစ်သလဲဆိုတာ အဲဒါ – အချစ်ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်"

ဟု ဝိုလ်မှူးကျော်စွာက ပြောလိုက်ရာ –

"ပြည့် – အချစ် – အချစ်၊ ကျွပ် ကိုယ်တော်လေးက အချစ်ကို ခံစားနားလည်ပေမယ့် အချစ်ကိုတော့ သဘောမပေါက်သေးဘဲ ခက်တယ်"

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

"ဘယ်လိုဗျ – ဦးညိုကြီးရေ၊ ကျွန်တော်က အချစ်ကို သဘောမပေါက်သေးဘူး ဟုတ်လား"

ဟု ဗိုလ်မှူးမင်းကျော်စွာက မေးရာ –

"ဒီမယ် – ကိုယ်တော်လေး၊ အချစ်ဆိုတာ လိုက်လေ ဝေးလေလေပဲ"

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

"ဒီတော့ – ကျွန်တော်က ဘယ်လိုလုပ်ရမလဲ"

ဟု ဗိုလ်မှူးမင်းကျော်စွာက မေးလိုက်ရာ –

"ယဉ်ယဉ်ဆိုတဲ့ ဝုလဲသည်ဟာ ကိုယ့်မြို့ထဲက ကြက်မလေးပါ ၊ဘယ်အချိန်ဖမ်းဖမ်း ကိုယ်တော်လေးလက်က လွတ်မသွားပါဘူး"

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

ဦးညိုကြီး စကားကြောင့် ဗိုလ်မှူးမင်းကျော်စွာမှာ လွန်စွာမှ သဘောကျ၍ လက်တွင်ကိုင်ထားသော အရက်ကို မော့ချလိုက်ပြီးလျှင် ကြက်ကြော်ကို ဝါးစားလိုက်လေတော့၏။

"ကဲ – ကိုယ်တော်လေး၊ ကျွပ် – ကြက်တိုက်ဖို့ ရွာထဲက လူတွေနဲ့ ချိန်းထားတယ်။ လောင်းကြေးက သိပ်ကောင်းတယ်"

ဟု ဦးညိုကြီးက ပြောလိုက်ရာ ဗိုလ်မှူးမင်းကျော်စွာက အလောင်းအစားဝါသနာပြုသူဖြစ်သောကြောင့် –

"ဟုတ်လား"

ဟု ဆိုကာ ၎င်းတို့နှစ်ဦး ကြက်တိုက်ရန် ထွက်သွားကြလေတော့၏။

=◈=

ဝန်းတောင်းပြည်နယ်တွင် မင်းလှစည်သူမင်းနှင့်မိဖုရားကြီး ကုနိဒေဝီတို့ ရှိကြရာ ၎င်းတို့တွင် သားတော်ကြီးကိုးမြို့ရှင်နှင့်သမီးတော် ပုလဲယဉ်တို့ ရှိကြကုန်လေ၏။

မင်းကြီးမင်းလှစည်သူသည် သားတော်ကြီးကိုးမြို့ရှင်ကို - ကိုးမြို့ ကိုးတံခါး ကိုးဇလားနှင့်ကိုးမောကို အပိုင်စားပေးပြီး အိမ်ရှေ့မင်းအဖြစ် ချီးမြှင့်ထားလေ၏။



ဒီလိုပါ–မယ်မည်းတော် ခွန်ချိုကို ကိုးမြို့ရှင် ကိုယ်တော်ကြီးကို
ပေးသနားတော်မူတာ သဘာဝကျပါတယ်။ ခွန်သာကိုတော့
ဗိုလ်မှူးမင်းကျော်ကို ပေးစားဖို့ မပေးသင့်ကြောင်းပါ။
ဘာကြောင့်လည်းဆိုတော့ သူက သောက်စားမူးယစ်ပြီး
အမျက်ဒေါသများနေတာ ကလေးပျက်စီးသွားနိုင်ပါတယ်

မင်းကြီးသည် မိမိ အထူးချစ်ခင်ယုံကြည်အားထားသော အထိန်းတော်ကြီး ဗလကျော်ခင်ကွယ်လွန်သွားသည့်နောက် အထိန်းတော်ကြီးကိုယ်စား ၎င်း၏သားမြင်းစီးကောင်းသည့် ဗိုလ်မှူးမင်းကျော်စွာကိုသားတော်တစ်ပါး အဖြစ် သူကောင်းပြုတော်မူလေတော့လေ၏။

ဗိုလ်မှူးမင်းကျော်စွာသည်ဘုရင့်သားတော်အဖြစ်သို့ရောက်ရှိလာသည့် နေ့မှစ၍ ဦးညိုကြီးဆိုသောသူကို ၎င်း၏ အထိန်းတော်ရာထူးမှ အိမ်တော်ဝန်ရာထူးခန့်အပ်ထားကာ အဆောက်အအား၊ အဖျော်အပါး၊ အလောင်းအစား၊ မိန်းမများနှင့်သာ အမြဲပျော်ပါးလို့နေလေတော့၏။

တစ်နေ့သ၌ – မင်းကြီးမင်းလှစည်သူက သားတော်နှစ်ပါး ဖြစ်သည့် အိမ်ရှေ့မင်းသားကိုးပြိုရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာတို့အား ရှေ့တော်သို့ အရောက်ခေါ်ဆောင်လေတော့၏။

အိမ်ရှေ့မင်းသား ကိုးပြိုရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာတို့သည် မင်းကြီး မင်းလှစည်သူ ရှေ့တော်သို့ ရောက်ရှိလာသည့်အခါ –

"ဩော် – သားတော်နှစ်ပါးရောက်လာမှကို၊ အခုလို – သားတော်တို့ကို ခေါ်ရတဲ့အကြောင်းက ဓမ္မည်းတော်နဲ့ ရာဇမဟာမိတ်ဖြစ်တဲ့ သစ္စာတော်ခံ မိုင်းပြင်စော်ဘွားကြီး စောခွန်ကြည်ကို သားတော်တို့ သိကြတယ် မဟုတ်လား"

ဟု မင်းကြီးက မိန့်တော်မူရာ –

"သိကြောင်းပါ – ခမည်းတော်"

ဟုကိုးပြိုရှင်နှင့်ဗိုလ်မှူးမင်းကျော်စွာတို့ကပြိုင်တူလျှောက်ထားကြလေ တော့၏။

"အိမ်း – စော်ဘွားစောခွန်ကြည်ကို ကိုင်းကောင်စော်ဘွားစောသီဟက တိုက်ခိုက်ရန် စစ်ကြေညာတယ်၊ အဲဒီအတွက်သားတော်တို့ကမဟာမိတ် ဖြစ်တဲ့ သစ္စာတော်ခံ မိုင်းပြင်စော်ဘွားစောခွန်ကြည်ဘက်က ကူညီပေးဖို့ ခေါ်ပြီး မိန့်ရတာပဲ"

ဟုမင်းကြီးကမိန့်တော်မူလိုက်ပြီးလျှင် အိမ်ရှေ့မင်းသားကိုဖြိုးရှင် ကိုယ်တော်ကြီးနှင့်ဗိုလ်မှူးမင်းကျော်စွာတို့သည် စစ်သည်တော် အလုံးအရင်းတို့ဖြင့် ရင်းတို့နစ်ဦးက ကွပ်ကဲကာ ရှမ်းပြည်သို့ ချီတက်သွားကြလေတော့၏။

=◈=

ကိုးဖြိုးရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာတို့တပ် ရှမ်းပြည်သို့ မရောက်မီ ကိုင်းကောင်စော်ဘွား စောသီဟ လက်ချက်ဖြင့် မိုင်းပြင်စော်ဘွား စောခွန်ကြည်မှာ ကျဆုံးသွားကြောင်း သိရလေတော့၏။

ထို့ကြောင့် - မိုင်းပြင်နယ်ကို ဆိုင်ရာ ရှမ်းမှူးမတ်တို့အား အုပ်ချုပ်စေရန် ယာယီလွှဲအပ်ပြီးလျှင် ကွယ်လွန်သွားသည့် မိုင်းပြင်စော်ဘွား စောခွန်ကြည်၏လူမမည်သားနှစ်ယောက်ဖြစ်သော ခွန်ချိုနှင့်ခွန်သာတို့ကိုခေါ်ဆောင်ကာ ရင်းတို့သည် ပန်းတောင်းနေပြည်တော်သို့ တပ်ပြန်ရောက်လာကြလေတော့၏။

နေပြည်တော်သို့ရောက်သည့်အခါ ဖြစ်ကြောင်းကုန်စင်များကိုမင်းကြီးအား လျှောက်တင်ကာ မိုင်းပြင်စော်ဘွားစောခွန်ကြည်၏ သားတော်နှစ်ပါးဖြစ်သည့် ခွန်ချိုနှင့် ခွန်သာတို့ကို ဆက်သလိုက်လေ၏။

ထို့နောက် - မင်းကြီးက -

"ငါ့ရဲ့ ရာဇမဟာမိတ် သစ္စာတော်ခံ မိုင်းပြင်စော်ဘွား စောခွန်ကြည် အကြောင်းကြားရတာ စိတ်မကောင်းလိုက်တာ။ သူ့ရဲ့သားတွေကိုတော့ -

သားကြီး ကိုးဖြိုးရှင်က ခွန်ချိုကို မွေးရန် မည်းတော်ဆက်သပါတယ်။

ခွန်သာကိုတော့ -"

ဟု ဆိုကာ မင်းကြီးမင်းလှစည်သူသည် စကားကိုရပ်ကာ ဗိုလ်မှူးမင်းကျော်စွာအား တစ်ချက်လှမ်းကြည့်နေစဉ် -

"မည်းတော် - သမီးတော် ပုလဲယဉ်ကို စကားလျှောက်ထားခွင့်ပြုပါ"

ဟု ပုလဲယဉ်က လျှောက်ထားလိုက်သည့်အခါ ကိုးဖြိုးရှင်ကိုယ်တော်ကြီးနှင့် ဗိုလ်မှူးမင်းကျော်စွာတို့က လှမ်းကြည့်မိကြလေ၏။

ထိုအခါ မင်းကြီးက -

"သမီးတော် ပုလဲယဉ်က ဘာများလဲကွဲ့"

ဟု မိန့်တော်မူလိုက်လေ၏။

"ဒီလိုပါ - မေမည်းတော် ရွှန်ရျိုကိုကိုးပြီး ကိုယ်တော်ကြီးကို ပေးသနားတော်မူတာ သဘာဝကျပါတယ်။ ရွှန်သာကိုတော့ ဗိုလ်မှူးမင်းကျော်ကို မွေးစားဖို့ မပေးသင့်ကြောင်းပါ။ ဘာကြောင့်လည်းဆိုတော့ သူက သောက်စားမူးယစ်ပြီး အပျော်အပါးများနေတာ ကလေးပျက်စီးသွားနိုင်ပါတယ်"

ဟု ဆိုကာ ရွှန်သာအတွက် စိုးရိမ်ကာ ရဲဝံ့စွာ ပုလဲယဉ်က လျှောက်ထားလိုက်လေတော့၏။

"အိမ်း - ဒါဆိုလည်း ရွှန်သာကို သမီးတော်က မွေးစားဖို့ ပေးသနားတော်မူမယ်၊ ဗိုလ်မှူးမင်းကျော်စွာ အတွက်ကတော့ ပန်းပြိုကို အပိုင်စားပေးမယ်"

ဟု မင်းကြီးက မိန့်တော်မူလိုက်လေတော့၏။

"ဘယ်လို - ဘယ်လို - ဘယ်လို - ကိုယ်တော်လေးကို ရွှန်သာ မွေးစားဖို့ မပေးဘူး ဟုတ်လား - ဒါ မတရားတာပဲ"

ဟု ဦးညိုကြီးက ဗိုလ်မှူးမင်းကျော်စွာကိုယ်စား လွှန်စွာမှ ဒေါသတွေ ထွက်ကာ ပြောလိုက်လေ၏။

ဗိုလ်မှူးမင်းကျော်စွာမှ ဦးညိုကြီး စကားကြောင့် တွေဝေသွားရာ ဦးညိုကြီးအား လှမ်းကြည့်မိလေ၏။

"ကိုယ်တော်လေးက ပန်းကို အပိုင်စားပေးတာလေးနဲ့ ကျေနပ်နေတယ်ပေါ့လေ ဟုတ်လား"

ဟု ဦးညိုကြီးက ထပ်ပြောလိုက်ရာ ဗိုလ်မှူးမင်းကျော်က -

"နေပါဦးဗျ - ဦးညိုကြီးရ ကျွန်တော့်ကို မေမည်းတော်က ပန်းကို အပိုင်စားပေးတယ်၊ ရွှန်သာကို မွေးစားဖို့ မပေးဘူး။ အဲဒါ ဘယ်လိုဖြစ်သလဲ"

ဟု မေးလိုက်လေ၏။

"ဒီမယ် - ကိုယ်တော်လေး။ ပန်းပြိုဆိုတာ ဘယ်လောက်များ ကျယ်လို့လည်း ရှမ်းပြည်နယ်ဆိုတာက အကျယ်ကြီး ပြီးတော့"

ဟု ဦးညိုကြီး စကားရေမဆက်ခင် ဗိုလ်မှူးမင်းကျော်စွာက –

"တော် – ခဲတော်လောက်ပြီ ဦးညိုကြီး ဆက်မပြောနဲ့တော့"

ဟုဆိုကာ အရက်ကို ကောက်မော့လိုက်လေတော့၏။ ထို့နောက် –

"တောက်"

ဟု ပြင်းထန်စွာ ခေါက်လိုက်ပြီးလျှင် –

"ရာဇဝင်ရိုင်းလိုက်တာ၊ ငါ့ကို ပစန်းနယ်မြေလေးနဲ့ နှစ်သိမ့်လိုက်တယ်"

ဟု ဆိုကာ ဗိုလ်မှူးမင်းကျော်စွာ လွန်စွာမှ ပေါက်ကွဲကာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်လေတော့၏။

"ငါသာ စွန်သာကို မွေးစားခွင့်ရရင် ရှမ်းပြည်နယ်ကို အပိုင်စားရမှာ၊ ရှမ်းပြည်နယ်က ထွက်သမျှဟာ ငါ့အပိုင်တွေပဲ – တောက်"

ဟု ဆိုကာ ဗိုလ်မှူးမင်းကျော်စွာသည် အရက်ကို ထပ်မံ သောက်လိုက်ပြန်၏။ ထို့နောက် –

"ဦးညိုကြီး – ကျွန်တော် ဘာလုပ်ရမလဲ၊ ဒီအတိုင်း ခေါင်းငုံ့နေရမှာလား"

ဟု ဗိုလ်မှူးမင်းကျော်စွာက ဦးညိုကြီးအား စိတ်ကူတောင်းလိုက်လေ၏။

"ကျုပ်ကိုယ်တော်လေးကို သူတို့က မွေးစားသားဆိုပြီး လုပ်ချင်သလို လုပ်တဲ့သဘောပဲ။ ဒါ – ခေါင်းငုံ့နေရင် နောက်ဆိုရင်ဒီထက် ဆိုးလာနိုင်စရာ အကြောင်းတွေ ဖြစ်လာနိုင်တယ်"

ဟု ဦးညိုကြီးက မီးလောင်ရာ လေပင့်သလို မီးစာတစ်ဖက် ရေမှုတ် တစ်ဖက်ဆိုသလို ပြောလိုက်လေ၏။

"ဟုတ်ပါပြီ – ကျွန်တော် ဘာဆက်လုပ်ရမလဲ၊ ပြောပါဦးဗျာ – ဦးညိုကြီးရာ"

ဟု ဗိုလ်မှူးကျော်စွာက ပြောလိုက်ပြန်ရာ ဦးညိုကြီးက –

"ကိုယ်တော်လေး ကျုပ်ပြောမယ်၊ သေရာနားတောင် ထီးနန်းကို လုပ်ကြံပြီး ပုလဲသည်ကို မိဖုရားတင်မြှောက်ရမယ်"

ဟု - ကြံစည် ပြောလိုက်လေ၏။

ဗိုလ်မှူးကျော်စွာသည် ရွှန်းသာအား မေးစအားပိုင်ခွင့် မရသဖြင့် လွန်စွာမှ ရှက်စိတ်ဖြင့် စိတ်နာကာ မင်းကြီးမင်းလှစည်သူအပေါ် ရန်ငြိုးထားလေတော့၏။

"ဟုတ်တယ် - ဦးညိုကြီး ပြောတာမှန်တယ်"

ဟု ဗိုလ်မှူးမင်းကျော်စွာက သဘောတူလိုက်ရာ -

"ကိုယ်တော်လေး ရွှေစိတ်တော် သဘောကျရင်တော့ အချိန်ယူပြီး ဝေးစားချင့်ချိန်ပြီး လုပ်ရမယ်။ ဒီကိစ္စတွေအတွက် ကျုပ်တာဝန်ယူပါ့မယ်"

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

"ကောင်းပါပြီ"

ဟု ဆိုကာ ဗိုလ်မှူးမင်းကျော်စွာသည် အရက်ခိုးထိမ့် အရက်ကို ငှဲ့သောက်ရာ -

"ဟော - အရက်တွေ ကုန်သွားပြီ"

ဟု ပြောလိုက်လေ၏။

"ဒီအတွက် ကိုယ်တော်လေး စိတ်ပူမသွားပါနဲ့၊ ထန်းရည်နဲ့ ကြက်ကြော် - တွေ အသင့်ပါ"

ဟုဦးညိုကြီးက ပြောလိုက်လေ၏။

"ဦးညိုကြီးက ဘယ်ဆိုလိုလဲ"

ဟု ဗိုလ်မှူးမင်းကျော်စွာက သဘောကျစွာ ပြောလိုက်ပြီးလျှင် ဦးညိုကြီးက -

"ဟေ့ ... ထန်းရည်နဲ့ ကြက်ကြော် ယူလာခဲ့စမ်းဟေ့"

ဟုအော်ပြောလိုက်သည်နှင့်အခါ လွန်စွာမှ ချောမောလှပသော မိန်းကလေး တစ်ဦး ကြက်ကြော်နှင့် ထန်းရည်အိုးယူလာလေ၏။

လွန်စွာ ချောမောလှပသော မိန်းကလေးကို ဗိုလ်မှူးမင်းကျော်စွာ မြင်လိုက်သည်နှင့် -

"ဗျို့ - ဦးညိုကြီး - သူလေးက ဘယ်သူလေးလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ ဦးညိုကြီးက ဗိုလ်မှူးမင်းကျော်စွာအား
လက်ညှိုးထိုးကာ -

"သူလေးက လူလေးရဲ့သူလေးပေါ့"

ဟု ပြောလိုက်ရာ ဗိုလ်မှူးမင်းကျော်စွာမှာ လွန်စွာမှ သဘောကျသွား
လေတော့၏။

=◈=

"နမတော်ရယ် - ဗိုလ်မှူးကို အားနာစရာ ကောင်းလိုက်တာ"

ဟု ကိုယ်တော်ကြီး ကိုးဖြို့ရှင်က ပြောလိုက်ရာ -

"ဘာကို - အားနာရမှာလဲ"

ဟု ယဉ်ယဉ်က မေးလိုက်လေ၏။

"ရှန်ရို - ရှန်ဘာကိုရှပါ။ မေမည်းတော်က ဗိုလ်မှူးကိုမွေးစားဖို့ပေးမယ့်
တိရွတို နမတော်က ဗိုလ်မှူးဟာ သောက်စားမူးယစ်နေတဲ့အတွက် ကလေး
ပျက်စီးသွားမှာ စိုးရိမ်တဲ့အတွက် လူရှေ့သူရှေ့မှာ ပြောလိုက်တဲ့ ဗိုလ်မှူးကို
အားနာဖို့ ကောင်းတယ်။ ဗိုလ်မှူးခမျာ - တစ်လုံးမှ ပြန်မပြောတာကို ကိုယ်
တော်ကြီးက စိတ်မကောင်းဘူး"

ဟု ကိုးဖြို့ရှင်ကိုယ်တော်ကြီးက ပြောလိုက်ရာ -

"နမတော် ပြောတာတွေက မဟုတ်လို့လား။ သူကအရက်သမား
အလောင်းကစားသမားအဖြစ် မိန်းမလည်းရှာ်ဘေးတယ်။ သူ့ကို အမြဲတစ်
နေတာကြာပြီ"

ဟု ယဉ်ယဉ်က ပြောလိုက်လေ၏။

"သူ့ခမျာ - သနားပါတယ်။ ခမင်မည်းတော် ချီးမြှင့်မြှောက်စားတဲ့
ပမန်းဖြို့ အပိုင်စားရတာနဲ့ဘဲ ကျေနပ်ရှာတယ်၊

ဟု ကိုးဖြို့ရှင်ကိုယ်တော်ကြီးက ပြောလိုက်ရာ ယဉ်ယဉ်မှာ ၎င်း၏ ကိုယ်
တော်ကြီးကိုကြည့်၍ အံလွန်ရိုးသားပြီး ယောက်ျားပီသသော ၎င်းအစ်ကို

ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရရှာ၏။ ထို့နောက် ယဉ်ယဉ်အစ်ကိုကို ကြည့်ပြီး တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ တိတ်ဆိတ်လျှက် နေလိုက်၏။

"နမတော်ရယ် - နောက်နောင် ဗိုလ်မှူးနဲ့ ပတ်သက်ပြီး စကားပြောတဲ့ အခါမှာ မမေ့ာက်မာပါနဲ့ လိမ္မာရေးခြားရှိပါ"

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီးက ပြောကာ ယဉ်ယဉ် အနားမှ တခြား တစ်နေရာသို့ ထွက်သွားလေတော့၏။

ယဉ်ယဉ် သူမ၏ အနားမှ ထွက်သွားသော ကိုးမြို့ရှင်ကိုယ်တော်ကြီး၏ ကျောပြင်ကို ကြည့်ကာ သက်ပြင်းချလိုက်လေ၏။

ဇမည်းတော်ရှေ့မှောက်မှာ ဗိုလ်မှူးမင်းကျော်စွာနှင့် ပတ်သက်ပြီး ယဉ်ယဉ် ပြောလိုက်ရသည့်အတွက် ယဉ်ယဉ်တစ်ယောက် လွန်စွာမှ တျနောင်တနေလေ၏။

"ဒီလိုလူမျိုးကို မျက်နှာသာပေးစရာ ဘာအကြောင်းမှ မရှိဘူး။ ဒီလို လူမျိုးကို အရောဝင်လို့လည်း မကောင်းဘူး။ သားရေရေပါအိမ် သားရေနား စားတဲ့လူမျိုး၊ မကောင်းကြံမယ့်လူမျိုး ဒီလိုလူမျိုးကိုတော့ သတိထားရမယ်၊ နောက်ကြောကို ဓားနဲ့ထိုးမယ့်လူမျိုး ဒီလိုလူမျိုးကို ကိုယ်တော်ကြီးက ဘာ ကြောင့် သနားနေတယ်ဆိုတာ ကိုယ်တော်ကြီးကို နားမလည်ဘူး။ သိပ်ရိုးတဲ့ ကိုယ်တော်ကြီးပဲ"

ဟု ယဉ်ယဉ် အားမလို အားမရ ဖြစ်လို့ နေလေတော့၏။

= ◈ =

တစ်နေ့သ၌ ဗိုလ်မှူးမင်းကျော်စွာနှင့် ဦးညိုကြီးတို့သည် ကြက်တိုက် ပြီးပြန်လာကြရင်း ထန်းရည်နှင့် ကြက်ကြော်တို့စားသောက်နေသည့်အချိန် တွင် ဗိုလ်မှူးမင်းကျော်စွာက -

"ဗျို့ - ဦးညိုကြီး ခွန်ရိုးနဲ့ ခွန်သာတို့တွေလည်း တဖြည်းဖြည်းနဲ့ အရွယ် ရောက်လာကြပြီဗျ"

ဟု ပြောကာ ထန်းရည်တစ်ခွက်ကို မော့သောက်လိုက်လေ၏။

ဦးညိုကြီးမှာ ကြွက်ပေါင်ကို မြိန်ယှက်စွာ စားနေရင်းက –

"အဲဒီတော့ – ကျုပ်ကိုယ်တော်လေးက ဘယ်လိုဖြစ်ချင်လို့လဲ"

ဟု မေးလိုက်လေ၏။

"ကျွန်တော်တို့ကြံစည်ထားတဲ့ ကိစ္စတွေနောက်မှာနေပြီး သွေးအေးနေလို့ ပါ"

ဟု ဗိုလ်မှူးမင်းကျော်စွာက ပြောလိုက်ရာ ဦးညိုကြီးမှာ ထန်းရည်ခွက်ကို မော့ချလိုက်ပြီး –

"အရေးတော်ပုံကတော့ ရှင် ဝလို့ရပါပြီ"

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

"ဟုတ်ပါပြီ ... ဘယ်တုံး ဘယ်လို အရေးတော်ပုံ ဖော်လဲဆိုတာ အမိန့်ရှိ ပါဦး"

ဟု ဗိုလ်မှူး မင်းကျော်စွာက မေးလိုက်သည့်အခါ –

"ကိုယ်တော်လေး – စိတ်အေးအေးထားပါ။ အရေးတော်ပုံ ကိစ္စတွေကို ကျုပ်တို့ ဘက်တော်သားတွေနဲ့ တိုင်ပင်ပြီးသားပါ။

ဟု ဦးညိုကြီးက ပြောလိုက်လေ၏။

"ဘယ်ဟုတ်ပါ့မလား – ဒါကြောင့် ဦးညိုကြီးကို အားကိုးရတာ ကျုပ်သာ ရှင်ဘုရင်ဖြစ်လို့ကတော့ ဦးညိုကြီးကို ဒီထက် ဘုရားကောင်းမြှောက်ပါ့မယ်လို့ ကတိ ပေးပါတယ်"

ဟု ဗိုလ်မှူးမင်းကျော်စွာက ပြောလိုက်ရာ ဦးညိုကြီးမှာ –

"ကိုယ်တော်လေး စကားကြောင့် ကျုပ် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ရှေ့ ဆက်ပြီးလည်း ကိုယ်တော်လေးရဲ့ ကောင်းကျိုးကို မျှော်ရှုပါ့မယ်"

ဟု ပြောလိုက်လေတော့၏။

ထို့နောက် – ဗိုလ်မှူးမင်းကျော်စွာနှင့် ဦးညိုကြီးတို့သည် အရေးတော်ပုံ အောင်ပွဲအတွက် ထန်းရည်နှင့်ကြွက်ကြော်ကို မြိန်ရှက်စွာ စားသောက်ကြလေ တော့၏။

"ကိုယ်တော်လေးရေ - အရေးတော်ပုံအတွက်"

ဟု ဆိုကာ ဦးညိုကြီးသည် ဗိုလ်မှူးမင်းကျော်စွာ အနားသို့ကပ်ကာ ခပ်တိုးတိုးလေး ပြောလိုက်လေ၏။ ထိုအခါ ဗိုလ်မှူးမင်းကျော်စွာက -

"အလို - သိပ်ကောင်းတဲ့ စိတ်ကူးပါလား။ ဒီအတွက် ဘာမှမပူနဲ့ ကျုပ် ဖြစ်အောင် ကြိုးစားမယ်။ တဲ - ဒီတော့ ဦးညိုကြီးရဲ့စိတ်ကူးကို ဂုဏ်ပြုတဲ့ အနေနဲ့ သောက်ရှာ - စားရှာ"

ဟု ပြောကာ ရင်းတို့နှစ်ဦး ပြိန်ရှက်စွာ သောက်ကြ စားကြပြန်လေတော့၏။

=◈=

"ရှမ်းပြည်နယ်မှာ သူပုန်တွေ ထကြွသောင်းကျန်းနေပါတယ်။ ခွန်ချို ခွန်သာတို့ညီအစ်ကိုနှစ်ယောက် စေလွှတ်သင့်ပါတယ်"

"ထကြွနေသော သူပုန်များကို အောင်နိုင်တဲ့အခါမှာ ခွန်ချို ခွန်သာတို့ကို ရှမ်းပြည်နယ်မှာပဲ သုံးနှစ် အုပ်ချုပ်ပြီး နေသင့်ပါတယ်"

ဟု ဦးညိုကြီးပေးသည့် အကြံအတိုင်း ဗိုလ်မှူးမင်းကျော်စွာက မင်းကြီး မင်းလှစည်သူအား လျှောက်ထားလိုက်လေတော့၏။

မင်းကြီးမင်းလှစည်သူကမူ ဗိုလ်မှူးမင်းကျော်စွာ လျှောက်ထားသည်ကို သဘောရိုးဖြင့် လျှောက်ထားသည်ဟု ထင်မှတ်ကာ ယုံကြည်စွာဖြင့် -

"အိမ်း - ငါ့သားတော်လေး လျှောက်ထားအကြံပေးတာကို ခမည်းတော် လွန်စွာမှ ကျေနပ်အားရတော်မူတယ်"

"ခွန်ချို ခွန်သာတို့ ညီအစ်ကိုကို ရှမ်းပြည်ကို စေလွှတ်ရမယ်"

ဟု မိန့်ကြားလိုက်လေ၏။

ထိုအခါ ယဉ်ယဉ်က -

"ထိုကိစ္စကို သမီးတော် ကန့်ကွက်ပါတယ်။ မဖြစ်နိုင်ဘူးလို့လည်း ထင်ပါတယ်။ ခမည်းတော်"

ဟုဆိုကာ ကန့်ကွက်လေ၏။

"အလို – သမီးတော် ဘယ်အတွက် ဘယ်လို အထောက်အထားတွေ နိုင်လုံစွာရှိလို့ မင်းကျော်စွာရဲ့ လျှောက်ထားတဲ့စကားကို ကန့်ကွက်ရတာလဲ"

ဟု မင်းကြီးမင်းလှစည်သူက မိန့်ကြားရာ –

"သမီးတော်မှာ ခိုင်မာတဲ့အထောက်အထားမရှိပေမဲ့ သူပြောတဲ့စကားတွေကို မရိုးသားဘူးဆိုတာ သမီးတော် စိတ်ထဲက အလိုလိုနေရင်း သိနေပါတယ် ခမည်းတော်"

ဟု ယဉ်ယဉ်က လျှောက်ထားလိုက်လေ၏။

"နှမတော်ရယ် – စဉ်းစား ချင့်ချိန်ပြီးပြောပါ ဗိုလ်မှူးဆိုတာက တို့တစ်တွေရဲ့ သွေးသားရင်းမဟုတ်ပေမဲ့ ခမည်းတော် မွေးစားထားတဲ့အတွက် တို့တွေက မောင်နှမတွေပါ။

ဗိုလ်မှူးဟာ မဟုတ်မဟတ်တော့ ပြောမှာမဟုတ်ပါဘူး။ နှမတော်ရဲ့ စကားတွေကို ပြန်ရုပ်သိမ်းပါ"

ဟု ကိုးမြို့ရှင် ကိုယ်တော်ကြီးက ပုလဲယဉ်အား ပြောလိုက်ရာ –

"ကိုယ်တော်ကြီး ဘာမှမသိပါဘူး။ ကိုယ်တော်ကြီးဟာ ကျောရမှ ဓားပြမှန်းသိတဲ့လူမျိုးပါ"

ဟု ယဉ်ယဉ်က စောဒက တက်လေ၏။

"ဟဲ့ – သမီးတော်တော်တန်တိတ် – တကယ်တော့သမီးတော်ဟာ အလိုလိုနေရင်း မင်းကျော်စွာကို မလိုမုန်းထားနေတာပဲ"

"ဟဲ့ – သားတော်မင်းကျော်စွာ သားတော်အကြံပြုတဲ့အတိုင်း ခွန်ရှိ ခွန်သာတို့ကို ရှမ်းပြည်ကို စေလွှတ်ရန် အမြန်ဆုံးစီစဉ်လေတော့"

သူတို့ ဖခင်တုန်းကလည်း ခမည်းတော်တို့အတက် အချိန်နှောင့်နှေးလို့ နိုင်းပြွင်စော်ဘွားစောခွန်ကြည်၊ စောသီဟလက်ချက်နဲ့ ကျဆုံးခဲ့ရတယ်။ အခု – အရင်လို မဖြစ်စေနဲ့။

ဟု ဆိုကာ မင်းကြီးမင်းလှစည်သူက မိန့်တော်မူလိုက်လေ၏။

ထိုအခါ ဗိုလ်မှူးမင်းကျော်စွာမှာ ယဉ်ယဉ်အား တစ်ချက်လှမ်းကြည့်ရင်း –

"အစုတော့နေဦးပေါ့ - ယဉ်ယဉ်ရယ်နောက်မှနင့်ကိုသိမ်းပိုက်ပြီးမိဖုရား မြှောက်မယ်"

ဟု ဆိုကာ ရင်ထဲ၌မရိုတင်ကဲ ပြောလိုက်လေ၏။

ခွန်ချို ခွန်သာတို့သည်လည်း မင်း၏ အမိန့်တော်ဖြင့် တပ်မတော်ကို ဦးစီးကာ ရှမ်းပြည်သို့ ချီတက်ကြလေတော့၏။

=◈=

ခွန်ချို ခွန်သာတို့ ရှမ်းပြည်သို့ ချီတက်သွားကြပြီး မကြာမီအချိန် တစ်ညသ၌ဗိုလ်မှူးမင်းကျော်စွာနှင့်ဦးညိုကြီးတို့သည်၎င်းတို့၏ဘက်တော် သားများနှင့် နန်းတော်သို့ ဝင်ရောက်စီးနင်းကာ မင်းကြီး မင်းလှစည်သူရင် နှင့် မိဖုရား ကုန်ခေဝီအား လုပ်ကြံသတ်ဖြတ် နန်းတော်ကိုသိမ်းပိုက် လိုက် လေတော့၏။

"အရေးတော်ပုံ"

"အောင်ပြီ - အောင်ပြီ"

"အရေးတော်ပုံ"

"အောင်ပြီ - အောင်ပြီ"

"အရေးတော်ပုံ"

"အောင်ပြီ - အောင်ပြီ",

ဟု ဆိုကာ ဗိုလ်မှူး မင်းကျော်စွာနှင့် ဦးညိုကြီးတို့သည် ၎င်းတို့၏ ဘက်တော်သားများနှင့် အော်ဟစ်ကာ အောင်ပွဲခံလေတော့၏။

ထိုအချိန်၌ -

"ကိုယ်တော်ကြီး - ကိုတော်ကြီး"

ဟုဆိုသော အော်ခေါ်သံကြားရသဖြင့် အိပ်ပျော်နေသော ကိုးမြို့ရှင် ကိုယ်တော်ကြီးမှာ လန့်နိုးလာကာ -

"ဟေ့ - ဘယ်သူလဲ"

ဟု မေးလိုက်လေ၏။

"ကျွန်တော်မျိုး ကျော်သီဟပါ၊ ဗိုလ်မှူး မင်းကျော်စွာတို့အုပ်စု ဘုရင်နဲ့ မိဖုရားတို့ကို လုပ်ကြံသတ်ဖြတ်ပြီး နန်းတော်ကို သိမ်းပိုက်လိုက်ပါပြီ"

ဟု ပြောလိုက်သည့်စကားကြောင့် ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာ လွန်စွာမှ အထိတ်တလန့် ဖြစ်သွားလေ၏။

"ကိုယ်တော်ကြီး - ဘာမှ စဉ်းစားမနေနဲ့တော့"

"ကျွန်တော်ပြောတာ တကယ်ပါ၊ ဦးညိုကြီးတို့ အုပ်စုကလည်း ကိုယ်တော်ကြီးကို လုပ်ကြံဖို့ ဒီဘက်ကို လာနေကြပါပြီ၊ ပြီးတော့ ဗိုလ်မှူး မင်းကျော်စွာက နမတော်ယဉ်ယဉ်ကို မိဖုရားအဖြစ် သိမ်းပိုက်ဖို့ နမတော်ရှိတဲ့အဆောင်ကို သွားနေကြပါပြီ"

ဟု လူယုံတော်ကျော်သီဟက ပြောလိုက်သည့်အခါ -

"တောက် - နမတော်ပြောတဲ့စကားတွေဟာ သွေးထွက်အောင် မှန်နေပါရောလား။ ဆန်ကောလောက်မှ စောက်မနက်တဲ့ သားရေပေါ်အိပ် သားရေနားစားတဲ့လူ"

ဟုဆိုကာကိုးမြို့ရှင်ကိုယ်တော်ကြီးသည်နမတော်ယဉ်ယဉ်၏အဆောင်သို့ အပြေးအလွှားသွားလေတော့၏။

လမ်းတစ်နေရာသို့ ရောက်သည့်အခါ -

ဟု နမတော် ယဉ်ယဉ်ကလည်း အဆောင်မှ ထွက်ပြေးလာ၏။

"ဟင် - နမတော် - လာ - လာ"

ဆိုကာ ကိုးမြို့ရှင်ကိုယ်တော်ကြီးသည် နမဖြစ်သူ ယဉ်ယဉ်အား ထမ်းပြီး ထွက်ပြေးကြလေတော့၏။

လွန်စွာမှ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်သို့ ရောက်သည့်အခါ ကိုးမြို့ ရှင်ကိုယ်တော်ကြီးသည် နမဖြစ်သူယဉ်ယဉ်အား ပခုံးပေါ်မှ အောက်သို့ချလိုက်ပြီး ရင်းကိုယ်တိုင်လည်း မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့၏။

"နမတော်ခဲ့စကားကိုဂရုမထားမိလို့အခုလို - ဒုက္ခရောက်ရတာပဲကွယ်"

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီး လွန်စွာမှ စိတ်မကောင်းစွာဖြင့် ပြောလိုက်ရာ၊

"ဖြစ်ပြီးမှတော့ - ဘယ်တတ်နိုင်မှာလည်း ကိုယ်တော်ကြီးရယ်၊ အခု ယဉ်ယဉ်တို့ ဘာဆက်လုပ်ကြမလဲ"

ဟုဆိုကာ ယဉ်ယဉ်က မေးလိုက်လေ၏။

ယဉ်ယဉ်စကားကြောင့် ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာ တစ်စုံတစ်ရာ ပြန်မပြောနိုင်အောင် တွေဝေသွားလေ၏။

ကိုယ်တော်ကြီးကိုးမြို့ရှင်မှာလည်း ဒေါသတွေထွက်နေသဖြင့် ရှေ့ဆက်ပြီး ဘာလုပ်၍ဘာကိုင်ရမည်ကိုမသိရှာ။ နမတော်ယဉ်ယဉ် ပြောလိုက်သည့် အခါမှ -

"ဟုတ်ပါရဲ့ - နမတော်ရယ် ကိုယ်တော်ကြီးလည်း ဘာလုပ်ရမှန်း မသိတော့ပါဘူး"

ဟုဆိုကာ ညည်းတွားလိုက်လေ၏။

"ကဲ - ကိုယ်တော်ကြီး။ ယဉ်ယဉ်တို့ တစ်နေရာရာမှာ ရှောင်နေမှ ဖြစ်မယ်၊ လျှောက်ပြေးနေလို့ကတော့ သိပ်မလွယ်ဘူး။ နမတော်တတော့ သူ့လက်ထဲမှာ ဘဝကို မနှစ်နိုင်ဘူး"

ဟု ယဉ်ယဉ်က ပြောလိုက်ရာ ကိုးမြို့ရှင်ကိုယ်တော်ကြီးက -

"ကဲ - နမတော် - ဘာမှ မပူနဲ့ ကိုယ်တော်ကြီး စိတ်ကူးတစ်ခုရတယ်"

ဟု ပြောလိုက်လေ၏။

"ဘယ်လိုစိတ်ကူးလဲ - ပြောပါဦး"

ဟု ယဉ်ယဉ်က မေးလိုက်ရာ -

"ဒီလိုလေ - ကျောက်ထစ်ရွာမှာ သူဌေးကြီးဦးသာမြတ်ဆိုတာ ရှိတယ်၊ မေပည်းတော်ရဲ့ သိပေါင်းမိတ်ဆွေတွေပဲ၊ သူတို့ဆီမှာ မထင်မရှား ဆင်းရဲသား အသွင်နဲ့ သွားနေကြမယ်"

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီးက ပြောလိုက်လေ၏။

ထိုအခါ ယဉ်ယဉ်ကလည်း -

ကိုယ်တော်ကြီး ကောင်းသလိုစီမံပါတော့"

ဟု ပြောလိုက်လေတော့၏။

ရင်းတို့မောင်နှမလည်းဖမည်းတော်၏စိတ်ဆွေဟောင်းကျောက်ထပ်ရွာသူဌေးကြီးဦးသာမြတ်အိမ်သို့မထင်မရှား ဆင်းရဲသားအသွင် ဟန်ဆောင်ကာ သွားကြလေတော့၏။

=◈=

"ဦးညိုကြီး - ယဉ်ယဉ်ကို မတွေ့ခဲ့ဘူးလား"

ဟု ဗိုလ်မှူးမင်းကျော်စွာက ဦးညိုကြီးတို့ ပြန်ရောက်လာသည့်အခါ လျင်မြန်စွာ မေးလိုက်လေ၏။

"ဟုး - မတွေ့ကြောင်းပါ ကိုယ်တော်လေးရယ်"

ဟု ဦးညိုကြီးက ပြောလိုက်သည့်အခါ ဗိုလ်မှူးမင်းကျော်စွာမှာ လွန်စွာမှ ဒေါသထွက်ကာ -

"ဘာ - ယဉ်ယဉ်ကို မတွေ့ဘူး ဟုတ်လား"

"ဦးညိုကြီးရာ ဒီလောက်လေးတောင် အားမကိုးရဘူးလားဗျာ"

ဟု ရင်းက ဦးညိုကြီးအား အပြစ်တင်စကား ပြောလိုက်လေ၏။

"ကိုယ်တော်လေးရယ် - ကျုပ်တို့လည်းတစ်ညလုံးနဲ့အစုမနက်ထိတော တောင်အနှံ့ ခြေလှမ်းရှာတာပဲ၊ ပုန်းတဲ့သူက ခေါရှာပုန်းနေတော့ရှာရတဲ့ လူအဖို့မှာ မလွယ်ဘူးလေ"

ဟု ဦးညိုကြီးက ပြောလိုက်ရာ -

"တော်ပြီ - ကျုပ် - ဘယ်သူနဲ့မှ စကားမပြောချင်တော့ဘူး"

ဟု ဆိုကာ အရက်တွေ သောက်နေတော့၏။

ဦးညိုကြီးမှာလည်း ဗိုလ်မှူးမင်းကျော်စွာရှေ့တွင် တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ ရပ်၍နေလေတော့၏။

"ဦးညိုကြီး - ဘာလုပ်နေတာလဲ သွားတော့လေ"

ဟု ဗိုလ်မှူးမင်းကျော်စွာက ပြောလိုက်ရာ –

"ကိုယ်တော်လေးက ကျုပ်ကို စိတ်ဆိုးနေသလား"

ဟု ဦးညိုကြီးက မျက်နှာမသာမယာနှင့် ပြောလိုက်လေ၏။

"ဘယ်လို – ဘယ်လို – စိတ်ဆိုးနေလား။ ခင်ဗျားက – ပေးအပ်တဲ့တာဝန်မှ မကျေတာ"

ဟုဆိုကာ ဗိုလ်မှူးမင်းကျော်စွာမှာ အရက်ကို မော့သောက်လိုက်လေ၏။

"ဒါဆို ကျုပ် – ဘာဆက်လုပ်ရမလဲ ကိုယ်တော်လေး"

ဟု ဦးညိုကြီးက မေးလိုက်သည့်အခါ –

"ဘာမှမလုပ်နဲ့တော့ သွားနားတော့၊ ကျုပ်လဲ အိပ်တော့မယ်"

ဟု ဗိုလ်မှူးမင်းကျော်စွာက ပြောလိုက်လေတော့၏။

=◈=

ခွန်ချို၊ ခွန်သာတို့သည် မင်းကြီးမင်းလှစည်သူ၏ အဓိပ္ပါယ်ဖြင့် တပ်မတော်ကို ဦးစီးကာ ချီတက်သွားကြရာ ရှမ်းပြည်သို့ ရောက်သည့်အခါ –

"ဟယ် – ဘယ်လိုလဲ သူပုန်၊ သူကန်တွေ မတွေ့ရပါလားကွ"

ဟု ခွန်ချိုက ပြောလိုက်လေ၏။

"ဟုတ်ပါရဲ့ကွာ – ရှမ်းပြည်မှာ အတော်အေးချမ်း၊ ငြိမ်းချမ်းနေပါလား"

ဟု ခွန်သာကလည်း ပြောလိုက်ရာ –

"အေး – ဒီလိုဆို ဘယ်လိုလုပ်ကြမလဲ။ ငါတို့ တိုက်စရာ သူပုန်သူကန်တွေ မရှိတော့ နေပြည်တော် ပြန်ရုံပေါ့ကွာ"

ဟု ခွန်ချိုက ပြောလိုက်လေ၏။

"တို့ပြန်လို့ ဘယ်ဖြစ်မှာလဲ"

ဟု ခွန်သာက ပြောလိုက်ရာ ခွန်ချိုက –

"ဘာဖြစ်လို့လဲကွ"

ဟု ပြောလိုက်လေ၏။

" ခွန်သာ မေ့သွားပြီလား။ ငါတို့ညီအကို ရှမ်းပြည်မှာ သုံးနှစ်အုပ်ချုပ်နေရမယ်ဆိုတဲ့ မင်းကြီးရဲ့အမိန့်ကို မေ့သွားပြီလား"

ဟု ခွန်သာက ပြောလိုက်ရာ

"အေး - ငါ သတိမေ့သွားတယ်။ ဒါဆိုလည်း နေပြည်တော်ကို မပြန်ဘဲ မင်းကြီးရဲ့အမိန့်ကို နာခံတဲ့အနေနဲ့ သုံးနှစ်အုပ်ချုပ်ကြတာပေါ့ကွာ"

ဟု ခွန်ချိုက ပြောလိုက်လေတော့၏။

ဤသို့ဖြင့် - နှစ်တွေ အတော်ကြာသည့် တစ်နေ့သ၌တွင် -

"နမတော်ရေ ကိုယ်တော်ကြီး တိုင်းရေးပြည်ရေး ဘယ်လို အခြေအနေရှိသလဲဆိုတာ စနည်းနာချင်တယ်။ ပြီးတော့ သားတော်နှစ်ပါးဖြစ်တဲ့ ခွန်ချိုနဲ့ ခွန်သာတို့နဲ့လည်း အဆက်အသွယ်ပြုချင်တယ်"

ဟု တိုးမြို့ရှင် ကိုယ်တော်ကြီးက ပြောလိုက်လေ၏။

"ဒါဆို နမတော်က"

ဟု ယဉ်ယဉ်က မေးလိုက်သည့်အခါ -

"နမတော်ကတော့ ဒီမှာ အေးရာအေးကြောင်း နေရစ်ခဲ့ပေတော့။ ခရီးက ကြမ်းတော့ နမတော်ကို မခေါ်ရက်ဘူး"

ဟု တိုးမြို့ရှင်ကိုယ်တော်ကြီးက ပြောလိုက်လေ၏။

ထိုအခါ နမတော် ယဉ်ယဉ်မှာ လွန်စွာဝမ်းနည်းကာ မျက်ဝန်းမှ မျက်ရည်များ ပါးပြင်သို့ စီးဆင်းလာတော့၏။ ထို့နောက် ရင်းထဲမှ နှိုက်သံပေါ်ထွက်လာလေတော့၏။

"နမတော်ရယ် - ကိုယ်တော်ကြီးက တိုင်းပြည်ရေးရာကိစ္စအတွက် သွားရတာပါ။ အခြေအနေကောင်းရင် နမတော်လေးကို အမြန်ဆုံးလာခေါ်မှာပါ"

ဟု တိုးမြို့ရှင်ကိုယ်တော်ကြီးက နမတော်ဖြစ်သူ ယဉ်ယဉ်အား ချော့မော့နှစ်သိမ့်ရလေတော့၏။

"ကိုယ်တော်ကြီးရယ် - နမတော်တို့ မောင်နမတွေ ခပ်ငယ်ငယ်လေး ကတည်းက တစ်ကြိမ်တစ်ခါမှ မခွဲခွာဘူးတော့ ရင်ထဲကတစ်မျိုးကြီး ခံစားရလို့ပါရှင်"

ဟု ယဉ်ယဉ်က ပြောလိုက်ရာ ကိုယ်တော်ကြီးကိုးမြို့ရှင်မှာ စိတ်ထိခိုက်ရရှာလေတော့၏။

"ကိုယ်တော်ကြီးရယ် - နမတော် မငိုတော့ဘူးနော်"

ဟု ယဉ်ယဉ်သည် မျက်ရည်များကိုသုတ်လိုက်ပြီး အငိုမျက်လုံးများနှင့် အပြုံးမျက်နှာဖြင့် ပြောလိုက်လေတော့၏။

ထို့နောက် - ကိုးမြို့ရှင် ကိုယ်တော်ကြီးက -

"ကိုယ်တော်ကြီး ခရီးမထွက်ခင် နမတော်ထံမှ ကတိတစ်ခုလောက် တောင်းချင်တယ်၊ ပေးနိုင်ပါ့မလား"

"ကိုယ်တော်ကြီးက နမတော်ယဉ်ယဉ်ဆီမှာ ဘာကတိတွေများတောင်းချင်လို့လဲ"

ဟု ဆိုကာ ယဉ်ယဉ်က မေးလိုက်ရာ ကိုးမြို့ရှင်ကိုယ်တော်ကြီးက -

"တခြားတော့မဟုတ်ပါဘူး၊ နမတော်ရယ် - နမတော်ဆီကတောင်းချင်တဲ့ကတိက - အစ်ကိုတစ်သက် နမတစ်သက်၊ အိမ်ထောင်ဘက်မရှာဘဲ လူပျို အပျို ဘဝနဲ့ နေကြမယ်ဆိုတဲ့ ကတိပါကွယ်၊ အဲဒီကတိကို နမတော် ပေးနိုင်ပါ့မလား။

ဟု ပြောလိုက်လေ၏။

"အို - ကိုယ်တော်ကြီးကလည်း နမတော်က ကိုယ်တော်ကြီး တောင်းတဲ့ကတိကို ဘာကြောင့် မပေးနိုင်ရမှာလဲ အစ်ကိုတစ်သက် နမတစ်သက် အိမ်ထောင်ဘက် မရှိတဲ့လူပျို အပျိုကြီးဘဝနဲ့နေမယ်ဆိုတဲ့ကတိကို ရဲရဲကြီးပေးနိုင်ပါတယ်"

ဟု ယဉ်ယဉ်က ပြောလိုက်သည့်အခါ ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေတော့၏။

ထို့နောက် - ဝှင်းတို့မောင်နှမသည် သည်ဘဝသည်တစ်သက် လူမျိုး အမျိုးဘဝဖြင့် မောင်နှမနှစ်ယောက် ချစ်ခင်ကြင်နာ ယုယစွာ နေကြမည်ဟု ဆိုကာ ဘုရားတွင် ကတိသစ္စာပြုကြလေတော့၏။

ကိုးပြီးရှင် ကိုယ်တော်ကြီးသည် နှမတော်ယဉ်ယဉ်အား သူဌေးကြီး ဦးသာမြတ်ထံတွင် အပ်နှံကာ တိုင်းပြည်အရေးကိုစနည်းနာရင်း ခွန်ချိုခွန်သာ တို့ကို အဆက်အသွယ်ပြုရန် ကြံစည်ရင်း ရှမ်းလူမျိုးတို့ကဲ့သို့ ရုပ်ဖျက်ကာ ထွက်ခွာသွားလေတော့၏။

=◈=

ဗိုလ်မှူးမင်းကျော်စွာသည် တိုင်းပြည်အရေးကို ဦးညိုကြီးနှင့် လွှဲထား ပြီး ဝှင်းမှာမူ အလျင်ကထက်ပို၍ အရက်သေစာ သောက်စားခြင်း၊ အလောင်း ကစားများ ပြုလုပ်ခြင်းနှင့် မိန်းမများနှင့် အချိန်ကုန်လေတော့၏။

ထိုအချိန်မှာပင် ခွန်ချိုခွန်သာတို့မှာ ပန်းတောင်းရွှေပြည်၊ နေပြည်တော် သို့ပြန်လည် ရောက်ရှိလာကြလေတော့၏။

"ဗျို့ - ဦးညိုကြီး ကျုပ်မခေါ်ဘဲ ဘယ်ကိစ္စကြောင့်ကျုပ်အခန်းကိုရောက် ရှိလာရတာလဲ"

ဟု ဗိုလ်မှူးမင်းကျော်စွာက မေးလိုက်ရာ ဦးညိုကြီးမှာ တစ်စုံတစ်ရာ မပြောဘဲ ဗိုလ်မှူးမင်းကျော်စွာ၏ အခန်းထဲရှိ မိန်းကလေးများကို အကြည့် ရောက်သွားသည့်အခါ -

"ဟေ့ - မင်းတို့ ငါ့အခန်းထဲက ထွက်သွား။ ငါ - လိုအပ်တဲ့အခါကျမှ ပြန်ခေါ်မယ်"

ဟု လွန်စွာမှ အတင်းပါးသော ဝှင်းနှင့်ပျော်ပါးနေသည့် မိန်းကလေးများ အား အပြင်သို့ မောင်းထုတ်လိုက်လေတော့၏။

ထိုအခါကျမှ ဦးညိုကြီးက -

"ကိုယ်တော်လေးကို လျှောက်တင်စရာရှိလို့ပါ" ~

ပြောလိုက်လေ၏။

"ဘယ်လို အရေးအခင်းတွေ ရှိလို့လဲ၊ မြန်မြန် လျှောက်တင်ပါလေ ဦးညိုကြီးရေ"

ဟု ဗိုလ်မှူးမင်းကျော်စွာက ပြောလိုက်သည့်အခါ ဦးညိုကြီးက -

"ခွန်ချိုနဲ့ခွန်သာတို့ရှမ်းပြည်ကနေ နေပြည်တော်ကို ပြန်ရောက်နေကြောင်းပါ"

ဟု လျှောက်ထားလိုက်လေ၏။

"အလိုလေးဗျာ - ဒါဆို ဘယ်နဲ့လုပ်ကြမလဲ ကြံဝမ်းပါဦးဗျာ၊ ဦးညိုကြီးရာ"

ဟုဆိုကာ ဗိုလ်မှူးမင်းကျော်စွာမှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ဦးညိုကြီးအား အကြံအဉာဏ်တောင်းလိုက်လေ၏။

"ဒီအတွက် စိတ်ဆင်းရဲဒုက္ခတွေဖြစ်စရာမလိုပါဘူး၊ ကျုပ်မှာ ဉာဏ်နီ၊ ဉာဏ်နက်တွေ အများကြီးရှိပါတယ်"

ဟု ဦးညိုကြီးက ပြောလိုက်ရာ ဗိုလ်မှူးမင်းကျော်စွာမှာ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ -

"ဒါကြောင့် - ကျုပ်က ဦးညိုကြီးကို အားကိုးနေရတာ"

"ဘယ်လိုများ အကြံအဉာဏ်တွေ ရှိသလဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ ဦးညိုကြီးက ဗိုလ်မှူးမင်းကျော်စွာအနားသို့ကပ်ကာ တိုးတိုးလေး ပြောလိုက်လေတော့၏။

=◈=

နောက်ရက်များတွင် ဗိုလ်မှူးမင်းကျော်စွာသည် ခွန်ချိုနှင့်ခွန်သာတို့ ညီနောင်ကို လက်ခံတွေ့ဆုံကာ -

"ကျုပ် ထီးနန်းကို လုယူရတဲ့ကိစ္စဟာလည်း သားတော်တို့ ညီအစ်ကို အတွက် လုယူရခြင်းဖြစ်တယ်"

ကျုပ်မှာလည်း အသက်အရွယ်အိုပြီး ကြီးရင့်အိုမင်းနေပြီဖြစ်တယ်။ အခုလို သားတော်တို့ညီနောင် ရောက်ရှိလာပြီဖြစ်တော့ ကျုပ်ဟာ ထီးနန်းကို သားတော်တို့ညီနောင်ကို ပေးအပ်ပြီး ဥပုသ်စောင့်ဝင်ကာ တရားအားထုတ်ကာ နေထိုင်ပါတော့မယ်"

ဦးညိုကြီး အကြံညာဏ်အတိုင်း ဗိုလ်မှူးမင်းကျော်စွာမှ ၎င်းတို့ညီနောင်ကို ယုံကြည်အောင် ပြောလိုက်လေတော့၏။

ခွန်ရိုး ခွန်သာတို့ညီအစ်ကိုမှာလည်း ထီးနန်းရတော့မည်ဖြစ်၍ လွန်စွာမှ ဝမ်းသာပီတိ ဖြစ်ကြကုန်၏။ ထို့နောက် ဗိုလ်မှူးမင်းကျော်စွာက -

"ဪ - သားတော်တို့ကို ပြောစရာ စကားကျန်ပါသေးတယ်။ ကျုပ် သားတော်တို့ကို နိုင်းဖို့ တစ်ခုကျန်ခဲ့သေးတယ်"

အဲဒီအတွက် လုပ်ဆောင်ပါက ထီးနန်းကိုပေးအပ်မယ်။ ကဲ - သားတော်တို့ သစ္စာရေသောက်ပါဟု ပြောလိုက်လေ၏။

ထီးနန်းကို လိုချင်တပ်မက်သော ခွန်ရိုး ခွန်သာတို့မှာ မည်သည့်ကိစ္စအတွက် သစ္စာရေ သောက်ခိုင်းသည်ကို မေးမြန်းခြင်းမပြုတော့ဘဲ ဗိုလ်မှူးမင်းကျော်စွာ သောက်ခိုင်းသည့် သစ္စာရေကို ခွန်ရိုး ခွန်သာတို့ ညီအစ်ကို အလုအယက် အငမ်းမရ သောက်ကြလေတော့၏။

၎င်းတို့ညီအစ်ကို သစ္စာရေသောက်ပြီးသောအခါ ဗိုလ်မှူးမင်းကျော်စွာက -

"ကဲ - သားတော်တို့ သစ္စာရေသောက်ကြပြီးပြီဆိုတော့ ကျုပ်ပြောတဲ့ စကားကို သေချာနားထောင်ပါ။ ဂုံးမြို့ရှင် ကိုယ်တော်ကြီးကို ရှာဖွေပါ။ တွေ့တာနဲ့ သူ့ခေါင်းကို ဖြတ်ပြီး ဆက်သပါ။ ဒါဆိုရင် သားတော်တို့ညီနောင်ကို ကျုပ်ထီးနန်း လွှဲအပ်ပါ့မယ်လို့ ကတိပေးပါတယ်"

ဟု ပြောလိုက်လေတော့၏။

ထိုအခါကျမှ ခွန်ရိုး ခွန်သာတို့ ညီအစ်ကိုမှာ လွန်စွာမှ အစက်တွေ့ကာ စိတ်ဓာတ်ကျသွားလေ၏။ ၎င်းတို့မှာ သစ္စာရေသောက်ထားပြီးပြီ ဖြစ်သော

ကြောင့် မငြင်းသာတော့ဘဲ ကိုးမြို့ရှင်ကိုယ်တော်ကြီးခေါင်းကိုဖြတ်ရန် ခိုလ်မှုးမင်းကျော်စွာ၏ တစ်ချက်လွှတ်အမိန့်ကို နာခံရတော့လေ၏။

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကြောင့် စွန်ချို စွန်သာတို့ ညီအစ်ကိုမှာ ကိုးမြို့ရှင်ကိုယ်တော်ကြီးအား လိုက်လံ ရှာဖွေရလေတော့၏။

=◈=

"ငါတော့ ထီးနန်းတောင် မလိုချင်တော့ဘူးကွာ"

ဟု စွန်ချိုမှာ ညည်းညူစွာ ပြောလိုက်ရာ စွန်သာမှာလဲ -

"ငါတို့ဟာလည်း ထီးနန်းကို မက်မောနေတော့ သစ္စာစရ သောက်နိုင်းရသည့် ကိစ္စကို မမေးမမြန်း သောက်မိတာကို ငါတို့အပြစ်ပါကွာ"

စွန်သာကလည်း ပြောလိုက်လေ၏။

"ငါတော့ကွာ သစ္စာရေသောက်မိလို့ ဒုက္ခဖြစ်ရင်လည်း ဖြစ်ပါစေတော့ မွေးစားဖခင်ကိုးမြို့ရှင်ကိုယ်တော်ကြီးရဲ့ခေါင်းကို မဖြတ်ရက်ဘူး"

ဟု စွန်ချိုကပြောရာ -

"အေးကွာ - ထီးနန်းလည်း မလိုချင်တော့ဘူး။အဖေတော့်ကို ယုတ်မာတဲ့ ခိုလ်မှုးမင်းကျော်စွာပဲကွာ"

ဟု စွန်သာကလည်း ပြောလိုက်ပြန်၏။

ဂုင်းတို့ ညီအစ်ကိုနှစ်ဦးသည် တောတွင်းတစ်နေရာမှ လွန်စွာမှ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင် ထိုင်ကာ အထက်ပါစကားများကို ပြောဆိုနေကြခြင်း ဖြစ်လေတော့၏။

ယဉ်ယဉ်မှာ ကိုးမြို့ရှင်ကိုယ်တော်ကြီး ထွက်သွားသည့် နေ့မှစ၍ ကိုယ်တော်ကြီးအား သတိတရဖြစ်ကာ လွမ်းရှားရှားကာ အိပ်ရာထဲတွင် လဲနေလေတော့၏။

ယဉ်ယဉ်မှာ နာမကျန်းဖြစ်ကာ အိပ်ရာထဲ လဲနေစဉ် သူဌေးကြီး ဦးသာမြတ်၏ သားတော်မောင် - မောင်မောင်လတ်က ပြုစုရလေတော့၏။

"မယဉ်ယဉ် – ဆေးသောက်ရအောင်နော်"

ဟု မောင်မောင်လတ်က ဆေးတိုက်ရာ –

"မသောက်ချင်ပါဘူး"

ဟု ယဉ်ယဉ်က ငြင်း၏။

"မသောက်လို့ ဘယ်ဖြစ်မလဲ – ဆေးသောက်မှ ကျန်းမာမှာ။ ပြီးတော့ – ကိုးပြိုရှင်ကိုယ်တော်ကြီးကိုလည်း ကြံ့တဲ့နေရာက အမြန်ပြန်လာခဲ့ဖို့ လူကြံ့တွေနဲ့ ကျွမ်းမှာလိုက်ပါတယ်"

ဟု မောင်မောင်လတ်က ပြောလိုက်ရာ ယဉ်ယဉ်မှာ –

"ကိုမောင်မောင်လတ် – ရှင် တကယ်ပြောတာလား"

ဟု မေးလိုက်လေ၏။

"တကယ် ပြောတာပါဗျာ"

ဟု မောင်မောင်လတ်က ပြောလိုက်သည့်အခါ ယဉ်ယဉ်မှာ အပြုံးများဝေဆာသွားတော့ မောင်မောင်လတ် တိုက်သောဆေးကို သောက်၏။ မောင်မောင်လတ် ကျွေးသော ဆန်ပြုတ်ကို သောက်လေ၏။

များမကြာမီ ယဉ်ယဉ်မှာ မောင်မောင်လတ်၏ ပြုစုမှုတွေကြောင့် အတော်ပင်သက်သာလို့ နေလေတော့၏။

တစ်နေ့သ၌ – ယဉ်ယဉ်သည် အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်နေစဉ် –

"အလိုဗျာ – နေကောင်းခါစရှိသေးတယ် ဘယ်နဲ့ အိမ်ရှေ့မှာထွက်ထိုင်နေရတာလဲ။ လေစိမ်းတွေတိုက်လို့ ပြန်ဖျားနေပါဦးမယ် ယဉ်ယဉ်ရယ်"

ဟု ဂရုဏာဖြင့် မောင်မောင်လတ်က ပြောလိုက်လေတော့၏။

"နေကောင်းနေပါပြီ – ကိုမောင်မောင်လတ်ရယ် အိမ်ထဲမှာ အနေကြာတော့ ငြီးငွေ့သလိုလိုရှိတာနဲ့ အိမ်ရှေ့ထွက်ထိုင်နေတာပါ။ အခုလို ယဉ်ယဉ်ကို ပြုစုပေးတဲ့အတွက် ကိုမောင်မောင်လတ်ကို ဘယ်လိုကျေးဇူးတွေ ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်" –

ဟု ယဉ်ယဉ်က ပြောလိုက်ရာ ကိုမောင်မောင်လတ်မှာ နေမထိထိုင်မသာ လွန်စွာမှ ဝမ်းသာကာ ယဉ်ယဉ်အား စိုက်ကြည့်နေလေသည်။

ယဉ်ယဉ်ကလည်း မောင်မောင်လတ်အား ပြန်ကြည့်ရာ မျက်လုံးချင်းစုံ၍ ရင်ခုန်သည်က ယဉ်ယဉ်ပင်။ ထိုနည်းတူ - မောင်မောင်လတ်သည်လည်း ရင်ခုန်၏။

"အို - ကိုမောင်မောင်လတ်ရယ်၊ လူကို ဘာလို့စိုက်ကြည့်နေတာလည်း ယဉ်ယဉ် မနေတတ်တော့ဘူး"

ဟု ပြောလိုက်သည့်အခါ အသက်ရှင်လျက် ငုတ်တုတ်မေ့နေသော မောင်မောင်လတ်မှာ အသိ၊ သတိ ပြန်လည် ဝင်ရောက်ကာ -

"ဟို - ဟို - ဟို - ကျွန်တော့် အိမ်တောင်ဘက်အခြမ်း ရွှေ့ရမယ်သတိမှတ်ပြီး ကျေးဇူးဆပ်လိုက်ပါလား ယဉ်ယဉ်ရယ်"

စိတ်မကူးထားသော စကားများသည် မောင်မောင်လတ်၏ မသိစိတ်က အလိုလျောက် ထွက်သွားလေတော့၏။

"အို - ကိုမောင်မောင်လတ်ကလည်း ဘာမှန်းလည်း မသိဘူး" ဟု ဆိုကာ လွန်စွာမှ ရှက်၍ ယဉ်ယဉ် အိမ်ပေါ်သို့ တက်ပြေးလေတော့၏။

အိမ်ပေါ်သို့ ယဉ်ယဉ် တက်ပြေးသွားသည့်နောက် မောင်မောင်လတ်မှာ -

"ဟိုက် - ငါ - ဘာတွေ ပြောမိပါလိမ့် သူ ငါ့ကိုစိတ်ဆိုးသွားလားမသိဘူး"

ဟုဆိုကာ စိုးရိမ်သွားလေ၏။ ထို့နောက် -

"ငါ့ရင်ထဲက သူ့အပေါ်မှာ ဖြစ်ပေါ်နေတဲ့ သံယောဇဉ်တွေပဲ။ ငါ့မရိုးသားမှုတွေမှ မဟုတ်တာ ငါ သူ့ကို တကယ်ချစ်နေတာပဲ"

ဟု ဆိုကာ မောင်မောင်လတ် ပြောလိုက်ပြန်၏။ ရင်ထဲတွင် -

ထိုသို့ - ဖြစ်ပွားခဲ့ပြီးနောက် မောင်မောင်လတ်နှင့် ယဉ်ယဉ်တို့မှာ တစ်မိုးအောက်တွင် အတူရှိကာ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုသည့် စကားအတိုင်း ၎င်းတို့နှစ်ဦး မေတ္တာမျှကြလေတော့၏။

မောင်မောင်လတ်ကလည်း ၎င်း၏ မိဘများကို ဖွင့်ပြောလိုက်၏။ မောင်မောင်လတ်၏ မိဘနှစ်ပါးကလည်း ယဉ်ယဉ်ကို လိမ္မာရေးခြားရှိပြီး အိမ်ထောင်မှုကို ထိန်းသိမ်းတတ်သည်က တစ်ကြောင်း၊ မိတ်ဟောင်း ဆွေဟောင်းဖြစ်

သည့် မင်းကြီး မင်းလုစည်သူ၏ သမီးတော်ဖြစ်နေသည်ကတစ်ကြောင်း သဘောတူ၍ ထိမ်းမြားပေးလိုက်လေတော့၏။

ယဉ်ယဉ်မှာလည်း မောင်မောင်လတ်၏ အချစ်တွင် စီးမျောနေသဖြင့် ကိုးမြို့ရှင်ကိုယ်တော်ကြီးနှင့် -

"အစ်ကိုတစ်သက် နမတစ်သက်၊ အိမ်ထောင်ဘက်မရှာဘဲ လူပျိုအဝ ဖြင့် နေကြမယ်"

ဟူသော သစ္စာပြုထားသည့် ကတိစကားကို မေ့မျောက်ကာ များမကြာ မီအချိန်တွင် လွန်စွာမှ ချစ်စရာကောင်းသော သမီးလေးတစ်ယောက်ကို ယဉ်ယဉ်က ချစ်သော လင်တော်မောင်အတွက် မွေးဖွားလိုက်လေတော့၏။

ထိုသမီးလေးကို မောင်မောင်လတ်၊ ယဉ်ယဉ်နှင့်တကွ အသိုးအဘွားတို့ တပါ လွန်စွာမှ အသည်းစွဲချစ်ကြ၍ -

"သည်းသည်းတဲလေး"

ဟု အမည်ပေးထားလိုက်လေတော့၏။

ကိုးမြို့ရှင်ကိုယ်တော်ကြီး တောတွင်းတစ်နေရာသို့ ရောက်သည့်အခါ ခွန်ချို ခွန်သာတို့ညီအစ်ကိုနှင့် တွေ့ရလေတော့၏။

"အလို - ဘုရားတော်တို့ပါလား"

ဟု ကိုးမြို့ရှင် ကိုယ်တော်ကြီးက အားရဝမ်းသာနှင့် ပြောလိုက်ရာ ၎င်း နှစ်ဦးမှာ မွေးစားမယ်တော်ကို တွေ့သည့်အခါ ဝမ်းသာအားရဖြစ်ရမည့် အစား မျက်နှာမသာမယာနှင့် ဖြစ်လို့နေလေတော့၏။

ထိုအခါ ကိုးမြို့ရှင်ကိုယ်တော်ကြီးက -

"ဘုရားတော်တို့ - ဘယ်နှဲဘယ်လိုကြောင့် ရွှေစိတ်တော်တွေညှိုးနွမ်းနေရတာလဲ"

ဟု ခွန်ချို ခွန်သာတို့၏ မျက်နှာငိုမျက်နှာတဲကိုကြည့်ကာ ပြောလိုက်လေ၏။

ခွန်ချို ခွန်သာတို့ညီအစ်ကိုမှာလည်း မယ်တော်အား ကြည့်၍ မျက်ရည်များ ဝဲလာကြ၏။

"ကဲ - သားတော်တို့ဘယ်လိုအခက်အခဲတွေဖြစ်နေလဲ၊ ဖေမည်းတော်ကူညီမယ်။ ဘာမှ - စိုးရိမ်စရာ မလိုဘူး"

ကိုးမြို့ရှင်ကိုယ်တော်ကြီးက ပြောလိုက်ရာ ခွန်ချို ခွန်သာတို့ညီအစ်ကိုမှာ မွေးစားဖခမည်းတော်၏ဦးခေါင်းကို မဖြတ်၊ မသတ်ရက်ကြ၍ အခက်အခဲတွေ့နေကြောင်း ပြောလိုက်ကြလေတော့၏။

ထိုအခါ - ကိုးမြို့ရှင် ကိုယ်တော်ကြီးက -

"သစ္စာကတိကို သားတော်တို့ မဖျက်ကြနဲ့"

ဟုဆိုကာ ကိုးမြို့ရှင် ကိုယ်တော်ကြီးသည် တစ်ခဏသစ္စာအဓိဋ္ဌာန် ပြုလိုက်ပြီးလျှင် ဦးခေါင်းကို ၎င်းကိုယ်တိုင်ဖြတ်ကာ ခွန်ချို ခွန်သာတို့ ညီအစ်တို့ကို ပေးလိုက်လေတော့၏။

ထို့နောက် - ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာလည်း ချက်ချင်း နတ်ဖြစ်သွားလေတော့၏။

=◈=

ခွန်ချို ခွန်သာတို့ညီအစ်ကိုသည် လွန်စွာမှ ဝမ်းနည်းကြေကွဲကာ မွေးစားခမည်းတော် ကိုးမြို့ရှင် ကိုယ်တော်ကြီးရဲ့ ဦးခေါင်းပြတ်ကြီးကို ယူဆောင်ကာ ငွေချိုတောင်၊ စကားဝါပင်ရိပ်သာစခန်း၌ စံတဲနန်းတွင် ခွန်ချို ခွန်သာတို့ အလာကို စောင့်နေရင်း အရက်သေစာဖြင့် သောက်စားပျော်ရွှင်နေသော ပိုလ်မှူးမင်းကျော်စွာ (ခေါ်) ဦးမင်းကျော်ထံသို့ ကိုးမြို့ရှင် ကိုယ်တော်ကြီး၏ ဦးခေါင်းပြတ်ကို ခွန်ချိုခွန်သာတို့ ညီအစ်ကိုက ဆက်သလိုက်ကြလေတော့၏။

ဦးမင်းကျော်နှင့် ဦးညိုကြီးတို့သည် ကြိုတင်စီမံ အကွက်ချထားသည့်အတိုင်း ခွန်ချို ခွန်သာတို့ညီအစ်ကိုကို ဖမ်းဆီးကာ ရက်ရက်စက်စက် သတ်ဖြတ်လိုက်ကြလေတော့၏။

ထို့နောက် ခွန်ချို ခွန်သာတို့ ညီအစ်ကိုသည် နတ်စိမ်းဖြစ်သွားကြလေ၏။

၁၂။ ထိုသို့ စွန့်ရှိုး စွန့်သာတို့မှာ အစိမ်းနတ် ဖြစ်သွားကြပြီးလျှင် ဝိုလ်မှူးမင်းကျော်စွာ (ခေါ်) ဦးမင်းကျော်ကို မကျေမနပ်ဖြစ်ကာ တလှဲ့စားရေသော အားဖြင့် ဦးမင်းကျော်တို့ စံမြန်းနေသော စံတဲနန်းရှိ စကားဝါပင်ကြီးကို လှဲ၍ လိုက်သည့်အခါ ဦးမင်းကျော်နှင့် ဦးညိုကြီးတို့ပါ သေဆုံးကာ နတ်များ ဖြစ်သွားကြလေတော့၏။

=◈=

ကိုးမြို့ရှင်ကိုယ်တော်ကြီးသည် နတ်ဘဝ၌ပင် နမတော်ပုလဲယဉ်ထံသို့ သွားရောက် ကြည့်ရှုရာ -

"အလိုလေးရော - ဒို့နမတော်လေးဟာ ဘုရွှေကြီးသား မောင်မောင် လတ်နဲ့ အိမ်ထောင်ကျပြီး သမီးတစ်ယောက်တောင် ရနေပါရောလား။ ရက်စက်လိုက်တာ နမတော်လေးရယ်"

ဟုဆိုကာ ယူကြုံးမရ အပူလုံးကြွကာ ဝေဒနာများ အပြင်းအထန် ခံစား နေရလေတော့၏။

"တောက်"

ဟုဆိုကာကိုးမြို့ရှင်ကိုယ်တော်ကြီးမှာလွန်စွာမှပေါက်ကွဲမှုများ ရုတ်ချည်း ဖြစ်ပေါ်လာပြန်၏။

"အစ်ကိုတစ်သက်၊ နမတော်သက် အိမ်ထောင်ဘက်မရှာဘဲ လူပျို အပျို ဘဝနဲ့ နေကြမယ်လို့ ကတိသစ္စာပြုထားရက်နဲ့ကတိသစ္စာဖျက်တဲ့နမတော် ပုလဲယဉ် - သင့်ကို ငါ လူ့ဘဝမှာ မထားဘူး။ ငါ့လို နတ်ဖြစ်အောင် သင့်ရဲ့ လိပ်ပြာကို နတ်ကာ ခေါ်သွားမယ်"

ဟုဆိုကာ ကိုးမြို့ရှင် ကိုယ်တော်ကြီးသည် နမတော် ပုလဲယဉ်၏ လိပ်ပြာ ကို နုတ်ယူလိုက်လေတော့၏။

=◈=

"အလို - ဝါဘယ်လိုဖြစ်ပါလိမ့်။ ခေါင်းတွေ မူးလိုက်တာ"

"အမယ်လေး - ကယ်ကြပါဦး။ ယဉ်ယဉ် ဘယ်လိုဖြစ်မှန်း မသိဘူး"

ဟု ဆိုကာ ပုလဲယဉ် အသက်ထွက်သွားပြီးလျှင် ဘဝပြောင်းကာ နတ်ဖြစ်သွားလေတော့၏။

"နမတော်လေး"

ဟု ခေါ်သံကြားလိုက်ရသဖြင့် အသံရှင်ကို ပုလဲယဉ်ကြည့်လိုက်သည့်အခါ -

"ဟင် - ကိုယ်တော်ကြီး။ ယဉ်ယဉ်ကို ဘယ်လို လုပ်လိုက်တာလဲ"

ဟု မေးလိုက်လေ၏။

"နမတော်က သစ္စာဂတိဖျက်တာကိုး။ ဒါကြောင့် ကိုယ်တော်ကြီးက နတ်ဖြစ်အောင် လုပ်လိုက်ရတာပဲ"

ဟု ကိုးပြိုရှင်ကိုယ်တော်ကြီးက ပြောလိုက်ရာ ပုလဲယဉ်က -

"ကိုယ်တော်ကြီးရယ် - ရက်စက်လိုက်တာ ယဉ်ယဉ် သမီးလေးနဲ့မခွဲနိုင်ဘူး။

ဟု ဆိုကာ ရှုံ့မဲ့ရှိုက်ကြွေးလေတော့၏။

ထို့နောက် ကိုးပြိုရှင်ကိုယ်တော်ကြီးမှာ နမိတော်ပုလဲယဉ်၏ ငိုကြွေးပူဆွေးနေသောအဖြစ်ကို မကြည့်ရက်၍ နမြစ်သူ ပုလဲယဉ်အား ကြောင်တစ်ကောင်အဖြစ် ဖန်ဆင်းလိုက်လေတော့၏။

ကြောင်ဖြစ်သွားသော ပုလဲယဉ်သည် အိပ်ပျော်နေသော သမီးလေး၏ ပုခက်အတွင်းသို့ ခုန်ချလိုက်သည့်အခါ သည်းသည်းလေးမှာ အထိတ်တလန့်ဖြစ်ကာ ရုတ်တရက် ဖွဲ့သေဆုံးသွားလေတော့၏။ သည်းသည်းလေးလည်း သေဆုံးသွားပြီးလျှင် နတ်စိမ်းဘဝသို့ ရောက်ရြေန်၏။

၎င်းကို အချို့က အသဲလေးဟု ခေါ်ကြ၏။

လယ်တောမှပြန်လာသောမောင်မောင်လတ်သည်အိမ်သို့ရောက်သည့်အခါ ဇနီးဖြစ်သူပုလဲယဉ်နှင့် သမီးဖြစ်သည့် သည်းသည်းလေးတို့မှာ သေဆုံး

နေသည်ကို တွေ့လိုက်ရသဖြင့် နလုံးကြေကွဲနာကျကာ မောင်မောင်လတ်လည်း ရုတ်တရက် ကောက်ခါငင်ခါ သေဆုံးသွားပြန်၏။

မောင်မောင်လတ် သေဆုံးသွားသည့်အခါ မောင်မောင်လတ်လည်း နတ်ဖြစ်လို့သွားပြန်၏။

ကိုးမြို့ရှင်ကိုယ်တော်ကြီး ဗိုလ်မှူးမင်းကျော်စွာ ပုလဲယည်၊ ခွန်ချိုချိုသာ၊ မောင်မောင်လတ်၊ သည်းသည်းလေးနှင့် ဦးညိုကြီးတို့ နတ်ဘဝသို့ ရောက်ရှိသွားကြသည့်အခါ -


ဓမည်းတော် မင်းကြီးမင်းလှစည် နတ်မင်းကြီးက သားတော်ကြီး ကိုးမြို့ရှင်ကိုလူအများဘေးအန္တရာယ်မကပ်ရောက်ရလေအောင်မြို့စောင့်အဖြစ် တာဝန်ပေးကာ ပုလဲယည်၊ မောင်မောင်လတ်၊ သ ည်းသည်းကလေး၊ ခွန်ချိုခွန်သာ နတ်တို့ကို ကိုးမြို့ရှင်ကိုယ်တော်ကြီး အခြွေအရံအဖြစ် နေထိုင်ကြရန် အမိန့်ချမှတ်လိုက်လေ၏။

ဗိုလ်မှူးမင်းကျော်စွာ(ခေါ်) ဦးမင်းကျော်မှာမူ သေဆုံးပြီးနောက် ၎င်းအပိုင်စားရထားသော ပခန်းမြို့မှာပင် အပိုင်းစားပေး၍ "ပခန်းဦးမင်းကျော်" ဟူ၍ အမည်တွင်လေ၏။

ဦးညိုကြီးမှာလည်း အရင်ကလိုပင် ဦးမင်းကျော်၏ လက်ရုံးတစ်ရာ ဘညိုကြီးဟူ၍ ဖြစ်လေတော့သတည်း။

→ ဘညိုကြီး

# ဝမ်းနည်းခြင်းမှတ်တမ်း



**ပန်းချီ အောင်စံမြင့် (ခ)**
**ဗိုလ်ကြီးအောင်မြင့် (ငြိမ်း)၊ ပုသိမ်**
**အသက် (၆၇) နှစ်**

ဆရာ ပန်းချီအောင်စံမြင့်သည် ရန်ကုန်မြို့ အမှတ် (၁၀/၄၆)၊ တပ်ကျောင်းလမ်း၊ ခဲဘော်ပေါင်းရပ်ကွက်၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ် နေအိမ်တွင် ၈-၁၀-၂၀၁၃ (အင်္ဂါ) နေ့ ည(၉း၂၀)နာရီ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် Quality Publishing House တအုပ်ဝိုက်မိသားစုနှင့် "ဂန္ထိရ" မဂ္ဂဇင်း အယ်ဒီတာအဖွဲ့မှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Quality တအုပ်ဝိုက် မိသားစုနှင့်
"ဂန္ထိရမဂ္ဂဇင်း" အယ်ဒီတာအဖွဲ့



# ကျိုးစားသန့် ရန့်ဖြစ်ရလိမ့်

ထံဝါးစွသို

"ထင်-တပ်-"

မင်းထွန်းအောင် ဆတ်ခနဲ နိုးလာသည်။ အိပ်ချင်မူးတူးနှင့် ကြားလိုက်ရသော အသံကို နားစွင့်မိ၏။

"ထင်-တပ်-ထင်"

"ဟင်- ဒီအသံ"

"တင်-တပ်-ထင်"

သူ့မျက်လုံးများလုံးလုံးလျားလျားကျယ်သွား၏။ သူ- ဖေါက်ခနဲ ထထိုင်လိုက်၏။

ဘောပင်အဖုံးကို လက်မနှင့် လက်ညှိုးညှပ်ကာ တွန်းတင်လိုက်၊ ပွင့်ထွက်လာသော အဖုံးကို လက်မနှင့်တစ်ဆက်တည်း ပြန်ပိတ်ချလိုက်လုပ်ရာမှ ထွက်ပေါ်လာသောအသံ။

ဒီအသံသည် မင်းထွန်းအောင်နှင့် ကောင်းစွာ ရင်းနှီးပြီး ဖြစ်၏။

"ထင်-တပ်"

သူ - သူ့ပတ်ဝန်းကျင်ကို အထိတ်တလန့်နှင့် မြူးတူးပြတဲ ဝေ့ကြည့်လိုက်သည်။ မရှိ၊ မည်သူမျှမရှိ။

ဘောပင်အဖုံး ဖွင့်ပိတ်သံကမူ တထပ်ထပ်နှင့် ဆက်တိုက်ထွက်ပေါ်နေ၏။ သူက အသံလာရာကို စူးစိုက်နားထောင်သည်။ အသံသည် သူ့အခန်းဝဆီမှဖြစ်သည်။ ပိတ်ထားသော အခန်းတံခါးကို သူလှမ်းကြည့်လိုက်၏။ တစ်စုံတစ်ယောက် လမ်းလျှောက်၍ဝင်လာရင်း တစ်ပါတည်းပါလာသကဲ့သို့အသံသည် သူ့ကုတင်ဆီသို့ တဖြည်းဖြည်း နီးကပ်လာလေသည်။

"အား"

သူ အလန့်တကြားနှင့် မတိုးမကျယ် အသံပြုလိုက်မိရင်း ကုတင်၏ တစ်ဖက်ခြမ်းသို့ ရုတ်လျက် ဆင်းရပ်လိုက်၏။ တစ်ပြိုင်တည်းပင် ဘောပင်ဖုံး ဖွင့်ပိတ်သံသည်လည်း သူ့ခုတင်၏ အခြားတစ်ဖက်ခြမ်း တစ်နေရာတည်း၌ ငြိမ်လျက် အသံထွက်ပေါ်နေတော့သည်။

မင်းထွန်းခေအာင်က အသံကြားရာဆီသို့ မျက်လုံးပြူးသားကြည့်ရင်း နောက်သို့ ထပ်ဆုတ်လိုက်မိ၏။

"အင့်"

သူ့ကျောသည် နောက်မှနံရံနှင့် ဆောင့်ကပ်မိသွားကာ အင့်ခနဲ ဖြစ်သွားသည်။ သူ့တွင် ထပ်၍ဆုတ်ရန် နေရာမရှိတော့။

သည်တွင် - သူက ခုတင်ခြေရင်းမှ ပတ်၍ ပြေးထွက်မည်ကြံရွယ်လိုက်၏။ သို့သော် - အသံသည် သူ သွားမည့်လမ်းသို့ ရောက်နှင့်လျက် ရှိတော့သည်။

"ထင် - တပ် - ထင် - တပ်"

အသံက သူ့အနီးသို့ ပို၍ပို၍ နီးကပ်လာသည်။ သူ မျက်လုံးပြူးမျက်ဆံပြူးဖြစ်နေစဉ်၊ အသံကြားရာနေရာတွင် အခိုးအငွေ့များက ရှပ်လုံးတစ်ခုနှယ် တဖြည်းဖြည်း ပေါ်ထွက်လာတော့၏။

အခိုးသည် မီးခိုးငွေ့များကြားမှ ထိုးထွက်လာသည့်နှယ် ဖြစ်နေသည်။

သူသည် တစစ ပီပြင်ထင်ရှားလာနေသော သဏ္ဍာန်ကို ကြက်သေသေလျက် ကြည့်နေမိစဉ်မှာပင် အခိုးအငွေ့များကြားမှ တစ်စုံတစ်ခုကို

တိုင်ထားဟန်ရှိနေသော အရွေးသဏ္ဌာန် လက်တစ်ဖက်က ရုတ်ခနဲ မြောက်တက်လာကာ သူ့ခေါင်းပေါ်သို့ ...

"ခုတ်"

"အား - အား"

မင်းထွန်းအောင်မှာ အော်ရင်းဟစ်ရင်း ထိတ်လန့်တကြား တွန်းတိုးရုန်းကန်လိုက်မိ၏။

"ဟင် - ငါ - ငါ"

သူ - အနည်းငယ် စိတ်သက်သာရာ ရသွားကာ သက်ပြင်းမောကြီးကို တင်းခနဲ ချမိသည်။

အိပ်မက် ...။

သည်လို အိပ်မက်မျိုးကို သူ - ဟိုနေ့ နောက်ပိုင်း မကြာခဏ မက်သည်။ မြင်မက်သည့်ပုံစံသာ ကွဲ၏။ သောာပင်အဆုံး ဖွင့်ပိတ်သ်က တထစ်ထစ်နှင့် သူ့ခေါင်းကို တစ်ပုံတစ်ရာဖြင့် စီးမိုးရိုက်ချခံလိုက်ရပုံက အိပ်မက်တိုင်းတွင် တစ်ထပ်တည်း။

ဒီအိပ်မက် မက်တိုင်း သူလည်း သည်နယ် အထိတ်တလန့် လန့်နိုးလာရသည်ချည်း။

သူသည် စိတ်ပျက်လွန်းလှစွာ ထရပ်လိုက်၏။ ဟိုရက်နောက်ပိုင်း ညစဉ်လိုလို ဒီလိုအိပ်မက်မျိုး မက်နေရသည့်ကြောင့် သူ အိပ်ရေးလည်းပျက်လှပြီ၊ စိတ်ထဲလည်း ရှောက်ရှားလွန်းနေပြီ။

သူ့အဖြစ်ကို ဟိုနှစ်ယောက်အားလည်း ဖွင့်မပြောရဲ၊ ဟိုနှစ်ယောက်က ဒါမျိုး လုံးဝအယုံအကြည်မရှိကြ။ အထူးသဖြင့် ကျော်အောင်မြင့်၊ မိုးဇော်က ယုံချင်ယုံဦးမည်၊ ကျော်အောင်မြင့်က သူ့ကို "ကြောက်" ဟုဟားမှာ သေချာသည်။

မင်းထွန်းအောင်မှာ စိတ်ရှုပ်ရှုပ်နှင့် သူ့ခေါင်းမှ ဆံပင်များကို လက်နှစ်ဖက် ထိုးဖွပစ်ရင်း -

မျက်မှောင်ကြီး အစေ့ကြုံ့ရင်း ခေါင်းတခါခါလုပ်ရင်း -သက်ပြင်း တဟင်းဟင်းထပ်ချမိလေသည်။

=◈=

"အမာညို - နင့်ပုံစံကလည်းဟာ"

"ဟီး - ဟီး"

မိုးဇော်၏ရယ်သံကြောင့်ကျော်အောင်မြင့်နှင့်မင်းထွန်းအောင်က ကျော ဘက်သို့လှည့်ကြည့်လိုက်သည်။ အမာညိုသည် သူမ၏လက်ထဲမှ ဒေါ်ဘယ်ပင် ကို သူမ၏ ထုံးစံအတိုင်း တထပ်ထပ်နှင့် ဖွင့်လိုက်ပိတ်လိုက်လုပ်ရင်း သူတို့ ထံ လျှောက်လာနေ၏။

"ဟဲ - ဟဲ"

"ဟင်း - ဟင်း - ဟင်း"

ကျော်အောင်မြင့်နှင့် မင်းထွန်းအောင်ပါ ရယ်မိကြ၏။

အမာညိုသည် အပေါ်က တီရှပ်မှပ အစိမ်းရောင်တောက်တောက်နှင့် အောက်တစကာဒ်က အနီပေါ်တွင် ရေမ်းရောင်အပွင့် အကြီးအသေးများပါ သော စကတ်ပွပွဖားဖားကြီးကိုတွဲ၍ဝတ်ဆင်ထား၏။ စကတ်အရှည်ကလည်း အပေါ်မရောက် အောက်မရောက် ခြေသလုံးအလယ်လောက်ကျော်၊ ခြေမျက်စိ အထက်သာသာဖြစ်သည်။

အပေါ်က တီရှပ်ကိုထိုစကတ်ပေါ်တွင် သည်အတိုင်း ဖားဖားကြီး ချထား သေး၏။ ထို့ကြောင့် သူမပုံစံမှာ အပေါ်မှအောက်ပွ ဖိုးရိုးဖားရားနှင့် မီးပုံးပျံ လိုလိုစည်ပိုင်းအဝတ်စွပ်ထားသလိုလိုဖြစ်နေရသည်။ ထိုအထဲ အရောင်အတွဲ အစပ်ကလည်း ကိုးရိုးကားရားနှိုးဖြင့်ရသူ ရယ်ချင်ပြုံးချင်စရာ အဆင်အမြင် ဖြစ်နေ၏။

အမာညိုကတော့ သူမ၏ စကတ်ဖားဖားကြီးနှင့် ပုဇောင်းလေတိုက်၍ လွင့်လာသလို ကားကားကြီး လျှောက်လာနေလေသည်။

"ဘာလည်း - နင်တို့က ဘာရယ်နေကြတာလဲ"

အမာညိုသည် သူမ၏ မျက်မှန်ကိုင်းထူထူထဲမှ မေးစင်းစင်းမျက်လုံး လေးကိုအစွမ်းကုန်ပြူးကြည့်ရင်း သူတို့အနားတွင်ရပ်ကာ အူကြောင်ကြောင် ပုံစံနှင့် မေးလိုက်သည်။

"ဟား - ဟား - ဟား"

"ဟီး - ဟီး"

သူမ ဝတ်စားထားသည့်ပုံစံနှင့် မျက်မှန်ထူအောက်မှ မျက်မေးလေးမြှူးကာ မေးနေသော သူမဟန်ကြောင့် သူတို့ပို၍ပွဲကျသွားရတော့၏။

ကျော်အောင်မြင့်က ရယ်နေသော မျက်နှာကို အမိုးသတ်ရင်း –

"နင်ကလည်းဟာ – ဟီး – ဟီး ဘယ်လိုကြီး ဝတ်လာတာလဲဟ"

"အံမာ – ငါဝတ်တာ ဘာဖြစ်နေလို့လဲ၊ ကြည့် – ငါ့စကတ်အဆင်ဘယ်လောက်လှလည်း ငါ့အရုပ်ကြိုက်တယ်၊ ဝယ်ထားတာတောင်မကြာသေးဘူး၊ သိလား – အသစ် – အသစ် – တွန်း"

"အဟဲ – အေးပါ – အေးပါ – အဆင်ကတော့ လှပါတယ်၊ ဒါပေမဲ့ဟာ နင်က အဲဒီစကတ်ဝတ်မယ်ဆိုလည်း အင်္ကျီကိုအခြားအရောင် ဝတ်မှပေါ့ဟ၊ နောက်ပြီး အောက်ကအပွဝတ်ရင် အပေါ်က (Fit) ဖြစ်တာ၊ ဟို – မပွတဲ့ ကိုယ်ကြပ်လိုမျိုး ဝတ်ရမှာမဟုတ်ဘူးလား၊ နင်က ပိန်းကလေးဖြစ်ပြီး ငါတို့ယောကျ်ားလေးတွေလောက်တောင် အမြင်မရှိဘူး၊ အဲဒါပြောတာဟဲ – ဟဲ"

"ဟဲ့ – ဟဲ့ အမာညို – ဟီး – ဟီး – ဟီး"

"အမာညို – ဟဲ – ဟဲ – ဟဲ"

အမာညိုသည် စာသင်ခန်းထဲသို့ စိတ်ဆိုးဟန်ဆိုးနှင့် ဝင်သွား၏။ သူတို့သုံးယောက်က လှမ်းပေါ်ရန် ကြိုးစားလိုက်သော်လည်း စတာမ်ဘားကြီးတဝဲဝဲအပေါ်တီရှပ်ပွရောင်းရောင်းကြီးနှင့် ထော်တော်ဆော်တော် လျှောက်သွားနေသော အမာညို၏ နောက်ပိုင်းပုံစံကိုကြည့်ကာ ရယ်ချင်လှသဖြင့် ဆက်မခေါ်နိုင်တော့ဘဲ ဟားမိကြတော့သည်။

သူတို့ သုံးယောက်နှင့်အမာညိုသည် အထည်ချုပ်စက်ရုံတစ်ရုံ၏ ဓမ္မတာရင်းဌာနမှ ဝန်ထမ်းများ ဖြစ်ကြ၏။

ကျော်အောင်မြင့်နှင့်အမာညိုမှာ တစ်ရပ်ကွက်တည်းသား ကျောင်းနေဘက်ငယ်သူငယ်ချင်းများဖြစ်ကြသည်။ ဆယ်တန်းအောင်ပြီးနောက် အမှတ်မကောင်းသောကြောင့် နှစ်ယောက်လုံးအဝေးသင်တက္ကသိုလ်လျှောက်ကာ အထည်ချုပ်စက်ရုံတွင် အတူအလုပ်ဝင်ခဲ့ကြသည်။

မိုးဇော်နှင့် မင်းထွန်းအောင်က အလုပ်ထဲရောက်မှ ခင်မင်ကြရသော သူငယ်ချင်းများဖြစ်သော်လည်း စိတ်တူကိုယ်တူရှိကြသဖြင့် လေးယောက်

သားမှာ ဝေယံသုဝယ်ရှင်းအဲရှင်းအရှာပမာ ခင်မင်သွားခဲ့ကြလေသည်။ လေး ယောက်လုံး အဝေးသင်တက္ကသိုလ်မှဝင်အဲ့ရှိ၏ ယခုညနေပိုင်း အင်္ဂလိပ် စကားပြောသင်တန်း တက်နေကြခြင်း ဖြစ်သည်။

အမာညိုသည် ရုပ်ရည်က သာမန်မျှဖြင့် ရုပ်ဆိုးသည့်အထဲမပါပါ။ အသား ဖြူသူဖြစ်သဖြင့် ကြည့်ရတော့ မဆိုးပါ။ သို့သော် – ပုံစံက တုံးလွန်းသည်ဆိုရ မည်လား။ ခေတ်ပိန်းကလေးများ ဝတ်စားဆင်ယင်သကဲ့သို့ တောင်းဘီရှည် ဝတ်လျှင် စတိုင်ဖောင်းဘီလည်းမကျ၊ ဂေါင်းနစ်အကျင်္ီလည်းမဟုတ်၊ ချင်းဘောင်းဘီပုံကျကျလည်း မဟုတ်သော တရုတ်မကြီးများ ဝတ်တတ်သည့် ခပ်ပွပွဘောင်းဘီမျိုး ဝတ်၏။

စကတ်ဝတ်ပြန်လျှင်လည်း ပုံကျပန်းကျ ကိုယ်လိုက်စကတ်မျိုး မဟုတ်ပြန်။ ပွရောင်းရောင်း ဖောင်းကားကားအရှည်က တိုမရောက် သည်မရောက်။ သမီး ကွားတားလည်း မဟုတ်၊ မိုးကွာတာလည်း မကျပုံစံမျိုး ဖြစ်၏။

ထဘီဝတ်တော့လည်း သည်နယ်၊ တောဆန်ဆန် ခပ်ပွပွ၊ အရှည်စကော စကာ ထဘီမျိုးဝတ်လေ့ရှိ၏။

အမာညိုကို ကြည့်လိုက်လျှင် ခေတ်အဝတ်အစား ဝတ်သည်ဆိုသော် လည်း ပုံစံကမကျ၊ ခပ်တုံးတုံး ပုံသာ ထွက်နေတော့သည်။ သည့်အထဲ မျက် မှန်က ကိုင်းထူထူ ပုံတုံးလေးတောင့်ကြီး တစ်ပြန်သည်။ ထိုမျက်မှန်ကြီး အောက်က မျက်လုံးခပ်မှေးမှေးလေးက အူကြောင်ကြောင်ပုံစံနှင့်၊ အသားဖြူ ၍သာ တော်ရောသည်။ အသားကသာ မည်းလျှင်ကား အတော်ရွတီးရွတ ကြည့်ရဆိုးမည့် ပုံစံ ဖြစ်တော့၏။

သူမသည် တာမန်ရုပ်ရည်နှင့် စတိုင်မကျ သားမကျ၊ လုံးဝ မလန်းသော ကောင်မလေး ဖြစ်သော်လည်း၊ မိုးသားအေးအေးဆေးဆေး နေတတ်သူဖြစ်သည်။ အနေအေးသူမို့ အပေါင်းအသင်းကလည်း မဆန်၊ စကားကလည်း နည်းပြီး ရာ ကျော်အောင်မြင့်ပင်လျှင် တစ်ရပ်တည်းသား ကျောင်းနေဖက်ဖြစ်၍သာ သူဝယ်ရှင်း ဖြစ်လာရ၏။ ကျော်အောင်မြင့်နှင့် ဆက်စပ်၍ မိုးဇော်နှင့်မင်းထွန်း အောင်ကို ခင်လာရသည်။ ရင်းအမြင် သူမတွင် အခြားသူဝယ်ရှင်းဟူ၍ သတ်

သတ်မှတ်မှတ် ဖြစ်ရာမရှိ၊ အခေါ်ယံ မေးထူးခေါ်ပြော လုပ်ဖော်ကိုင်ဖက်မျှ လောက်သာ ရှိရာလေသည်။ မိုးဇော်ကတဟားဟား ရယ်မော၍နေရာမှ –

"အမာညီတစ်ယောက်ကတော့ကွာ – သူ့မှာအမြင်မရှိလို့ပြောပြလည်း ခေါင်းကြောကမာသေး။ သူလုပ်ချင်ရာစွတ်လုပ်တာ။ ငါတို့ကယောက်ျားလေး တန်မယ့် သူ့ကို ဘယ်လို ဝတ်ရတာယ်၊ ဘယ်လို ပြင်ရတယ်နဲ့ ဘယ်လောက် သင်သင် အမာညီကတော့ ဒုံရင်းက ဒုံရင်းပဲ"

ဟား – ဟား – ဒီပုံ အတိုင်းဆို အမာညီတစ်ယောက် ဒီတစ်သက် ယောက်ျားမှ ရပါဦးမလားပဲ"

"ယူမယ့်ယောက်ျားက ထားပါဦး။ ကြိုက်မယ့်ဘဲတောင် ရှိပါ့မလား အရင်ပူပါဦးကွာ။ ဟား – ဟား"

မင်းထွန်းအောင် အပြောကြောင့် သူတို့ ရယ်ကြရ၏။

"အေး – ဟုတ်ပါရဲ့ ငါငယ်ငယ်ကတည်းက အမာညီနဲ့ ခင်လာတာ။ ခုထိ အမာညီ့ကို ကြိုက်တဲ့ယောက်ျားလေးရယ်လို့ တစ်ခါမှ မတွေ့ဖူးသေးဘူး။ ငါ့သူငယ်ချင်း သနားပါတယ်ကွာ။ ရည်းစားထားဖို့ မပြောနဲ့ ရည်းစားစာလေး တောင် ဖတ်ဖူးရှာမယ် မထင်ဘူးကွ။ ဟား – ဟား"

ကျော်အောင်မြင့်က ပြောရင်းရယ်ရင်း ဖျောက်ခနဲ လက်ဖျစ်တီးလိုက်၏။

"ဟာ – ဟုတ်ပြီ ၊ ငါအကြံရပြီ။ ငါတို့ အမာညီအတွက် ရင်ခုန်စရာလေး တွေ ဖန်တီးပေးကြရအောင်ကွ"

"ဟေ – ဘယ်လို ရင်ခုန်စရာလဲ မိုးကျော်ရ"

သူက မေးလိုက်သော မိုးဇော်ကို ပြုံးဖြီးဖြီး ကြည့်လိုက်ရင်း –

"ဟဲ – ဟဲ ငါ့အကြံကို မင်းတို့ကြားရင် လုံးဝသဘောကျသွားစေရမယ် ကွာ။ ဟဲ – ဟဲ အခီပဲ၊ လာ ငါ ပြောပြမယ်။ ငါတို့ လုပ်ရမှာက"

=◈=

"ကဲ – ငါ မပြောဘူးလား၊ လူတစ်ယောက်မှတောင် မရောက်သေးဘူး။ တွေ့လား။ သင်တန်းက ခါတိုင်း အချိန်ပါပဲဆို နင်တို့သုံးယောက်က ဒီနေ့

နာရီဝက်စောသင်မယ်ရှည်းစ်ငြင်းနေကြတယ်။ နင်တို့လုပ်တာနဲ့ငါ့မှာ မမီမှာ စိုးလို့ ဘာမှတော့ စားမလာရဘူး။ ဟင်း - အမာညိုက စာသင်ခန်းအဝမှ အထဲသို့ လှမ်းကြည့်ရင်း ကျေမနပ် ပြောလိုက်သည်"

"အေးဟ - ငါတို့ပဲ နားကြားလွဲသွားလား တစ်ခုခု မှားမှတ်မိတာလား။ မပြောတတ်တော့ပါဘူး။ ကဲပါ - အမာညိုရာစိတ်မဆိုးပါနဲ့။ ငါတို့က နောက်ကျ မှာစိုးလို့ဟာကို နင် ဘာမှ မစားရသေးရင်လည်း ငါတို့အမှားနဲ့ငါတို့ ကျွေးရ မှာပေါ့။ သွား - စာအုပ်တွေ သွားထားပြီး ပြန်ထွက်ခဲ့။ ငါတို့ အပြင်မှာ စောင့် နေမယ်"

ကျော်အောင်မြင့်ကို မကြည့်တကြည့် မျက်စောင်းထိုးလိုက်ကာ အမာ ညိုက အခန်းထဲဝင်သွား၏။ ကျော်အောင်မြင့်တို့ သုံးယောက်သား ပြုံးဖြဲဖြဲ နှင့် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကာ မှန်ပြတင်းတံခါး တစ်ဖက် တစ်ချက်သို့ ပြေးကပ်လိုက်ပြီး အတွင်းသို့ ချောင်းကြည့်လိုက်ကြသည်။

အမာညိုသည် နောက်ဖက်ကျကျရှိ သူမထိုင်ရာခုံတန်းသို့ လျှောက် သွားလျက် လက်ထဲမှ စာအုပ်များကိုထည့်ရန် ခုံစောင်းအား မဖွင့်လိုက်၏။

"ဟင်"

သူမ၏ အာမေဋိတ်သံကို ကြားရသည်။

သူမက ခုံစောင်းတွင်းမှ တစ်စုံတစ်ရာကို တအံ့တဩဟန်နှင့် ထုတ်ယူ လိုက်၏။ လှပသော အနီရောင်နှင်းဆီ လက်ဆောင်ပန်းစည်းငယ်ဖြစ်သည်။

သူမသည် ပန်းစည်းကို လက်တစ်ဖက်နှင့် ကိုင်ထားရင်း ငြိမ်သက်နေ သည်။

ကျော်အောင်မြင့်တို့ရှိရာ ပြတင်းဆီမှ သူမ ရပ်နေရာ ခုံစောင်းနေရာသို့ ရှေ့ဘက်ခပ်စောင်းစောင်းမြင်ကွင်းဖြစ်သော်လည်း သူမ၏မျက်နှာကိုကောင်း စွာ မြင်နေရ၏။

အမာညို၏ မျက်နှာသည် အံ့ဩမှင်တက်နေဟန် အထင်းသား ရှိနေ သည်။

သူမက ပန်းစည်း၏ ခေါင်းတွင် တွဲချည်ထားသော ကတ်ပြားငယ်မှ စာကို ကျန်လက်တစ်ဖက်ဖြင့် ကိုင်ကာ ဖတ်လိုက်၏။

"ဟာဇ်"

မိုးဇော်ထံမှ ကြိတ်ရယ်သံတိုးတိုးထွက်လာသည်။ ကျော်အောင်မြင့်က နှုတ်ခမ်းတွင် လက်ညှိုးထောင်ကာပြလျက် တိတ်တိတ်နေရန် အချက်ပြလိုက်၏။

အမာညိုသည် ကတ်ပြားပေါ်မှ စာကို နှုတ်ခမ်းလေးတလှုပ်လှုပ်ဖြင့် ဖတ်ရင်း အခန်းပြင်ဆီသို့ မလုံမလဲ လှမ်းကြည့်လိုက်ဟန်ကြောင့် ကျော်အောင်မြင့်တို့မှာ ပြ[illegible]ကဲကြည့်နေသော မျက်နှာကို ကွယ်ကာလိုက်ရ၏။ ခဏအကြာ အသာပြန်ချောင်းကြည့်ကြပြန်သည်။

အမာညိုမှာ အသားဖြူသူဖြစ်သော်လည်း ယခုမူ သူမ၏ မျက်နှာသည် ပကတိ နီရဲနေလေသည်။

"ဟီး - ဟီး - အမာညို ရှက်နေပြီကွ။ မျက်နှာကြီး ရဲနေတာပဲ။ ဟဲ - ဟဲ"

ကျော်အောင်မြင့်က တီးတိုးဆိုသည်။

အမာညိုသည် ကတ်ပြားကို ထပ်ခေါက် ပြန်ဖတ်နေသည်ကို တွေ့ရသည်။

"ငါ - ငါ - ငါ လုပ်တာကွ ငါ။ တွေ့လား - အမာညို ကြွေသွားပြီ"

မိုးဇော်၏ မျက်နှာတပင့်ပင့် လက်မထောင်ထောင်နှင့် ပြုံးစိစိပြောဟန်ကြောင့် မိုးဇော်၏လက်ရာကျောစာသားလေးကို မြင်ယောင်ရင်း ကျော်အောင်မြင့်တို့မှာ ကြိတ်ရယ်မိကြတော့သည်။

"မင်းနှလုံးသားရေမှာကန်၊ ချစ်နှင်းဆီ အရောက်ပို့လို့ - တို့ ဒူးထောက်ပါရစေ မာ - ဧယျာ - တဲ့"

အမာညိုသည် ဘေးပတ်ဝန်းကျင်သို့ ထပ်မံ၍ ရှက်ကိုးရှက်ကန်း ခဝ့်ကြည့်လိုက်ပြီး ပန်းစည်းလေးကို စုံစောင်းအတွင်း ညင်ညင်သာသာ ပြန်ရှထားလိုက်သည်ကို တွေ့ရ၏။ စုံစောင်းပေါ်တွင် ရှထားသော သူမ၏ စာအုပ်များကိုပါ စုံတွင်းထည့်ပြီး အဖုံးကို ပြန်ပိတ်လိုက်သည်။

"လစ်ဗို"

ကျော်အောင်မြင့်တို့ သုံးယောက်သား ပြတင်းမှ တမန်းကုတ်တန်းစွာကာ လှေခါးဆီ ခပ်သုတ်သုတ် ပြေးသွားကြသည်။ လှေခါးအနီးဝရန်တာတွင် မှီရပ်ရင်း အမာညိုကို စောင့်နေလိုက်ကြ၏။

အမာညှိသည် အခန်းတွင်းမှ ထွက်လာပြီး သူတို့ရှိရာ လျှောက်လာနေသည်။ နဂိုရှိနေသော သူမ၏ ဟန်ပန်နှင့်မျက်နှာမှာ ပန်းစည်းယသက်ကြောင့် မှိုတိုင်းရုန့်တန် ဖြစ်နေဟန်က သိသာစွာ ထင်ဟပ်နေတော့သည်။

"နင် - နင်တို့က ဘာကြည့်နေကြတာလဲ"

သူမကို ပြူးကြည့်နေသော သူတို့အား အမာညှိက အိုးမလုံ အုံပွင့်ဆိုသည်။

"ဘာလဲဟ - ငါတို့က ဘာကြည့်ရမှာလည်း နင့်ကိုစောင့်နေတာလေ"

မင်းထွန်းအောင်က ခပ်တည်တည် ပြန်ပြောရင်း လှေကားမှ ဦးဆောင်ဆင်းသွား၏။ အမာညှိသည် သူတို့နှင့်အတူ လိုက်ဆင်းလာရင်း တစ်စုံတစ်ရာကို သတိရသွားဟန်နှင့် -

"ကြော် - ဟဲ့ - ဟို သင်တန်းပြီးရင် ငါ့ကို မစောင့်နဲ့တော့ ငါ သွားစရာရှိသေးလို့ နင်တို့ပြန်နှင့်ကြ"

"နင်က ဘယ်သွားစရာ ရှိလို့လည်း ငါတို့ လိုက်ခဲ့ပေးမယ်လေ"

"အို - ဟင့်အင်း - မလိုက်နဲ့၊ အဲ - ဟို - ငါ့ဘာသာပဲ သွားလိုက်တော့မယ်"

တျော့အောင်မြင့်စကားကို အထိတ်တလန့် ငြင်းလိုက်သော အမာညှိဟန်ကို ကြည့်ကာ သူတို့တစ်ဖက်လှည့်၍ ပြုံးမိသွားကြ၏။ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်ရင်း ရယ်ချင်စိတ်ကို ဖိနှိပ်ထားလိုက်ကြရလေသည်။

အမာညှိသည် သူမတစ်သက်မှာ တစ်ခါရဖူးသော ပန်းစည်းလေးကို သူတို့မမြင်အောင် ယူသွားရှာမည် မဟုတ်လား။

=◈=

မိုးဇော်အတော်ကို စိတ်ညစ်နေပြီ။

ဒီရက်ပိုင်း သူသွားရာနောက် တထပ်ထပ် အသံကြားနေရသလိုထင်၏။ ဘောပင်အဖုံးကို ဖွင့်လိုက်ပိတ်လိုက် လုပ်နေသောအသံ။

သူသည် တစ်စုံတစ်ရာသော မြင်ကွင်းကို မြင်ယောင်လာမိကာ ဆတ်ခနဲတုန်သွားသည်။ ခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်ရင်း မျက်လုံးစုံမှိတ်ထား

ထိုအမြင်အာရုံကိုပျောက်သွားအောင် သူကြိုးစားဖျောက်လိုက်သည်။ သို့သော် ပုံရိပ်တို့သည် စိတ်ထားသောမျက်နှာတို့ ထိုးဖောက်လျက် အဝေးလွှင့်မြင် တွင် ထင်ဟပ်နေဆဲရှိတော့သည်။

ဟိုနေ့နောက်ပိုင်းကစ၍ ထူးဆန်းသော အမြင်တို့ သူကြုံခဲ့ခြင်းဖြစ်၏။ သူသွားလေရာနောက်က တစ်စုံတစ်ယောက် လိုက်နေသည့်နှယ် ကျောချမ်းလုံ သလို ခံစားနေရသည်။ အိပ်တော့လည်း အိပ်မက်ဆိုးများနှင့် သူ အလန့် တကြား နိုးနိုးလာရ၏။

ဝနောင့်ဝနင်း ခံစားနေရသော သူ့အဖြစ်ကို ကျော်အောင်မြင့်နှင့် မင်းထွန်း အောင်တို့အား ပြောပြရကောင်းမလားဟု သူတွေးမိသည်။ ထိုတော့ ဟော ကျိုးတန်မယ့် စိတ်က မြောက်လျက် ကြောက်နေရသလားဟု ဒီကောင်တွေ ဝိုင်းဟားမှာ သူရှက်၍ မပြောဖြစ်။

ဟိုနှစ်ကောင်ကတော့ ဘာမျှ ပြောသံ မကြားရ။ သူတို့မှာ သူ့လို ဖြစ်ဟန် မရှိထင်သည်။ သို့ကြောင့်လည်း သူ့ကို ဝိုင်းလှောင်မည်စိုးကာ သူမ မပြောဖြစ် ခဲ့ခြင်း ဖြစ်ပါ၏။

ယနေ့ သူ့ရှာနခွဲက စာရင်းတွေ မပြီးသေး၍ အချိန်ပိုဆင်းရသည်ကြောင့် သူ အပြန်နောက်ကျနေသည်။ ကျော်အောင်မြင့်နှင့်မင်းထွန်းအောင်တို့ဌာန က အိုဗာတိုင်မရှိ၍ ပြန်သွားနှင့်ကြပြီ။ သူ့ရုံးခေါင်ရှိက လမ်းထိပ်တွင် ရုံးပေးခဲ့ရာ လမ်းထိပ်မှ သူ့အိမ်ရှိရာ လမ်းသွယ်ထိ ဆယ်မိနစ်ခန့် လျှောက်ရလေသည်။

ညရှစ်နာရီခွဲပြီးပြီမို့ လမ်းသွယ်ထဲတွင် လူသွားလူလာ ကျဲသွားပြီဖြစ်၏။ စိတ်က အလိုလို ခြောက်ခြားနေရသည့်အထဲ ခေါင်းပင်စုံးမွှင့်ဝိစဝ်သံအား အထင်လိုလို အကယ်လိုလို ကြားသောင်နေမိခြင်းကြောင့် ပို၍ လန့်နေမိတော့ သည်။

"ထင် - တင် - ထင် - တင်"

"အမလေး"

သူ လန့်အော်လိုက်မိ၏။ အရင်က အထင်မှုဟုသာ တွေးခဲ့သော်လည်း ယခုမူ အမှန်တကယ် ကြားလိုက်ရသလိုရှိ၍ လန့်သွားခြင်းဖြစ်လေသည်။ သူ နားစွင့်ကြည့်လိုက်သည်။ တိတ်နေ၏။

"ဟာ - မဟုတ်ပါဘူး။ ငါ စိတ်ထင်နေတာပဲ ဖြစ်မှာ"

သူ စိတ်တင်းလိုက်သည်။ အိမ်သို့ အမြန်ရောက်လိုစောနှင့် ခြေလှမ်းသွက်သွက် လှမ်းလိုက်၏။

"ထင် - တင် - ထင် - တင် - "

"ဘုရား"

သူ့ရှေ့သယ်ဘက် ဝင်းနီးနီး သစ်ပင်အုပ်ဆီမှ ထွက်လာသည့် ထင်ရသောအသံကြောင့် သူ ခေါင်းနားပန်းကြီးသွားသည်။ သူက ထိုအမှောင်ရိပ်ကို မမြင်ရအောင် ခေါင်းအတွင်းသားငုံကာ အပြေးတစ်ပိုင်း လျှောက်ဖြတ်လိုက်၏။

"ထင် - တင်"

သူ့အနား အနီးကပ်၍ အသံကို ထပ်ကြားလိုက်ရခြင်းကြောင့် သူ ထိတ်လန့်တကြား မော်ကြည့်လိုက်မိ၏။

သူနှင့်မလှမ်းမကမ်းတွင် ရပ်နေဟန်ရှိသော အနိုင်ဖြူဖြူလို သဏ္ဍာန်ကြီးကို ခြုံး ခနဲ သူ မြင်လိုက်ရသည်။

"အား - အား - မဟုတ်ဘူး"

နီးစေဝင်မျက်လုံးများ ပြူးဝေသွားပြီး ကြောက်ကြောက်နှင့် အော်မိလျက် လှမ်းမြင်နေရပြီဖြစ်သော သူ့အိမ်ဆီသို့ သူ ကမူးရှူးထိုး ပြေးမိလေတော့သည်။

=◈=

"ဟား - ဟား - ဟား ကျော်အောင်မြင့်၊ မင်း အမောညှိုဖြစ်သွားတဲ့ မျက်နှာကို မြင်လိုက်တယ်မှလား ဟား - ဟား - ဒီလိုလေး - ဒီလိုလေး"

မင်းထွန်းအောင်က တဲမြဲခေါင်တွင် ရှုထားသော တအုပ်များမှ တစ်အုပ်ကို တပုတယ်ဖြင့် ညင်သာစွာ ကောက်ယူလိုက်ဟန်ပြုသည်။ တအုပ်ကို လှည့်ပတ်ကြည့်ဟန်လုပ်ပြသည်။ နောက် - မျက်နှာကို စပ်ဖြည်းဖြည်း အပေါ် မော့၊ မျက်လုံးမေးဝင်းလျက် တအုပ်ကို လက်နှစ်ဖက်ဖြင့်မြှောက်ကာ ရင်နှင့် တပ်ထားလိုက်၏။

မိုးဇေဝင်နှင့်ကျော်အောင်မြင့်မှာ မင်းထွန်းအောင်၏ သဏ္ဍာန်လုပ် သရုပ်ဆောင်ပုံ လှုပ်ရှားသော အမူအရာကို ကြည့်ကာ အရယ်မရပ်နိုင်တော့ -

သူတို့၏စိတ်မျက်လုံးထဲတွင် သရုပ်ဆောင်ပြနေသော မင်းထွန်းအောင်ကို မမြင်၊ မိုးဇော်က ဖေယျာအနေနှင့်ဝိုလိုက်သော ချောကလက်ဘူးနှင့် ပို့စကတ်ကို ရင်တွင်အပ်ကာ ခေါင်းလေးမော့လျက် ရှက်ပြုံး ပီတိပြုံးဖြင့် ချစ်ဆိပ်ဖြာနေဟန် အမာညီအသွင်ကို မြင်ယောင်နေမိကြ၏။

ချစ်စကားကြားရဖို့ထား၍ ရည်းစားစာဖလေးမျှပင် မဖတ်ဘူးခဲ့ရှာသော အပျိုရိုင်းလေးအမာညီသည် အသဲကိုခြားစိုက်နေဟန် ပန်းရိုပုံပါသည့် ချစ်သဝဏ်လွှာများကြောင့် ရင်အကြီးအကျယ် ခုန်နေရှာသည်။

သူမကို လောင်မည်စိုး၍ သူငယ်ချင်းများကိုလည်း မပြောခဲ့၊ တကြိတ်ကြိတ်နှင့်အယောင်ယောင်အမှားမှားဖြစ်နေသည့်အမာညီအဖြစ်ကိုသူတို့က ရှေ့တွင် မသိဟန်ဆောင်နေရင်း နောက်ကွယ်ကျမှ အူတက်မတတ် ရယ်ကြရသည်။

"မင်းထွန်း - ဒီတစ်ခါ မင်းအလှည့် မင်းက အသံတု ပြောတတ်တော့ ဖိုအစီအစဉ်အတိုင်း အမာညီဆီ ဖုန်းဆက်တဲ့အပိုင်းပေတော့"

မင်းထွန်းအောင်က ရယ်လျက် ခေါင်းညိတ်သည်။

အမာညီတို့ တိုက်ခန်းရှေ့ ဝတိုင်းဆိုင်မှ တစ်ဆင့်ခေါ်ဖုန်းကို သူ လှမ်းဆက်ကာ ဖေယျာအနေနှင့် ကြူရမည် ဖြစ်၏။

"ဒီညစ မယ်လေ - မင်းတို့လည်း ငါ့အမာညီဆီ ဖုန်းဆက်ကြူပြီးမှ ပြန်ကြပေါ့"

"ဟား - ဟား - အမာညီတော့ ဘယ်လောက် ရင်တုန်နေမလဲ ဟား - ဟား"

သူတို့က သူတို့ ဖန်ဆင်းထားသော ဇာတ်ကောင်ဖေယျာအနေနှင့် အမာညီထံ စာတစ်လှည့်၊ ပန်းစည်းတစ်လှည့်၊ ချောကလက်၊ ပို့စကတ်စသည်ဖြင့် လက်ဆောင်တစ်လှည့် ပို့ခဲ့ကြသည်။ ခု အသက်အရွယ်ထိ မကြုံဖူးခဲ့သော အမာညီသည် ဖေယျာအား သူမကိုစိတ်ဝင်စားနေသူဟု တကယ်ယုံကြည်နေပြီဖြစ်ရာ သူတို့က တစ်ဆင့်တက်ကာ ဖုန်းဆက်ရန် စီစဉ်ထားခြင်းဖြစ်လေသည်။

မင်းထွန်းအောင်က အသံတုပြောနိုင်သူဖြစ်၍ ဖုန်းထဲတွင် ဖေယျာအနေနှင့် အမာညီအား ချစ်စကားဆိုမည်။

မမျှော်လင့်ပဲ စေယျာထဲမှ ခုန်းဝင်လာသဖြင့် ရင်တုန်ပန်းတုန်ဖြစ်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေမည့် အမာညီ့သဏ္ဍာန်ကို မြင်မြင်ချင်းယောင် ကာ သူတို့ အခွေနှင့်ပင် ရယ်မိကြတော့သည်။

"ကျော်အောင်မြင့်"

အမာညီ၏ ခပ်တိုးတိုးခေါ်သံကြောင့် ကျော်အောင်မြင့်က အမာညီ့ကို လှမ်းကြည့်လိုက်သည်။ အမာညီက သူ့နာမည်ကို ခေါ်လိုက်သော်လည်း နှုတ်မှာမူ စကားသံ ထွက်မလာ။ သူမ ပုံစံသည် ဝေခွဲမရဟန်နှင့် မရဲတရဲ ဖြစ်နေ၏။

"ဘာလဲဟာ - ခေါ်တော့ ခေါ်ပြီး ဘာပြောမလို့လဲ"

"ဟို - ကျော်အောင်မြင့် ငါ - ငါ"

သူမ မျက်နှာတွင် သွေးရောင်လျှမ်းသွားပြီး စကားကို ဆုံးအောင်မပြော ဘဲ ရပ်သွားပြန်၏။

"ဟာ - နင်ကလည်း ဘာမှန်း မသိဘူး၊ တယ်ဟုတ်ပါ့နဲ့"

အမာညီက မျက်လုံးမေးလေး ပေကလပ်ပေကလပ်လုပ်ရင်း မျက်နှာအရဲ သားဖြင့် -

"ဟို - အဲ - အင် - ဘာမှ - မဟုတ်ပါဘူးဟာ"

ထစ်အထစ်အနှင့် စကားကို လျှော့ချလိုက်သော အမာညီ့ပုံစံကြောင့် ကျော်အောင်မြင့်က စိတ်မရှည်ဖြစ်တာ အောင်လိုက်မည်ဖြစ်ပြီးမှ တစ်စုံ တစ်ခုကို တွေးမိရင်း -

"ဟာ - နင်က ပြောလိုက်ပြီးမှတော့ မရဘူး၊ ပြော - နင် - ဘာပြောမလို့ လဲ"

အမာညီက သူ့ကို ငြိမ်လျက် စကြည့်နေသည်။

"နင်ကလည်း - ခဲခဲပြောပါဟ၊ သူငယ်ချင်းတွေပဲဥစ္စာ"

သူ့တွန်းစကားကြောင့် အမာညီက ခဲလာဟန်နှင့် -

"ငါ - ငါ - နင့်ကို တိုင်ပင်စရာရှိလို့"

"အေး - ပြောလေ ဟောဟိုမှာ ဖိုးဇော်တို့တောင် လာကြပြီ၊ ပော့ကောင် တွေ - မြန်မြန်လာ ဒီမှာ - အမာညီက တိုင်ပင်စရာရှိလို့တဲ့"

"ဟဲ့ - ဟဲ့ ကျော်အောင်မြင့် - နင်"

အမာညို တားချိန်မရလိုက်။ ကျော်အောင်မြင့်က လှမ်းခေါ်သဖြင့် မိုးဇော်နှင့် မင်းထွန်းအောင်က အနားသို့ သုတ်ခနဲရောက်လာ၏။

"ဘာဖြစ်လို့လည်း - အမာညို"

မိုးဇော်က မေးသည်။ အမာညိုမှာ မှိုတိုးရှုံ့တန့်ဖြစ်နေရာ ကျော်အောင်မြင့်က အမာညိုမမြင်အောင် မိုးဇော်တို့ကို မျက်ရိပ်ပြရင်း ထပ်မဲတွန်းရပြန်သည်။

"နင့်ကြည့်ရတာ ရှက်ကိုးရှက်ကန်း ပုံစံနဲ့ ဘာဖြစ်နေတာလည်းဟ။ နင် - ငါတို့ သူငယ်ချင်းအရင်းခေါက်ခေါက်တွေမှ မပြောရင် ဘယ်သူ့ပြောမလဲ။ ပြောစရာရှိတာ ပြောစမ်းပါ အမာညိုရယ်။ ငါတို့ ကူနိုင်တာရှိရင် ကူမှာပေါ့"

အမာညိုက အားလုံးကို မလုံမလဲ ကြည့်လိုက်ရင်း -

"ငါ - နင်တို့ကို တိုင်ပင်စရာရှိလို့"

"အေး - ပြောလေ - အမာညိုရ"

မင်းထွန်းအောင်ကပါ ထောက်ပေးသည်။

"ငါ - ငါ့ကို လူတစ်ယောက် လိုက်နေလို့"

ကျော်အောင်မြင့်တို့သုံးယောက်သားတစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါ ဖျတ်ခနဲ ကြည့်သည်။

"ဟင် - လူတစ်ယောက်လိုက်နေလို့။ ဘာ - ဘာဖြစ်လို့လိုက်တာလဲ။ နင့်ကို ခြေရာခံလိုက်ရအောင် နင်က ဘာတွေ လုပ်ထားလို့လည်းဟ" မိုးဇော်က မသိဟန်ဆောင်ကာ စပ်တည်တည်နောက်သည်။

"ဟာ - မိုးဇော်ကလည်း။ အဲလို လိုက်တာပြောတာ မဟုတ်ဘူး။ ဟို ငါ့ကို လူတစ်ယောက်က ကြိုက် - ကြိုက်လို့လိုက်တာကို ပြောတာ"

"အော်"

"အော်"

မိုးဇော်နှင့်မင်းထွန်းအောင်က မှင်သေသေဖြင့် မျက်လုံးအပြူးသား လုပ်လျက် အံ့ဩဟန်ပြုလိုက်ပုံကြောင့် ကျော်အောင်မြင့်မှာ တစ်ဖက်လှည့်ကာ ကြိတ်ရယ်ရလေသည်။

"တို - သူ - သူ့နာမည်က - ဖေယျာတဲ့"

အမာညိုက ဆက်ပြောသည်။ သူမ၏ မှတ်စုစာအုပ်ထဲတွင် နှင်းဆီပန်းစည်း လာထည့်ထားပုံမှစ၍ စာများ ရေးကာလက်နှင့်ပို့စကတ်များ၊ လက်ဆောင်ပန်းများ၊ မကြာခဏလိုပို့လာပုံနှင့် ဖေယျာဖုန်းဆက်လာသည်အထိ ခပ်ရှက်ရှက်ဟန်နှင့် ပြောပြနေသည်။

"အင်း - ဒီလောက် ဖွဲကောင်းတောင်းနဲ့ တကူးတက လက်ဆောင်တွေ ပို့နေပုံထောက်ရင် နှင်းကို တကယ်ချစ်တာပဲ ဖြစ်မယ်ဟ"

ကျော်အောင်မြင့်အပေါ်ကို မိုးဇော်က ဆက်ပို့သည်။

"အေး - ဟုတ်တယ် - တော်ရုံနဲ့တော့ ဒီလို ကရိကထများတာတွေ လုပ်မှာမဟုတ်ဘူး။ ငါတို့ဆိုလည်း ကိုယ်တကယ် မကြိုက်ပဲတော့ ဒီလို ငွေကုန်ခံ လက်ဆောင်တွေ ဝယ်ပါဦး၊ ကောင်မလေးဆီပို့ပါဦး၊ ဒါမျိုးတွေ အလုပ်ရှုပ်ခံပြီး မလုပ်နိုင်ဘူးကွ"

"ဟုတ်တယ် - ဟုတ်တယ် ဒီလိုတွေလုပ်တယ်ဆိုမှတော့ နှင်းကိုတကယ် ချစ်တာ ဖြစ်ရမယ်"

မင်းထွန်းအောင်က အရောက်ပို့သည်။ ဆက်၍ -

"ဒါနဲ့ - နှင်း - အဲဒီ - ဖေယျာဆိုတာနဲ့ရော တွေ့ပြီးပြီလား"

"ဟင့်အင်း - ငါတို့ ဖုန်းပဲ ပြောဖူးသေးတာ၊ တွေ့တော့ မတွေ့ဖူးသေးဘူး"

"တာ - နှင်းကလည်း တွေ့ကြည့်လေဟာ ရုပ်ကရော တွေ့နဲ့ မပြောဘူးလား"

"သူက ပြောတယ် ငါက ငါက မတွေ့ရဲလို့။ ဒါကြောင့် - တွေ့ရကောင်း မလား၊ နှင်းတို့ကို ခု တိုင်ပင်ကြည့်တာ မင်းထွန်းရဲ့"

"တွေ့သင့်တာပေါ့ဟ - အဲမှ နှင်း ဘာလုပ်ရမလဲ သိမှာပေါ့"

"နှင်းတို့ ဖုန်းပြောနေတာပဲ သူ့အခြေအနေ မခန့်မှန်းမိဘူးလား"

အမာညိုက ချတ်ခံမေးလိုက်သော ကျော်အောင်မြင့်ကို လှမ်းကြည့် ရင်း -

"အင်း - လူကတော့ လူကောင်းပဲနဲ့တူတာပဲ၊ သူက ကုမ္ပဏီမှာလုပ်တာ တဲ့၊ ငါ့ကို သင်တန်းလာတက်တော့ တွေ့ပြီး စိတ်ဝင်စားခဲ့တာ၊ ငါ့ကို ကို

အရမ်းချစ် - ချစ်တယ်တဲ့။ သူကဝါ့အကြိုက် - ငါ့အကြောင်းအားလုံး လေ့လာထားတာ။ ငါနဲ့ စိတ်သဘောထားချင်းလည်း ညီတယ်"

သိမှာပေါ့ ညီမှာပေါ့။ ဗေယျာက ငါတို့ဆွဲတဲ့ဇာတ်ကောင်ပဲဟာ။ သူတို့ကြိတ်ပြုံးမိကြပြန်သည်။ ကျော်အောင်မြင့်က မျက်နှာပိုးသတ်ကာမေးလိုက်သည်။

"နင် - သဘောကရော"

"အင် - ငါတို့ ဖုန်းပြောတာလည်း သုံးလလောက် ရှိပြီဆိုတော့ ဟိုသံယောဇဉ်တော့ ဖြစ် ဖြစ်မိတယ်။ အဲဒါ - လူတွေ့ကြည့်ပြီး လက်ခံသင့်ရင်လက်ခံမလားလို့"

ရှက်သွေးဖြင့် မျက်နှာကြီးရဲကာ ခေါင်းငုံ့နေတာ အမာညီ့ကိုကြည့်ရင်း ကျော်အောင်မြင့်တို့ ရယ်ချင်စိတ်ကို မနည်းအောင့်ထားကြရလေသည်။

"အေး - ကောင်းတယ်၊ ဒီတစ်ခါ ဖုန်းဆက်တော့ ချိန်းပြီး တွေ့ကြည့်ပေါ့"

=◈=

"အမာညီ - ရောက်နေပြီကွ"

ကျော်အောင်မြင့်က ဆိုင်အတွင်းသို့ လှမ်းကြည့်ပြီး ပြောလိုက်သည်။

အမာညီသည် သူတို့၏ တိုက်တွန်းမှုဖြင့် ဗေယျာနှင့်တွေ့ရန် ချိန်းဆိုထားခြင်း ဖြစ်၏။ မင်းတွန်းအောင်က ဗေယျာအမည်သုံးကာ အမာညီနှင့်နေ့စဉ် အသံပြောင်းပြီး ဖုန်းပြောခဲ့ရာ အမာညီက မသိ။ ဗေယျာတုသာ သိရှာလေသည်။

သူတို့သုံးယောက်သည် အမာညီ့ကို ကျီစားနောက်ပြောင်ပြီး ဗေယျာဇာတ်လမ်းကို ဖန်တီးခဲ့၏။ အမှန်တကယ် မှတ်ထင်နေသော အမာညီမှာ ဗေယျာဆိုသူနှင့် ပတ်သက်၍ အကြီးအကျယ် ရင်ခုန်နေခဲ့ရှာလေသည်။

ယနေ့တော့ သူတို့သုံးယောက်က အဖြစ်မှန်ကို အမာညီ့အား ပြောပြရင်း ရယ်ပွဲဖွဲ့ကြရန် စီစဉ်ထားကြ၏။

အမာညိုသည် တစ်ပွဲတစ်လုံးတွင် ထိုင်ကာ ဖေယျာ မလာသေးသဖြင့် ဟိုကြည့်သည်ကြည့်နှင့် ရှိနေသည်။ ပထမဦးဆုံး တွေ့ကြရမည်ဖြစ်၍ စိတ်လှုပ်ရှားခြင်း၊ ရှက်ခြင်း၊ ပျော်ရွှင်ခြင်း၊ စိတ်အားထက်သန်ခြင်းစသော အရိပ်ငွေ့များသည် သူမ၏ မျက်နှာပေါ်တွင် တစ်လှည့်စီ ယှက်သန်းလျက် ဂနာမငြိမ် ဖြစ်နေ၏။

ကျော်အောင်မြင့်တို့က အမာညို၏ တစ်ဖက်ခြမ်းဝင်ပေါက်မှ ဝင်လာကြသော်ကြောင့် အမာညိုမမြင်။ သူမ၏နောက်ကျောဘက်မှ မြန်းခနဲ ဝင်လာကာ သူမရှေ့တွင် လက်နောက်ပစ်လျက် ပြုံးဖြီးဖြီးနှင့် တန်းစီရပ်လိုက်ကြသော သူတို့ သုံးယောက်ကို အမာညိုက တအံ့တဩ မော်ကြည့်လိုက်သည်။

"ဟင် - နင် - နင်တို့ ဘယ်လိုသိပြီး ရောက်လာကြတာလဲ"

သူမနှင့် ဖေယျာ နှစ်ယောက်တည်းသာ သိသော ဤချိန်းဆိုရာနေရာသို့ မမျှော်လင့်ပဲ ကျော်အောင်မြင့်တို့ ရောက်လာကြသဖြင့် သူမ၏ မျက်နှာပေါ်တွင် အံ့ဩရိပ်နှင့်အတူ အဝေခွဲများ၊ ရှုပ်ထွေးသွေးဟန်က အထင်းသားပေါ်နေသည်။

ကျော်အောင်မြင့်က သူမ အမေးကို ပြန်မဖြေဘဲ နောက်တွင် ဖွက်ထားသော လက်ကို ရှေ့သို့ထုတ်၍ အမာညိုထံ ကမ်းလိုက်သည်။ အနီရောင်နှင်းဆီပန်းစည်း ဖြစ်၏။ အမာညိုထံ ပို့နေကျ ပုံစံအတိုင်း ပန်းရောင်မှိုင်းမှိုင်း စက္ကူ အနီရဲရဲ နှင်းဆီပွင့်များနှင့် စည်းနှောင်ထားသော ဖဲကြိုးကပန်းရောင်။

အမာညိုသည် ကျော်အောင်မြင့် ကမ်းပေးနေသော ပန်းစည်းကို ယောင်တန်းကန်း ထရပ်ရင်း လှမ်းယူလိုက်၏။ ပြီး ဖဲကြိုးမှ တန်းလန်းကျနေသော ကတ်ပြားလေးကို အငမ်းမရ ဖွင့်ဖတ်လိုက်သည်။

ထုံးစံအတိုင်း -

"မင်းနှလုံးသားရဲ့ရှေ့မှာကဲ့ ချစ်နှင်းဆီအရောက်ပို့လို့ တို့ဖူးတောက်ပါရစေ တသသားလေး"

သူမ သူတို့ကို ပို၍ အံ့အားတသင့်ဟန်နှင့် မော်ကြည့်လိုက်၏။ သူတို့ကို သူမ ပြောပြခဲ့စဉ်က ပန်းစည်းပို့ကြောင်းသာ ပါသည်။ ပန်းစည်းတွင် ပါနေကျ ကဗျာလေးအကြောင်းမပါ။ သူမ မပြောမပြခဲ့ဘူးသော ကဗျာလေးကို သူတို့ ဘယ်လိုသိပြီး -

အမာညို - တွေတွေကြီးနှင့် အတောင့်သား ဖြစ်နေသည်။

ထိုစဉ် - နိုးဇော်က လှမ်းရှားလာသည်။ သူ့ နောက်ကျောတွင် လွယ်ထား သော လက်ကိုဆန့်ကာ အမာညိုထံ တစ်စုံတစ်ခု လှမ်းပေးလိုက်၏။

ချောကလက်ဘူးနှင့်အတူ အသည်းတွင် မြားစိုက်နေဟန် ပန်းချီပုံပါ သော ပို့စကတ် သူမထံသို့ ချောကလက်ဘူး ရောက်လာတိုင်း တွေ့ရသော ပုံစံ။

အမာညိုသည် ချောကလက်ဘူးကို တုန်တုန်လှုပ်လှုပ်ဖြင့် လှမ်းယူလိုက် သည်။ သူမ၏ မျက်လုံး မှေးမှေးလေးသည် စိတ်ရှုပ်ထွေးလျက် နားမလည် သော အရိပ်အယောင်တို့ ယှက်သန်းကာ သူ့တို့ကို အရေးသား ပြူးကြည့်နေ သည်။

သည်တွင် မင်းထွန်းအောင်က သူ၏နှုတ်သံမဟုတ်သော အသံတု (စုန်း ပြောနေကျ ဖေယျာအသံဖြင့်။)

"ညိုမှာ - ကိုယ်က - ကိုဖေပါ။ ခုလို ဒိတ်လုပ်ရာကို လာတွေ့ပေးတဲ့ အတွက် ကိုဖေ - အရမ်းဝမ်းသာမိပါတယ် ညိုမှာ"

အမာညိုသည် ဆတ်ခနဲ တုန်သွားပြီး လက်ထဲမှ ပန်းစည်းနှင့် ချော ကလက်ဘူး စားပွဲပေါ်သို့ လွတ်ကျသွားသည်အထိ အံ့ဩတုန်လှုပ်သွား သည်။

မင်းထွန်းအောင်က အမာညိုထံသို့ ဖေယျာအနေနှင့် အသံတုဖြင့် စုန်း ဆက်သည့်အခါတိုင်း သူ့ကိုယ်သူ ဖေယျာဟု မသုံးဘဲ "ကိုဖေ" ဟု နာမ်စား သုံးခဲ့လေ့ရှိ၏။ အမာညို့ကိုလည်း လူတိုင်းသိနေ ခေါ်နေသော အမာညိုဟု မခေါ်လိုလည်း သူတစ်ဦးတည်းအတွက် သီးခြားအမည်အနေနှင့် "မာညို" ကို ပြောင်းပြန်လုပ်ပြီး "ညိုမှာ" ဟု ခေါ်ဝေါ်သုံးစွဲခဲ့လေသည်။

ထို့ကြောင့် "ညိုမှာ" နှင့် "ကိုဖေ" ဟူသော အသုံးအနှုန်းသည် အမာညို နှင့် ဖေယျာ (မင်းထွန်းအောင်) နှစ်ဦးတည်းသာသိသည့် သိသည့် လျှို့ဝှက် ချက်ဖြစ်သည်။ ထိုလျှို့ဝှက်ချက်ကို မင်းထွန်းအောင်က ဖေယျာအသံနှင့် ပြောဆို သုံးနှုန်းလိုက်သဖြင့် အမာညို အံ့အားသင့် ထိတ်လန့်သွားခဲ့ခြင်းဖြစ် သည်။

အမာညိုသည် ကျော်အောင်မြင့်တို့ သုံးယောက်ကို မှင်တက်မိသလို ကြောင်ကြောင်ကြီး စိုက်ကြည့်နေ၏။ သူမကိုကြည့်ကာ ရယ်ပွဲဖွဲ့နေကြသော သူတို့ကို ငြိမ်ရပ်ကာ ကြည့်ရင်း ဖြူဖွေးသော အမာညိုမျက်နှာသည် တဖြည်းဖြည်း ရဲတက်လာသည်။ သူမသည် အဝေးကွင်းဆက်များ ဆက်မိသွားဟန်ရှိ၏။

"ဘာလို့လဲ - ဘာလို့ ဒီလို လုပ်ကြတာလဲ"

ကျော်အောင်မြင့်က ဟဟားဟားရယ်ရင်း -

"ဟား - ဟား - အမာညို ငါတို့ဆင်တဲ့အကွက်ထဲ မိသွားတယ်ဗျာ။ ဟား - ဟား - ဘယ်လိုလဲ ရင်ခုန်ရတဲ့အရသာကို သိသွားပြီပေါ့"

"ဟား - ဟား ချောကလက်ချိုချိုလေးစားရင်း ချစ်စိတ်တူးလေးတွေ ယဉ်ရတာရော မျော့်နိုကောင်းတယ်မို့လား အမာညို - ဟဲ - ဟဲ"

မိုးဇော်က ထပ်ပင့်လိုက်၏။

အမာညိုသည် တစ်လှည့်စီ ဝနေကြသော ကျော်အောင်မြင့်နှင့် မိုးဇော်ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ သူမမျက်နှာသည် ရှက်ဒေါသဖြင့် ရဲရဲနီမြန်းနေ၏။

ကျော်အောင်မြင့်တို့ကတော့ သူတို့ဘာသာ ပွဲကျနေ၍ အမာညို့အဖြစ်ကို ဂရုမပြုမိ၊ အရှက်လွန်နေပုံရသည့် အမာညို့ကို စ,ကာသာ ရယ်မော နောက်ပြောင်နေဆဲ။

မင်းထွန်းအောင်က တစ်ခွန်း ထလိုက်သည်။ လေးချ၏ အသံဖြင့် -

"ညိုမာ - ကိုဝေ အချစ်ကို လက်ခံမယ်မို့လားဟင် ကိုဝေက ညိုမာကို ချစ်လွန်းလို့ ခုလို"

"တော်စမ်း - မင်းထွန်းအောင်"

အမာညို၏ စူးဝါးစွာ အော်ဟစ်လိုက်သော ဒေါသသံကြောင့် မင်းထွန်းအောင်တစ်ယောက် စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသကဲ့သို့ ကျော်အောင်မြင့်နှင့် မိုးဇော်တို့ပါ လန့်ပြီး အရယ်ရပ်သွားသည်။

အမာညီသည်လက်သီးနှစ်ဖက်ကိုတင်းနေအောင်ဆုပ်ကာအမောင့်သား ရပ်နေရာမှတဖြည်းဖြည်းနှင့် တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ရင်လာသည်။

သူမ၏ မျက်နှာတွင် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းခြင်းများအပြင် အမည်မဖော်ပြနိုင်စွမ်းသော စိတ်ခံစားမှုပေါင်းစုံတို့ ဖုံးလွှမ်းကာ အမျိုးမျိုးပြောင်းလဲလျက်ရှိနေ၏။

"ဘာလို့လည်း - နင်တို့ ဘာလို့ ငါ့အပေါ်ဒီလို လုပ်ရက်ကြတာလဲ"

အမာညီ့အသံသည် အနည်းငယ် တုန်ခါနေသော်လည်း မာကျော၍ စူးရှနေသည်။

"ဟင် - ဘာလို့ ဒီလို လုပ်ကြတာလဲလို့"

"အမာညီက နင်ကလည်း မအော်ပါနဲ့ဟ လူတွေ ဝိုင်းကြည့်နေပြီ"

မိုးဇော်က နှုတ်ခမ်းတွင် လက်ညှိုးကပ်လျက် တိုးတိုးပြောရန် အမူအရာပြရင်း ပြောလိုက်သည်။

"ဘာလို့လဲ - ဘာလို့လဲ - ဘာလို့လုပ်တာလဲလို့ ငါ မေးနေတာ ဖြေ-"

"သူမက စူးစူးဝါးဝါး ထပ်မံ အော်လိုက်၏။ အမာညီ၏ မျက်လုံးများသည် ဒေါသဖြင့် ဝင်းဝင်းတောက်နေသည်။

"ဟာ - အမာညီ - ငါတို့က စတာပါဟာ"

"အေးလေ - ငါတို့က အပျော်ကျီစားတာပါဟာကို"

မိုးဇော်နှင့်ကျော်အောင်မြင့်က ကမန်းကတန်း လှမ်းဖြေလိုက်ကြ၏။

"ဘာ - ကျီစားတာ ဟုတ်လား။ ဒါ - ကျီစားစရာလား။ နင် - နင်တို့ ငါ့ကို အရှက်ခွဲ"

အမာညီ့အသံသည် ဒေါသဖြင့် တစ်ဆို့တိမ်ဝင်သွား၏။ သူမ၏ မျက်လုံးအစုံသည် မျက်ရည်များ ချက်ချင်း ဖုံးလာလျက် ဝိုးဝိုးဝေါက်ဝေါက် စီးကျလာသည်။

သူမသည် မျက်နှာကိုလက်နှင့်အုပ်ရင်း ရှာခနဲ လှည့်ထွက်ရန် ပြင်လိုက်၏။

"အံမာ - အမာညီ နေပါဦး။ ငါ - ငါတို့ ရှင်းပြ"

မင်းထွန်းအောင်က အမာညိုလက်ကို ကမျာကယာ လှမ်းဆွဲထားလိုက်ရင်း ပြောလိုက်သည်။

အမာညိုသည် မင်းထွန်းအောင် လှမ်းဆွဲလိုက်သော သူမ၏ လက်ကို ဆောင့်ရုန်းလျက် ဒေါသတကြီး လှည့်ပြေးထွက်လိုက်၏။

"ဝုန်း"

"ဝေလွှမ်း - လွှမ်း"

"ဒုန်း - ဒုန်း"

"ရွှင်"

"အား"

"ဟာ"

"ဟင်"

ကျောက်အောင်မြင့်တို့အပါအဝင် ကျန်လူများ၏ အာမေဍိတ်သံများ အပြိုင်အဆိုင်ထွက်ပေါ်လာသည်။ ... 

ဆိုင်တစ်ဆိုင်လုံးသည် မြင်နေရသော မြင်ကွင်းကို အံ့အားတသင့်ကြည့်ကာ လုံးလုံးလျားလျား တိတ်ဆိတ်သွားသည်။

အမာညိုသည် မင်းထွန်းအောင်ဆွဲလိုက်သော လက်ကိုအားနှင့် ဆောင့်ရုန်းကာ တစ်ဖက်သို့ တစ်ရှိန်ထိုးလှည့်အထွက် အနောက်ဘက်မှ စားပွဲကို ပစ်တိုက်မိ၏။ ထိုအခါ စားပွဲစောင်းသွားကာ စားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များ ကျကွဲကုန်သည်။

စားပွဲကိုပစ်တိုက်မိသော အရှိန်ကြောင့် အမာညိုသည်လည်း ဟန်ချက်ပျက်ကာ ဘေးမှ ကုလားထိုင်များပေါ်သို့ ကသောင်းကနင်း မှောက်လျက် လဲကျ၏။ ထိုမှတစ်ဆင့် ကုလားထိုင်များနှင့်အတူ သံမံတလင်းပေါ်သို့ မျက်နှာအပ်လျက် ဝရုန်းသုန်းကား အရှိန်ပြင်းစွာ ထိုးကျသွားတော့သည်။

ထိုအခါ -

သူတို့၏ ကျီစားနောက်ပြောင်မှုကြောင့် စိတ်ဆိုးနေမည် ဖြစ်သည့် အမာညိုကိုပြန်ချော့ရန် မူလကပင်ကြံ့တင်တိုင်ပင် စီစဉ်ကာ သုံးယောက်စုရှယ်ယူထားခဲ့သော (အမာညိုလိုချင်လှသည်ဟု မကြာခဏ ပြောခဲ့ဖူးသော

သိန်းကျော်တန်ကာစီယိုနာဧရိယာလေးသည်တုန်လှုပ်နေသည့်မင်းထွန်းအောင်၏ ကျွန်လက်တစ်ဖက်ထဲမှ ဆိုင်ကြမ်းခင်းပေါ်သို့ ခေါက်ခနဲ ပြုတ်ကျသွားခဲ့သလို –

အခန်းထဲရှိ လူအားလုံးသည်လည်း ကစဥ့်ကလျား ဖြစ်နေသော ထိုင်ခုံများနှင့်အတူ ကျွမ်းထိုးမှောက်ခုံ လဲကျသွားသည့် အမာညီအား လည်းကောင်း –

အမာညီ မျက်နှာအပ်လျက်ရှိသော သမံတလင်းဆီမှ တစ်မုဟုတ်ချင်း ပြန်ထွက်လာသည့် နီနီရဲရဲ သွေးကွက်ကြီးအားလည်းကောင်း အထိတ်တလန့်ဖြင့် တုန်လှုပ်ချောက်ချားစွာ ငေးကြည့်လျက် –

=◈=

ကျော်အောင်မြင့်က သက်ပြင်းကြီးကို ဟူးခနဲ မှုတ်ထုတ်လိုက်၏။

ထိုအဖြစ်အပျက်သည်မနေ့တစ်နေ့ကပင်ဖြစ်ခဲ့သလိုသူ့အသိထဲ၌ပူနွေးလှုပ်ခတ်ဆဲဖြစ်သည်။ သူသည် လှုပ်ရှားမှုမျိုးကိုမျှပြုနိုင်စွမ်းမရှိတော့သော အမာညီ၏ သဏ္ဌာန်ကို မြင်ယောင်လာသည်။

ထိုနေ့ကတည်းက အမာညီသည် မေ့မြောသွားခဲ့ရာမှ ကိုမာ (Coma) ဝင်သွားခဲ့ရှာသည်။

သူမသည် အသက်ရှင်နေသေးသော်လည်း သေလူနှင့်မခြားမည်သည့် ခံစားမှုကိုမျှ မသိတော့အောင် ဦးနှောက် အစိတ်အပိုင်းအချို့ ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ သူမသည် သမံတလင်းပေါ် ခေါင်းနှဲ့ကျခဲ့ရာ ကိုင်ရိုက်လိုက်သလိုဖြစ်သွားခဲ့၏။ ဆေးရုံခုတင်ပေါ်တွင် ပိုက်ကြိုးအသွယ်သွယ်နှင့် အသက်ရှိသည့် ရုပ်ပုံဖြင့် ထိုအတိုင်း အမာညီ မေ့မြောနေသည်မှာ နှစ်ပတ်ကျော်ခဲ့ပြီ။

ထိုသို့ မေ့မြောနေခြင်းသည် ဘယ်သောအခါမှ ပြန်လည်နိုးထ မလာတော့ပဲ သေဆုံးသွားနိုင်သကဲ့သို့ ပြန်၍ သတိလည်လာလျှင်ပင် ဦးနှောက်၏ လုပ်ငန်းဆောင်တာများ ပုံမှန်ပြန်ဖြစ်လာရန် ခက်ခဲမည်ဟု ဆိုသည်။

အခြင်းခြစ်ရာ ဆိုင်တွင်းမှ မျက်မြင်သက်သေလူများက အမာညီသည် သူ့အရှိန်နှင့်သူလဲကျရင်း မတော်တဆ ထိမိုက်မိခြင်းဟု သက်သေခံကြ၍ သာ သူတို့အမှုမပတ်ခြင်းဖြစ်သည်။ သူတို့နှင့် အမာညီကြားတွင် ရှိနေသော ဖြစ်ခဲ့ရသည့် အကြောင်းရင်းဇစ်မြစ်ကို ထိုသက်သေများက မသိကြသဖြင့် လည်း၊ သူတို့ သက်သာရာ ရခဲ့၏။ သူတို့က ရယ်ရယ်မောမောနှင့် တရင်းတနှီး နောက်ပြောင်နေကြပုံကြောင့် ဇရင်းနောက်ရင်း မိန်းကလေးက စိတ်ဆိုးကာ လှည့်အထွက် သူမဘာသာ မတော်တဆ ထိမိုက်ခြင်းဟုသာ ထင်မြင်ကြပုံ ရလေသည်။

သူတို့သုံးယောက်လုံး အကျိုးတလွန်ခဲ့မိခြင်းကို ယူကျုံးမရ နောင်တရ မဆုံးဖြစ်ရသော်လည်း အခြေအနေက လွန်ခဲ့ပြီ။

အမာညီမှာ ဆေးရုံရောက်စ တစ်ပတ်လောက်အတွင်း ပက်လက်ကလေး ဖြစ်နေသော အမာညီကို သူတို့ နေ့စဉ် သွားကြည့်ခဲ့ကြ၏။ နောက်ပိုင်း အမာညီ အခြေအနေကြောင့် မြို့ပြယ်ဆေးရုံမှ ဦးနောက်နှင့်အာရုံကြောဌာန သို့ လွှဲပြောင်းပေးပို့ခဲ့ရာ အလုပ်ကလည်း တစ်ဖက်နှင့်မို့ သူတို့ သိပ်မရောက် ဖြစ်ကြတော့။

အမှန်တော့ အမာညီ၏ သနားစရာပုံသဏ္ဌာန်ကို တွေ့ရတိုင်း သူတို့ သုံးယောက်က ကိုယ့်အပြစ်နှင့်ကိုယ် လိပ်ပြာမလုံဖြစ်မိကြခြင်းကြောင့် မကြည့်ရက် မသွားရဲကြသည်လည်း ပါသည်။ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်း မဟုတ်သော်လည်း သူတို့၏ ပယောဂသည် အခြေအနေကို ဖန်တီးခဲ့ခြင်း မဟုတ်လား။

သည်သို့ သူတို့သုံးယောက် ရင်မလုံ ကျောမလုံ ဖြစ်နေကြဆဲမှာပင် အမာညီမှာ သတိပြန်လည်မလာတော့ဘဲ ဆုံးပါးသွားခဲ့ရှာကြောင်း သတင်း ရောက်လာတော့သည်။

ကျီစားသန်ခဲ့မိကြသော သူတို့နောင်တအကြီးအကျယ်ရလျက်ဝမ်းနည်း မှုဝေဒနာခွေကြရ၏။ အထူးသဖြင့် ဤဇာတ်လမ်းကို စခဲ့မိသော ကျော်အောင်မြင့် မှာ သူ့ကိုယ်သူ အပြစ်တင်၍ မဆုံးတော့။

=◈=

အမာညီ၏အသုဘကို မရှိသောရပ်ခြင်း သူတို့ သွားကူခဲ့ကြသည်။ စိတ်ပွဲ၍လားမသိ၊ အမာညီဆုံးပြီးနောက်တည်းက ကျော်အောင်မြင့်တွင် ထူးဆန်းသော အဖြစ်များ ကြုံခဲ့ရသည်မှာ ရက်လည်ပြီးသည်ထိ မပြီးဆုံးသေး။ အမာညီ၏အသံနှင့်သဏ္ဌာန်ကို သူ မြင်ယောင် ကြားယောင်ရှိနေ၏။ သူတစ်ယောက်တည်းရှိနေသောအချိန်များတွင် ပို၍ဆိုးသည်။ အမာညီကိုတို့နားသည်နှား မြင်လိုက်သလိုလို၊ အမာညီ့ခေါ်သံကို ကြားလိုက်ရသလိုလို ဖြစ်နေသဖြင့် သူမှာ တစ်ယောက်ထဲပင် မနေရဲ၊ ညကျတော့လည်း ကုယောင်ချောက်ချားအိပ်မက်များနှင့် သူ လန့်နိုးလာရသည်ချည်း။ ခြောက်အိပ်မက်က နှိပ်စက်တော့သည်။

သူတစ်ယောက်တည်း ရှိနေချိန်များတွင် သူ့နောက်က တစ်ယောက်ယောက်က သူ့ကျောကို လှမ်းပုတ်လိုက်သလိုလို၊ သူ့နောက်ဘက်သို့ ခြေလှမ်းလေးများနှင့် တခေါက်ခေါက်ခေါက်သံမျိုးလည်း ကြားရသည်။ အသံသာ ကြားရပြီး သဏ္ဍာန်မှုလည်း မတွေ့။

သူကတစ္ဆေသရဲဆိုတာတွေသိပ်ယုံသူမဟုတ်။ မင်းထွန်းအောင်ကသာ ဒါမျိုးတွေယုံတတ်ကြောက်တတ်သည်။ တစ်ခါတစ်ရံတောာစပ်မြို့ရှ်ကွက်ထဲက ကြားရသိရသမျှ တစ္ဆေသရဲခြောက်သည်၊ ပူးသည်ဆိုသောဇာတ်လမ်းတွေ မင်းထွန်းအောင်က မိုးဇော်ကို ပြောပြတတ်သည်။ ကျော်အောင်မြင့်က ထိုသို့ကြုံရတိုင်း ပေါက်တတ်ကရ မဟုတ်မဟတ် ဇာတ်လမ်းတွေ ဆင်ပြောနေသည်ဟုဆိုကာ မင်းထွန်းအောင်ကို ဝိတ်ပေါက်ပစ်လေ့ရှိ၏။ သူက မင်းထွန်းအောင်ကို သရဲတစ္ဆေ ကြောက်ရှုကောင်းလားဟု လှောင်ပြောင်ရှုတ်ချတတ်သဖြင့် သူ့ရှေ့တွင် မပြောကြတော့။

ယခု အရှင်းနီးဆုံး သူငယ်ချင်းကတော့ ညီဆုံးတော့မှ ထူးခြားသောဖြစ်ရပ်များ သူကိုယ်တိုင် ကြုံရကာ သူ ကြောက်နေမိတော့သည်။ သို့သော် သူက သူများကို ကြောက်ဟု လှောင်ခဲ့ ပေါက်ခဲ့သူဖြစ်၍ သူ့အလှည့်တွင် သူ့အဖြစ်အား ဖွင့်လည်း မပြောသာ။

အမာညှိုရက်မလည်ခင် သည်လို သရိုးသရီအဖြစ်မျိုး ကြုံရခြင်းက သူ့
စိတ်စွဲ၍တှ ဆိုနိုင်ခေသးသည်။ ယခု ရက်ပဲလည်ပြီးပြီ။ သည်စံစားချက်က
မပျောက်။ မင်းထွန်းအောင် ပြောသလိုမျိုး အမာညှိုမကျွတ်လို့များလား -
ကျော်အောင်မြင့်တွေးရင်း ကျောချမ်းလာသည်။

=◈=

"ဟင်း - ဟင်း - ဟင်း"

"မကျေနပ်ဘူး - မကျေနပ်ဘူး - ဝုန်း - ဝုန်း"

အိမ်ပေါ်မှ အသည်းထိတ်စဖွယ် အသံရှုးရှုးကြီးနှင့်အတူ ပစ္စည်းများ
ဘဝုန်းဝုန်း တဝုန်းဝုန်းပစ်ပေါက်သံ၊ ကျသံများကြောင့် အိမ်ဝမှ မင်းထွန်း
အောင် ခြေလှမ်းတွန့်သွား၏။

မင်းထွန်းအောင်က အိမ်တံခါးဝမှ လှမ်းဝင်လိုက်ရင်း အထဲက အခြေ
အနေကို စူးစမ်းကြည့်လိုက်သည်။

"ဝိုး - ဝုန်း"

"အမလေး"

ထိုစဉ် - တအုပ်တစ်အုပ်က သူ့ထံသို့ ဝဲပျံထွက်လာ၏။ သူက ကမန်း
ကတန်း ကိုယ်ကောင်းကာ ရှောင်လိုက်သဖြင့် တအုပ်သည် သူ့နောက်မှ
အိမ်နံရံကို ဒုန်းခနဲ ထိရျက် ဖုန်းခနဲ အောက်သို့ကျသွားသည်။

မင်းထွန်းအောင် အထိတ်တလန့် ဖြစ်နေမိဆဲ၊

"မင်းထွန်း - လာ - မြန်မြန်လာ"

မိုးဇော်၏ ခေါ်သံကြားလိုက်ရသည်။

အခန်းဝတွင် အကောင့်သား ရပ်လျက်ရှိနေသော မင်းထွန်းအောင်
ကိုယ်ကြီးစောင်းကာ စူးစူးကြီး ကြည့်နေသည့် ကျော်အောင်မြင့်၏ နော
နားတွင် မိုးဇော်သည် မျက်စိပျက်မျက်နှာပျက်ကျုံကျုံလေး ရှိနေသည်
တွေ့ရ၏။

မိုးဇော်၏ နောက်ဘက်တွင်လည်း ကျော်အောင်မြင့်၏ မိဘမောင်နှ
များအပြင် အခြားလူတစ်စုလည်း ထိုင်နေကြသည်။

ကျော်အောင်မြင့်သည် သူ့ဖွားစာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ဆွဲယူကာ မင်းထွန်းအောင်ထံ ပစ်ပေါက်လိုက်ခြင်း ဖြစ်လေသည်။

"ဒကာ – စိတ်ကိုထိန်းပါ – ငြိမ်ငြိမ်ထိုင်နေပါ"

ထိုပြောသံကို ကြားလိုက်ရမှ မင်းထွန်းအောင်သည် ကျော်အောင်မြင့်၏ရှေ့တည့်တည့် မန်းမဝေးတွင် ထိုင်နေသော ဘုန်းတော်ကြီးကို သတိထားမိတော့သည်။ လှုပ်လှုပ်ရှားရှားဖြစ်နေသော ကျော်အောင်မြင့်သည် ဘုန်းကြီးဘက်သို့ ပြန်လှည့်သွား၏။

"ဟို – ဒကာလေး – ဝင်လာပါ"

ဘုန်းကြီးက – မင်းထွန်းအောင်ကို လှမ်းခေါ်သည်။

မင်းထွန်းအောင်မှာ နားမလည်နိုင်အောင် ရှိနေ၏။ သူက သူ့ကိုလှမ်းခေါ်နေသော မိုးဇော်ထံသို့ လူများကိုရှောင်ကွင်း၍ ဝင်သွားရသည်။

သူသည် အမောညှိုနှင့် ပတ်သက်သည့် ခြောက်အိပ်မက်များနှင့် ခြောက်လှန့်မှုကို တစ်ယောက်တည်း ကြိတ်၍ မခံစားနိုင်တော့။ ထို့ကြောင့် ကျော်အောင်မြင့် ဟားချင်လည်းဟား၊ ဟောက်ချင်လည်းဟောက်၊ သဘောထားက သူ့အဖြစ်ကို ပြောပြရန် ရည်ရွယ်ချက်ဖြင့် ကျော်အောင်မြင့်ထံ ထွက်လာခဲ့ခြင်းဖြစ်သည်။

"ခု – ကျော်အောင်မြင့်က ဘာဖြစ်တာလဲ"

"မိုးဇော် – ဖိုးကျော်က ဘာဖြစ်လို့လဲ"

သူက မိုးဇော်ဘေးတွင် ဝင်ထိုင်ရင်း တိုးတိုးမေးလိုက်သည်။

"မသိဘူးကွ။ ငါလည်း မင်းအရင် ခုနလေးကမှ ရောက်တာ။ ငါ့ကို တွေ့တုန်းကလည်း ဖိုးကျော်က ခုလိုပဲ တွေ့ရာနဲ့ ကောက်ပစ်တယ်လေ"

မိုးဇော်က အသံနှိမ့်၍ ပြောပြသည်။

"အမလေး"

သူတို့ရှေ့တွင် ဟိုယိမ်းသည်ယိမ်း၊ ကိုယ်ကြီးယမ်းကာ ထိုင်နေသော ကျော်အောင်မြင့်ထံမှ ရုတ်တရက် ထွက်လာသည့် အက်ကွဲကွဲ အသံကျယ်ကြီးကြောင့် မိုးဇော်နှင့်မင်းထွန်းအောင် လန့်သွားသည်။

"ဟဲ – ဒကာ – ဘုန်းကြီး မေးမယ် ဖြေပါ"

ဘုန်းတော်ကြီး၏ကြည်လင်ပြတ်သားသော အသံထွက်ပေါ်လာသည်။ ကျော်အောင်မြင့်နှင့်တကွ ကျွတ်စီကျွတ်စီ ဖြစ်နေသော လူပရိသတ်တို့ ငြိမ်သွား၏။ ဘုန်းကြီးက ကျော်အောင်မြင့်ကို စူးစူးကြည့်ကာ -

"အခု - ပူးဝင်နေတာ ဘယ်သူလဲ"

ဟင် - ပူးဝင်တာဆိုပါလား၊ ကျော်အောင်မြင့်ကို ပူးဝင်တာတဲ့။ မင်းထွန်းအောင်နှင့်မိုးဇော်တစ်ယောက်ကိုတစ်ယောက် တအံ့တသြ လှည့်ကြည့်မိကြသည်။

"ဖြေလေ - ခု - အနှောင့်အယှက်ပေးနေတာ ဘယ်သူလဲ"

"ကျွန်မ - ကျွန်မ အမာညိုပါ"

"ဟင်"

"ဟာ"

ခေါင်းကြီးငုံ့ကာ လှုပ်လှုပ်ရွရွထိုင်နေသော ကျော်အောင်မြင့်ထံမှ အဖြေကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ အထူးသဖြင့် မိုးဇော်နှင့် မင်းထွန်းအောင်။

"အင်း - ဟုတ်ပြီ။ ဒကာမက ဘာကြောင့် ဒီဒကာလေး ကျော်အောင်မြင့်ကို ပူးကပ်ရတာလဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်မ - ကျွန်မ သူတို့ကို မကျေနပ်ဘူး"

"သူတို့ - သူတို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ"

"ကျော်အောင်မြင့်ရယ်၊ မိုးဇော်ရယ်၊ မင်းထွန်းအောင်ရယ် - ဟင်း - ဟင်း - ဟင်း"

ဘုန်းကြီးက အိမ်ရှင်ဖြစ်သော ကျော်အောင်မြင့်၏ မိဘများကို လှမ်းကြည့်သည်။

"ဒီ - ဒကာမပြောတဲ့ ကျွန်ုပ်နှစ်ယောက်က ဘယ်သူတွေလဲ"

ဘုန်းကြီးက မေးခွန်းထုတ်လိုက်၏။ ကျော်အောင်မြင့်အဖေက အံ့အားသြသြပုံစံနှင့် မိုးဇော်နှင့်မင်းထွန်းအောင်ကို တစ်ချက်ကြည့်လိုက်ပြီး -

"တင်ပါ့ဘုရား - ကျွန်ုပ်နှစ်ယောက်က ဒီနှစ်ယောက်ပါဘုရား"

ကျော်အောင်မြင့်အစေက မိုးဇော်တို့နှစ်ယောက်ကို လက်ဟန်ခြင့် ပြရင်းရှောက်လိုက်သည်။ ဆက်၍–

"အရှင်ဘုရားကြွမလာခင်က တပည့်တော်ရဲ့သား ကျော်အောင်မြင့်က အိမ်မှာ ဝုန်းဒိုင်းကြဲသောင်းကျန်းပြီး သူတို့နှစ်ယောက်ကို ချက်ချင်းခေါ်ပေးဖို့ ပဲ ပြောနေခဲ့ပါတယ် ဘုရား"

"ဒါနဲ့ မိုးဇော်ဆီ ဖုန်းဆက်ခေါ်ခိုင်းခဲ့ပါတယ်။ မင်းထွန်းအောင်ဆီ ဆက်တော့ မင်းထွန်းအောင်က ကျော်အောင်မြင့်ဆီ သွားဦးမယ်လို့ပြောပြီးထွက် သွားတယ်လို့ သူ့အိမ်က ပြောပါတယ်။

---



ကျွန်မ သေရတာ သူတို့ကြောင့် သူတို့ လုပ်လို့
မကျေနပ်ဘူး ... ဒါကြောင့်–သူတို့ကို
ကျွန်မ ခြောက်လှန့်တာ သူတို့ကို ကျွန်မ ပြန်သတ်မယ်။
သတ်မယ် ဟင်း–ဟင်း–ဟင်း

သူတို့ဆီ ဖုန်းဆက်ပြီးတော့ ဗိုးကျော် အခြေအနေ မဟန်တာနဲ့ အရှင်ဘုရားကို လာပင့်ရခြင်း ဖြစ်ပါတယ် ဘုရား"

ဘုန်းကြီးက ခေါင်းညိတ်လိုက်သည်။

"အင်း - သူတို့က ကျော်အောင်မြင့်နဲ့အဲ - အစုပုံးဝင်တဲ့ဒကာမအမာညို နဲ့ ဘယ်လိုပတ်သက်သလဲ"

"မှန်ပါ - သူငယ်ချင်းများဖြစ်ပါတယ်ဘုရား။ အထည်ချုပ်စက်ရုံမှာ အတူ လုပ်ဖော်ကိုင်ဖက်များလည်း ဖြစ်ပါတယ်။ အို - အမာညိုကတော့ တစေလာလေး ကပဲ ဆုံး - ဆုံးပါးသွားခဲ့ပါပြီဘုရား"

"ဘုန်းကြီးကို အမှန်အတိုင်း လျှောက်ပါ"

"ကျွန်မ - ကျွန်မကို သူတို့ သတ်တာပါ။ ဒါကြောင့် - မကျေနပ်ဘူး"

"ဟာ "

"ဟင်"

ပရိသတ်က လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ မိုးဇော်နှင့်မင်းထွန်းအောင်မှာ မျက်လုံးအပြူးသားဖြစ်နေကြတော့သည်။ ဘုန်းကြီးက သူတို့နှစ်ယောက်ကို စူးစူးကြည့်သည်။

"ကျွန်မ သေရတာ သူတို့ကြောင့် သူတို့ လုပ်လို့ - မကျေနပ်ဘူး ...

ဒါကြောင့် - သူတို့ကို ကျွန်မ ခြောက်လှန့်တာ သူတို့ကို ကျွန်မ ပြန်သတ်မယ်။ သတ်မယ် ဟင်း - ဟင်း - ဟင်း"

ကျော်အောင်မြင့် ဂနာမငြိမ် ဖြစ်လာပြန်သည်။

"ဟာ - ဗိုးကျော် - အဲ - အမာညို မဟုတ်ဘူး"

"မဟုတ်ဘူး - နင့် - နင့်ကို ငါတို့ သတ်တာ မဟုတ်ဘူး"

မိုးဇော်နှင့်မင်းထွန်းအောင်က ပြိုင်တူလို ဝင်ပြောလိုက်ကြသည်။

"ကဲ - ကဲ - နေကြဦး - နေကြပါဦး"

ဘုန်းကြီးက ကျော်အောင်မြင့်ကို စေ့စေ့ကြည့်လိုက်ပြီး -

"ဒကာမလေး ဘုန်းကြီးက နမ့ ပင့်လို့ လာရတာဆိုတော့ ဒကာမ တို့ကြားမှာ ဘာဖြစ်ခဲ့တယ်ဆိုတာ ဘာမှ မသိဘူး။ ဒီတော့ ဘုန်းကြီး သူတို့

မေးပါရစေဦး။ ပြီးရင် ဒကာမလေးကိုစွ ဘုန်းကြီး ရှေ့ရှင်းပေးမယ်။ ဒကာမလေးက ဘုန်းကြီးမေးနေတုန်းမှာ ငြိမ်ငြိမ်သက်သက် ရှိနေပါ။ ဒါ - အမိန့်ပဲ"

ကျော်အောင်မြင့် ငြိမ်သွားသည်။

"ဒကာလေးတို့နှစ်ယောက်က အကျိုးအကြောင်း လျှောက်စမ်းပါဦး"

မိုးဇော်နှင့်မင်းထွန်းအောင်က သူတို့အမာညီအား ကျီစားနောက်ပြောင်ခဲ့မိသော အကြောင်းမှ အမာညီမတော်တဆဖြစ်ပြီး သေဆုံးသွားရသည်ထိ အကြောင်းစုံအား လျှောက်ထားရတော့သည်။ အမာညီစိတ်ဆိုးရခြင်း အကြောင်းရင်းက သူတို့ကြောင့်ဖြစ်၍ သူတို့တွင် တစ်စိတ်တစ်ပိုင်း တာဝန်ရှိနေသည်ဟု ခံစားကြရကြောင်း ဝမ်းနည်းကြေကွဲစွာ ပြောပြခဲ့သည်။

နောက် - မိုးဇော်နှင့်မင်းထွန်းအောင်က အမာညီသေဆုံးပြီးသည်မှ စ၍ နေ့စဉ်ညစဉ် ခြောက်လှန့်ခဲ့ရပုံ အိပ်မက်ဆိုးများ မြင်မက်ရပုံများကိုအသေးသိမ်လျှောက်ကြသည်။ ထို့ကြောင့် တစ်ယောက်တည်းကြိတ်၍ မခံစားနိုင်တော့သဖြင့် ကျော်အောင်မြင့်ကို ပြောပြရန်လာခဲ့ကြောင်း မင်းထွန်းအောင်က ပြောသည်။ မိုးဇော်ကလည်း သည်သို့ဝင် ပြောပြရန် ကြံရွယ်နေဆဲ ကျော်အောင်မြင့်အိမ်မှ ဖုန်းဆက်လာသည်နှင့်ကြုံကြောင်း ရှင်းပြသည်။ သူတို့ကိုယ်တိုင်ပင် တစ်ဦးချင်းခြောက်လှန့်ခံနေရခြင်းအား ယခုမှ လျှောက်ထားရင်းနှင့် အချင်းချင်းသိကြရလေသည်။

"မင်းတို့ကွယ် - မိန်းကလေးကို ဒီလောက်ထိ နောက်ပြောင်ရသလား။ အမာညီမှာ ရှက်လည်းရှက် ဒေါသလည်း ထွက်ရှာမှာပေါ့"

"ဟုတ်တယ် - မင်းတို့ ကိုယ်ထိလက်ရောက်လုပ်တာ မဟုတ်ပေမဲ့ မင်းတို့ နောက်ပြောင်တဲ့ ကိစ္စကြောင့် ရှက်ဒေါသနဲ့ ရှက်ရမ်းရမ်းပြီး အမာညီ ဖြစ်ရတာတယ်လေ"

"မင်းတို့တော - ငါ - ထ,ထိုးမိတော့မယ် - တောက်"

ကျော်အောင်မြင့်၏ အမေနှင့်အဖေက ဒေါကန်နေဆဲ ဆရာတော်က -

"ကဲပါလေ – ဘုန်းကြီးအားလုံးနားလည်ပါပြီ။ ပြီးခဲ့တာလည်းပြီးခဲ့ပြီဆိုတာ ဒကာကြီးတို့လည်း စိတ်ကို ထိန်းပါ – တုတ်လား"

ဘုန်းကြီးက မိုးခေါင်နှင့်မင်းထွန်းအောင်ကို လှမ်းကြည့်ရင်း –

"ဒကာလေးတွေ ကျော်အောင်မြင့်နဲ့ ဟိုကလေးနှစ်ယောက် ဒီဖြစ်ရပ်မှာ ဒကာတို့ဟာ မနောက်ပြောင်သင့်တာကို နောက်ပြောင်ပြီး အကျိုးစားလွန်လို့ ဖြစ်ခဲ့ရတာ။ ဒကာတို့ အမှား ဒကာတို့ သိကြရဲ့လား"

"တင် – တင့်ပါဘုရား သိပါတယ်ဘုရား – တပည့်တော်တို့လည်း နေ့စဉ်နဲ့အမျှ စိတ်မကောင်းဖြစ်၊ စိတ်မချမ်းမသာ ဖြစ်နေရပါတယ်ဘုရား"

ဘုန်းတော်ကြီးက ခေါင်းညိတ်ကာ လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး –

"ကဲ – ကျော်အောင်မြင့်ကို ပူးဝင်ကပ်နေတဲ့ ဒကာမလေး အမာညို့ ဘုန်းကြီးစကားကို သေချာနားထောင်ပါ"

"ဒကာမလေးရဲ့ သူငယ်ချင်းတွေဟာ အကျိုးစားလွန်ခဲ့တာ မှန်တယ်။ ဒါပေမဲ့ – ဒကာမလေးကို ထိခိုက်နစ်နာအောင် ပြုလိုတော့ သူတို့မှာ ရည်ရွယ်ချက် မရှိကြပါဘူး။ ဘာလို့လဲဆိုတော့ – သူတို့နောက်ပြောင်မှုကြောင့် ဒကာမလေးစိတ်ဆိုးမယ်ဆိုတာလည်း သိတယ်။ စိတ်ဆိုးပြေအောင်လည်း ဒကာမလေးလိုချင်တဲ့နာရီလေးကိုတောင် သူတို့က အသင့်ဝယ်ထားကြတယ်တဲ့။ ဒကာမလေး – တကယ်ဆိုတော့ ကံ – ကံ၏အကြောင်းတရားပဲ။

ဒကာမလေးမှာ ဥပစ္ဆေဒကကံနဲ့ သေဆုံးရလို့ အကြောင်းကပါလာလို့လည်း ခုလို ဖြစ်ရတာလို့တွေးပါ။ ပဋ္ဌာန်းဒေသနာတော်ကြီးမှာလည်း ပြဆိုပြီးသားပဲ။ ပုဗ္ဗေကတပစ္စယော ရှေးဦးဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရားတဲ့။

ဒကာမရဲ့ ရှေးရှေးဘဝတစ်ခုခုက ရှိနှင့်ဖြစ်နှင့်ခဲ့ပြီး ပြုခဲ့တဲ့ အကုသိုလ်အကြောင်းတစ်ကြောင်းဟာ အကျိုးပေးချိန်တန်လို့ ဒီအကုသိုလ်ရဲ့ အကျိုးဆက်ကို ပြန်ပေးဆပ်ရတာမျိုးပဲ။ ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် ဖြစ်ရတယ်လို့ မဟုတ်ဘူး။ မိမိပြုခဲ့တဲ့ကုသိုလ်၊ အကုသိုလ်ရဲ့အကျိုးအပြစ်ကို မိမိခံစားရတာ ဖြစ်တယ်။

ဒါကို – ဒကာမက ပြုသူကြောင့်ရယ်လို့ လွဲမှတ်ယူပြီး အာဃာတတစ်ခု နဲ့ ခုလို နောင့်ယှက်ဖျက်ဆီးလုပ်နေမယ်ဆိုရင် ဒကာမဟာ နောက်ထပ် အကြောင်းတစ်ခုကို ထပ်မံဖန်တီးယူလိုက်သလို ဖြစ်တော့မပေါ့။

သဟာဇာတ ပစ္စယောဆိုတဲ့ အတူဒကျွတကျေးဇူးပြုတတ်တဲ့ တရားတော် အတိုင်း မိမိလုပ်ခဲ့တဲ့ အကြောင်းတရားရဲ့ "အကျိုးဆက်" ကို တစ်ချိန်ချိန်မှာ ဒကာမထပ်ခံရမှာ မလွဲဘူး။

ဒီတော့ – ဒကာမလေး သူငယ်ချင်းများကို ခွင့်လွှတ်လိုက်ပါ။ ဘုန်းကြီး သုတို့သုံးယောက်ကို ဒကာမလေးအတွက် ရည်စူးပြီး အလှူခါနဲ့ အမျှဝေမိုင်း ဖို့မယ်၊ ကောင်းမွန်တဲ့ဘဝတစ်ခုကိုအစွဲကလွှတ်ပြီး ရောက်နိုင်အောင်ပေးဝေ တဲ့ အမျှကို ကျေနပ်ဝမ်းမြောက်စွာနဲ့ ခံယူပါ။ ဘုန်းကြီးပြောတာ လိုက်နာနိုင် မလား ဒကာမလေး"

"မှန်ပါ – မှန်ပါ တပည့်တော် လိုက် – လိုက်နာပါမယ်ဘုရား"

"အိမ်း – ဒါဆို ဒကာမလေး ပူးကပ်နေတဲ့ ဒကာလေးဆီက ဖယ်စွာပါ။ သူတို့ ကုသိုလ်ပြုအမျှဝေချိန်ကိုစောင့်ပြီး သာဓုအနုမောဒနာ ခေါ်ပေတော့ ဒကာမလေး။ ရော့ – ဒီရေမန်းကို သောက်လိုက်"

"မှန်ပါ – ဘုရား"

ဘုန်းကြီးက ရေမှုရေမန်းခွက်ကို ကျော်အောင်မြင့်သို့ကမ်းပေးလိုက်၏။ ကျော်အောင်မြင့်က ရေခွက်ကိုယူသောက်လိုက်ပြီးနောက် ဇောအကြာတွင် ဘေးသို့ ခွေလဲကျသွားလေသည်။

"သား – သား"

"ကျော်အောင်မြင့် – ဖိုးကျော်"

"အင် – ဘာ – ဘာ – ဖြစ်တာလဲ"

ကျော်အောင်သည် အိပ်ရာမှ နိုးလာသူပမာ ယောင်တန်းကန်း ထထိုင် ပြီး ဘေးလူများနှင့် သူ့ရှေ့မှ ဘုန်းတော်ကြီးထံ တအံ့တဩ ဝဝ်လည်ကြည့် သည်။

"ဒကာ – သတိဝင်လာပြီလား။ အင်း – ခုအားလုံးစိတ်ချရပါပြီ။ ဒကာလေး ကျော်အောင်မြင့်ကို နောက်တော့မှ အကျိုးအကြောင်း ရှင်းပြလိုက်ကြပေါ့"

"ဒကာလေးတို့သုံးယောက်ကို ပြောချင်တာက ခုနက ဘုန်းကြီးပြောခဲ့သလိုပဲ။ မြဲနေတဲ့ ကုသိုလ်၊ အကုသိုလ်အကြောင်းတရားဟာ နည်းသည် ဖြစ်စေ၊ များသည်ဖြစ်စေ၊ အကျိုးတရားကလည်း အနည်းနဲ့အများ ဖြစ်ကိုဖြစ်လာမှာပဲ။ သူ့ရဲ့အကျိုးကိုပေးဖို့ အခွင့်သာတာနဲ့ ပေးကို ပေးမှာပဲ။

ဒကာလေးတို့ရဲ့ ကျိုးစားသန်မှုဟာ မလိုလားအပ်ပဲ လူတစ်ယောက်ရဲ့ အသက်ကို ပေးလိုက်ရတဲ့အထိ သွယ်ဝိုက် သက်ရောက်စေခဲ့ပြီ။ ဒကာလေးတို့ဟာ "အကြောင်းတရား" တစ်ခုကို ပြုခဲ့ပြီ။ သည်အကြောင်းရဲ့ "အကျိုးပေး" ကို ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားနိုင်မှ ခံသာလိမ့်မယ်။

အကုသိုလ် အကျိုးပေးကို ကာနိုင်ဖို့ အကောင်းဆုံး အကာအကွယ်ကတော့ "ကုသိုလ်ကောင်းမှု" ပဲ၊ ကုသိုလ်တွေ ဆက်နေရင် ကုသိုလ်က အားကြီးနေရင် အကုသိုလ်အကျိုးဟာ ပေးခွင့်မသာတော့ပဲ နောက်ဆုတ်ဆုတ်သွားလိမ့်မယ်။ ကိုယ့်ရဲ့ကာယကံ၊ ဝစီကံ၊ မနောကံဟာ ကုသိုလ်ကံတွေချည်း ဖြစ်နေအောင် ထိန်းသိမ်းပါ။ ကြိုးစားပါ။ ဟုတ်ပြီလား"

"အင်း ... ရှားရှားပါးပါး ခက်ခက်ခဲခဲ လူဖြစ်လာရတဲ့ဘဝမှာ လောကီကိုပဲ အကျိုးစားသန်မိရင်တော့ ရန်များတဲ့ သံသရာကို ဖြတ်ရမှာက ပိုကြောက်ဖို့ ကောင်းလှပါတယ် ဒကာတို့ -။

တဲ့ - တဲ့ ဘုန်းကြီးလည်း ပြန်ကြွတော့မယ်။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"

ကျော်အောင်မြင့်၊ မိုးဇော်နှင့် မင်းထွန်းအောင်တို့မှာ ဘုန်းကြီးကို လက်အုပ်ချီကန်တော့ရင်း အငေးသား အတွေးများလျက် -

ဘုန်းကြီး မိန့်ဆိုခဲ့သော "လောကီကို အကျိုးစားသန်မိရင်တော့ ရန်များတဲ့ သံသရာကို ဖြတ်ရမှာက ပိုကြောက်ဖို့ ကောင်းလှပါတယ်" ဆိုသည့် ဆုံးမစကားသံက သူတို့ နားထဲတွင် ပဲ့တင်ထပ်လျက် -

→ ကားညွှန်း



# ရန်တိုင်းအောင် ထွက်ရပ်လမ်း

မောင်လေးခိုင်

# ရန်တိုင်းအောင် ၏ ထွက်ရပ်လမ်း



မောင်လေးခိုင်

ခုတစ်လော ဗွီဒီယိုကားများ အတော်ကြည့်ဖြစ်သည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်ဖြစ်၍သားတို့အားလပ်ကြသည်။ စနေ၊ တနင်္ဂနွေရုံးအားရက်များတွင် မိသားစု တစ်နေကုန်နီးပါး ဗွီဒီယိုကြည့်ကြသည်။

ဓနသဘာဖြစ်ယဉ်ကျေးမှုက တင်ပြသည့် ဗီဒီယိုကား၊ စွမ်းအားကြီးမားလှ၏။ ပညာလိုလျှင် ပညာပေးကားများ အနေတွဲ့မှု၊ ပျော်ရွှင်မှု ခံစားလိုလျှင်လည်း ဒရမ်မာနှင့် ခံစားမလား။ အကြမ်းအရမ်း၊ အချစ်အညှစ်၊ ထိတ်လန့်ဖွယ်ရာအပါအဝင်ရသစုံကို ကြိုက်သလို ခံစားနိုင်သည်။ ထိုကဲ့သို့ ကောင်းကွက်များရှိသလို ဆင်ဆာမဲ့၍လားမသိ၊ မိသားစုကြည့်မရအောင် လိင်ကိစ္စအသားပေးသည့် (Soft porn) ကားများ၊ မူးယစ်ဆေးဝါးနှင့် ရမ်းကားမှု အားပေးသည့်ကားများလည်း များစွာရှိကြသည်။ တိမ်းလွယ်၊ ပြောင်းလွယ်၊ အတုခိုးလွယ်သည့် သားတို့လူမမည် အရွယ်များ အတုခိုးမှားမည်ကို စိုးရိမ်ရသည်။ ထို့ထက်ပို၍ဆိုးသည်က ဓနသဘာပြင်၏ ဖမ်းစားမှုအောက်ဝယ် ခံစားမှုဖြင့် နစ်မြုပ်သွားပါက လူငယ်များအနေဖြင့် ဓနတီးမှုစွမ်းအင် လျော့နည်းမည်ကို စိုးရိမ်ရသည်။ တန်ဖိုးလွန်ဘေးပင် မဟုတ်ပါလော။

ယခုရက်များအတွင်း ကြောက်မက်ဖွယ် (Horror) ကားများကို ကြည့်ကြသည်။ တစ္ဆေ သရဲ၊ နာနာဘာဝများ၊ သွေးစုပ်ဖုတ်ကောင်များ (Vampire) ကားများပင် မြင့်မားသည့် စက်မှုအတတ်ပညာဖြင့် ပီပီပြင်ပြင် ရိုက်ကူးထားရာ ကြည့်၍ကောင်းပါသည်။ အနုပညာအရလည်း လွှမ်းမိုးနိုင်ပါပေသည်။ ယင်းကားများကို ကြည့်ပြီးနောက် လူပျိုပေါက်အရွယ်သားတို့မှာ မှောင်လျှင် ကြောက်ရွံ့၍ တစ်ယောက်တည်း မအိပ်ရဲ၊ အိမ်သာပင် မဝင်ရဲသည်အထိ ဖြစ်လာသည်။

ဝင်းကြောက်မက်ဖွယ် တစ္ဆေသရဲကားများအနက် ကျွန်တော် သဘောတွေ့သည့်ကားတစ်ကား ရှိသည်။ ရုပ်ရှင်အဖြစ်လည်း ပြသခဲ့သည်။ (Ghost) "တစ္ဆေ" အမည်ရှိကားပင်။

ဝင်းကားတွင် ဆင်(မ်)ဝိဒ်(ပက်ထရစ်ဆွေးဇီ)နှင့် မော်လီဂျူနီဆင်(ဒယ်မီမိုး)တို့မှာ ချစ်သူနှစ်ဦး။ သူတို့သူငယ်ချင်း ကားလ်က လူမိုက်အကူအညီဖြင့် ဆင်(မ်)ကို သတ်မိပြီး သူ့ဘဏ်စာရင်းနှင့် ချစ်သူကို အရရှိင်ဖို့ ကြိုးစားသည်။

နာနာဘာဝဖြစ်သွားသော ဆင်(မ်)က နတ်ဝင်သည် အိုဒီမေ၏ အကူအညီဖြင့် တားဆီးခဲ့ပုံ၊ နောက်ဆုံး မကောင်းမှုများ ကျဆုံးပြီး နာနာဘာဝ အရိပ်မည်းကြီးများက ဆွဲခေါ်သွားပုံ၊ နာနာဘာဝကောင်မှာမှု အဖြူရောင် အလင်းတန်းကြီးဖြင့် ကောင်းရာဂတိသို့ တက်ရောက်သွားပုံကို ပြသထားသည်။

ဇာတ်ကား၏ ရည်ရွယ်ချက်နှင့် ဇာတ်လမ်းမှာ သမရိုးကျပင်။ ဇိုရာတွင် အနောက်တိုင်းမှ တွေ့ခေါ်သည့် နာနာဘာဝအယူအဆများနှင့် စိတ်ဝိညာဉ်ဆိုင်ရာ အတိုင်ပင်ခံ (Spiritral Consiltant) ဟူ၍ အမည်ခံထားသော နတ်ဝင်သည် အိုဒီမေကို ကျွန်တော် စိတ်ဝင်စားမိ၏။ ယင်းအခန်းကို ကိုယ်ပိုင်ကူးယူပြီးနောက် သိမ်းဆည်းထား၏။ နာနာဘာဝနှင့် သေဆုံးပြီးနောက်ဘဝများနှင့် ဝပ်လျှိုး၍ စိတ်ဝင်စားသူများကို ချပြသည်။ အနောက်တိုင်း အယူအဆနှင့် ကျွန်တော်တို့ သဘောထားများကိုလည်း ဆွေးနွေးဖြစ်သည်။

မှတ်မှတ်ရရ - သီတင်းကျွတ်လပြည့်နေ့ ...။

ကျွန်တော်တို့မိသားစုနှင့် သားရင်းပမာရင်းနှီးသူ မြစ်ဝကျွန်းပေါ်မှ ကုန်သည်ကြီး ဦးကြည် အလည်ရောက်လာသည်။ သူက အသက် (၆၀) အရွယ်၊ လူပျိုကြီး။ စီးပွားရေးတွင် အောင်မြင်သည်။ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများတွင် မြို့မျက်နှာဖုံးအဖြစ် ရှေ့တန်းမှပါဝင်သူ၊ ဘဝအတွေ့အကြုံလည်းများသူဖြစ်သည်။

နာနာဘာဝ ဗွီဒီယိုကားကိုကြည့်ပြီးနောက် -

"အေးကွ - နာနာဘာဝနဲ့ပတ်သက်လို့အယူအဆကတို့တမာအယူအဆနဲ့ဆင်တယ်။ လူသေပြီးရင်ဘဝရှိတယ်ဆိုတာလည်းတွေ့ရတယ်" ဟုဦးကြည်က မှတ်ချက်ချ၏။

"ဒါပေမဲ့ - ငါ ဘာသာခြားမိတ်ဆွေတစ်ဦးဆီက ကြားဖူးတာကတော့ သူတို့အယူအဆအရ လူဟာ သေရင် Day of Judgement တရားစီရင်မည့်နေ့ကိုစောင့်နေတယ်တဲ့။ အဲဒီနေ့မှာ ဘုရားသခင်ဟာ လူပြည်ကို ဆင်းသက်လာတယ်။ ကောင်းမှုပြုသူတွေ၊ ဘုရားကိုယုံကြည်သူတွေကိုထာဝရကောင်းကင်ဘုံ (Eternal heaven) ကို သူနဲ့အတူ ခေါ်သွားမယ်။ အကုသိုလ်ပြုသူတွေကတော့ ငရဲမှာ အမြဲတမ်း ကျန်ရစ်မယ်လို့ ပြောတယ်။ ဒီအယူအဆနဲ့တော့ နာနာဘာဝဖြစ်ရတဲ့ဘဝဟာ ကွဲလွဲမှုကို တွေ့ရတယ်"

"လူတွေဟာ သေပြီး နောက်ဘဝ (Life after death) နဲ့ပတ်သက်လို့တော့ တော်တော်သုတေသနပြုကြတာ တွေ့ရတယ်။ ဆရာသက်လုံရဲ့ဂန္ထရဆိုင်ရာစာအုပ်မှာ တွေ့ရတယ်။ အခြားလည်း အများကြီးရှိပါတယ်"

ကျွန်တော်က လက်လှမ်းမီသလောက် ပြော၏။

"သံသရာက မလွတ်နိုင်သေးရင်တော့ ကုသိုလ်၊ အကုသိုလ်အရ (၃၁) ဘုံမှာ ကျင်လည်ကြတာ အပြင်းပွားစရာ မရှိပါဘူး။ အောက်ဘုံသားတွေဖြစ်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တွေ ဖြစ်ရတာ လက်ခံကြရမှာပါ။ ပရလောကသား နာနာဘာဝတွေကလည်း ပြိတ္တာအနွယ်ဝင်တွေပါပဲကွာ။ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက သူ့ရဲ့ "တစ်ဘဝ သံသရာ" စာအုပ်မှာ ရေးခဲ့တာက ဘုန်းကြီးတောင် ကောင်းရာသုဂတိ လားမယ်လို့ ကံသေမှုရ မပြောမရဘူးတဲ့။

ဆရာတော်ကြီးငယ်စဉ်က ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူတာ ပစ္စည်းတစ်ခုကို စွဲပြီး မကျွတ်နိုင်ဘဲနဲ့ နာနာဘာဝဖြစ်နေတယ်တဲ့၊ ဘုန်းကြီးနာနာဘာဝဆိုတော့ ပရိတ်ရွတ်၊ ကမ္မဝါစာတ်လို့လည်း မရဘူး။ အဲဒီပစ္စည်းကို ထုခွဲပြီး အလှူလုပ်ပြီး အမျှဝေတော့မှ ကျွတ်သွားသတဲ့။ အလားတူ တောင်တန်း၊ သာသနာပြုဆရာတော်ကြီးကလည်း သူ့ကမ္ပိယကြီးသေပြီး မြွေဖြစ်သွားရတဲ့အကြောင်း ပြောဖူးတယ်။ တော်ကူးမွေ့ဗိမာန်မှာလည်း တရားအားထုတ်သူတွေက မိမိတို့ဖြစ်ခဲ့ရတဲ့ အတိတ်ဘဝတွေကို တွေ့မြင်ရတာကို ဆရာမင်းတင်မွန် စာအုပ်မှာ တွေ့ရတယ်။ ဒါတွေဟာ – မျက်မှောက်ကာလ ယုံကြည်လောက်တဲ့ အထောက်အထားတွေပဲပေါ့ကွာ"

"ဟုတ်ပါတယ်ရှာ။ သေပြီးတဲ့နောက်ဘဝဖြစ်ရတာကိုတော့ ကျွန်တော်ယုံကြည်ပြီးသားပါ။ ကျွန်တော် ဝိညာဉ်ကားထဲမှာ စိတ်ဝင်စားတာက ဝိညာဉ်အတိုင်ပင်ခံလို့ ဆိုင်းဘုတ်တင်ထားတဲ့ "အိုဒီမေး" ပါပဲ။ သူဟာ ပရလောကသားတွေကို (Media) ကြားခံအဖြစ် ဘယ်လိုဆက်သွယ်သလဲဆိုတာပါပဲ"

"ငါ့အမြင်တော့ ပရလောကသားတွေနဲ့ အထုံအဆက်ပါရှိတဲ့သူတွေဟာ တွေ့ကြုံဆက်ဆံနိုင်တဲ့သဘောပဲ။ တို့ဆီမှာ ကြို့ပင်တောက်က "နတ်လေချွန်" ရှိခဲ့တယ်၊ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က ငါရောက်ဖူးတယ်ကွ။ သေတဲ့လူ၊ မြုပ်နှံတဲ့သင်္ချိုင်းပြောရင် နတ်လေချွန်က ရှာဖွေပြီး ခေါ်ယူတယ်။ လေချွန်သံကို နားထောင်ပြီး "ခေါ်ဝိန်တွေး" ဆိုတဲ့ အမျိုးသမီးက သိလိုတာကို မေးတယ်၊ ဖြေတယ်၊ ကြေးကလည်း မကြီးဘူး။ မေးတဲ့သူတွေလည်း ကျေနပ်ကြတယ်တဲ့။ နာမည်ကြီးသဘင်သည်တစ်ယောက် ကွယ်လွန်သွားတော့ သူ့သားသမီးတွေ မေးမြန်းကြရင်း သူတို့မသိတဲ့ သူ့ဇာတ်ရဲ့ တိမ်မြုပ်နေတဲ့ သီချင်းတစ်ပုဒ်တောင် ရတယ်ဆိုပဲ။ ငါ့အမြင်တော့ ဆွေမျိုးမကင်း ဒါမှမဟုတ် သံယောဇဉ်ရှိတဲ့ ပရလောကသားတစ်ဦးဦးက စောင့်ရှောက်တဲ့ သဘောလို့ ထင်တယ်"

"ဒီလိုဆိုရင် ပရလောကသား တစ်ဦးဦး ဘယ်လိုနည်းနဲ့ ဆက်သွယ်ပြီး အကူအညီပေးသလဲ၊ စေနိုင်းသလဲဆိုတာ ကျွန်တော် သိချင်တယ်"

ကျွန်တော် သိလိုသည့်အချက်ကို မေး၏။

"အေး – နာနာဘာဝ ဒါမှမဟုတ် ပရလောကသားတစ်ဦးကို နိုင်းတဲ့ အတွေ့အကြုံနဲ့အတူ အလွန်အစွမ်းထက်ပြီး ထွက်ရပ်လမ်းကို ရသွားတဲ့ ဆရာတစ်ယောက်ကို လွန်ခဲ့တဲ့နှစ်အစိတ်လောက်က တို့မြို့မှာ အကျော်အေယျဖြစ်ခဲ့ဖူးတယ်ကွ"

ဟူ၍ အစရှိကာ ဦးကြည်က သူ့အတွေ့အကြုံကို ပြောပါသည်။

=◈=

မြစ်ဝကျွန်းပေါ်ဒေသ၊ ညောင်တုန်းမြို့သည် ယခုကဲ့သို့ ရန်ကုန်မြို့နှင့် တိုက်ရိုက်ဆက်သွယ်မည့် ကားလမ်း မပေါ်သေး။ ရေကြောင်းသည်သာ တစ်ခုတည်းသောလမ်းဖြစ်၍ လှေ၊ သမ္ဗန်၊ သင်္ဘောတို့သည် ကမ်းနားဆိပ်ခံ ဖောတံတားတစ်လျှောက် စုပြုံနေသည်မှာ မြင်၍သာကောင်းတော့။

ညောင်တုန်းမြို့ပတ်ဝန်းကျင်ရှိရွာများမှာ ဆန်၊ ပဲ၊ ငရုတ်၊ ဆေးရွက်ကြီး စသည့် သီးနှံတို့ စိုက်ပျိုးကြသည်။

မြို့ကွက်သည် မကျယ်ဝန်းလှ။ နယ်မြို့တို့၏ ဓလေ့အတိုင်း အကြောင်းကိစ္စတစ်ခုဖြစ်လျှင် နာရီပိုင်းမဆိုင်း။ တစ်မြို့လုံး သိရှိသွားကြသည်။ မောင်းကြေးနင်းခေါ်ရန်ပင်မလို။ ထိုနေ့တွင်လည်း ဘုရားအကာ ဦးအောင်ညွှန့်အိမ်တွင် အညာဒေသမှ အလွန်အစွမ်းထက်သည့် ဆရာကြီးတစ်ဦး ရောက်ရှိကြောင်း၊ စုန်းတိုက်၊ နတ်တိုက် အမှောင့် ပယောဂမှန်သမျှ နာရီပိုင်းအတွင်း ရောဂါပျောက်ကြောင်း၊ လူအများ လာရောက်ကြည့်ရှုကြရာ အိမ်ပင်မဆန့်၍ မကျွန်ထိုးရကြောင်း စသည့်သတင်းကို ဦးကြည် ကြားရသည်။

နောက်တစ်နေ့တွင် ဦးအောင်ညွှန့်၏ ဖိတ်ကြားချက်အရ ဦးကြည်အပေါ် အဝင်မြို့မျက်နှာစုံးလူကြီး (၅)ဦးတို့ အဆိုပါဆရာနှင့် တွေ့ဆုံကြသည်။ ဆရာသည် အမှန်ထူးခြားကြောင်း မြင်လျှင်မြင်ချင်း ဦးကြည် သတိပြုမိ၏။ ရှမ်းဘောင်းဘီအနက်၊ အပေါ်ရင်ဖုံးပင်နီအင်္ကျီနှင့် နီညိုရောင် ရှမ်းခေါင်းပေါင်းထားပါး အသားအရည်မှာ အညာသွေး အညာရောင်၊ အရပ်စပ်ပြတ်ပြတ်နှင့် ထုတ်နိုင်သည့် ခန္ဓာကိုယ်ရှိသည်။ ကြံ့ခိုင်၍ လေးထောင့်စပ်စပ် မေးရိုး၊ ကြောင့်စင်းသည့်နှာတံ၊ ထူးလွှာ ပိရိသည့်နှုတ်ခမ်းနှင့် ကျယ်ပြန့်သည်

မဟာနဇ္ဇုရှိသည်။ အထူးသဖြင့် စူးရှတောက်ပသည့် မျက်လုံးများမှာ ထူးခြားလှသည်။ အသက်(၄၀)ခန့်ဟု ထင်ရသော်လည်း တည်ကြည်သည့် မျက်နှာထားကြောင့် များစွာကြီးရင့်နေပုံရသည်။ ဆရာ၏ဥပမိရုပ်ကို မြင်ကြည့်လျှင် မဆုတ်မနစ် ဖွဲလုံ့လရှိပြီး ထက်မြက်ရက်စက်သူဟူ၍ ထင်မှတ်ရပေသည်။

သူ့အမည်မှာ ရန်တိုင်းအောင် ဆရာကျော်။ စကားကို ဖွယ်ဖွယ်ရာရာ မပြော။ တိကျတိုတောင်းစွာ ပြောသည်။ အသံသည် အောင်၍ပြတ်သားလှပေသည်။ သူ တွေ့ကြုံခဲ့ရသည့် စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ မြေဘုတ်ဘီလူးစသည့် နာနာဘာဝတို့နှင့် ရင်ဆိုင်တိုက်ပွဲများကို စကားအဆင်တန်ဆာမပါပဲ ပြောပြသည်။

ထို့နောက် - ဆရာကျော်သည် ပရိသတ် စိတ်ဝင်စားသည့် သမားဂုဏ်စွမ်းရည်ပြပွဲတစ်ခုကို ပြသပါတော့သည်။

သူသည် အိမ်တောင်တစ္ဆေမျက်နှာကြက်ဆီကို ကြည့်၏။ ထို့နောက် မန္တန်ဟု ထင်မှတ်ရသော စကားစုတို့ကို ဒွာန်နှင့် မာန်နှင့် ရွတ်ဆိုလိုက်သည်။

"ကျုပ်ကို မျက်လှည့်ဆရာ မထင်ကြနဲ့။ ဒီအတတ်ကို တောင်းဘူး။ ကျုပ်ရဲ့အစွမ်းသတ္တိနဲ့ ခင်ဗျားတို့ကို ဧည့်ခံမယ်။ ကဲဟော - ခေါက်ဆွဲကြော် လာစမ်း"

သူသည် တင်ပျဉ်ခွေထိုင်ရာမှ ညာဘက်ခေါင်ကို မြှင့်၍ ရှိက်လိုက်ရင်း လက်ကို မျက်နှာကြက်ဆီသို့ ဆန့်တန်းလိုက်ပြီး ပြန်လည်ဆွဲယူသည့်အခါတွင် သူ့လက်ထဲ၌ ခေါက်ဆွဲကြော်တစ်ထုပ် ပါလာသည်ကို တွေ့ရသည်။ ပရိသတ်မှာ ဟာခနဲ ဖြစ်သွား၏။ မျက်လှည့်ပွဲဆိုလျှင် အလွန်ကြည့်ကောင်း၍ သေသပ်လှ၏။ ဤသည်ကို မျက်လှည့်မဟုတ်ဟု ဆရာက ဆို၏။ ဘာဖြစ်နိုင်သနည်း။ စဉ်းစား၍မဆုံးမီ ဆရာသည် ဘီလပ်ရည်၊ ဗီးကာရက်၊ အရက်ပုလင်း စသည်တို့ကို တစ်ခုချင်း ယူ၍ပြသည်။ သေသပ်ရှင်းလင်းလှသည်။ မိမိ၏အတွေ့အကြုံဗဟုသုတနှင့် စဉ်းစားမရသည့်အခါ ယုံစားအထင်ကြီးတတ်သည်မှာ လူတို့၏သဘာဝ။ ထိုစဉ် ဆရာကျော်သည် စူးရဲသောမျက်လုံးဖြင့် ဝင့်ထည်စွာ ကြည့်လိုက်ရင်း -

"ဒါက - ကျုပ်ပညာရဲ့ အခြေခံအဆင့်ပါဗျား။ နှစ်(၂၀)လုံးလုံး ပယောဂကုခဲ့တယ်။ နတ်ဆိုးတို့၊ (၁၂)ကြိုး၊ တာဝေးတို့နဲ့ အသေအကြေ တိုက်ကြတုန်းကများ တစ်ချက်မှားရင် အသက်ပါသွားမှာဗျ"

ဆရာကျော်က ပြောလိုက်သည်။

"ဆရာ တစ်ခါမှ မရှုံးခဲ့ဘူးပေါ့နော်"

ပရိသတ်ထဲမှ တစ်ဦးက ဝင်အံ့ဩမေး၏။

"ဟာဗျာ - ကျုပ်ရှုံးမှဖြင့် ခုလို ဘယ်တွေ့ရတော့မှာလဲဗျာ။ တွေ့သမျှ ရန်တိုင်းအောင်လို့ "ရန်တိုင်းအောင် ဆရာကျော်" လို့ သိနေကြတာပေါ့။ ကျုပ် ပယောဂကုတာ ဒုက္ခရောက်သူတွေ ကယ်ဖို့၊ ငွေလိုချင်လို့ မဟုတ်ဘူး"

မှန်ပါသည်။ ဆရာကျော်သည် ပယောဂဝေဒနာများကို ကြေးမသတ်မှတ်။ စေတနာဖြင့် ကျွေးလှူဒါန်းကန်တော့သည်ကိုသာ လက်ခံသည်။ ဆင်းရဲသူများကို ပေးကမ်းလှူဒါန်းသည်။ ပယောဂများမှာ ပျောက်ကင်းသည်။ ထို့ကြောင့် ညောင်တုန်းမြို့နယ်တကျေးရွာများမှ ပယောဂဝေဒနာရှင်များ အမှန်ချမ်းသာရာရပြီး ဆရာကျော်ကို ကယ်တင်ရှင်ဟု ထင်မှတ်ကြသည်။

ဦးကြည်သည်လည်း ဆရာ၏စေတနာ၊ လုပ်ရပ်များကို လက်ခံသည်နှင့် အမျှ မကြာခဏ တွေ့ဆုံရာက ရင်းနှီးမှုရှိလာသည်။ ဆရာကိုလည်း နှစ်ကြိမ်မျှ ထမင်းတား ဖိတ်ခေါ်ကျွေးခဲ့သည်။ ဆရာ၏ပညာ၊ ဘဝဖြစ်စဉ်တို့ကို သိလိုသော်လည်း မမေးဖြစ်ခဲ့။

ဤသို့ဖြင့် မြို့သို့ ဆရာရောက်ရှိပြီး တစ်လပြည့်ရန် (၂)ရက်မျှ အလို၊ ဦးကြည်အိမ်သို့ ဆရာကျော် ရောက်လာသည်။ ဆရာကျော်သည် ခေါင်းပေါင်း၊ တိုက်ပုံ၊ ရှမ်းဘောင်းဘီတို့ကို ဝတ်ဆင်မထား။ ဆံပင်မှာ အောင်ကျော်ဆံတောက်ပုံ၊ လက်တိုအကျီဖြူနှင့် ဆိတ်ခွန်လုံချည်ကွက်ကို ဝတ်ဆင်၍ လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။ အဝတ်အစားသာမက မျက်နှာ အသွင်အပြင်ကပါ ကြည်လင်၍ များစွာနုပျိုနေသည်။

"ကျုပ် - ရခိုင်မြို့ဟောင်းဘက်သွားတော့မလို့၊ ခင်ဗျားကို လာနှုတ်ဆက်တာ။ နောက်ပြီး ဧတွေ့ကတည်းက ကျုပ်နဲ့ပတ်သက်ပြီး ခင်ဗျားသိချင်တာရှိရင် မေးပေါ့ဗျာ"

ဆရာကျော်က သူ့စိတ်ကို သိထားသကဲ့သို့ ပြောသည်။

"ကျွန်တော် သိချင်တာလေးတွေ ရှိပါတယ်။ ဆရာ ခွင့်ပြုမှတော့ မေးရတာပေါ့။ ဆရာ့အနေနဲ့ ခေါက်ဆွဲ၊ စီးကရက် စတဲ့ပစ္စည်းတွေကို ယူပြတာ

သိပ်ရှင်းတယ်။ မျက်လှည့်မဟုတ်ဘူးလို့လည်း ပြောတယ်။ ဘယ်လိုနည်းလမ်းလည်းဆိုတာသိချင်တယ်။နောက် – ဆရာကို ခင်မင်လေးစားပြီးဆရာရဲ့ဘဝဖြစ်စဉ်ကို သိခွင့်ရမလားလို့ –"

ဆရာကျော်သည် ခင်မင်နှစ်လိုစွာ ပြုံးလိုက်၏။ ယခင်ကဲ့သို့ ဆရာ၏ဟန်၊ မာန်တို့ မရှိတော့လားမသိ၊ သူ့အပြုံးတို့မှာ ချိုမြနေ၏။

"အင်း – ခင်ဗျားသိချင်တဲ့ ကျုပ်ရဲ့လျှို့ဝှက်ချက်ကို ပြောရတာပေါ့။ ဒါပေမဲ့ – ကျုပ်ဘဝအကြောင်းကို ပြောရင်း ရှင်းပြပါ့မယ်။ ဟိုတစ်ခါကလို ထိုးရုံခြောက်မီးဇတ်ကို ရေနွေးကြမ်းကျကျလေးနဲ့ ပြည်းရင်း ပြောကြတာပေါ့ ဗျာ –"

=◈=

ကျုပ်နာမည်က မောင်ကျော်ပါ။ ဇာတိက ပခုက္ကူနဲ့ ညောင်ဦးကြား၊ ရေဝတီမြစ်ကမ်းပါးက သာပြေကန်ရွာပါ။ အိမ်ခြေ(၅၀)လောက်ရှိပြီး ပဲ၊ ဝရုတ်၊ ဆေးစတဲ့ကိုင်းလုပ်ငန်းနဲ့ အသက်မွေးကြတယ်။ ကျုပ်က တစ်ဦးတည်းသောသား။ ကျုပ်အရွယ်ရောက်လာတဲ့အထိ မိဘတွေရဲ့ကိုင်းလုပ်ငန်းဟာ အဆင်ပြေပါတယ်။ မကြွယ်ဝပေမဲ့ စားနိုင်၊ သောက်နိုင်၊ လှူနိုင်ပါတယ်။ ကိုယ်ပိုင်ကိုင်းမြေလေးတွေလည်း အနည်းအကျဉ်း ရှိပါတယ်။

ဒါပေမဲ့ – ကျုပ်ရှင်လိင်ပြန်တဲ့နှစ်မှာ စပြီးမိုးခေါင်လိုက်တာ (၂)နှစ်ဆက်တိုက်။ ရှိသမျှ ကုန်ရော၊ စိတ်ပင်ပန်း၊ လူပင်ပန်း ရောဂါဝင်လာတော့ အဘခရာ၊ အမေပါ ရှေ့ဆင့်နောက်ဆင့် ဆုံးတော့တာပဲ။ ကျုပ်လည်း အငှားကူလီဘဝ၊ ထမင်းစားကျွန်ခံဘဝနဲ့ နေခဲ့ရတာပေါ့။ ဒီလိုနေရင်း ရွာမှာ အချမ်းသာဆုံး ဦးသာဗွေရဲ့ သမီးတွေး "အေးသာ"နဲ့ မေတ္တာမျှကြတယ်။ ကျုပ် သူတို့အိမ်မှာ ထင်းခွေ၊ ရေခပ်ရာက တွေ့ကြတာပေါ့။ သူ့မိဘတွေသိတော့ ယမ်းပုံမီးကျ၊ ကျုပ်ကိုလည်း သတ်မလို့။ အဲဒီနေ့မှာပဲ ကျုပ်တို့နှစ်ယောက် မိုးပြေးပြီး ခေါင်းတံလည်က ဦးလေးဝမ်းကွဲဆီ ရောက်သွားတယ်။ နောက်တော့ ရိုးမတောင်ခြေက ထင်းခုတ်လုပ်ငန်းမှာ ဝင်လုပ်ကြတယ်။

အဲဒီမှာ (၂)နှစ်လောက်အကြာ ကျုပ်ရဲ့ သားဦးလေး ပဋိသန္ဓေရှိတုန်း ကျုပ်ဇနီးမဟာ ငှက်ဖျားရောဂါနဲ့ ဆုံးသွားတယ်။ ရက်လည်အောင် မလွမ်းလိုက်ရဘူး။ ထမင်းစားဖို့ တောတက်ပြီး ထင်းခုတ်ရပြန်တယ်၊ တစ်နေ့မှာ အဖော်တွေနဲ့ကွဲပြီး ကျုပ်ရဲ့ ငှက်ဖျားကလည်း ပြန်ထခဲ့တာ၊ ရိုးမတောထဲမှာပဲ (၃)ရက်လုံးလုံး သတိလစ်နေခဲ့တယ်။ အဲဒီမှာ ကျုပ်ဆရာက ကျုပ်ကို ကယ်တင်ခဲ့တယ်။

ဆရာက အသက်(၆၀)လောက်ရှိပြီ။ နောင်ရိုးရှည်းပဲ၊ အလွန်စကားနည်းတယ်။ သူ့ရဲ့ ပရိုဒ်ဖောင်းတွေဖတ်လိုက်၊ မှိုင်းခံဝတ္ထုတွေ ရေးခြစ်လိုက်နဲ့ အလုပ်ရှုပ်နေတာပါပဲ။ ကျုပ်ရဲ့ငှက်ဖျားရောဂါကို ရေတစ်ခွက် ဆေးတစ်လုံး မန်းမှုတ်တိုက်တာ တစ်ခါတည်း အမြစ်ပြတ်သွားတယ်။ ကျုပ်ကို သူနဲ့လိုက်ခဲ့ဖို့ခေါ်တယ်။ ကျုပ်ကလည်း လက်ရှိအလုပ်ကို မလုပ်ချင်တော့ဘူး။ အသက်သခင်ဖြစ်ပြီး အဘလို့ ခင်တာမို့ တပည့်အဖြစ် လိုက်ခဲ့တယ်။

ဆရာရဲ့အမိန့်အရ ကသိုဏ်းရှုတာတို့၊ သမိုင်းတွေမှာ လှည့်ပြီး တရားကျင့်တာတို့၊ မန္တန်ရွတ်၊ အင်းကာစားတာတွေ အစုံသင်ရတယ်၊ အဲဒီမှာပဲ စုန်းတစ္ဆေ၊ ဘီလူး၊ ဘုတ်၊ ကဝေ၊ မြေဘုတ်၊ ဘီလူး စတဲ့ နာနာဘာဝတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။

ဒီလိုနဲ့ (၁၀)နှစ်လောက်ကြာသွားတယ်၊ ကျုပ်ကို အခြေခံကျင့်စဉ်တွေ ပြီးမြောက်လို့ အဆင့်မြင့်ကျင့်စဉ်တွေ လေ့ကျင့်စေခဲ့တယ်၊ နောက်တော့ သူကိုယ်တိုင်လည်း "ရှစ်မြောင်းနှာမ်စွာ" ကျင့်စဉ်အတွက် ထုံဝင်ဖို့ ထမံသိနယ်က ကျောက်ဂူတစ်ခုဆီ သွားကြတယ်။

ဆရာက ကျုပ်ကို မှာတယ်။ သူ့အနေနဲ့ ဒီပညာအဆင့် အောင်ခဲ့ရင် တစ်ဦးတည်းနေရမည့်အကြောင်း၊ သူ့ရဲ့တပည့် "ညိုကြီး" ကို ဆက်လက်မွေးဖို့ ပြောတယ်။ ညိုကြီးကလည်း သိုက်တစ်ခုက ခေါ်လာတဲ့ နာနာဘာဝမိစ္ဆာကောင်ကြီး။ သူ့ကို မွေးဖို့အတွက် နောက်ဘဝက မိမိက အဲဒီသိုက်မှာ အလုပ်အကျွေးပြုပါမယ်ဆိုတဲ့ ကျိန်စာဆိုပြီး ယူခဲ့ရတာ။ ဆရာဟာ မှာကြားစရာတွေ မှာပြီး ကျောက်ဂူထဲဝင်သွားတယ်။ ကျုပ်ကို (၃)ရက်လုံးလုံး ကျောက်ဂူဝစောင့်ဖို့၊ (၃)ရက်ပြည့်ရင် မိမိလိုရာ သွားဖို့ မှာခဲ့တယ်။

(၃)ရက်မြောက်တဲ့ည။ အဲဒီညက လကွယ်ည မှောင်မိုက်ပြီး မိုက်မိုက်တုန် အောင် ချမ်းနေတယ်။ ကျုပ်လည်း စောင်ကြမ်းကိုခြုံပြီး ငုတ်ပြည်းစွာ စောင့် နေခဲ့တယ်။ ညကလည်း နက်လာတယ်။ တောရွေးဖွတ်ခွေးအော်သံတစ်ချက် တစ်ချက် ကြားရတယ်။ တကီးကီးနဲ့ ငှက်ဆိုးထိုးသံတွေလည်း ကြားရတယ်။ ဒီအခိုက်မှာပဲ ကျုပ်တော့ပြထားတဲ့ရုပ်က "ဝီး"ခနဲ လေသံနဲ့အတူ လူတစ် ယောက်လောက်ကြီးမားတဲ့ လင်းနို့ကြီးတစ်ကောင်ဟာ ကျုပ်ခေါင်းပေါ်က ဖြတ်ပြီး ရှေ့က ရုံကွယ်တစ်ခုကို နားလိုက်တာ တွေ့ရတယ်။ ဒီလောက်ကြီးတဲ့ လင်းနို့ကြီးဟာ ဂူထဲက ဆရာကိုများ အန္တရာယ်ပြုသွားမလားလို့ စိတ်ပူသွား တယ်။

ဒီအခိုက် လင်းနို့ကြီး နားလိုက်တဲ့ ရုံပုတ်ဆီက "ဝုန်း" ဆိုတဲ့ အသံကြီး ကြားလိုက်ရတယ်။ နောက်တော့ ညအမှောင်မှာ ဝင်းလက်နေတဲ့ မျက်လုံး နှစ်လုံး ကျုပ်ဆီကို တရွေ့ရွေ့လှမ်းလာတာ တွေ့ရတယ်။ ကျုပ်လည်း သတိနဲ့ ကြည့်နေတယ်။ ဝါးတစ်ရိုက်အကွာရောက်တော့ နွားမတမ်းလောက်နီးနီးရှိ တဲ့ ကျားကြီးတစ်ကောင်မှန်း သိရတယ်။ ကျားကြီးဟာ ဝပ်ပြီး ကျုပ်ကို ကြည့် နေတယ်။ ကျုပ်လည်း မျက်တောင်မခတ်ဘဲ ကျားကြီးကိုပြန်ကြည့်တယ်။ ဘာမှမတွေ့ရဘူး။ ဒီအချိန်မှာ အရှက်ဦးရောင်နီလေးတွေဖြာနေပြီး အဲဒီတုန်း မှာ ကျုပ် ငိုက်ခနဲ ဖြစ်သွားတယ်။ သတိရလိုက်ချိန်မှာ အာရုဏ်လင်းနေပြီ၊ ကျားကြီးလည်း မရှိတော့ဘူး။ စိုးရိမ်စိတ်နဲ့အတူ ဂူထဲဝင်ပြီး ဆရာကို ကြည့် တယ်။ ဘာမှမတွေ့ရဘူး။ နံရံမှာတော့ "ဝါ့တိစွပြီးပြီ။ မင်းသွားလို့ရသွား တော့" ဆိုတဲ့စာလုံးတွေကိုဆေးအိုးနဲ့ ရေးထားတာ တွေ့ရတယ်။ ကျုပ်လည်း ဆရာကို ရည်စူးကန်တော့ပြီး အဲဒီက ထွက်လာတယ်။ နောက် မြန်မာပြည် တစ်နံတစ်လျား သွားတော့တာပါပဲ။

အဲဒီအချိန်ကစပြီး ကျုပ်က ဆရာ၊ နာနာဘာဝညီကြီးကို တပည့်အဖြစ် မွေးပြီးရှေ့ဆက်စခန်းသွားကြတယ်။ ပယောဂဝေဒနာရှင်တွေကို ကျုပ်က စေတနာနဲ့ ကုသတယ်တင်တယ်။ သဘ္ဘါကြေးကိုပဲ ကျုပ်လက်ခံတယ်။ ကျုပ် အတွေ့အကြုံအရ လူတွေဟာ ပယောဂပျောက်သွားတာထက် ဆရာဆုံးမ စွပြတာကို တွေ့ချင်ကြတယ်။ ဒီတော့ ကျုပ်လည်း ညီကြီးကို သုံးရတာပေါ့။

ဒီမြို့ကို စ.ရောက်တဲ့နေ့က ဘယ်ဆိုင်မှာ ဘာပစ္စည်းတွေ ရှိတယ်ဆိုတာကို ညီကြီးကို ကြိုပြီးပြထားရတယ်။ ညီကြီးက ကျုပ်နိုင်းလိုက်တဲ့အချိန်မှာ ယူပေးတယ်။ ညနေကျတော့ အဲဒီဆိုင်တွေသွားပြီး ကျုပ်ဝယ်တာ ငွေရှင်းဖို့ ကျန်ရှိုဆိုပြီးငွေပေးရတယ်။ ကျုပ်တို့မှာ သစ္စာတရားတို့ စည်းကမ်းတို့ဆိုတာ ထားရသေး၊ စည်းဖောက်ရင် ဘေးသင့်တယ်။ ကဲ - ခင်ဗျာသိချင်တာ ရှင်းပလား။

"ရှင်းပြီ - ဆရာ၊ ဆရာလုပ်ရပ်နဲ့ စေတနာတွေကို ကျွန်တော် သဘော ပေါက်ပါတယ်။ ဆရာလုပ်တယ်တော့ မထင်ပါနဲ့။ သားချင်းလို သဘောထား မှာချင်တယ်။ လောကီပညာရပ်တွေရှည်း မကျေနပ်ပါနဲ့၊ လောကုတ္တရာကို လည်း ပေါက်ရောက်အောင် ကြိုးစားစေချင်တာပါပဲ - ဆရာ"

ဦးကြည်က ဆရာ့ကို ငွေကျပ် (၃၀၀) နှင့် ငါးခြောက်များ လက်ဆောင် ပေးလိုက်သည်။

တဲ့ကြိုရင် ဆုံကြဦးစို့ရှာ၊ ဆရာက နှုတ်ဆက်သွားတယ်။

=◈=

နွေးမိုးဆောင်တို့သည် အလီလီပြောင်းခဲ့ပြီး ဘဝရပ်တည်မှုအတွက် ရှန်းကန်လှုပ်ရှားကြရင်း (၅)နှစ်ကာလကိုပင် မေ့လျော့စပြုခဲ့ပြီး၊ တန် ဆောင်မုန်းလဆန်းတစ်နေ့တွင် ဦးကြည်က သူဝယ်သည့်တောင်းအိတ်(၆)ကား သစ်ခြင့် မော်လမြိုင်ရှိမိတ်ဆွေများနှင့် ဘုရားဖူးရန် ထွက်လာသည်။ ပေါင်မြို့ မှ ထွက်ခွာစဉ် (၃)မိုင်မျှ ရောက်လျှင် ကားမှာ မမျှော်လင့်ဘဲ ဘရိတ်ပေါက် သွား၏။ ဘရိတ်ဝါရှာ အစိုပေါ်ခဲ့၊ ယင်းပစ္စည်းမျိုးရှိရာတွင် ဝယ်ရမည့် ယာဉ် မောင်းကို စေလွှတ်လိုက်ပြီး ဦးကြည်နှင့် မိတ်ဆွေတစ်စုတို့မှာ ကားရပ်ရာ ဓင်းကျိုက်တောင်စွယ်၊ တစ်နေရာတွင် စောင့်နေကြ၏။

ထိုအချိန် အသက်(၅၀)ခန့်ရှိ မွန်အမျိုးသားကြီးတစ်ဦးက သူ့ဆရာ ဘုန်းကြီးက မှည့်သည်များကို ကျောင်းသို့ လာရောက်ရန် ဖိတ်ကြားကြောင်း ပြောသည်။ ဦးကြည်တို့က လူမှားနေပြီဟု ထင်သည်။ စောင့်နေရခြင်းထက် ဘုန်းကြီးဖူးရသည်က ကောင်းကြောင်း ညှိကြပြီး အစောင့်တစ်ဦးထားကာ

လိုက်သွားၿပီး တောင်ကြားလမ်းတစ်လျှောက် (၂)မိုင်မျှသွားလျှင် ပိမ်းမှိုသော တောအုပ်အလယ်၌ ဝါးကျောင်းငယ်တစ်ခုကို တွေ့ရသည်။ ကျောင်းအထဲ ဝင်လိုက်လျှင် သက်တော်(၄၅)နှစ်ခန့်ရှိ ဘုန်းကြီးကို ဖူးတွေ့ရသည်။ ကြည်လင်သည့်ရုပ်ရည်၊ အေးချမ်းသည့် အသွင်သဏ္ဌာန်မှာ တရားရှင် ပီသလှ၏။

ဦးကြည်တို့ကို မွန်လှမျိုး ဘုန်းကြီးက ငှက်ပျောသီး၊ ပိန္နဲသီး စသည့် သီးနှံတို့ဖြင့် ဧည့်ခံသည်။ ခဏကြာလျှင်-

“ဒကာကြီး ဦးကြည်က ကျုပ်ကို မှတ်မိပုံ မရဘူးထင်တယ်”



“သမီးတော်တို့ရဲ့သိုက်နန်းကို အကွယ်ပေးသူတွေ များလှပါပြီ–ဘိုးဘိုး။
သူက အစွမ်းထက်ဆုံးပါပဲ။ သူခေါ်လာတဲ့ ညီကြီးက သမီးတော်တို့
သိုက်နန်းစောင့်သာမဟုတ်ခဲ့ရင် သမီးတော်တို့ မကာကွယ်နိုင်တော့ပါ။
ဘိုးဘိုးရဲ့ မေတ္တာအရ သူ့ကို ချမ်းသာပေးပါ့မယ်။ နောင် သူ့ပညာစွမ်းနဲ့
အကွယ်မပေးနိုင်အောင် ဘိုးဘိုး စီစဉ်ပေးပါ”

တုန်ကြီးက မိန့်ကြား၍ ဦးကြည်က ကြည့်မိ၏။ သို့ရာတွင် သူ့အသိတွင် ရေစရာမရှိပေ။

"ကျွန်တော့်ကာ ဦးကုသလပါ။ ရဟန်းငါးဝါ ရပါပြီ။ အရင်က ခကာကြီးတို့ ကျောင်းတုန်းကြီးကို ဆရာကျော်အဖြစ် ရောက်ခဲ့ဖူးပါတယ်"

ဦးကြည်သည် အလွန်အံ့ဩသွား၏။ ဝမ်းလည်းသာသွား၏။ သူလေးစားခင်မင်၍ စိတ်စေတနာလည်း မှန်ကန်သည့် ဆရာကျော်သည် လောကီနယ်ပယ်မှ ရုန်းထွက်သွားနိုင်ခဲ့ပြီတ နားလည်လိုက်သည်။ သို့ရာတွင် မိမိပညာကို လွန်စွာယုံကြည်အားထားသော ထိုပု[illegible]သည် မည်ကဲ့သို့ ကျော်ခိုင်းခဲ့သည်ကိုမူ သိချင်လှ၏။ ဤသည်ကို ဦးကုသလသည် နားလည်ပုံရသည်။ အတိတ်မှ ရန်တိုင်းအောင် ဆရာကျော်၏ဖြစ်ရပ်သည် သူနှင့်မဆိုင်သည့် အလား၊ တုန်လှုပ်မှု၊ စိတ်လှုပ်ရှားမှုမရှိ၊ တည်ငြိမ်အေးချမ်းစွာ ပြောပြခဲ့ပါသည်။

=◈=

ဆရာကျော်သည် ကျောင်းတုန်းကြီးမှ ရမိပြည်နယ်မြို့ပေါင်းတွင် တစ်လမျှနေ၍ ပယောဂ တုသည်။ ထို့နောက် တပည့်များ၏ ပင့်ဖိတ်ချက်အရ ပြည်မြို့သို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် စိသာနီမြို့ပေါင်းအနီး သိုက်တစ်ခုကို သိုက်စာအရ တူးဖော်ကြသည့် ဆရာအရှိမှာ မအောင်မြင်ကြောင်း သိရသည်။ ဆရာကျော်သည် မိမိ၏ပညာကို အလွန်ယုံကြည်အားထားသည်။ ပညာအစွမ်းပြချင်နေသည်။ သိုက်ကို အောင်မြင်စွာ တူးဖော်နိုင်လျှင်လည်း ဆင်းရဲသားများကို ထီထီရောက်ရောက် ဝေငှလှူဒါန်းရန် လည်း အကြံရသဖြင့် သိုက်တူးရန် စီစဉ်တော့သည်။ တပည့်ညီကြီးကို အဖော်ပြု၍ နေ့ရက်နက္ခတ်ကို အကွက်ရှာကာ စီစဉ်၍ လုပ်ငန်းစ‌တော့သည်။

ဆရာကျော်တာ၊ အမှန်အစွမ်းထက်လှ၏။ အထပ်ထပ်သော အစောင့်တို့ကို ထိန်းချုပ်ကျော်လွှားနိုင်ခဲ့ပြီး နောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီ။ အောင်ပန်းမှာ လက်တစ်လှမ်းမျှသာ ရှိတော့သည်။ ယခင်ကဲ့သို့ပြင်းထန်စွာ တိုက်ခိုက်မှုမျိုး မကြုံရ။ ထိုအစိုက် နောက်ဆုံး ကျောက်ဂူတံခါး၏ နောက်

ကွယ်မှ စောင်းသံသဲ့သဲ့ ကြားလိုက်ရ၏။ လွန်စွာ သာယာလှသည်။ မရှေးမနှောင်း မိမိ၏နောက်ကွယ်မှ ငိုညည်းသကဲ့သို့ အသံကြားကြားပြီး ထွက်လာပြန်သည်။ တပည့်ညီကြီး၏အသံ။ ဆရာတော်သည် တစ်ခုခုမှားသွားသလို ခံစားရစဉ် မိမိကိုယ်ကို ရိုက်နှက်ခြင်းခံရပြီး လဲကျသွား၏။ ထိုစဉ် နာနာဘာဝတို့ ဝိုင်းအုံအော်ဟစ်တိုက်ခိုက်မှုကြောင့် မြေတွင် လူးလိမ့်နေ၏။ ရန်တိုင်းအောင်ခဲ့သူ၏ကျဆုံးမှုကြောင့်ထိခိုက်ရသောစိတ်သည် ရုပ်ဝိုင်းဝေဒနာ ထက် နာကျင်လှ၏။ အမျိုးမျိုးသော လက်နက်တို့ဖြင့် ရိုက်ပုတ်နေရာ နောက်ဆုံးထွက်သက်ဖြင့် သေခြင်းကိုငံ့လင့်နေချိန် ...။

ထိုအခိုက်မှာပင် အဖြူရောင်သင်္ကန်းတစ်ခု အနီးသို့ ရောက်ရှိလာသည်ကို ဝေဝါးစွာ မြင်လိုက်ရ၏။ ထိုအခိုက် သူ့ကို ရိုက်ပုတ်မှုတို့သည် ရပ်ဆိုင်းသွားသည်။

"တော်ကြတော့ကွယ်၊ သူ့ကို ချမ်းသာပေးလိုက်ပါ"

နူးညံ့အေးချမ်းသည့်အသံကို သဲ့သဲ့ကြားလိုက်ရသည်။

"သမီးတော်တို့ရဲ့သိုက်နန်းကို ခုကွပေးသူတွေ များလှပါပြီ - ဘိုးဘိုး။ သူက အစွမ်းထက်ဆုံးပါပဲ။ သူခေါ်လာတဲ့ ညီကြီးက သမီးတော်တို့သိုက်နန်းစောင့်သာ မဟုတ်ခဲ့ရင် သမီးတော်တို့ မကာကွယ်နိုင်တော့ပါ။ ဘိုးဘိုးရဲ့ မေတ္တာအရ သူ့ကို ချမ်းသာပေးပါမယ်။ နောင် သူ့ပညာစွမ်းနဲ့ ခုကွမပေးနိုင်အောင် ဘိုးဘိုး စီစဉ်ပေးပါ"

မိန်းမပျိုတစ်ယောက်အသံ။ ထို့နောက် ဆရာတော်မှာ ခံစားရသော ဝေဒနာများကြောင့် လုံးဝသတိမရတော့။

ဆရာတော် သတိရချိန်တွင် သူသည် မိုင်ပေါင်း အတော်ကွာလှမ်းသည့် ပြည်မြို့ရွှေဆံတော်စေတီတော်၏ ရင်ပြင်ရှိဘိုးဘိုးအောင် တန်ဆောင်းအတွင်း ရောက်ရှိနေသည်။ ထူးဆန်းသည်မှာ သေအံ့မူးမူးဝေဒနာ ခံစားနေရာမှ ယခင်နာကျင်မှုတို့မှာ လုံးဝမရှိတော့။ ပို၍ထူးဆန်းသည်မှာ ဝေးမင်ဖြင့် မပျက်နိုင်သော ကိုယ်ပေါ်ရှိ အင်းကွက်တို့မှာ ပျောက်ဆုံးခဲ့ပြီဖြစ်သည်။ ဆရာတော်သည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ဘိုးဘိုးအောင်၏ရုပ်ထုတော်။ သူ့ကိုကယ်တင်ခဲ့သည့် ဝတ်ဖြူစင်ကြယ်ဝတ်ဘိုးဘိုးဟု၍ နားလည်

လိုက်သည်။ ထိုဘိုးဘိုးသည် ပြည်ရွှေဆံတော်ကို ပို့ထားခြင်းဖြင့် သာသနာ၏အရိပ်ကို ခိုလှုံစေ၏ဟု ယုံကြည်သည်။ ယုံကြည်ချက်နှင့် လိုက်လှဲသည့် သဒ္ဓါတရားသည် သူ့ရင်ဝယ် ဖြစ်ပေါ်လာသည်။ ဆံမုတ်ရှင် စေတီမြတ်ကို ဖူးလိုက်၏။ အုတ်ပုံကို ရွှေချခြင်းဟု သူ၏ယခင်က အမြင်တို့သည် ရုတ်ပျောက်ကွယ်သွား၏။ မေတ္တာ ကရုဏာနှင့်တကွ အေးချမ်းမှုဓာတ်တို့သည် သူ့ရင်တွင် ယိုစီးစိမ့်ဝင်လာ၏။ သူသည် ညွှတ်နူးစွာ ဦးချကန်တော့သည်။ ယင်းနေ့မှာပင် သာသနာ့အနွယ်ဝင် ရဟန်းတစ်ပါး ဖွားမြင်ခဲ့ပေပြီ။

"လောကီရဲ့ ပညာရပ်တွေဟာ မနိုင်မြဲပါဘူး။ ဘယ်လောက်စွမ်းစွမ်း တစ်ချိန်မှာတော့ အကြောင်းတစ်ခုခုနဲ့ ကျဆုံးရမှာပါပဲ။ အနိုင်ရဲ့အဆုံးမှာ အရှုံးရှိနေတာ မမေ့တာပဲ။ ဒီသင်ခန်းစာနဲ့အတူ ဆရာတော်ဟာ ချုပ်ငြိမ်းခဲ့ပါပြီ။ ဦးကျော်လကတော့ ပရိယတ္တိကိုလည်း လေ့လာတယ်။ ပဋိပတ္တိကိုလည်း ကျင့်ကြံအားထုတ်တယ်။ အမှန်အောင်နိုင်မှုက ရုပ်နာမ်တွေရဲ့ မမြဲတဲ့သဘော၊ ဖောက်ပြန်တဲ့သဘောကို နားလည်ခြင်းပဲဆိုတဲ့အသိနဲ့ သံသရာက လွတ်မြောက်ဖို့ကြိုးစားနေတုန်းပေါ့များ။ တဲ - ဒကာကြီးတို့ - အခုဆိုကားလည်း ငြိမ်းပြီးလောက်ပါပြီ။ နေမညိုခင် ဆက်ဖို့ရေးလည်း ရှိသေးတယ်။ မြန်ကြပေဦးတော့ -"

"ငါကြုံခဲ့ရတဲ့ဖြစ်ရပ်တစ်တော့ ဒါပါပဲကွ။ မင်းသိချင်တဲ့ နာနာဘာဝကို နိုင်းစားတဲ့အဖြစ်ကလည်း ရှင်းလောက်ပါပြီ။ ဒါတော့ လောကီပညာရဲ့အစွမ်းကို ယုံကြည်ကိုးစား မာန်ဝင့်ကြွားခဲ့တဲ့ လူတစ်ယောက်ကနေပြီး လောကုတ္တရာနယ်ပယ်ထဲကို ရောက်ရှိသွားတာကို တွေ့ပြီး ကြည်နူးတယ်ကွာ"

ဦးကြည်က သူ၏ ခံစားမှုကို ကျေနပ်စွာ ပြောပါသည်။

ကျွန်တော်ကမူ ရန်တိုင်းအောင် သူ၏ထွက်ရပ်လမ်းဟု နားလည်ခံစားမိ၏။ ဒီအဖြစ်ကို စာတစ်ပုဒ်ရေးရန် တွေးမိဆဲ။

→ ကောင်းလေးခိုင်



# တစ္ဆေမှန်တဲ့ည

စောစုထိုက်

အရုဏ်ဦးရဲ့လင်းရောင်ခြည်နဲ့အတူ နေ့သစ်တစ်နေ့ကို ရောက်ခဲ့ပြန်ပါပြီ။ စိမ်းစိုနေတဲ့ တောင်ယာစိုက်ခင်းတွေနဲ့အတူ ငှက်အပေါင်းတို့ရဲ့ တေးသံသာတွေနဲ့ ပတ်ဝန်းကျင်တစ်ခုလုံး လှပနေပါရဲ့နော်။

ရှမ်းပြည်နယ်ရဲ့အေးချမ်းတဲ့ အငွေ့အသက်တွေရယ်၊ ရှမ်းသီချင်းသံတွေနဲ့ "နောင်းပိန်နောင်း" ဆိုတဲ့ ရှမ်းအိုးစည်သံကလည်း–

ကြည်နူးစရာ–ကောင်းလိုက်တာ။

ကျွန်မ–တွေးရင်း လတ်ဆတ်တဲ့လေထုကို ရှူရှိုက်မိလိုက်ပါရဲ့။

မျက်စိတစ်ဆုံး တောင်ယာစိုက်ခင်းတွေရဲ့ အဆုံးမှာတော့ တောရွာကလေးတစ်ခု ရှိနေတယ်။

တောဝင်နားမှာတော့ အုတ်ဂူတွေရှိတယ်။

ယာပိုင်ရှင်တွေက သူတို့ရဲ့ အိမ်သားတွေ သေဆုံးကြတဲ့အခါ ကိုယ်ပိုင်တဲ့ ယာတောမှာပဲ မြှုပ်နှံလေ့ရှိကြတယ်။

အဲဒီတောအုပ်နဲ့မလှမ်းမကမ်းမှာ အိမ်တစ်လုံးလည်း ရှိတယ်။

အဲဒီ့အိမ်ဂဲ အသိုးက မကြာခင်ကပဲ ဆုံးသွားတယ်။

တောစပ်နားမှာ အုတ်ဂူလုပ်ထားတာ တွေ့ရတယ်။

ကျွန်မ အိမ်လသာဆောင်ကနေ အုတ်ဂူကို သေသေချာချာကြီး မြင်နေရတယ်။

ကျွန်မရဲ့အကြည့်တွေကို လွှဲပစ်ခဲ့ပါတယ်။

ကြည်နူးနေတဲ့ အရုဏ်ဦးလေး ပျောက်သွားမှာ စိုးရိမ်လို့ပါ။

ဒါပေမယ့် - ကျွန်မရဲ့အာရုံထဲကို တောစပ်နားက အကြောင်းတွေပဲ ရောက်ရောက်နေတယ်။

တစ်နေ့က - မနန်းယောကျ်ားတောစပ်နား ထင်းခွေသွားရင်း သူ့ရဲ့ ကုတ်ပိုးကို တစ်ယောက်ယောက် နှိုက်လိုက်လို့ လှည့်ကြည့်တော့ ဘယ်သူမှ မရှိဘူးတဲ့။

သူလည်း ကြက်သီးမွေးညင်းတွေထပြီး အိမ်ကို အမြန်ပြန်လာခဲ့တယ်လို့ ပြောနေကြတယ်။

ကျွန်မ တွေးနေရင်း တောစပ်နားက အသံတွေ ကြားနေရသလိုလို၊ ကျွန်မရဲ့အကြည့်တွေကလည်း တောစပ်ဆီ ဘာလို့ ရောက်နေတာလဲ။

"လာခဲ့ - လာခဲ့ - လာခဲ့"

တစ္ဆေတွေ ခေါ်နေသလိုလို။

တောစပ်နားက သစ်ပင်တွေ လှုပ်ယမ်းနေတာလည်း တစ္ဆေတွေကခုန်နေသယောင်ယောင်ပေါ့။

အဲဒီ့အချိန်မှာပဲ လူတွေရဲ့ ဆူညံသံနဲ့ မနန်းရဲ့အသံကို ကြားလိုက်ရတယ်။

"အမလေး - စိုင်းသာအေးရဲ့၊ ဖြစ်မှဖြစ်ရလေ - ကျွန်မတို့ သားအမိကို ထားခဲ့ပြီလား"

မနန်းရဲ့ ငိုသံကြီးနဲ့ ပြောနေတဲ့စကားတွေ -

လူတွေ တစ်ယောက်တစ်ပေါက် ပြောနေကြတဲ့စကားတွေ – ရှမ်းသံဝဲဝဲတွေကို အာရုံစိုက်ပြီး နားထောင်နေရတယ်။

"တောထဲ ထင်းခွေသွားတာ၊ တောထဲက အုတ်ဂူဘေးမှာ လဲကျနေတာ"

"အသက်မရှိတော့ဘူး"

"သနားပါတယ်ဟယ် – မနန်းတော့ လူမမည် သမီးလေးနဲ့ ခုတွေ့ပါပဲ တယ်"

"အဲဒီတောက လူစားတယ်လို့ ကြားကြားနေတာ၊ နာမည်ကြီးနေတဲ့ တောထဲများ ထင်းသွားရှာရတယ်လို့"

"တောထဲမှာ ထင်းခြောက်တွေ ပိုပေါတယ်ဆိုပဲ"

"အုတ်ဂူတွေလည်း – ရှိတယ်တဲ့"

"တောထဲက သူရဲတွေက အမွှေးတွေတောင် ရှည်နေပြီဆိုပဲ"

"ဟယ် – ဟုတ်လား"

"ဟုတ်ပဲ့ရှာ – ဒါတင် ဘယ်တာမလဲ၊ အကောင်ကြီးတာလည်း အကြီး ကြီးခဲ့တဲ့"

"အဲ – ကြောက်စရာကြီးပဲ"

"ဟိုးတစ်လောတုန်းက – ဗိုင်းမောင်ညနေစောင်းမှ ပြန်လာပြီး ဝက်သားတွေ ဝယ်လာတာ တောစပ်နားရောက်တော့ အသံတစ်သံကြားရတယ် ဆိုပဲ"

ဒါကိုပေး – ဆိုပြီးတော့တဲ့၊ သူလည်း သုတ်ခြေတင် လစ်ပြေးတော့တာ ပဲတဲ့ရှ၊ ကျုပ်တို့ – သူပြောလို့ သိရတာ၊

အဲဒီနေ့ကတော့ ညနေမပြောနဲ့၊ နေ့ဘက်တောင် မသွားရဲဘူး။

ကျွန်မလည်း ထိုစကားသံတွေနဲ့အတူ ရင်တောအုပ်ကို ကြောက်လို့ လာပါတယ်။

ကျွန်မရဲ့ နလုံးခုန်နှုန်းတွေ ထိန်းမရအောင် မြန်ဆန်လို့ လာပါတယ်။

"မေး - မေး"

အသက်ရှုရတာ ဗိုဗို တင်းကြပ်လို့ နေပါတယ်။

မေးမေးဘာက်လိုက်တော့မှ နေသာထိုင်သာရှိသလိုပဲ။

အချိန်တွေကို စက်ခဲပင်ပန်းစွာနဲ့ ကျော်ဖြတ်နေရသလို ခံစားရတယ်။

ဘုရားဟောခဲ့တဲ့ တရားတော်ထဲကအတိုင်း "ကံ - ကံရဲ့အကျိုး" ဆိုတာ ကြောင့် ဖြစ်မယ်ထင်တယ်။

အတိတ်ဘဝက ကံကြောင့် ယခုဘဝမှာ ရောဂါသည်ဖြစ်ရတာ ထင်ပါရဲ့ နော်။

မနန်းယောက်ျား စိုင်းဘာအေး အသုဘကိစ္စတွေပြီးလို့ ဘာသံညာသံ တွေ မကြားရတော့ပဲ ရွာသူရွာသားတွေလည်း တောင်ယာအလုပ်တွေနဲ့ အလုပ်များနေကြတယ်။ ကျွန်မလည်း ညနေစောင်းလေးရွာထဲလမ်းလျှောက် ထွက်ဦးမှဆိုပြီး ထွက်ခဲ့မိပါတယ်။

အဲဒီအချိန်မှာပဲ -

"အမေရယ် - တယ်ပါဦး။ သမီးနောက်ကို အရိပ်မည်းကြီး လိုက်လာ တယ်"

ကလေးတစ်ယောက် အော်ဟစ်ငိုယိုပြီး ပြေးလာတာတွေ့ရတယ်။ မိခင် ဖြစ်သူနဲ့ ရွာထဲက လူအချို့လည်း အလန့်တကြားဖြစ်ပြီး -

"အမလေး - ကျုပ်သမီးလေး ဘာဖြစ်လာလည်း မသိဘူး"

"တောစပ်နားက အိမ်ကို ဝင်သားသွားပုံရတာ"

ကလေးမှာလည်း ဖောရွှေးတွေပြန်ပြီး ငိုလိုလို့နေပါတယ်။

တချို့ကလည်း ကလေးကို ဘုရားဘောက်တော်ရေ ခွန့်ပြီးတိုက်ခိုင်း ပါတယ်။

ဘုရားဘောက်တော်ရေ သောက်ပြီးနောက် ကလေးမှာ ငြိမ်ကျသွား ပါတယ်။

"သမီး - သမီး"

မိခင်ဖြစ်သူမှ ကလေးအား စိုးရိမ်တကြီးဖြင့် ခေါ်လိုက်ပါတယ်။

ဂေါကြာမှ ကလေးက "အမေ"

ဟု၍ အားကိုးတကြီးအသံနှင့်ပြန်ဖြေတယ်။

"သမီး ဘာဖြစ်တာလည်း အလန့်တကြားနဲ့"

"တောစပ်နားက အိမ်ကို ဝက်သားသွားပို့တော့ အရိပ်မည်းကြီး ထွက်လိုက်လာတာ သမီးမြင်ရတယ်။

အဲဒီညမှာပဲ - ကလေးမလေး အပြင်းဖျားတော့တာပါပဲ။

ကလေးဆိုတော့ လန့်ပြီးဖျားတာ နေမှာပေါ့။

ကလေးဖျားမှာပေါ့။ ကျွန်မလည်း ဒီတောစပ်ကြောင့် အာရုံတွေဝေဝါးနောက်ကျိနေပြီ။

စိတ်တွေရှုပ်ဖြစ်နေပြီလားတောင် မသိပါဘူးရှင်။

ကျွန်မကိုလည်း ခေါ်နေသလိုလို အသံတွေ ကြားနေရတယ်။

ညရောက်ရင် ဝါးရွေ့တွေ ညည်းချက်ညီစွာနဲ့ ကခုန်နေသလိုပဲ။

ကျွန်မလည်း သူတို့နဲ့ ကခုန်နေသလို ခံစားရတယ်။

ကနေရင်း တစ်ယောက်ယောက်က ကျွန်မကို -

"နင် - ဘာလာလုပ်နေတာလဲ"

ဟူ၍ - ပြန်တော့ဟု ပြော၍ ကျွန်မအား တွန်းလိုက်ပါတယ်။ ကျွန်မ လဲကျသွားတယ်ရှင့်။ အနားမှာရှိတဲ့ ခုတ်နံ့တစ်ခုကိုကိုင်ပြီး အားယူ၍ ထလိုက်ပါတယ်။ ကြည့်လိုက်တော့ ခုတ်ဂူတစ်လုံးဖြစ်နေတယ်။

ထိုခုတ်ဂူပေါ်မှာ ငုတ်တုတ်ကြီးထိုင်ပြီး ပြူးကြောနေတဲ့မျက်လုံးတစ်စုံက ကျွန်မရဲ့ လိပ်ပြာတွေ လွင့်ပျံမတတ်ပါပဲ။ ကျွန်မလန့်ပြီး အော်မိတယ်။

"အား - အမေလေး - ဘုရား - ဘုရား"

မျက်လုံးဖွင့်ကြည့်လိုက်တော့ အိပ်ရာပေါ်မှာ ချွေးတွေရွဲနေတဲ့ ကျွန်မ။

"မမ - မမ ဘာဖြစ်တာလည်း လန့်နိုးပြီလား။ ရေသောက်လိုက်ဦးနော်"

ခွေးအူသံတွေက ချောက်ချားစရာ ကောင်းလိုက်တာ။

ဆွဲဆွဲငင်ငင် အူသံကြီးက ကြက်သီးထစရာ။

ညနက်နက်တွေကို ခွေးအူသံတွေက အလှဆင်နေတာလား။

တစ္ဆေတွေ ပျော်မြူးနေတာ ညနက်တစ်ခုရဲ့ အလှအပလား။

လားပေါင်းများစွာနဲ့ ကျွန်မအိပ်မပျော်ခဲ့ပါ။

ဆေးတွေကလည်း ကျွန်မအတွက် အာနိသင်မရှိတော့တာလား။



ဘုရားတ,လိုက်လို့ အိမ်ပြန်ရောက်လာတာလား။

ဘုရားကယ်လို့ပေါ့ မဟုတ်ရင် တောထဲမှာ နေခဲ့ရမလား မသိဘူး။

ရတနာသုံးပါးနဲ့မိဘဆရာသမားတွေကို ကိုးကွယ်ဆည်းကပ်ရမယ်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတွေကို ပူဇော်ပါ၏လို့ကျွန်မ ရေရွတ်လိုက်မိပါတယ်။

ကျွန်မရဲ့မိသားစုကိုလည်း သတိရလိုက်တာ။

ကျွန်မ ခင်ပွန်းကတော့ နယ်စပ်တစ်နေရာမှာ တာဝန်တွေ ထမ်းဆောင်နေပါရဲ့။

သမီးလေးကိုတော့ မြို့က ကျွန်မ မိဘတွေဆီမှာ ပို့ထားတယ်။ မူကြိုတက်နေတာပေါ့။ သမီးလေးက သိပ်ချစ်စရာကောင်းတာ။ ကျွန်မခင်ပွန်းလည်း တိုင်းပြည်တာဝန်တွေ ထမ်းဆောင်ရင်း ပင်ပန်းနေမှာပဲ။ ကျွန်မကလည်း ရောဂါသည်ဆိုတော့ သူ့မှာလည်း နောက်ကြောင်းမအေးရှာဘူးလေ။ ဒီရွာလေးက ကျွန်မခင်ပွန်းရဲ့ဇာတိရွာလေးပေါ့။

ကျွန်မရဲ့ ကျန်းမာရေး အခြေအနေကြောင့် လတ်ဆတ်တဲ့လေထုတွေ၊ သစ်ရိပ်ဝါးရိပ်တွေရှိတဲ့ ဒီရွာလေးမှာ အနားယူဖို့ ရောက်လာခဲ့တာပါ။ ဒါပေမဲ့ အခု ကျွန်မ စိတ္တဇရောဂါပါ ထပ်ရလာသလိုပါပဲ။

ရှမ်းပြည်နယ်ရဲ့ နယ်မြို့လေးက ရွာတစ်ရွာမှာဆိုတော့ ရာသီဥတု အေးအေးလေးရယ်။ လေကောင်းလေသန့်တွေလည်း ရပါတယ်။ ရှမ်းသံဝဲဝဲလေးတွေကလည်း နားထောင်လို့ ကောင်းပါတယ်။ အဲဒါကြောင့်လည်း ကျွန်မခင်ပွန်းကို လက်ထပ်ခဲ့တာ ထင်ပါတယ်။ ရှမ်းရိုးရာနဲ့ အစားအစာတွေကို ကျွန်မက တအားကြိုက်တာလေ။ ကျွန်မ ခင်ပွန်းကလည်း ရှမ်းလူမျိုးဆိုတော့-

နံရံမှာ ချိတ်ထားတဲ့ကျွန်မခင်ပွန်းရဲ့ ယူနီဖောင်းအပြည့်အစုံနဲ့ ဓာတ်ပုံကိုကြည့်ရင်း မောင့်ကို ကျွန်မ အလေးပြုပါတယ်။

မောင့်ရဲ့ အကောင်းဆုံးပါရမီဖြည့်ဘက်လည်း ဖြစ်ချင်တယ်။

ဒါပေမဲ့ - ကျွန်မက နလုံးရောဂါသည်။

မောင် - ကျွန်မကို ချစ်ခင်မြတ်နိုးခဲ့တဲ့အတွက် ကျေးဇူးပါ မောင်ရယ်။

မောင်လည်း ဘေးမသီရန်မခဲ တပ်မတော်သားလူနာတွေနဲ့ ပြည်သူတွေရဲ့အသက်ကို မောင့်ရဲ့ဆေးပညာနဲ့ ကယ်တင်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းလျက်ပါ။

မင်္ဂလာဒုံတပ်မတော်ဆေးတက္ကသိုလ်မှာ မောင်ကျောင်းတက်ခွင့်ရခဲ့တာ၊ ကျွန်မတို့ရဲ့ဆုံစည်းမှု ဖြစ်လာစေနိုင်တဲ့ အကြောင်းအရင်း တစ်ခုပဲနော်။

တပ်မတော်ဆေးတက္ကသိုလ်ကြီးက မောင်နဲ့ကျွန်မရဲ့ ဇာတ်ရုံကြီးပေါ့။

မောင်နဲ့ ကျွန်မရဲ့ အတိတ်က အကြောင်းတွေ မြန်တွေးရင်း အတွေးတွေနဲ့ ကြည်နူးနေမိတဲ့ နေဝင်ဆည်းဆာအချိန်ကို ကျော်လွန်လာခဲ့ပြန်ပါပြီ။

"ည" ဆိုတဲ့ အသိတစ်ခုဝင်လာတယ်။

ကျွန်မ - ကြောက်လိုက်တာ မောင်ရေ၊ ကျွန်မကို ကယ်ပါဦးနော်။

နေဝင်ရီတရောဆိုတဲ့ နွားရိုင်းသွင်းချိန်လို့ ခေါ်ကြတဲ့ နေဝင်ချိန်ကို ရောက်ခဲ့ပြန်ပါပြီ။

နေဝင်ဆည်းဆာအလှကတုနှိုင်းမရအောင်လှပပေမယ့်ကျွန်မအတွက် စိတ္တဇညတွေကို ဖြတ်သန်းဖို့ စိန်ခေါ်နေသလိုပါပဲ။

ညမှောင်လာလေလေ၊ တစ္ဆေတွေ ရယ်ပြနေသလိုလို။

ကရုန်နေသယောင်ယောင် မျက်လုံးထဲမှာ ဒုတ်ဂူလေးလား၊ ဒုတ်ဂူကြီးလား ပြန် မြင်ယောင်နေမိတယ်။

ရွာနှစ်ရွာကြားမှာလည်း သချိုင်းရှိတယ်။ ဒုတ်ဂူလေးတွေ မြေပုံလေးတွေကို ဝေဝါးမြင်နေရတယ်။

ကျွန်မရဲ့အကြည့်တွေက ဘာဖြစ်လို့ အဲဒါတွေဆီကို ရောက်ရောက်နေတာလဲ။

သုသာန်ဇရပ်ကြီးကလည်း ညနက်နက်တွေကို စောင့်စားရင်း သက်ဝင်လှုပ်ရှားဖို့ အဆင်သင့် ဖြစ်နေရော့သလားပဲ။

ကြားဖူးတာရှိတယ်။ ညဆိုတာ သူတို့အချိန်တဲ့။

သက်ပြင်းရှည်ကြီးတစ်ခုကို ဝမ်းနဲ့ချလိုက်မိတယ်။

"ဟင်း"

လေပူတစ်ချက်ကိုလည်း မော့ပန်းစွာ မှုတ်ထုတ်လိုက်မိပါရဲ့။

"ဖူး"

ခွေးအူသံတွေက ချောက်ချားစရာ ကောင်းလိုက်တာ။

ဆွဲဆွဲငင်ငင် အူသံကြီးက ကြက်သီးထစရာ။

ညနက်နက်တွေကို ခွေးအူသံတွေက အလှဆင်နေတာလား။

ဝံပွေတွေ ပျော်မြူးနေတာ ညနက်တစ်ခုရဲ့အလှအပလား။

လပေါင်းများစွာနဲ့ ကျွန်မအိပ်မပျော်ခဲ့ပါ။

ဆေးတွေကလည်း ကျွန်မအတွက် အာနိသင်မရှိတော့တာလား။

နှလုံးခုန်နှုန်းတွေ ပိုမြန်နေသလိုပါပဲ။ ထိုအချိန်မှာပဲ

"ဝုန်း"

ဆိုတဲ့ အသံကြီး။

"ဟော"

သူလာနေပြီ။

သူရောက်လာပြီ။

ခေါင်းရိုးပေါ်ကနေ ဖောက်ထိုးကြီး ငုံ့ကြည့်နေတာလား။

ဘာအတွက်လဲ - ဘာကြောင့်လဲ။

ဝုန်းအသံ၏နောက်ပိုင်းမှာတော့ ညဝှက်များလန့်၍ဖျပ်ခနဲသံများလည်း ကြားနေရပါပြီ။

"ဖလပ် - ဖလပ် - ဖလပ် - ဖလပ်"

အိမ်ကြွက်များလည်း အော်ဟစ်ရှုညဲ့ပြေးလွှားလျက်ပေါ့။

သူတို့တစ်တွေ ဘာကြောင့် ပြေးလွှားပုံးသန်းနေကြတာလဲ။ သူ့ကြောင့်လား။ သူဆိုတာ "ဝုန်း" ဆိုပြီး ရောက်ရောက်လာတဲ့ ညနက်နက်တွေရဲ့အရှင်သခင်လား။

"ဝုန်း"

ဆိုတဲ့ အသံနှင့်အတူ -

ကျွန်မရဲ့အိမ်တစ်ခုလုံး တုန်ခါသွားခဲ့ပါတယ်။

အိမ်ခေါင်မိုးပေါ်က တစ္ဆေတစ်ကောင် ငုတ်တုတ်ကြီး လာထိုင်နေသယောင်ယောင်ပေါ့။ ကျွန်မရဲ့ အသက်ရှူသံတွေ ရပ်တန့်သလို ခံစားရပါတယ်။

ရွာထိပ်ဆုံးမှာရှိတဲ့ ကျွန်မရဲ့အိမ်။

လရောင်ရဲ့ မပီဝိုးတဝါးအောက်မှာ အထီးကျန်စွာ တည်ရှိနေပါရဲ့။

ချမ်းအေးတဲ့ဆောင်းညတစ်ညမှာ -

အို - တစ်ညမကပါဘူး။ ညပေါင်းများစွာ ဖြစ်နေပါပြီ။

ကျွန်မရဲ့ နှလုံးခုန်သံတွေ ရပ်တန့်မတတ်ပါပဲ။

ညဆိုတဲ့အချိန်ကို အမှောင်ထုက နက်နက်ရှိုင်းရှိုင်း လွှမ်းခြုံထားအချိန်ရောက်တိုင်း -

"ကြောက်တယ် - ကြောက်တယ်"

သွေးပျက်စွာ အော်ဟစ်မိပါတယ်။

မှောင်မှုံကို ကျွန်မ တအားကြောက်မိတယ်။

ဘယ်လောက်ပဲအေးတဲ့ ညတွေ ဖြစ်ပေမယ့် ကျွန်မဇောချွေးပြန်စွာနဲ့ပဲ ညဆိုတာကို အချိန်ကြာမြင့်စွာ စောင့်စားရင်း ဖြတ်သန်းခဲ့ရပါတယ်။

ထိုညတွေက ကျွန်မအတွက် စိတ္တဇညတွေလား။

ညရယ် - ရှည်လျားလွန်းလိုက်တာ။

ကျွန်မအတွက် ညမရှိရင် ကောင်းမယ်နော်။ ညဟာ အစိမ့်ာယ်တွေပြား တယ်။

ညရောက်မှာကိုကျွန်မ ကြောက်တယ်။ ညဟာ ရင်ထဲကဲရေးတစ်ချောင်း။

ညမှောင်မှာ ကြွေပြားကပ်ထားတဲ့အုတ်ဂူ။

မှန်သီဝေဝါး မပီဝိုးတဝါးလရောင်ကြောင့် တစ္ဆေတစ်ကောင်ထိုင်ပြီး ရယ်ပြနေသလောက်ပေါ့။ သချိုင်းဆီမှ တဟီးဟီးတဟားဟား ရယ်သံများ လွှင့်ပျံလာ သလိုလို -

တီတ်ဆိတ်နေတဲ့ ညနက်တစ်ခု အသက်ဝင်လှုပ်ရှားလို့ပေါ့။ ခေါ်ဖွ ခြေသံတွေလည်း ကြားနေရတယ်။

ညနက်နက်မှာ ဘယ်သူတွေ လမ်းလျှောက်နေတာလဲ။

အပြင်ကို ထွက်ကြည့်ဖို့ အားယူမိပါတယ်။

ဒါပေမဲ့ - ကြည့်ဖို့ အင်အား မရှိပါဘူး။

အဖော်ကောင်မလေးကလည်း အိပ်မောကျနေပါရဲ့။

တစ်ရွာလုံးလည်း အိပ်မောကျနေကြမှာပဲလေ။

ကျွန်မတစ်ယောက်တည်း မအိပ်နိုင်တာလား။

ညဆိုတဲ့ အချိန်က ကျွန်မကို ဘာလို့ ခြောက်လှန့်နေရတာလဲ။

ညနက်နက်တွေရဲ့ အရှင်သခင်က တစ္ဆေတွေ မဟုတ်လား။

မေးခွန်းပေါင်းများစွာ ကျွန်မကိုယ်ကျွန်မပြန်မေးရင်း ယောက်ယက်ခတ် နေတာ ကျွန်မပေါ့။ ကျွန်မရင်ဘတ်တွေ အောင့်လိုက်တာ။

နလုံးနားက ဗိုအောင့်နေသလိုပဲ၊ ဆေးဘူးများ ထားရှိရာသို့ လျှော လာခဲ့မိပါတယ်။ ဆီမီးခွက်အလင်းရဲ့မှုန်ပျပျမှာ သောက်ရမယ့်ဆေးကို ရှာ တယ်။

ကတုန်ကယင်ဖြင့် နလုံးအတွက် ထင်ရတဲ့ ဆေးဘူးထဲမှ ဆေး အတိုင်းအဆမရှိ သောက်မိလိုက်ပါတော့တယ်။

ကျွန်မရဲ့ စိတ်တွေ ငြိမ်သက်ခဲ့ပါပြီ။ နှလုံးခုန်နှုန်းတွေလည်း ရပ်တန့်ခဲ့ပါပြီ။ ကျွန်မ ခံစားနေရတဲ့ ရောဂါတွေ သက်သာသလိုပါပဲ။

ဒီအချိန်မှာ လေဟာနယ်ထဲ ရောက်နေသလိုပေါ့ပါးနေပါရဲ့။

ပန်းတွေရဲ့ဝေနေအောင် အလှပြင်ထားတဲ့ ကျွန်မရဲ့ကိုယ်ပွားတစ်ခု ငြိမ်သက်စွာ လဲလျောင်းနေတာကို တွေ့ရတယ်။ ဘုရားရေ - ဘယ်လိုဖြစ်ကြတာလဲ ...။

ကျွန်မရဲ့မိဘတွေနဲ့ သမီးလေးပါလား။

"သမီးလေး"

ဟုရေအော်ခေါ်ရင်း အနားကို အပြေးလေး သွားမိတယ်။ မွှေးရှိုက်လိုက်တော့ နိုးလို့မရဘူးဖြစ်နေတယ်။ ကျွန်မလက်ကလေးကို ဆုပ်ကိုင်နေမိတယ်။ ကျွန်မ နုံးပြဲသွားတယ်။

"ဟင်"

"အဟင့် - အဟင့်"

သမီးက လန့်ပြီး ငိုနေပါရဲ့။ ဘယ်လိုဖြစ်တာပါလိမ့်။..

ကျွန်မလည်း ဘယ်အရာဝတ္ထုကိုမှ ကိုင်လို့မရ၊ ဆုပ်ဖမ်းလို့မရ ဖြစ်နေတယ်။ မိဘတွေကို ခေါ်တော့လည်း မကြားကြဘူး။

ကျွန်မ စိတ်ပျက်လက်ပျက်စွာနဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။

ဟိုဟိုဒီဒီ ကြည့်နေတုန်း မြင်ကွင်းထဲကို လူတစ်ယောက် ရောက်လာတယ်။-

"ဟင်"

"မောင်"

မောင် - ရောက်လာတယ် ခွင့်ရလို့လား။ မျှော်လိုက်တာ - မောင်ရေ၊ မောင်က - ကျွန်မ မေးတာကို မကြားဘူး။ ငူငူငေါင်ငေါင်ကြီးနဲ့ -

ကျွန်မ အကျယ်ကြီး အော်ခေါ်လိုက်တယ်။ သံကုန်ဟစ်ခေါ်လိုက်တာ ပဲ

"မောင်"

မောင် မကြားပါလား။ ခုကွယ်ပါပဲ။ စိတ်ညစ်လိုက်တာ မောင်နဲ့ကျွန်မ မိဘတွေ စကားတွေ ပြောနေကြတယ်။ ကျွန်မ သူတို့အနားမှာ ရပ်နေတာ မတွေ့ကြဘူး။ မောင်က ခုတင်ပေါ်မှာလဲလျောင်းနေတဲ့ကျွန်မနဲ့တူတဲ့သူဆီ လျှောက်သွားလို့ပါလား။

"မောင်"

ကျွန်မက မောင့်အနားမှာလေ - မောင်ရဲ့။

"ဒီမှာမောင်ရဲ့"

မောင်က ကျွန်မ ပြောတာကို အရေးတောင် မလုပ်ဘူး။ မောင်က ကျောက်ရုပ်ကြီးလို ဖြစ်နေတယ်။ မောင်အရှေ့တည့်တည့်မှာ ကျွန်မ ဝိတ်ရပ်လိုက်တယ်။ ငုံကြည့်ပြီး ပြောနေတဲ့စကားတွေကို နားထောင်ကြည့်ပါဦး။

မောင်က ကျွန်မကို ဝင်တိုက်လိုက်တာ ကျွန်မမှာ ခပ်ဝေးဝေးကို လွင့်စဉ်ထွက်သွားတာပဲ။ မောင့်ခန္ဓာကိုယ်ဟာ စွမ်းအင်တစ်ခုနဲ့ ကိန်းအောင်းနေသလိုပဲ။

လဲလျောင်းနေတဲ့ ကျွန်မနဲ့တူတဲ့ သူ့ရဲ့အနားမှာ မောင်က ပြောနေတယ်။

"မောင်က ဆရာဝန်တစ်ယောက်ဖြစ်ပြီး မောင့်မိန်းမရဲ့ အသက်ကို တောင် မစာယ်တင်နိုင်ခဲ့ဘူးကွာ။ မောင် - ဘယ်လိုဖြေသိမ့်ရမလဲ။ မောင့်ကို ခွင့်မလွှတ်ပါနဲ့ကွာ"

ကျွန်မ အံ့ဩစွာနဲ့ ဘုရားရေ - မောင့်မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါလား အို - မောင် - ငိုနေတယ်။

"ဟင် - မောင် ဘာတွေ ပြောနေတာလဲ"

ထိုစဉ် - အသံတစ်ခုကို ကြားလိုက်ရတယ်။

ကောင်မလေးက နှလုံးရောဂါနဲ့ ရုတ်တရက်ဆုံးတာလို့ လူတွေ ပြောနေတာ ကြားရတယ်။ ကျောက်ရုပ်တစ်ရုပ်လို ကျွန်မတောင့်တောင့်ကြီး ရပ်နေမိပါတယ်။ ပြီးတော့မှ မျက်လုံးအပြူးသား အံ့ဩတကြီးနဲ့ "အား" လို့

ပါးစပ်က ဖောက်လိုက်ပေမယ့် အသံမထွက်ပဲ တစ်ဆို့နေတယ်။ ကျွန်မ ဝိသားစုတွေနဲ့ ဘဝခြားခဲ့ရပါပြီ။

သေခြင်းတရားဆိုတာ ဘယ်သူမှ ရှောင်လွှဲလို့ မရတဲ့ အရာတစ်ခုပါ။ အလှူကြီးတစ်ခုပါ။ နေ့တတ်နိုင်ဖို့အသေသြတ်ဖို့လိုအပ်ပါတယ်လို့ဆရာတော် ဘုရားများ ဟောတဲ့တရားတွေ ကျွန်မ နာခံဖူးပါတယ်။

ဒါဆိုရင် ကျွန်မရဲ့ သေရေးခြင်းကတော့ ထူထဲတဲ့ နံရံ အလှူကြီးတစ်ခု လား။ ခြားနားချက်တစ်ခုလား။ မတွေးရဲပါဘူးရှင်။ ကျွန်မ - ချောဝိုယ် ဟိုး - အဝေးကြီးကို လွင့်ဝဲ့သွားတယ် - ဘုရားရေ။

━━➤ စောနုထိုက်

စာရှုရှင်များသို့ ...

"ဝတ္ထုတိုစုစည်း" တွင်

ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် လိပ်စာမ ပါရှိခြင်း၊ လိပ်စာပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်၍မရနိုင်ခြင်း စသည့် အခက်အခဲ များရှိပါသဖြင့် စာမူရှင်များအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ စာမူ နှင့်ပတ်သက်သောစာမူခ ထုတ်ယူနိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
[illegible]



ကျွန်ုပ်တော် အရှေ့ဖက်ဆီသို့ ဝဝနဲ့ကွေ့ဖို့ တာဝန်ကျခဲ့ပြ

ပြီးသည့်၊ ဝဝနဲ့ကြောက်ကြောက်ကြောင့် ဓာတ်ဘေးရာဇ်များနှင့်

ယံတော်ကြီးမှာ ဂျုံသည့်၊ ဒေရာဇ်များက ဝဝ(၄၀)ခန့်သော

ကျယ်ပြီး ဓာတ်မီး(ြ)ကော်ကို ဖမ်းဆီးထားပြီး ဖော်ဝင်ရောက်

သွားကြောင်းသိရသည့် တစ်ခုတည်းသော ရေလမ်းကြောင်း



# သကာကုန်းဝင်းရွာ
# အံ့ဖွယ်ပုံပြင်

နွေရာသီတွင် ရေအလွန်နည်းသည်။ ထို့ကြောင့် နွားလှည်း၊ ထွန်စက်နှင့် TE (HINO) ကားကြီးများ ဖြတ်ကျော်သွားလာနိုင်သည်။ မိုးရာသီနှင့် ဆောင်းဦးတွင်တော့ ချောင်းရေပြည့်နေသဖြင့် သွားမရပါ။ လှေကလေးဖြင့် ဖြတ်ကျော်ရပါသည်။

စခန်းအနောက်ဘက်တွင် ဖောင်းတူရေကာတာနှင့် လျှပ်စစ်ဓာတ်အား ပေးရုံတည်ဆောက်နေသဖြင့် စခန်းအနီးရှိ ဗီးတောကြီး၊ ဖောင်းတူရွာကလေးများမှာ စည်ကားလာပြီး ရွာကြီးများအဆင့်သို့ ရောက်လာကြသည်။ ရေကာတာဆောက်သည်ဆိုသည်မှာ နှစ်အတော်ကြာရှည်တတ်ပါသည်။ ထို့ကြောင့် စခန်းအနီးရှိ ဗီးတောကြီးရွာမှာ ပဲခူးမြို့မှ လာသော ရေလမ်းခရီးအဆုံး လှေဆိပ်ဖြစ်သဖြင့် အလွန်စည်ကားသည်။ ဈေးနှင့် အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များလည်း ရှိသည်။ စည်စည်ဝေဝေ ရှည့်နေတတ်သည်။

ကျွန်တော်တို့မအူပင်ဆိပ်၊ ရဲဘက်စခန်းမှ အထက်သို့ ဆက်သွားသော် မအူပင်ဆိပ်စခန်းခွဲနှင့် လျှော်တုန်းရဲဘက်စခန်းကြီး ရှိပါသည်။ မအူပင်ဆိပ်စခန်းမှာ ပဲခူးချောင်းနံဘေး လယ်ကွင်းမြေပြန့်အလယ်တွင် တည်ရှိသဖြင့် မြေအတော်ကျယ်သည်။ တောယုန်များတွေ့တတ်သဖြင့် ညအခါယုန်လိုက် ကြောင်လိုက်ကြသည်မှာ အလွန်ပျော်ရာကောင်းသည်။ တောယုန်ကျားကြီးများ ဖြစ်ကြသဖြင့် တစ်ကောင်တို့ နှစ်ပိဿာ၊ သုံးပိဿာခန့် ရှိသည်။ ယုန်သားမှာ အလွန်ချိုပြီး နူးညံ့သည်။ တောကြောင်ဖားကြီးများလည်း မြ တတ်သည်။ တစ်ကောင်လျှင် နှစ်ပိဿာကျော်ခန့် ရှိသည်။ ယခုလို ဆောင်းဦးပေါက်ရာသီတွင် ယုန်နှင့် တောကြောင်၊ ဖားဖားကြီးများသည် ရိတ်သိမ်းပြီးစ လယ်ကွင်းအတွင်း၌ ညအခါ အစာရှာထွက်တတ်သည်။ တစ်ကောင်

လျှင်(၅၀)ကျပ်သား။ (၂၅)ကျပ်သားခန့်ရှိ နှစ်ရှိုးစားတားကြီးများကလည်း တဝွပ်ဝွပ် ခေါက်မြည်၍ ထွက်တတ်ပါသေးသည်။ ချက်စားပါက အလွန်အရသာ ထူးကဲလှသည်။

ဇီးတောကြီးရွာချောင်း၌ နီးသဖြင့် အစားအစာ သောက်၊ ဟင်းချက်စရာ၊ သားငါးသီးရွက်မပါပါသည်။ ပဲ့ရှုမြို့နှင့်လည်း အဆက်အသွယ်ရှိသဖြင့် ဝက်လှေသမားများကတစ်ဆင့် မှာလိုရာ မှာနိုင်ပါသည်။ သို့သော် တောမုဆိုးများဖြစ်ကြသည့် ကျွန်တော်တို့အတွက် အမဲမလိုက်ရသဖြင့် အလွန်ပျင်းရိငွေ့ယ်ရာပင်။ တစ်နေ့တွင် ကျွန်တော် မနက်စာစားရင်း -

"အောင်သန်းနဲ့ တင်ဆောင်းရေ - မင်းတို့လည်း မုဆိုးအလုပ်ကအနားယူပြီး ဇီးတောကြီးရွာချောင်းကကောင်မလေးတွေကိုပဲ သွားသွားပတ်နေတာ ကြာပြီ။ တောကောင်သားလည်း ဝေးနေတယ်။ လမ်းကိုလိုက်ပြီ ယုန်လိုက်ကြရအောင် -"

"ဆရာရယ် - ယုန်လောက်တော့ တမည့်တွေပဲ လိုက်ပါ့မယ်။ ဆရာအပင်ပန်းမခံပါနဲ့"

"ဟကောင်တွေရ - ငါလည်း တောလည်မထွက်ရတာကြာလို့ အညောင်းမိနေပြီ။ နောက်ပြီး - ဗိုလ်မှူးပေးထားတဲ့ကာဘိုင်သေနတ်ကလေးကလည်း ပစ်စရာမရှိလို့ ပြောင်းချေးတောင် တက်နေလောက်ပြီ။ ညအတွက်လောက်လေးရွှန်း လောက်စာလုံး ပြည့်စုံအောင် စီစဉ်။ ရေဘူးနဲ့ တုတ်မီးလည်း အရေးကြီးတယ်။ ဓါးဆစ်ပိတ်တုတ်တစ်ချောင်းစီလည်း ဆောင်ခဲ့ကြ - လိုလိုမည်မည်ကွာ"

"ဟုတ် - ဆရာ"

ကျွန်တော် နေ့လယ်ခင်း ထမင်းစားပြီးသည်နှင့် ကာဘိုင်သေနတ်တလေးကို စစ်ဆေးပြီး ပြောင်းတိုက်၊ သန့်ရှင်းရေးလုပ်၊ မျှန်ဆီးအား ဇီးရိုးအင်းလုပ်သည်။ ကာဘိုင်ကျည်ဆန်က အတောင့်(၂၀)သာရှိသဖြင့် အတော်ချွေတာရပေမည်။ တစ်ချက်တစ်ကောင်ရမှ တန်ပေမည်။ အားလုံးစစ်ဆေး

စီစဉ်ပြီးမှ ညအိပ်ရေးပျက်မည်ဖြစ်သဖြင့် ခေတ္တအိပ်စက်အနားယူသည်။ တစ်နာရီခန့် အိပ်စက်အနားယူပြီး နေမဝင်မီ ညနေ(၃)နာရီခန့် အိပ်ရာက ထသည်။ ငှက်ရှားထူသော ဒေသဖြစ်သဖြင့် ညနေစောင်းတောင် မအိပ်ရဲ၊ မိုးမတောင်ခြေနှင့် မဝေးသဖြင့် ကျွန်တော်တို့စခန်းမှာ ကွင်းပြင်ဖြစ်သော်လည်း ငှက်ဖျားရောဂါ ရှိနေပါသည်။ ထို့ကြောင့် သတိထားရပါသည်။

=◈=

ညစာ စောစောစားကြပြီး ည(၈)နာရီခန့် စခန်းအရှေ့ဘက်ကွင်းနှင့် တောစပ်သို့ ထွက်ခဲ့ကြသည်။ တောစပ်ဝါးရုံပင်တန်းသို့ ရောက်တော့ မုဆိုး အောင်သန်းက အရှက်ပြပြီး ဦးဆောင်သည်။ ဝါးရုံပင်တန်းတောင်ခြေ ကြွက်ရေးများ တွေ့ရသည်။ ကြွက်အိပ်တန်း ဖြစ်သည်။ ကျွန်တော် မော့ ကြည့်လိုက်တော့ တောကြွက်ကြီးတစ်ကောင်။ တင်‌‌ဒေသာင်းက မီးထိုးပေး သဖြင့်ကျွန်တော် အသင့်မောင်းတင်ထားသော တာဘိုင်စေသနတ်ကလေး ဖြင့် ပစ်ချလိုက်သည်။

"ဒေါင်း"

"ဝစ်"

"တုတ်"

တစ်ချီသာခန့် ရှိသည်။ တောကြွက်ကြီး ဖြစ်သည်။ တစ်ကောင်တည်း နေသည်။

"ဆရာရေ - မုဆိုးလာဘ်ဦးတော့ ကောင်းတယ်ဗျို့"

မျောက်တင်ဒေသာင်းက ကြွက်စေသေကို ကောက်ပြီး အသင့်လွယ်ထား သည့် မုဆိုးလွယ်အိတ်ထဲသို့ ထည့်သည်။ အခြားဝါးရုံများတွင် တောကြွက် များကို မတွေ့ရတော့၊ ကျွန်တော်တို့ ကွင်းပြင်နံ့ထဲ ဆင်းခဲ့ကြသည်။ ရှံ့ပုတ် တစ်ခု လှုပ်ရှားသွားလာသဖြင့် အောင်သန်းက မီးကဲထားသည်။ မီးကော

သည့်ဆိုခြင်းမှာ တုတ်ဓါး(လက်နှိပ်ဓာတ်မီး)အား မိုးပေါ် ထောင်ထိုး၍ အောက်ချပြီး အလိုက်သင့် ရွေ့လျားခြင်း၊ ထက်အောက်နိမ့်မြင့်ပြုလုပ်ခြင်း ဖြစ်သည်။ လှုပ်ရှားသွားသောရုံပုတ်အနီး မီးကွက် (SPOT) ရောက်တော့ တောသုန်ကျားကြီးနှစ်ကောင် ပြေးထွက်လာပြီး မီးကျရာအကွက်နောက်သို့ လိုက်လာသည်။ ကျွန်တော် မီးအောက်သို့ဝင်၍ မုဆိုးဖိုးတောက်ထိုင်လိုက်သည်။ ပစ်ကွင်းထဲ ဝင်လာသည်နှင့် ကာဘိုင်သေနတ်အား တစ်တောင့်ချင်း နှစ်ချက်ပစ်ဖောက်လိုက်သည်။

"ဖောင်း"

"ဖောင်း"

ယုန်ကျားကြီးနှစ်ကောင် နေရာတွင်ပစ် လဲသည်။ ကာဘိုင်သေနတ်သံမှာမကျယ်လှသော်လည်း ကွင်းပြန့်ထဲဖြစ်သဖြင့် ပဲ့တင်ထပ်ညံသွားသည်။ နောက်ထပ် ယုန်များ ထွက်လာတော့မည်မဟုတ်သဖြင့် တောသုန်ကျားကြီးများအား ကောက်၍ပြန်ခဲ့ကြသည်။ တစ်ကောင်လျှင် နှစ်ပိဿာခန့် ရှိပါလိမ့်မည်။ အပြန်တောစပ်တွင် မျက်လုံးနီနီတစ်စုံအား မီးထိုးမိ၍ ကျွန်တော်လက်တန်းထိုးပစ်ဖောက်လိုက်သည်။ ကျည်ဆန်က မီးပွင့်သွားသည်။ မှန်ဟန်မတူ။ သို့သော် အနီးရောက်မှ တောကြောင်ဖားကြီးတစ်ကောင်အား သေနတ်မှန်ပြီး ကျည်ဆန်က ချိုးကာတိုးပင် မြစ်ဆုံအား ဖောက်ထွင်းထိမှန်သွားသဖြင့် မီးပွင့်သွားခြင်း ဖြစ်သည်။ ကြောင်ဖားကြီးမှာ (၃)ပိဿာခန့်ရှိသည်။ ကျွန်တော်တို့ မုဆိုးအဖွဲ့ အပြန်လှပ ပါသည်။ စခန်းရောက်တော့ ညလယ်စာချက်ရင်း အကောင်ပလောင်များအား ချက်၍ ကြော်တန်ကော ကြော်၊ လုံးတန်ကာလုံး။ တားသောက်ပြီး အိပ်ရာဝင်တော့ ညသန်းခေါင်ကျော်ပြီး ပင်ပန်း၍ အလွန်အိပ်၍ကောင်းသည်။

=◈=

နောက်တစ်နေ့မနက် အိပ်ရာထတော့ ဆင်စခန်းက ဧည့်သည်ရောက်နေကြောင်း၊ တပည့်မှထိုး အောင်သန်းက အကြောင်းကြားလာသည်။ ကျွန်တော် မျက်နှာသစ်ပြီး ထွက်ကြည့်တော့ ဆင်စခန်းက ကျွန်တော့်မိတ်ဆွေ ဆင်ဦးစီး စောဖိုးထူး ဖြစ်သည်။

"ဟာ – ဖိုးစော – စောစောစီးစီးပါလား"

"မစောတော့ဘူး – တောင်မှူးရေ မနက်(၉)နာရီတောင် ထိုးတော့မယ်"

"အေး – ဟုတ်ပါရဲ့၊ ငါတို့ ညက ယုန်လိုက်သွားတာ ညဉ့်နက်မှ ပြန်ရောက်တယ်"

"ရသလား – တောင်မှူး"

"အေး – ရတယ်၊ တောကြက်ကြီးတစ်ကောင်နဲ့ တောယုန်ကျားကြီး နှစ်ကောင်၊ ကြောင်မြင်းတစ်ကောင် ရတယ်၊ ထမင်းစားသွားပါလား ဖိုးစော"

"မစားတော့ဘူး၊ ငါ – တောအုပ်ကြီးကို ဗီးတောရှာလေ့ဆိပ်ထိ ဆင်နဲ့ လိုက်ပို့တာ၊ မင်းကို သတိရလို့ဝင်လာတာ၊ ငါနဲ့အမြန်လိုက်ခဲ့ပါလား၊ အမြန်ငါတစ်ယောက်တည်း၊ ကိုဆင်စခန်းနားမှာ တောကောင် အလွန်ပေါတယ်၊ တောကောင်ကြီးတွေတောင် ရှိတယ်၊ ခ်တောကြက်၊ တောငှက်လောက်ကတော့ ဆင်ဖိုင်းအနီးမှာတောင် ရှိတယ်"

"အေး – လိုက်မယ် – ဖိုးစော၊ ငါ – စခန်းတာဝန်ခံကို သတင်းပို့ပြီး လက်ဖက်ရည်ဆိုင်ထိုင်ပြီးမှ သွားကြတာပေါ့၊ မင်းခေါ်တာ များပြီ၊ မအားလို့ မလိုက်နိုင်ခဲ့ဘူး၊ အခုတော့ – အားနေပါတယ်"

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တွင် မနက်စာ စားသောက်ပြီး စခန်းတာဝန်ခံအား ခွင့်ပန်၍ စောဖိုးထူး ဆင်မြင်း လိုက်ခဲ့ကြပါသည်၊ နေမြင့်နေပြီ ဖြစ်သော်လည်း ပဲခူးရောင်းကျော်သည်နှင့် တောထဲ စ.ဝင်သည်၊ ထို့ကြောင့် သစ်တောရိပ်ကြောင့် နေမပူပါ၊ လွန်စွာအေးမြသည်၊ စောဖိုးထူး၏ ဗွယ်ရုံ သစ်ဆွဲဆင်ကြီးမှာ လွန်စွာလိမ္မာသည်၊ တစ်ကုန်းဆင်း တစ်တောင်ထက်

ရင်၊ တခရွှေ့ခရွှေ့ ဆင်စခန်းသို့ သွားနေသည်။ သစ်ထုတ်လမ်းဖြစ်သဖြင့် ခပြ လမ်းဖြစ်သော်လည်း လမ်းသာပါသည်။ လမ်းဘေးတစ်လျှောက် သစ်ပင်ကြီးများအပေါ်၌မြင်မှာသစ်ခွရောင်စုံကပွင့်လန်းနေသည်။ သစ်တောက်ငှက် စိမ်းပြာပြာနှင့် ငှက်ကလေးမျိုးစုံက ဟိုအပင်၊ သည်အပင်ကူးပြီး တကျစ်ကျစ်၊ တတောက်တောက် အစာရှာရင်း လူးလာပျံသန်း တေးဆိုနေကြသည်။ တောသဘာဝတောအလှ လွန်စွာသာယာလှပေသည်။

=◈=

ငါးမိုင်ခန့် တောထဲဝင်တော့မှ စမ်းချောင်းကလေးအနီး ကျွန်းတောထဲ၌ စောဖိုးထူးတို့၏ ဆင်စခန်းသို့ ရောက်သည်။ ဆင်စခန်းဆိုသော်လည်း တောခေါင်းကြီး၏သစ်တောရုံးနှင့် အိမ်ခြေ(၂၀)ခန့် စုပေါင်းနေထိုင်ကြခြင်းဖြစ်သည်။ သစ်ဆွဲဆင် (၁၀)ကောင်နှင့် ဆင်ငယ်များ စုစုပေါင်း (၁၅)ကောင်ခန့်ရှိသည်ဟု သိရသည်။ နေ့လယ်စာကို စောဖိုးထူးက သူ့တဲတွင် ချည့်ခံရချည့်သည်ရောက်သည်ဆိုသဖြင့် အခြားတဲများကလည်း ဟင်းခွက်နှင့် ထမင်းများ လာပို့ကြရာ ဟင်းအမည် စုံလင်လှသည်။ ကိုစောထူးပြောသလို တောကောင်မပါဟန်တူသည်။ တောတွင်းသားအမျိုးမျိုးအပြင် ငါးဟင်း၊ အသီးအရွက်ကြော်များလည်း ပါသေးသည်။ ကရင်လူမျိုးများဖြစ်ကြသော်လည်း အထက်အညာရွာဓလေ့ဖြင့် တူလှသည်။ ကျွန်တော်တို့ ထမင်းစားနေစဉ်၌လည်း တဲနီးချင်းများ လာရောက်၍ပြီးရွာအကြောင်း၊ သတင်းစေမရင်းစကားပြောကြသည်။ ထိုအထဲမှ ဆင်စိုင်းသူကြီး ဆင်ဦးစီးခေါင်းဆောင်ဦးစောလယ်မှူးက အာအသွက်ဆုံးပင်။ ဗုဒ္ဓဘာသာဝင် ကရင်များဖြစ်ကြ၍ သူတို့အချင်းချင်းကရင်ဘာသာစကားပြောသော်လည်း ချည့်သည်ဖိုင်းတွင် မြန်မာလိုပင် ပြောကြသည်။ ပွင့်လင်း၍ ရှတ်ဝိုးဝါးမပါဘဲ ပြောကြသဖြင့် ကျွန်တော်တို့နှင့် ရင်းရင်းနှီးနှီးရင်းနှီးသွားသည်။

ကျွန်တော်က ထမင်းစားပြီး လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထတ်သား ခြောက်ဖုတ်ကို မြည်းရင်း –

"ဖထီး ဦးစောလသိမ္မူ – ဒီဆင်စခန်းပတ်ဝန်းကျင်မှာ ဘာတောကောင် တွေ ရှိနိုင်သလဲ"

"တောဝက်တတော့ပေါမှပဲ၊ အများကြီးပဲ၊ ရေချိုထတ်လည်းပေါတယ်၊ ကျား၊ ကျားသစ်တော့ မရှိပါဘူး။ ဆင်ရိုင်းတွေတော့ တစ်ခါတစ်ရံ ရောက်လာ တတ်တယ်၊ ဒီလို တောင်ဦးပေါက် ဆင်မိတ်လိုက်ရာသီမှာပေါ့။ ဆင်စခန်း ထဲက ဆင်မတွေကို လာရစ်ကြတာ၊ အန္တရာယ်တော့ မပေးခဲ့ပါဘူး၊ ကျွန်တို့ ဆင်စခန်းက ၂၀၀၈ – ခုနှစ်၊ နာဂစ်ဆိုင်ကလုန်းတိုင်းတိုက်ပြီးမှ တောင်ပေါ်က ရွှေ့လာကြတာ၊ သက်တမ်း(၅)နှစ်လောက်ပဲ ရှိသေးတယ်"

"ကျွန်တော့်မှာ ကာဘိုင်သေနတ်တလေးပါတော့ အမဲလိုက်လို့များ ရ မလားလို့၊ အကောင်ကြီးတော့ မပစ်နိုင်ပါဘူး။ ရေလောက်၊ တောဝက်နဲ့ ထတ်လောက်ပေါ့"

"ရပါ့ – ဆရာလေးရယ်၊ ကျွန်တို့စခန်းက မုဆိုးကို လမ်းပြထည့်ပေးပါ့ မယ်၊ တောကောင်ငယ်တွေက ချောင်းဟိုဘက်ကမ်းတင် ရှိပါတယ်၊ မုဆိုး မှာလည်း တူမီးသေနတ် ရှိပါတယ်"

"ဖထီး – ဘယ်အချိန်သွားရမလဲ"

"အရုဏ်နေဝင်း တောင်းတာပေါ့"

"ဟုတ်ကဲ့ – ဖထီး။ ကျွန်တော်တို့ အသင့်ဖြစ်ပြီး စောင့်နေပါ့မယ်"

"ကောင်းပြီလေ"

စောနီးဝါက –

"မောင်မှူးရေ – ဆုံခါဆိုလည်း ငါ အလုပ်ခွင်ပြန်ဝင်ဦးမယ်၊ တောအုပ် ကြီး လိုက်ရိုရတာနဲ့ ငါ့အလုပ် ဖျက်သွားတယ်၊ အလုပ်ပြန်ဝင်ရဦးမယ်၊ ည ကျမှ ဆုံကြတာပေါ့။ ငါ အရက်နဲ့ အမြည်း လုပ်ထားမယ်၊ မိုးတော့ မချုပ်စေ နဲ့၊ ဒီဘက်က မြေကြမ်းတယ်၊ အမြောအဆို အသွားအလာ သတိထား"

"အေးပါကွာ – ဗိုးစောရယ်၊ စိတ်ချစမ်းပါ"

ဝေနီးမှဆိုး တောအောင်ဘု၊ တုစီးမသေနတ်လွယ်ပြီး ရောက်လာတော့ ကျွန်တော်တို့က အဆင်သင့်၊ ဝေနီးမှ ထွက်ခဲ့ကြသည်။ အချိန်က ညနေ (၃) နာရီခန့်။ တောအုပ်တွင်းဖြစ်၍ အလင်းရောင်က နည်းရပြီ။ ချောင်းတစ်ဖက်ကမ်းသို့ ကူးခဲ့ကြသည်။ ရေနီးဝ ပြုပြီဖြစ်၍ ချောင်းရေမှာ ဒူးခေါင်းမြှုပ်ရုံခန့်သာ ရှိတော့သည်။ ကျွန်တော် အမဲလိုက်ဖိနပ်ကို မစီး။ ရာဘာညှပ်ဖိနပ်ဖြင့် ဝတ်တိုင်ဘောင်းဘီတို့ ဝတ်ထားသဖြင့်သာ တော်တော့သည်။



အနီးကပ်ပစ်ချက်ကြောင့် နောက်ပြန်လဲကြသည်။ မြေကြီးဖြင့် ထိသည်နှင့် နီးဖြင့် လုပ်ထားသော အရုပ်ကြီးများ ဖြစ်သွားသည်။ အံ့ဩထူးဆန်းစရာပင်။ ငှက်ခါးတောင်ပေါက်နေသော ငှက်ကြီးတောင်မှာများက သစ်သားစာများ ဖြစ်သွားသည်။ အံ့ဩစရာကောင်းလေစွ။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ကြက်သေသေနေကြစဉ် ကျွန်တော့်သေနတ်ဒင်နှင့် အောင်သန်း၏ ကျွဲချိုလေးခွအား ပြန်ကြည့်တော့ မားအက်ရာများ ဖျော့ အတော်ဆန်းကြယ်သောရှာဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးပေ။

ချောင်းတစ်ဖက်ကမ်း သဲပြင်ပေါ်၌ ရေမြေရာ၊ တောဝက်ခြေရာများ ရှုပ်ထွေးနေသည်။ လတ်လတ်ဆတ်ဆတ်ပင်၊ ရေသောက်ဆင်းဟန်တူပါသည်။

"ကိုအောင်ဘု - ဘယ်ဘက်သွားကြမလဲ"

"အနောက်ရူးရူးမှာ ရိုးမတောင်ခြေရွာတွေ ရှိတယ် - ဆရာ၊ အဲဒီဘက် သွားရင် အပြန်မိုးချုပ်လိမ့်မယ်၊ ချောင်းတစ်ဖက်ကမ်း ဒီနားတစ်ဝိုက်ပဲ လှည့်ကြတာပေါ့၊ ဒီချောင်းကြီးရှိနေတော့ လမ်းလည်း မမှားနိုင်ပါဘူး၊ ကျွန်တော်တို့နှစ်စုခွဲလှည့်မယ် - ဆရာ၊ အမဲလိုက်တာ လူများတော့ ခြေသံမလုံဘူး"

"ကောင်းပါတယ် - ဘယ်လိုလူခွဲမလဲ"

"ကျွန်တော့်ကို ဆရာ့တပည့်တစ်ယောက် ပေးလေ -"

"အေး - မျောက်တင်အောင်း - လိုက်သွား၊ ငါနဲ့ မုဆိုးအောင်သန်း တွဲမယ်၊ ညနေ (၅) နာရီလောက် ဒီချောင်းကမ်းပါးမှာ ပြန်ဆုံကြမယ်"

"ဟုတ် - ဆရာ"

ကျွန်တော်တို့ လူစုခွဲပြီး တောင်နှင့်မြောက် ထွက်ခဲ့ကြသည်၊ ချောင်းကမ်းပါးဖြစ်သဖြင့် မြေပြန့် ရွက်ကြွေသစ်တောကြီးက စိုးမိုးနေသည်၊ ဤမှာဘက်က ရွက်ကြွေ ကျွန်းတောကြီးများ ဖြစ်ကြသဖြင့် အောက်ခြေရှင်းသည်၊ သို့သော် ရွက်ကြွေများက သစ်တောအောက်ခြေတွင် ဖုံးနေသဖြင့် ခြေသံလုံအောင် မနည်းနင်းရသည်၊ ထိုတွင် ရာဘာဖိနပ်က ဒုက္ခပေးလာသည်၊ တောလိုက်ဖိနပ်လို ခြေသံလုံအောင် နင်း၍မရပါ။

တရွေ့ရွေ့အသံ ထွက်နေသည်၊ ဘာသားကောင်မျှလည်း မတွေ့ရ၊ ယုတ်စွအဆုံး ကြက်ငှက်တကောင်ပင် ရှာမတွေ့ပါ၊ ကျွန်းပင်ကြီးများအပေါ်တွင်တော့ ရှဉ့်ငပေါနှင့် ငှက်သင်ညိုများအား အများအပြား တွေ့ရသည်၊ မုဆိုးအောင်သန်းက လေးခွတစ်ပြင်ပြင်ဖြစ်နေသဖြင့် တားထားရသည်၊ ကျွန်တော်တို့ မုဆိုးလမ်းကြောင်းကလေးအတိုင်း လျှောက်လာကြစဉ် သဲမြေ လမ်းမတစ်ခုပေါ်သို့ ရောက်သွားကြသည်၊ လမ်းမှာ ဖုန်နေသည်၊

"အောင်သန်းရေ – ငါတို့ လမ်းမှားလာပြီထင်တယ်၊ ဒီလမ်းက ရွာဝင်လမ်း ထင်တယ်၊ ဖုန်နေတာပဲ"

"လျှောက်ကြည့်တာပေါ့ – ဆရာရယ်"

ဟိုအဝေးတွင် တဲအိမ်စုတန်းကို တွေ့ရသည်၊ ရွာအဝင်လမ်းဝ၌ အကြောတဲလို လေးတိုင်စင်တဲကလေးတစ်တဲကို တွေ့ရသည်၊ အနီးရောက်တော့ ယောကျ်ားကြီးနှစ်ဦးနှင့် မိန်းမငယ်တစ်ဦး၊ ချစ်ရည်လှူနေကြသည်၊ ယောကျ်ားကြီးနှစ်ဦးက အသားမည်းမည်း၊ ပလကောင်းကောင်း၊ မျက်နှာကဲအလွှန်အရှုပ်ဆိုးသည်၊ မိန်းမငယ်က အသားဖြူဖြူ၊ ချောချောလှလှပပြီး ကျွန်တော်တို့ကို မြင်သော်လည်း ရုတ်ရုတ်ရကောင်းဟန်မတူ၊ မျက်နှာပူစွာဖြင့် ကျွန်တော်တို့ ကွင်းရှောင်၍ ရွာဘက်ထွက်ခဲ့သည်၊

မှဆိုးအောင်သန်းကတော့ မပြောဘဲ မနေနိုင်ဟန်မတူ၊

"အတော်အရှက်မရှိတဲ့ဟာတွေ၊ နေ့ခင်းကြောင်တောင် လမ်းဘေးမှာ —"

အောင်သန်းစကားမဆုံးသေး၊ တဲထဲမှ ယောကျ်ားကြီးအသံဖြင့် –

"ဘာပြောတာလဲကွ၊ ငါတို့ရွာထဲကို ညှို့သည့်မဝင်ရဘူးဆိုတာ မသိဘူးလား၊ ဒါ – သဲကုန်းတန်းရွာ – ဘာမှတ်သလဲ"

ကျွန်တော် အောင်သန်းအား ဆွဲခေါ်ခဲ့ရသည်၊ ရွာထဲ တဲအိမ်ကလေးအရှေ့ရောက်တော့ ကလေးများ၊ အုပ်စုလိုက် လက်နက်ကိုယ်စီဖြင့် ပြေးထွက်လာကြပြီး ကျွန်တော်တို့ နှစ်ဦးအား ဝိုင်းထားသည်၊ အသေအချာကြည့်မှ ငါးအရွယ်ကလေးများ ဖြစ်ကြသည်၊ ငါးအရွယ်ကလေးများသည် အသက်ရှိသော လူသားများကဲ့သို့ လှုပ်ရှားနေကြခြင်း ဖြစ်သည်၊ အရွယ်ကလေးများသည် တလက်နက်များကို ကိုယ်စီကိုင်ကာ ဝိုင်းရံလာကြခြင်းပင်၊

ကျွန်တော်တို့ အံ့ဩစွာ ငေးကြည့်နေကြစဉ် ငါးအရွယ်မှ အမှုအရာဖြင့် အရှက်ပေးသည်နှင့် ကျွန်တော်တို့ကို ဝိုင်း၍ ခေါ်ကြတော့သည်၊ ကျွန်တော်

က တာဘိုင်ခေါ်သေနတ်ဖြင့် တာရသာလို မှဆိုးအောင်သန်းက သူ့လက်ထဲမှ ကျွဲရိုလေးခွအရှည်ကြီးဖြင့် ခံသည်။ တကယ်ရိုက်ဂုတ်၊ ထိုးရုတ်နေခြင်းဖြစ်ကြောင်း သိရတော့ ကျွန်တော်တို့ မညွှာနိုင်တော့ပါ။ နီးစပ်ရာ တန်ကျောက်ရပြီး သေနတ်ဒင်ဖြင့် ထုရသည်။ မုဆိုးအောင်သန်းက သူ့အသင့်ဆောင်လာသော လွယ်အိတ်ထဲမှ ကျွန်တော်၏ အခဲလိုက်ဓားမြှောင်ကို ထုတ်ပြီး ဓားဖြင့် ယမ်းသည်။ မီးရာ အရှပ်ကလေးများကို ဓားဖြင့် ခုတ်သည်။ ထိုးပစ်ကြရသည်။

ထိုစဉ် ကျွန်တော်တို့အနောက်ဘက်မှ ဂံဟားဟားရယ် ကြားရပြီး နောက်လှည့်ကြည့်တော့ အစောက တွေ့ခဲ့ရသော တဲအတွင်းမှ အရပ်ထိုးထိုးလူကြီးနှစ်ဦး ငှက်ကြီးတောင်ဓားကိုယ်စီဖြင့် –

"ကလေးတွေ တော်တော့၊ ကလေးတွေကိုတောင် မနိုင်ဘဲ ငါတို့သဲကုန်းတန်းရွာထဲ ဝင်ခဲ့တာ အံ့ဩပါရဲ့ မှတ်ထား – ဒီရွာက ပညာသည်တွေနေတဲ့ရွာ၊ ဘာမှတ်သလဲ"

မုဆိုးအောင်သန်းက –

"ကျွန်တော်တို့ ဧည့်သည်တွေပါ၊ လမ်းမှားပြီး ဝင်လာတာပါ၊ ရန်သူမဟုတ်ပါဘူး"

"အေး – ငါတို့ရွာထဲဝင်လာတဲ့ သူစိမ်းမှန်သမျှ ရန်သူပဲ၊ ကဲ – ဟော့"

တကယ်ခုတ်ကြသဖြင့် ကျွန်တော်တို့ သိုင်းကွက်နင်း၍ ရှောင်ရသည်။ တစ်ခါတစ်ရံ သေနတ်ပြောင်းဖြင့် ဓားချက်တို့ ရှောင်ရင်း ထိမိုက်မိရာ မီးပင်ပွင့်သွားသည်။ မုဆိုးအောင်သန်းလည်း အလူးအလဲ တာကွယ်နေရသည်။ ကျွန်တော်တို့ဘက်က ဘာမျှမလုပ်နိုင်၊ ခံစစ်အသွင်ပေါ့၊ ထို့ကြောင့် ကျွန်တော် ခြောက်လှန့်ရင်း သေနတ်ဖောက်ရတော့သည်။

"ဖောင်း"

"ဖောင်း"

သေနတ်သံကြောင့် လူကြီးနှစ်ဦးမှာ ထွက်မပြေးရုံတင်မက ထိုး၍ခုတ်လာသည်။ ကျွန်တော်တို့မှာလည်း ခုခံရလွန်းသဖြင့် လက်အံသေလုပြီ။

မောဟိုက်နေပါပြီ။ ထို့ကြောင့် မိမိကိုယ်မိမိ တာတွယ်မသောအားဖြင့် လူကြီး နှင့်ဦးအား တစ်ချက်စီ ပစ်ရှုလိုက်ရတော့သည်။

"ကောင်း။"

"ကောင်း။"

အနီးတစ်ပစ်ချက်ကြောင့် မနောက်မြန်လဲကြသည်။ မြေကြီးဖြင့် ထိသည် နှင့် နီးဖြင့် လှပ်ထားသော အရုပ်ကြီးများ ဖြစ်သွားသည်။ ဖုံကြွတူးလန်းစရာ ပင်။ ငှက်ခါးတောင်လာက်နေသော ငှက်ကြီးတောင်ဓားများက သစ်သားစား များဖြစ်သွားသည်။ ထူးဆန်းသွယ်တောင်းလေလွှ။ ကျွန်တော်တို့တစ်ယောက်



၂၀၀၈–ခုနှစ်၊ နာဂစ်လေမုန်တိုင်းကျသွားနည်းခေါင်းကျော်လောက်

တိုက်တော့ တောင်ကျရေနဲ့ ပဲခူးချောင်းရေလျှံတော့ တစ်ရွာလုံး

ရေကုန်ကြတာ။ ကျုပ်တို့တောင် ဘုံဗိမာန်ချိန်တုန်းက တောင်ပေါ်မှာ

စခန်းချထားလို့ လွတ်တာ။ ဒါတောင် အလူးအလဲခံရပြီး

အကိုရာဇနာဟာရ ရကြသေးတယ်။

ကိုတစ်ချက် ကြည့်ပြီး ကြက်သေသေနေကြစဉ် ကျွန်တော့်သေနတ်ခင်နှင့် အောင်သန်း၏ ကျွဲရိုင်းလေးစွအား ပြန်ကြည့်တော့ ဓါးအေက်ရာများ ဖရိုဖရဲ အစင်းကြောင်းကြည်နေဘူး ဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးပေ။

မုဆိုးအောင်သန်းက မကျေနပ်၊ ဓါးရှစ်များအား လိုက်ကြည့်ရှုစုံပြီး သူ့တွင် ပါလာသည့် ဂက်စ်မီးခြစ်ဖြင့် မီးညှိနေစဉ် -

"ဆရာ - ဆရာ"

ဟူသော မျောက်တင်သောင်း၏အော်သံကို ကြားရသဖြင့် ကျွန်တော်က တောထုံးစံအတိုင်း "ဖူး - ဖူး" ဟု လှမ်းပေးရသည်။ မကြာမီ မျောက်တင်သောင်းနှင့် စနေမုဆိုး စောအောင်ဘုတို့ တောဝက်မတစ်ကောင်ကို ဓါးလုံး လျှိုထမ်း၍ ရောက်လာကြသည်။

မျောက်တင်သောင်းက -

"ဆရာ - ဘာတောင်ရလို့လဲ၊ သေနတ်သံ တဖောင်းဖောင်းနဲ့ ..."

ကျွန်တော်က အကျိုးအကြောင်းရှင်းပြတော့ သူတို့ အလွန်အံ့ဩနေကြသည်။ သက်သေပြရန်လည်း ဓါးအရုပ်များက မီးလောင်သွားကြပြီး ပြာများသာ ကျန်တော့သည်။ တဲတန်းများဘက် လှည့်ကြည့်တော့ တဲများ တစ်လုံးမျှ မရှိတော့၊ သဲမြေပြင်ပေါ်၌ ရျပင်စိမ်းစိမ်းများသာ ပေါက်နေသည်။ ကျွန်တော်တို့ သက်သေပြရန် မရှိတော့၊ အရှုံးဖြစ်လေပြီ။ နောက်ဆုံးသတိရ၍ ကျွဲရိုင်းလေးစွနှင့် သေနတ်ခင်အား ပြမှ သူတို့ ယုံကြသည်။ ထူးဆန်းအံ့ဩဖွယ်ရာပေတကား။ ကျွန်တော်တို့ မည်သည့်ဧန်ဆင်းသူအတတ်ပညာရှင်တွေနှင့် တွေ့ကြုံနေရပါလိမ့်။

ထိုအခါမှ စနေမုဆိုး စောအောင်ဘုက -

"ဟုတ်မယ် - ဆရာ၊ ဒီအနားမှာ "သဲကုန်းတန်း" ဆိုတဲ့ ရွာပျက်ရွာပုန်း တစ်ရွာရှိကြောင်း တောတောလာသမျှ ပြောနေတယ်။ ကျွန်တော်တို့က ဒီဘက် မလာတော့ မကြုံဖူးဘူး။ အခုမှ ဆရာတို့နဲ့ ကြုံတော့တာပဲ၊ ဒီရွာအကြောင်း

စခန်းပြန်ရောက်မှ ဖထီးတို့ မေးကြည့်တော့၊ ကျွန်တော်က မသိမသိတော့ အစေသအရာမသိဘူး - ဆရာ"

=◈=

တောတွင်း၌ မှောင်စပြုလေပြီ၊ ကျွန်တော်တို့အမှောင်ကိုလှု၍ ခပ်သွက်သွက်ပြန်ခဲ့ကြသည်။ ပဲခူးချောင်းအား ဖြတ်ကူးပြီးတော့ ကျွန်တော်တို့ ဆင်စခန်း နီးလေပြီ၊ ထိုအခါမှ စိတ်ရှုရတော့သည်။ စခန်းတွင် တောဝက်မသားကို ဖုတ်၍ တောခေါင်းကြီးနှင့် စခန်းရွာသူကြီး ဦးစောလယ်မှုအား ဝေသည်။ ဦးစောလယ်မှုရောက်လာသဖြင့် ကျွန်တော်တို့ဝက်ကလီစာဟင်းအမြည်းဖြင့် အရက်ဝိုင်းကလေး လုပ်ကြစဉ် ကျွန်တော်က ညနေက ဖြစ်ခဲ့သော "သဲကုန်းတန်းရွာ" ပုံပြင်ကို ပြောပြတော့ အဘက -

"အင်း - အတော်ထူးဆန်းတယ်နော်၊ ကျုပ်လည်း အဲ့ဒီဘက်မသွားမိလို့ မှာမလို့ပဲ၊ စခန်းမှုဆိုး စောအောင်ဘုပါတော့ စိတ်ချပြီး လွှတ်လိုက်တာ၊ သဲကုန်းတန်းရွာက စရိုက်အလွန်ကြမ်းတယ်၊ ရွာထဲကို လူစိမ်းအဝင်မခံဘူး၊ ယောက်ျားတွေက ဘီလူးသရဲပုံစံ၊ အရုပ်ဆိုးပြီး အသားမည်းကြတယ်၊ မိန်းမတွေကတော့ ဖြူဖြူနဲ့နုနုတွေ၊ ယောက်ျား မိန်းမ တဏှာရာဂ ကြီးတယ်၊ သူတို့ရွာသူရွာသားအချင်းချင်းပဲ ယူရတယ်၊ ရွာကို အုပ်ချုပ်တဲ့သူကြီးက မိန်းမကြီး၊ ပညာသည်ပေါ့၊ အဲ့ဒီရွာမှာ ကာလေးတွေ အများကြီးရှိတယ်၊ ငါးရှာ၊ တားရှာ၊ အခဲလိုက်၊ ရွှေကျင်တဲ့အလုပ်ကို လုပ်ကြတယ်၊ တခြားဘယ်သူနဲ့မှ အဆက်အဆံလုပ်လေ့မရှိကြဘူး၊ လူစိမ်းကို ခင်မင်နိုဝန်လေးကြတယ်၊

၂၀၀၈ - ခုနှစ်၊ နာဂစ်လေမုန်တိုင်းက ညသန်းခေါင်ကျော်လောက်တိုက်တော့ တောင်ကျချောင်းနဲ့ ပဲခူးချောင်းရေလျှံတော့ တစ်ရွာလုံး သေကုန်ကြတာ၊ ကျုပ်တို့တောင် အဲ့ဒီအချိန်တုန်းက တောင်ပေါ်မှာ စခန်းရှာတာလို့ လွတ်တာ၊ ဒါတောင် အလျှံအလဲခံရပြီး ဒုက္ခရာအနာတရ ကြေသေးတယ်၊ အဲ့ဒီလေမုန်တိုင်းတိုက်ပြီးမှ ဆင်စခန်းကို ဒီအခုနေရာကို ရွှေ့ရတာ ..."

"အဘ – ပညာသည်ဆိုတာ ဘာကိုပြောတာလဲ"

"အင်း – ပညာသည်ဆိုတာ ဆန်းကြယ်တဲ့ အောက်လမ်းပညာပေါ့၊ စုန်းလို့လည်း ခေါ်တယ်။ ညတိုင်းကျ ကောင်းကင်တက်ပြီး ပျော်မြူးကြတာ၊ မီးလုံးကြီးတွေကို မြင်နေတာပဲ၊ အခုအချိန်အထိ မြူးကြတုန်းပဲ၊ သူတို့မျှော်ရှုတွေက သေသွားပေမယ့် နာမ်ရုပ်တွေက သေမသွားဘူး။ မကျွတ်မလွတ်သေးတဲ့ သဘောပေါ့"

"အဲ့ဒီလိုလား – အဘ၊ ကျွန်တော်တို့ဆရာတပည့် တစ်နေ့ညက ဇရပ်ထဲမှာ ယှန်လိုက်တုန်း – အနောက်ဘက်ရိုးမတောင်ကြောက မီးလုံးတွေ တက်လာတာ တွေ့မိတယ်။ မီးလုံးတွေ တက်ရည် ဆင်းချည်နဲ့ပေါ့၊ ကြည့်လို့ကောင်း အလှသား ... ကျွန်တော်က ဓာတ်တူဆည်ဘက်က မီးရှူး မီးယမ်း လွှတ်နေတယ် ထင်မိတာ၊ အခုမှ အဖြေသိရတော့တယ်ဗျာ၊ လက်စသတ်တော့ စုန်းတွေ ပညာမွေးတောက်တာ စားနေကြတာကိုး –"

"အမှုအတန်းဝေပေးပါ – ဆရာလေးရယ်၊ ကျုပ်တို့တော့ ဒါပဲ တတ်နိုင်တယ်လေ။ ကောင်းရာမွန်ရာဘဝကို ရောက်ကြပါစေ ..."


အဘ ဦးဖောလယ်မှူး ရှင်းပြမှ ကျွန်တော် စိတ်ရှ လက်ရှ ယုံလိုက်ရတော့သည်။ သက်သေခံရန် မဖြစ်နိုင်သဖြင့် ကျွန်တော့်ကိုယ် ကျွန်တော် ဖေဝေဖဝါးပင်၊ အိပ်မက်လေလော။ ထင်မိယောင်မှား ဖိုးတဝါး – ၊ ကျွန်တော် စိတ်ဖောက်ပြန်တာလား။ ဝိုးတဝါးပင်၊ ထို့ကြောင့် ဤအဖြစ်အပျက်ကို မယုံလျှင် ပုံပြင်ဟုသာ မှတ်ဟု ဆိုလိုက်ရင်ပါတော့သတည်း။

ထန်းကြယ်ဖြစ်ရပ်မှန်ပင် ဖြစ်လေတော့သည်။

[illegible]

# ကြောင်းရိုး

မင်းမြင့်နိုင် (ဘူးသီးတော)



# မြေကြွင်းဆိုး



မင်းမြင့်မိုင်
(ဘူးသီးတောင်)

ဆရာကြီး ဦးရွှေမိုးဆိုလျှင် သည်နယ်တစ်ဝိုက် မသိသူမရှိပေ။ အဘယ်ကြောင့် ဆိုသော် ဆရာကြီး ဦးရွှေမိုးမှာ မြန်မာတိုင်းရင်း ဆေးဆရာကြီး တစ်ဦးဖြစ်ပြီး ဂန္ဓာရီပညာရပ်ဖြစ်သော အစွဲရုတ်ထိုးခြင်း၊ သမထယာနိက အလုပ်များလုပ်ခြင်း၊ အမှောင့်ပယောဂ ရောဂါများကို ကုသပေးခြင်း စသည့် သတ္တဝါအများ၏ အသက်ကို ကယ်တင်ပေးနေသော ဆေးဆရာကြီးတစ် ယောက်ဖြစ်သောကြောင့် ပဲနွယ်ကုန်းမြို့အရှေ့ဘက်ခြမ်းရှိ နတ်သဲကွင်းရွာ အုပ်စုရှိ ကျေးရွာကြီးငယ်များမှ ဆရာကြီးဦးရွှေမိုးဆိုလျှင် မသိသူ မရှိ ရွာများ မှ အားကိုးအားထားပြုနေရသော ဆရာကြီး တစ်ဦးဖြစ်လေ၏။

ဆရာကြီး ဦးရွှေမိုးသည် အသက် (၈၃) နှစ်ရှိပြီ ဖြစ်သော်လည်း သွား တစ်ချောင်းမျှ မကျိုး၊ ဆံပင်မဖြူ၊ မျက်စိမမှုန်သေး လူငယ်တစ်ယောက်ကဲ့သို့ သန်မာဖျတ်လတ်စွာ (၅၀)ကျော် အရွယ်ဟု ခန့်မှန်းကြရလေသည်။ ဆရာကြီး ဦးရွှေမိုးမှာ ဆံပင်ယောင်တစ်စောင်းထုံး၍ ပိုးပဝါဖြင့် ခေါင်းပေါင်းပေါင်း ထားပြီး ရှပ်ပင်နီတိုက်ပုံ အကျီ ပုဆိုးကွက်တုံးကို ဝတ်ဆင်ထားပြီး အသားဖြူ၍ အရပ်မြင့်မြင့် (၅ပေ - ၁၀ လက်မ) ခန့် ရှိပြီး ဥပဓိရုပ် ခန့်ညား လှသောကြောင့် မြင်ရသူအပေါင်း လေးစားကြည်ညိုကြရစမြဲ ပင်။

ယခုလည်း နတ်သဲကွင်းရွာရှိ ဆရာကြီး ဦးရွှေမိုး၏ နေအိမ် အောက်ရှိ ကွပ်ပျစ်ပေါ်တွင် ဆရာကြီး ဦးရွှေမိုးမှ ထိုင်နေပြီး ရှေ့တွင် လူငယ်လူလတ်ပိုင်း အရွယ်ယောက်ျား (၅) ယောက် ထိုင်နေလျက် ဆရာကြီး ဦးရွှေမိုးထံမှ မြန်မာ တိုင်းရင်းဆေးပညာရပ်များနှင့် ဂန္ဓာရီပညာရပ်များအား သင်ယူမှတ်သားနေ ကြခြင်း ဖြစ်လေ၏။

"ဒီနေ့ - တပည့်တို့ကို မြန်မာ့တိုင်းရင်းဆေးပညာရဲ့ နက်နဲမှုနဲ့ ဆေးပင် ဆေးမြစ် အကြောင်းပြောပြမယ်။ မှတ်သားကြပါ။ နောက်ပြီး - တပည့်တို့ သိချင်တဲ့အရှက်အလက်အကြောင်းအရာတွေကိုလည်းမေးနိုင်ကြပါတယ်။ ဆရာ သိသလောက်၊ တတ်သလောက် ဆရာစားမချန်ဘဲ သင်ပြ ပြောပြ သွားမှာဖြစ်တယ်"

ဆရာကြီးဦးရွှေနီက တပည့်များအား စကားပလ္လင်ခံ၍ ပြောလိုက်ခြင်း ဖြစ်၏။ ထိုအချိန် တပည့်များအတွင်းမှ ကျော်စိန်ဆိုသူက သူသိလိုသည်ကို မေးမြန်းလေ၏။

"ဆရာကြီး ခင်ဗျာ၊ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို သိချင်ပါတယ်။ ရှင်းပြပေးပါခင်ဗျာ"

"အေ - ရှင်းပြပေးရတာပေါ့ကွယ်။ သည်လိုကွဲ့ … နွယ်မြက်သစ်ပင် ဆေးဘက်ဝင်ဆိုတဲ့စကားရဲ့အဓိပ္ပာယ်က - ဟိုးရှေးရှေးဘုရားရှင်လက်ထက် တော်အခါက ဆေးဆရာကြီး ဆရာဇီဝကဆိုတာ တပည့်တို့ ကြားဖူးကြမှာ ပေါ့။ အဲဒီ ဆရာကြီး ဇီဝက ထံပါးမှာ တိုင်းရင်းဆေးပညာ လာရောက်သင်ယူ ကြတဲ့ တပည့်ပေါင်း (၅၀၀) ရှိကြသတဲ့။ တစ်နေ့မှာတော့ ဆရာကြီးဇီဝကက တပည့်အပေါင်းကို ပြောသတဲ့။ ဟဲ - တပည့်တို့ - တပည့်တို့အားလုံး ဒီကမ္ဘာ မြေကြီးပေါ်မှာ ပေါက်နေကြတဲ့ သစ်ပင်တွေထဲက ဆေးဖက်မဝင်တဲ့ သစ်ပင် သစ်ရွက်တစ်မျိုးစီကို ရှာဖွေပြီး ယူလာခဲ့ကြရမယ်လို့ ပြောလိုက်တယ်။ တပည့် (၅၀၀) လည်း မိမိတို့ စိတ်တွင်းက ဆေးဘက်မဝင်ဘူးလို့ထင်တဲ့ အပင်အရွက် အမျိုးမျိုးကို တစ်ယောက်တစ်မျိုးစီ ရှာဖွေပြီး ခူးဆွတ်ယူလာ လို့ ဆရာကြီး ဇီဝကကို ပေးအပ်ကြတယ်။ တပည့် (၅၀၀) အပင်၊ အရွက် (၅၀၀) စုံတဲ့အချိန်မှာ ဆရာကြီးဇီဝကပြောတဲ့ စကားကတော့ကိုင်း - တပည့် တို့ အခုတပည့်တို့ ခူးဆွတ်ယူပြီး လာပေးအပ်ကြတဲ့ အပင်အရွက်၊ အသီး အမျိုးမျိုးဟာ ဆေးဖက်မဝင်ဘူးလို့ ထင်ကြတယ် မဟုတ်လား။ အေး - မှတ် ထားကြ တပည့်တို့ - အပင်၊ အရွက်၊ အသီး စတဲ့ ကမ္ဘာမြေကြီးပေါ်မှာ ပေါက် ရောက်သီးပွင့်ကြတဲ့ရှိသမျှအပင်အားလုံးဟာ ဆေးဖက်ဝင်ကြတဲ့အပင်၊ အသီး၊ အရွက်တွေဖြစ်တယ်။ ရောဂါနဲ့ဆေး တိုက်ညီအောင် ပေးတတ်ဖို့ပဲလိုတယ်။ ရာသီဥတု၊ အပူ၊ အအေး ညီမျှအောင် ကြည့်တတ်ပြီး ဖြစ်နေတဲ့ ရောဂါကို

သိအောင်လုပ်၊ ပြီးမှ - အပင်၊ အသီး၊ အရွက်၊ အမွှင့် စတဲ့ ကိုက်ညီတဲ့ ဆေးဖော်စပ်ပေး သေသေဘေးလွတ်ပြီပေါ့ကွယ်၊ ဒါကြောင့် ဆေးဖက်မဝင်တဲ့ အပင်၊ အသီး၊ အရွက်၊ အမွှင့် ဆိုတာမရှိဘူး တပည့်တို့၊ အဲသည်လို ဆေးဆရာကြီး ဇီဝက ပြောတဲ့အတိုင်း၊ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆိုတဲ့ စကား၊ ဖြစ်ပေါ်လာခဲ့ရတာပေါ့ - တပည့်တို့"

ဆရာကြီး ဦးရွှေမိုးမှ တပည့်များအား ရှည်လျားစွာ ရှင်းလင်းပြောကြားလိုက်လေ၏၊ တပည့်တစ်ဦးမှ ဆက်၍ မေးလိုက်ပြန်၏။

"ကျွန်တော် တစ်ခုမေးပါရစေ ဆရာကြီး - အပင်၊ အသီး၊ အရွက်၊ အမွှင့်တွေပဲ ဆေးဖက်ဝင်တာလား။ သတ္တဝါတွေထဲမှာရော ဆေးဖက်ဝင်တဲ့သတ္တဝါတွေရဲ့အရိုး၊ အရေ၊ အသွေး၊ အသား အားလုံးဟာလည်း ဆေးဖက်ဝင်ကြတာချည်းပဲ မသိကြလို့ လူတွေဟာ ရောဂါကို မသိ၊ ဆေးပင်၊ ဆေးမြစ်ကို မသိလို့ ဆေးပင်တို့ဆေးပင်မှန်းမသိဘဲ ဆေးပင်ခေါင်းအုံးလို့သေသွားကြတဲ့လူတွေ များကြီး ရှိနေကြတာပဲပေါ့ကွယ်"

ဆရာကြီးခင်ဗျာ - သတ္တဝါတွေဟာ ဆေးပင်၊ ဆေးဥ၊ ဆေးမြစ် ရဲ့အစွမ်းသတ္တိတွေကို သိတယ်ဆိုတာ ဟုတ်ပါသလား။

"ဟုတ်တယ် - တပည့်တို့၊ သတ္တဝါဆိုတဲ့ အထဲမှာ လူဆိုတာလည်း ပါတယ်၊ သတ္တဝါအားလုံးထဲမှာ လူဆိုတာ အသိဉာဏ်အရှိဆုံးလို့ ဆိုတယ် မဟုတ်လား ၊ ဒါပေမဲ့ - ဆေးဖက်ဝင်တဲ့ သစ်ပင်၊ သစ်မြစ်၊ သစ်ဥ တို့ကို ကျတော့ တိရစ္ဆာန်တွေဟာ သူတို့မှာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါဝေဒနာနဲ့ ကိုက်ညီတဲ့ ဆေးပင်၊ ဆေးမြစ်၊ ဆေးဥတွေကို သဘာဝတရားကြီးက ဖန်တီးပေးလိုက်တဲ့ အသိတရားကြောင့် သိရှိနားလည်ပြီး ရှာဖွေစားသောက်ပြီး ရောဂါဝေဒနာတို့ ကုစားကြတာပေါ့ကွယ်"

ဆရာကြီး ဦးရွှေမိုးမှ ရှင်းပြပြောဆိုပြီး အာခြောက်သွားဟန်နှင့် ရေနွေးကြမ်းတစ်ပန်းကန် ငုံ့သောက်လိုက်ပြီး ဆက်လက်ရှင်းပြလိုက်လေ၏။

"တိရစ္ဆာန်တွေမှာက ကြီးနိုင်ငယ်ညှဉ်း အားကြီးသူက အားနည်းသူကို အဆိပ်ရှိတဲ့ အကောင်က အဆိပ်မရှိတဲ့ အကောင်ကို အနိုင်ကျင့်သတ်ဖြတ် စားသောက်တတ်ကြတာ မွေတာ သဘာဝပဲ မဟုတ်လား။ ဒီသဘာဝတရား

ကို ကျော်လွှားနိုင်အောင် အဆိပ်မရှိတဲ့ တိရစ္ဆာန်လေးတွေဟာ အဆိပ်မြွေ ဆေးပင်ကို သိကြတယ်။

ဆရာကြီး ငယ်စဉ်က အတွေ့အကြုံလေးတစ်ခုပြောပြမယ် နားထောင်ကြကွဲ့"

=◈=

ဆရာကြီး ဦးရွှေနိုး (၁၆) နှစ် အရွယ်က ဖြစ်သည်။ မိဘနှိုးရာတောင်သူလယ်သမားများဖြစ်ကြလေ၏။ တစ်နေ့ – နွားများ နဖားကြိုးနှင့် နွားတန်ကြိုးကျစ်ရန်အတွက် လျှော်စွာရန် အရေ့ကျောက်ကြီး မြို့သွားသည့် လမ်းရှိ တောင်ပေါ်သို့ တက်ခဲ့ပြီး လျှော်ပင်မှ လျှော်ခေါက်များ ခွာပြီး တောင်အောက်သို့ ပြန်ဆင်းလာစဉ် တောင်ခြေရင်း ကိုင်းတောနှင့် ချုံနွယ်ပင်များ ရှုပ်နေသည့် ကွက်လပ်တစ်ခုအရောက်တွင် မြွေဟောက်တစ်ကောင်နှင့် ကြွက်တစ်ကောင်တို့ကိုက်ခဲနေကြသည့်မြင်ကွင်းအားမြင်တွေ့လိုက်ရလေသောကြောင့် လျှော်ခေါက်အားပုံးထဲမှ ချ၍ကြွက်နှင့် မြွေတိုက်ပွဲအားကြည့်ရှုနေမိလေ၏။

ကြွက်မှာကြောင်ငယ်လေးတစ်ကောင်အရွယ်ခန့်ရှိပြီး မြွေဟောက်မှာ ပေသာကျော်ကြီး လက်ကောက်ဝတ်အရွယ်ရှိပြီး ပါးပျဉ်းအရွယ်အစားမှာ ထမင်းစားပန်းကန်ပြားအရွယ်ရှိ၍ ပါးပျဉ်းထောင်ထားစဉ်တစ်တောင်ကျော်ခန့်မြင့်ပြီး ကြွက်အား ပါးပျဉ်းကို ဘယ်ညာယိမ်း၍ လှမ်းပြီးကိုက်ခဲလေ၏။ ကြွက်မှာ မြွေဟောက်ကြီးမှလှမ်းပေါက်လိုက်တိုင်းနောက်သို့ခုန်ရှောင်လိုက်ပြီး မြွေဟောက်၏ လည်ကုတ်နေရာအား ခုန်၍ ကိုက်ခဲလိုက်လေသည်။ မြွေဟောက်မှာကြွက်၏ကိုက်ခဲသောဒဏ်ရာများကြောင့်လည်းကုတ်နေရာမှ သွေးများယိုစီးကျနေသလို ကြွက်၏ ခန္ဓာကိုယ်အနှံ့အပြားတွင် လည်းဒဏ်ရာများရှိပြီး သွေးများစီးကျနေလေသည်။ မြွေနှင့်ကြွက်ဆိုသည်မှာ ကမ္ဘာ့ရန်ဘက်၊ ကြွက်ဆိုသည်မှာ မြွေ၏အစာ၊ ယခုတော့ အညီလိုမဟုတ်ပေ။ ကြွက်၏ တန်ပြန်တိုက်ခိုက်မှုကို မြွေဟောက်မှာ အလူးအလဲ ခံနေရသည့် မြင်ကွင်းက မောင်ရွှေနိုးအတွက် ထူးဆန်းနေသည့် မြင်ကွင်းဖြစ်သဖြင့် ဆက်လက် ကြည့်ရှုနေမိလေသည်။ မြွေဟောက်၏ ကိုက်ခဲမှုကို တစ်ကြိမ်

နှစ်ကြိမ်ခန့် ခရလျှင် ကြွက်သည် အနီးရှိ ချုံတောအတွင်း ပြေးဝင်သွားလေသည်။ ခဏအကြာတွင် ချုံတောအတွင်းမှ ကြွက်ကြီးသည် ပြန်လည် ပြေးထွက်လာပြီးလျှင် မြွေဟောက်ကြီး၏ရှေ့တွင် ရပ်လိုက်ပြီး မာန်ဖီသံပေးလိုက်ရာ မြွေဟောက်ကြီးက လှမ်းပေါက်လိုက်လေသည်။ ကြွက်ကြီးက နံဘေးသို့ ခုန်ရှောင်လိုက်ပြီး မြွေဟောက်ကြီး၏ လည်ကုတ်ပေါ် ခုန်တက်လိုက်ပြီး ချွန်ထက်သော သွားများဖြင့် ကိုက်ခဲလိုက်လေ၏။ မြွေဟောက်ကြီးမှာ မြေပြင်ပေါ်တွင် လူးလှိမ့်၍ လည်ကုတ်ပေါ်မှ ကြွက်ကြီး၏ ကိုက်ခဲမှုကို လွတ်အောင် တွန့်လိမ်လူးလှိမ့်ပြီး ခါထုတ်လေ၏။ ကြွက်ကြီးမှာ မြွေဟောက်၏ လူးလှိမ့်တွန့်လိမ်ခါထုတ်မှုကြောင့် မြွေ၏ လည်ကုတ်ပေါ်မှ ပြုတ်ကျသွားလျှင် မြွေဟောက်ကြီးက ပေါက်လိုက်ရာ ကြွက်၏ ခါးပေါ်သို့ မြွေဟောက်၏ အစွယ်ကျရောက်သွားလေတော့သည်။ ကြွက်ကြီးမှာ မြွေဟောက်ကြီး၏ကိုက်ခဲမှုမှ လွတ်မြောက်အောင် ရုန်းကန်ကုတ်ခြစ်ပြီးတော့ ချုံအတွင်းသို့ ပြေးဝင်သွားပြန်လေသည်။ မကြာမီ ကြွက်ကြီး ပြန်ပြေးထွက်လာပြီး မြွေဟောက်ကြီးအား ပြန်ကိုက်လိုက်ဖြင့် အချိန်ကြာလာသည်နှင့် မြွေဟောက်ကြီးမှာ မလှုပ်ရှားနိုင်တော့ဘဲ ငေးငေးကြီး ဖြစ်နေချိန်တွင် ကြွက်ကြီးမှာ မြွေဟောက်ကြီး၏ လည်ကုတ်အား ကိုက်ခဲ၍ ဆွဲငင်ယမ်းပြီး မြွေဟောက်ကြီး မလှုပ်မယှက် သေဆုံးသွားလေမှ ချုံတောအတွင်း ပြေးဝင် ပျောက်ကွယ်သွားလေတော့၏။

"အဲသည်လို ထူးဆန်းအံ့ဩဖွယ် အဖြစ်အပျက်ကို မြင်တွေ့ခဲ့ရပြီး ရွာကိုပြန်ရောက်လို့ လူကြီးတွေကို ပြောပြတော့မှ မြွေဟောက်ကို ပြန်ကိုက်တဲ့ ကြွက်ဝင်သွားတဲ့ တောချုံတွေကြားက မြွေဆိပ်ဖြေဆေးပင်ကို ကြွက်ကြီးက ပြေးပြီးစားလို့ မြွေဟောက်ကြီး ကို ပြန်ကိုက်နိုင်တာပဲတဲ့။ အဲသည်လို ကြွက်ကြီးဝင်ပြေးတဲ့ တောချုံတွေကြားက ကြွက်ကိုက်စားတဲ့ အပင်တွေကို လိုက်ကြည့်ပြီး ရအောင် နုတ်ယူလာနိုင်ရင် မြွေကိုက်ခံရတဲ့ သူကို ဂုဏ်စားလို့ ရတဲ့ မြွေဆိပ်နိုင်တဲ့ ဆရာဖြစ်ပြီလို့ လူကြီးတွေ ပြောပြတော့မှပဲ ဇဟုဒ်သုံတ အကြားအမြင် မရှိခဲ့လို့ မြွေဆိပ်ဖြေဆေးပင် မရခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတော့တယ် တပည့်တို့"

ဆရာကြီး ဦးရွှေမှိုးသည် သူ၏ တပည့်များအား သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အား ရှင်းလင်းပြောပြလိုက်ရာ တပည့်များအံ့ဩငေးမောသွားကြလေ၏။

"အဆိပ်ရှိ သတ္တဝါတွေအားလုံးမှာ မြွေဆိုတဲ့ သတ္တဝါဟာ ထူးဆန်းပြီး ဂန္ထိရဆန်လွန်းလှတယ်။ မြွေတွေဟာ လူတို့အန္တရာယ်ပြုခဲ့တယ်ကွယ်။ သူတို့ကို ထိမိနင်းမိမှ မလွှဲမရှောင်သာလို့ လူကို ကိုက်ကြတယ်။ လူကို ကိုက်တဲ့ မြွေဟာလည်း သူ့ရဲ့အဆိပ်ကြောင့် မကြာခင်သေရတယ်။ ဒါကြောင့် မြွေတွေဟာ လူကို ရှောင်ကြတယ်"

"ဆရာကြီးခင်ဗျာ – ဆရာကြီးဟာ မြွေကိုက်ခံရတဲ့ လူနာတွေကို ကုသပေးရာမှာ လူနာတွေ ပျက်စီးဆုံးပါးမှု အလွန်နည်းပါတယ်။ ဘယ်လို ဆေးဝါးတွေနဲ့ ကုသပါသလဲ ဆိုတာ ပြောပြပါခင်ဗျာ"

တပည့်များအတွင်းမှ မောင်အောင်ဆိုသူက မေးမြန်းလိုက်ပါ၏။

"ဆရာကတော့ အဆိပ်ပြေအောင် သစ္စာအဓိဋ္ဌာန်ပြုပြီးရွတ်ဆိုလို့ ပြောမလား။ ပရိတ်ရွတ်လို့ ပြောရမလား။ နေ့ပရိတ်ရွတ်ပြီး သစ္စာအဓိဋ္ဌာန်ပြုလို့

---

မြွေပေါက်တစ်ကောင် အမြီးထောင်လိုက် ခေါင်းထောင်လိုက်နဲ့ လုပ်နေတာကို မြင်လိုက်ရတယ်။ အဲသည်လို လုပ်ရင်း ခဏအကြာမှာ မြွေပေါက်ကြီးဟာ သူ့အမြီးကို ပါးစပ်နဲ့ ကိုက်လိုက်တယ်။ ပြီးတာနဲ့ သူ့အမြီးကို သူပြန်မျိုတော့တာပဲဗျ။



လူနာကို ရေမန်းတိုက်ပြီး အဆိပ်ချပြီး ကုတာ ပါပဲကွယ်။ ဆရာဟာ မြွေသား မစားဘူး။ မြွေပါတဲ့သတ္တဝါအသားမစားဘူး။ ပဲလင်းမြွေသီးကိုစတင်မှမစား ဘူးကွဲ့။ မြွေကိုလည်း မသတ်ဘူး။ ဓနုပရိတ်ကို အမြဲရွတ်ဖတ်ပြီး မြွေတွေ အဆိပ်ရှိ သတ္တဝါတွေအားလုံးကို အမြဲမေတ္တာပို့ပေးနေတာဘဲကွယ်"

"မြွေအာရချုပ်ဂါထာ မန္တန်တွေ ရှိတယ်ဆိုတာ ဟုတ်ပါသလား ခင်ဗျာ - ဘယ်လို ဂါထာတွေဆိုတာ သိချင်ပါတယ်"

တပည့်တစ်ယောက်က မေးမြန်းလိုက်ခြင်း ဖြစ်ပါသည်။ ဆရာကြီး ဦးရွှေမိုးက သူ၏ တပည့်များ မေးသမျှ စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။

"မြွေအာရချုပ်ဂါထာ မန္တန်တွေ ရှိတာပေါ့ကွယ်။ ဒါပေမဲ့ - အဲဒီဂါထာ မန္တန် တွေ ဟာ လူတိုင်းတော့ အစွမ်းမထက်ကြဘူး။ သီလစင်ကြယ်ပြီး သီလမြဲတဲ့ ပုဂ္ဂိုလ် ဆရာပြောခဲ့သလို မြွေသားမစား၊ မြွေကိုမသတ်တဲ့ သူ ဓနုပရိတ်တော် ကို အမြဲမပြတ် ရွတ်ဆို ပွားများနေသူမှသာ မြွေအာရချုပ်ဂါထာမန္တန်တွေက အစွမ်းထက်မှာ"

"မြွေအာရချုပ်ဂါထာတစ်ပုဒ်လောက် သင်ပေးပါလားဆရာကြီး။ ကျွန် တော်တို့လည်း တတ်ချင်သိချင်ပါတယ်"

"အေး ဆရာဆိုပြမယ် လိုက်မှတ်ကြကွယ့်။

=◆=

ဆရာကြီး ဦးရွှေမိုးစကားဆုံးသည်နှင့် တပည့်များအားလုံး စာအုပ် စာရွက်များ။ ခဲတံ၊ ဘောလ်ပင်များ အသင့်ပြင်ဆင်လိုက်ကြလေသည်။ ဆရာကြီး ဦးရွှေမိုးသည် စကားပြောရသည်မှာ အာခြောက်သွားဟန်ဖြင့် ရှေ့ရှိ ရေနွေးကြမ်းအိုးအား မ,ယူ၍ ရေနွေးကြမ်း ပန်းကန်လုံးထဲသို့ ရေနွေး ကြမ်းငှဲ့ထည့်ကာ မော့သောက်လိုက်ပြီးမှ စကားဆက်ပြောလေ၏။

"ဆရာဆိုပြမယ်သေချာလိုက်မှတ်ကြ (ဥ - နဂါရံ (နဂရံ) မောကွဲအာစိ) ဒီဂါထာကို (၃၇)ခေါက်ရွတ်ရမယ်။ လူကို အန္တရာယ်ပြုမယ့် မြွေကို ဒီအာရချုပ် ဂါထာနဲ့ အာရချုပ်လိုက်ရင် အဲသည်မြွေဟာ ပါးစပ်ဟလို့ရတော့ဘူး။ အာရချုပ် ခံ ထားရတဲ့ မြွေရဲ့ အန္တရာယ်ကင်းတဲ့ အနေအထား ရောက်ပြီဆိုရင် အဲသည် မြွေကို အာပြန်ဖွင့်ပေးရတယ်။ အာပြန်မဖွင့်မပေးရင် အဲသည် မြွေဟာ အစာ

ဝေ်ဖြစ်ပြီး ဝေသတယ်ကွဲ့။ ဒါကြောင့် - မြေအာဖွင့်ဂါထာကိုလည်း မှတ်ထား ကြ အာရှုပ်ခံထားရတဲ့ မြေရှိတဲ့နေရာဘက်ကို မျက်နှာမူပြီး အာဖွင့် ဂါထာကို (၃၇)ခုပ်စုတ်ရမယ်။ အာဖွင့်ဂါထာကတော့ (ဦး- ဝိုရမ်ဝတ္တိ - သွားဟ) ဝေသ ရှာ မှတ်သားထားကြ။ အာရှုပ်ဖြစ်ဖြစ် အာဖွင့်ဖြစ်ဖြစ် ရွတ်ဆိုတော့မယ်ဆို ရင် မြေကို လက်ညှိုးထိုးပြီး ဂါထာကို ပီပီသသ ရွတ်ဆိုရမယ်"

ဆရာကြီး ဦးရွှေမိုးက ရှည်လျားစွာ ရှင်းပြရင်း မြေအာရှုပ်ဂါထာနှင့် အာဖွင့်ဂါထာအား ရွတ်ဆိုသင်ပေးလေ၏။ တပည့်များက လိုက်၍ ရေးသား ကာ မှတ်လိုက်ကြပြီးလျှင် ဂါထာအား တိုးတိုးရွတ်ဆို ကျက်မှတ်နေကြလေ သည်။ ထိုအချိန်တွင် ရွာသားတစ်ဦးဖြစ်သော နိုင်ဦးမှာ အသက်(၄၀)အရွယ် ခန့်ဖြစ်သည်။ ဆရာကြီးရှိရာသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာ လေ သည်။ နိုင်ဦးကို မြင်သည်နှင့် ဆရာရွှေမိုးက မေးလိုက်၏။

"ဟ - နိုင်ဦး - ဘာဖြစ်လာတာလဲကွယ့်။ ကိစ္စရှိလို့လား - လာ - လာ - ဒီမှာလာထိုင်ပြီး ပြောပြစမ်းပါဦး"

"ဟုတ်ပါတယ် - ဆရာကြီး။ ကိစ္စ အတူးအဆန်းဆိုပါတော့၊ သည်နေ့ ကျွန်တော် တောင်ပေါ်က ထင်းခုတ်ပြီး အပြန်မှာ ထူးထူးဆန်းဆန်း တစ်ခု တွေ့ခဲ့ ရလို့ ဆရာကြီးဆီကို လာခဲ့ရတာပါဘဲခင်ဗျာ"

"ဘာတွေ တွေ့ခဲ့ရလို့လဲကွဲ့။ သေချာ ပြောပြစမ်းပါဦး နိုင်ဦးရဲ့"

"သည်လိုပါဆရာကြီး... ကျွန်တော်တောင် ပေါ်က ထင်းခုတ်ပြီး ထင်းစည်း ထမ်းလို့ ပြန်အလာမှာ ဘန့်တွေးကုန်းအထင်း တောင်ခြေနားက မြေကွက် လပ်ထဲမှာ မြေဟောက်တစ်ကောက်ကို တွေ့လိုက်ရတယ်။ အဲသည် မြေကို မတွေ့ခင်အချိန်လေးမှာ တောထဲက တောကြက်တွေ၊ ရှဉ့်လေးတွေ စတဲ့ တောတိရစ္ဆာန်ငယ်ကလေးတွေဟာ ကြောက်လန့်ပြီး အော်ဟစ်ပြေးလွှား သွားလာကြတာကို မြင်တွေ့ရလို့ ကျွန်တော်လည်း ထူးဆန်းပါတယ်လို့ ထင်မိပြီး ပတ်ဝန်းကျင်ကို ဂရုစိုက်ပြီး ကြည့်လိုက်တဲ့အခါ တောင်ကုန်း အောက်ခြေက မြေကွက်လပ်ထဲမှာ မြေဟောက်တစ်ကောင် အမြီးထောင် လိုက်၊ ခေါင်းထောင်လိုက်နဲ့ လုပ်နေတာကို မြင်လိုက်ရတယ်။ အဲသည်လို လုပ်ရင်း ခဏအကြာမှာ မြေဟောက်ကြီး ဟာ သူ့အမြီးကို ပါးစပ်နဲ့ ကိုက် လိုက်တယ်။ ပြီးတာနဲ့ - သူ့အမြီးကို သူ ပြန်မျိုတော့တာပဲဗျ။ အဲသည်လို

နဲ့ မြွေဟောက်ကြီးဟာ ကိုယ့်အမြီးကိုယ် ပြန်မျိုနေလိုက်တာ ဝလုံးသဏ္ဍာန် ဖြစ်သွားရော ဆရာကြီးရဲ့။ မြွေဟောက်ကြီးဟာ ကျွန်တော့် လက်ဖျံလုံး လောက်ရှိပြီး (၅)တောင် (၆)တောင်လောက် ရှည်တယ်။ အဲဒါ - သူ့ အမြီး သူ ပြန်မျိုနေတာ တဖြည်းဖြည်းနဲ့ ဆန်ကောဝိုင်းလောက်ဖြစ်လာတဲ့အခါ ကျွန်တော်လည်း ကျွန်တော်ခုတ်ယူလာတဲ့ ဝါးအစည်းထဲက ဝါးတစ်လုံးကို (၂)တောင့်ထွာလောက် ဖြတ်ပြီး အဲဒီမြွေကွင်း (ဂွင်း)ထဲမှာ စိုက်ထားလိုက် တယ်။ ကျွန်တော်လည်း စောင့်နေရတာ ကြာလို့ ထမင်းဆာလာတာနဲ့ ပြန် လာခဲ့တာပဲ ဆရာကြီး"

"ဟ - အဲသည်က ပြန်လာတာ ဘယ်လောက်ကြာပြီလဲ"

ဆရာကြီး ဦးရွှေမိုးက ကိုနိုင်ဦး၏ ပြောစကားအဆုံး အလောတကြီး မေးလိုက်လေ၏။

"ကျွန်တော် ပြန်လာတာ တစ်နာရီလောက်ရှိပြီ ဆရာကြီး ဘာဖြစ်လို့ လဲ"

"ဒါဆိုရင် - ဆရာ့ကို အဲ့သည် နေရာကို လိုက်ပြပါလား"

"ဟုတ်ကဲ့ - လိုက်ပြပါ့မယ်။ အခု သွားမှာလား - ခင်ဗျ"

"အေ - အခုပဲ သွားကြမယ်။ ကိုင် - တပည့်တို့လည်း လိုက်ချင်တဲ့သူ လိုက်ခဲ့ကြ"

ဆရာကြီး ဦးရွှေမိုးသည် အိမ်ပေါ်သို့တက်သွားပြီးလျှင် သူ၏ဆေးလွယ် အိတ်နှင့် တောင်ဝှေးကို ယူကာ ဝါးဦးထုပ်ဆောင်း၍ အိမ်အောက်သို့ ဆင်း လာသည်။ ပြီးလျှင် တပည့်များဘက်မျက်နှာလှည့်လိုက်ပြီး လိုက်မည့်သူ များကို အကဲခတ်ကြည့်လိုက်လေသည်။ တပည့် (၆)ယောက်ခန့် လိုက်ကြ မည်ဟု နေရာမှထကာ အသင့် အနေအထားကို မြင်လိုက်ရသောကြောင့် -

"ကဲ - နိုင်ဦးရေ - မင်းရှေ့က လမ်းပြပေတော့။ ခပ်မြန်မြန်လေးသွားကြ ဒါမှ - အချိန်မီမှာ၊ ကိုင် - လိုက်ကြမယ့်သူတွေလည်း ဆရာ့နောက်က လိုက် ခဲ့ကြပေတော့" ဆရာကြီးဦးရွှေမိုး၏ စကားအဆုံး နိုင်ဦးကရှေ့မှ ဦးဆောင်၍ ထွက်သွားလေရာ ဆရာဦးရွှေမိုးနှင့် တပည့်များလည်း နောက်မှ ခပ်သွက် သွက်လိုက်သွားလေတော့သည်။ တစ်နာရီခန့် ခပ်သုတ်သုတ်သွားကြပြီး တောင်ခြေတစ်နေရာသို့ ရောက်သောအခါ နိုင်ဦးသည် မြေကွက်လပ်တစ် နေရာသို့ လက်ညှိုးထိုးပြပြီး ပြောလိုက်လေ၏။

"ဟိုနေရာမှာပဲ ဆရာကြီး - မြွေဟောက်ကြီး ကိုယ့်အမြီးကို ကိုယ်ပြန် မျိုနေတာ၊ ဟိုမှာ ကျွန်တော် စိုက်ထားခဲ့တဲ့ဝါးလုံး"

ဆရာကြီး ဦးရွှေမိုးသည် နိုင်ဦး ညွှန်ပြရာကွက်လပ်ရှိ ဝါးလုံးစိုက်ထား ရာနေရာသို့ အမြန်သွားရောက်ကြည့်လိုက်လေ၏။ နှစ်တောင်ခန့် မြေပေါ်သို့ ထွက်နေသော ဝါးအစိမ်းတစ်လုံးအား မြင်တွေ့လိုက်ရလေသည်။ ဝါးစိမ်းလုံး၏ အောက်မြေမှာလည်း ချောက်ခွေ့သကဲ့သို့ ဖြစ်နေသည်ကို ကြည့်ရှုလိုက်ပြီး -

"သွားပြီ- နိုင်ဦးရေ အချိန်မမီလိုက်တော့ဘူးကွယ်။ ဆရာတို့ နောက်ကျသွားပြီ"

"ဘာဖြစ်လို့လဲ - ဆရာကြီး၊ ကျွန်တော် မှတ်ထားပြီး မြေကွင်း (ငွင်း)ရဲ့ အလယ်မှာ စိုက်ထားတဲ့ ဝါးလုံးအစိမ်းကလည်း ချောက်သလိုဖြစ်ပြီးမြက်ပင်တွေကတော့ ချောက်ကုန်ပြီး မြေလည်း မရှိတော့ဘူး။ ဘယ်ရောက်သွားပြီလည်း မသိတော့ဘူး"

ဒီလိုကွယ် - နိုင်ဦးရဲ့ မင်းတွေ့ခဲ့တဲ့ ကိုယ်အမြီးကိုယ် ပြန်ပြီး မျိုနေတဲ့ မြွေကို မြေကွင်း (ငွင်း)လို့ခေါ်တယ်။ အဲဒီလို - ကိုယ့်အမြီးကိုယ်ပြန်မျိုတဲ့ မြေကွင်း (ငွင်း)ကိုကို မြင်တွေ့ခဲ့ရင် အဲသည်မြေကွင်း (ငွင်း)ရဲ့အလယ်မှာ ဝါးလုံးတစ်လုံးကို နှစ်တောင်လောက် ဖြတ်ပြီး ထိပ်ဘက်မှာ ကြက်ခြေခတ်သဏ္ဌာန် ဝါးလုံးတစ်လုံး (တစ်တောင်)ကို လက်ဝါးကပ်တိုင်ပုံစံ ကြိုးနဲ့ ခိုင်ခိုင်ချည်ပြီး မြေကွင်း (ငွင်း)ရဲ့အလယ်မှာ စိုက်ရမယ်။ မြေထဲကို နက်နက်ဝင်အောင် စိုက်ရတယ်။ အဲ့သည်လို ဝါးလက်ဝါးကပ်တိုင်လို စိုက်ပြီး ထားခဲ့ရင် အဲသည် မြွေဟာကိုယ့်အမြီးကို ကိုယ်ပြန်မျိုတဲ့ မြွေဟာ အမြီးကို မျိုရင်း မြေကွင်း (ငွင်း)ဟာ ကျဉ်းသွားရာက စိုက်ထားတဲ့ ဝါးလုံးတိုင်နဲ့ ထိတဲ့ အထိ ကွင်း (ငွင်း) ကျဉ်းသွားတဲ့ အခါ အဲ့သည် မြေကွင်း (ငွင်း)ဟာ ဝါးလုံးတိုင်အများကို တက်လာတယ်။ ဝါးတိုင်အများမှာ ချည်ထားတဲ့ ဝါးလုံးကန့်လန့်နဲ့တွေ့ထိတဲ့အခါ ဆက်တက်လို့မရဘဲ၊ အဲ့သည်ဝါးမှာ ကပ်ပြီး ချောက်ခွေ့သွားရတာပဲပေါ့။ ဝါးလုံးထိပ်များမှာ ကန့်လန့်ခံတဲ့ လက်ဝါးကပ်ဝါးမရှိရင်တော့ အဲ့သည်မြေကွင်း (ငွင်း)ဟာ တိုင်အများက ကျွတ်အောင် တက်ပြီး လေထဲကို တက်ပြီး ပျောက်သွားထဲ့အတွက် ဆရာတို့ ရောက်တဲ့အချိန်မှာ မြေကွင်း (ငွင်း)ထိုး မရှိတော့ဘဲ ဆရာတို့ မတွေ့ရတော့တာပဲပေါ့ကွယ်"

ဆရာကြီးဦးရွှေမိုးသည် ဝါးလုံးတိုင်အားကိုင်ပြီး သေချာစွာ ရှင်းပြလေသည်။ သူ၏ မျက်နှာပြင်ပေါ်တွင် နေမြောတသ သည့်အမူအယာများ ဖြစ်ပေါ်နေလေ၏။ တပည့်တစ်ယောက်ဖြစ်သော ကျော်စိန်ဆိုသူက သူသိလိုက်သည့် အကြောင်းအရာတစ်ခုကို မေးမြန်းလိုက်လေသည်။

=◈=

"ဆရာကြီးခင်ဗျာ – ဘာကြောင့် မြွေကွင်း (ပွင်း) ထိုးကို ရရင်ဘာလုပ်လို့ရပါသလဲ၊ ဘာတွေ အသုံးဝင်ပါသလဲ ခင်ဗျာ"

"မြွေကွင်း (ပွင်း) ထိုး ဆိုတာဟာ အမှန်တကယ် ဂန္ဓာရ ပစ္စည်းတစ်ခုပဲပေါ့။ နေရာဒေသအလိုက် အခေါ်အဝေါ်လည်း မတူကြဘူးကွယ့်။ အခု – ဆရာကြီးတို့ခေါ်တာက မြွေကွင်း (ပွင်း) ထိုးတချို့ဒေသတွေမှာက မွန်းတည်ရှိန် ထုံကူးတယ်လို့ ခေါ်ကြတယ်။ ရှားရှားပါးပါး မြင်ရ တွေ့ရခဲပါတယ်။ အဲသည်လို မြွေကွင်း (ပွင်း) ထိုးကို ရရင် ဆေးဝါးဂါထာ မန္တန်တွေနဲ့ စီရင်ပြီး ထွက်ရပ်လမ်းကို လိုက်ကြတယ်။ ပြောရရင်တော့ ကိုယ်ပျောက်အတတ်ပေါ့ကွယ်။ ခုလည်း နိုင်ဦးက တွေ့မြင်ရ ပါရက်နဲ့ မသိနားမလည်တော့ တန်ဘိုးရှိတဲ့ ဂန္ဓာရပစ္စည်းတစ်ခုမရလိုက်ဘဲ ဆုံးရှုံးသွားရတာပေါ့လေ။ ကိုယ်နဲ့မထိုက်တန်တဲ့ လျှို့ဝှက်နက်နဲတဲ့ ဂန္ဓာရပစ္စည်းဆိုတာ ရသင့်ရထိုက်မှ၊ ထိုက်တန်မှ၊ သီလလုံခြုံမှ ရတတ်တဲ့ ပစ္စည်းဖြစ်တယ်ဆိုတာ နိုင်ဦးနဲ့ တပည့်တို့မျက်မြင်ကိုယ်တွေ့ ဖြစ်တာကြောင့် ဘုရားတရားသံဃာ မိဘဆရာ အနန္တငါးပါးရှိသေတိုင်းရှိခိုးပြီး ကိုယ်ကျင့်တရားခေါ်တဲ့ သီလတရားကို လုံခြုံအောင် စောင့်ထိန်းကြပါလို့ ဆရာမှာလိုက်ပါရစေကွယ်။ ကဲ – ရွာပြန်ကြပါစို့"

ဆရာကြီးဦးရွှေမိုးသည် နိုင်ဦးနှင့် တပည့်များအား ရှင်းပြပြောဆိုပြီး နိုင်ဦးစိုက်ထားခဲ့သည့် ဝါးလုံးအား နုတ်ယူလိုက်ကာ ရွာဆီသို့ ရှေ့ရှု လျှောက်လှမ်းသွားရာ နိုင်ဦးနှင့် တပည့်များလည်း နောက်မှ လိုက်ပါသွားကြလေတော့သည်။

➡ ခင်မြနိုင် (ဘူးသီးတောင်)



# ရွှေမင်းသမီး နှင့် တားရော့ဆရာ

မောင်လင်းသစ်

ယခုကာလတွင် ဗေဒင်ဆရာတော်တော်များများ အသုံးပြုနေကြသော ကံကြမ္မာဖတ် ဖဲချပ်ကလေးများခေါ် တာရော့ကတ်ပြားကလေးများသည် ယခုအချိန်မှ ရှေ့ကြာပင် အပင်ပေါက်သလို ပေါ်ပေါက်လာသော ပညာရပ်များ မဟုတ်ပေ။ ဟိုးအရင် နှစ်ပေါင်း (၃၀၀၀) ကျော် (၄၀၀၀) ခန့်ကာလမှာပင် ဟီးဘရူးခေါ် ဂျစ်ပဆီလူမျိုးစုများ၏ ဘုရားတစ်ဆူ ဝတ္တုတစ်လုံးကဲ့သို့ မြတ်နိုးလေးစား တန်ဖိုးထားရသော ရတနာတစ်ပါး ဖြစ်လေသည်။ တားရော့တွင် နက်ရှိုင်းသော ဝှမ်းရှိ၏။ တားရော့ပညာသည် ကဒ်၏နိမိတ်ဖတ်မှုကို ဆရာဖြစ်သူ၏ စိတ်ဓာတ်နှင့် ပေါင်းစပ်၍ အဖြေရှာ ဟောကိန်းထုတ်ရသော ပညာလည်းဖြစ်သည်။ ထို့ကြောင့် တားရော့ကို ဦးနှောက်ဖြင့် လိုက်စားခြင်းထက် နှလုံးသားဖြင့် လိုက်စားပါက ပို၍ လျင်မြန်စွာ အရာရောက်ပေလိမ့်မည်။ ဤသို့ဖြင့် ကျွန်တော်မောင်လင်းသစ်သည်လည်း တားရော့၏အနှစ်သာရများကို ဆရာဖြစ်သူ ဦးဇော်မိုးအောင် လမ်းညွှန်ချက်နှင့်အတူ လိုက်စားခဲ့ရာ အတော်အသင့်ဖြင့် ခရီးရောက်သလို ရှိခဲ့လေသည်။

ကျွန်တော်သည် မကြာခဏဆိုသလို ဆရာ ဦးဇော်မိုးအောင်၏ ဟောခန်းသို့ သွားရောက်မိလေသည်။ ထိုသို့ သွားရောက်တိုင်း ဆရာထံမှ တားရော့နှင့် ပတ်သက်၍ အတွေ့အကြုံ အယူအဆများ၊ ပညာရပ်များကို အခါအခွင့်သင့်သလို သင်ယူမိလေ၏။ တစ်ခုသော တနင်္ဂနွေနေ့၏ နေ့လယ်ခင်း

တွင် ကျွန်တော် ရောက်လာခဲ့သည့် ဆရာ၏ နေအိမ်သို့ အလည်အပတ် ရောက်ရှိနေပြီး ဆရာ ဦးဇော်မိုးအောင်နှင့်အတူ ရောက်တတ်ရာရာများကို ပြောဆိုနေစဉ် အသက်အရွယ်အားဖြင့် (၄၀)ကျော်ခန့်ရှိသော အမျိုးသမီး တစ်ဦးသည် စိတ်ရှုပ်နေသော မျက်နှာထားဖြင့် ဝင်ရောက်လာကာ -

"ဆရာ - ကျွန်မကို မှတ်မိလား"

ဟု ဦးဇော်မိုးအောင်အား မေးလေတော့၏။ ထိုအခါဦးဇော်မိုးအောင် သည် ပြုံးရွှင်စွာဖြင့် -

"သိပ်တော့ မမှတ်မိဘူးဗျ - ခင်ဗျားဟာ ရွှေပေါက်ကံက ဒေါ်ငြိမ်းငြိမ်း ဆိုတာရယ်၊ ကိုးသုံးခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်မယ်ဆိုတာရယ်လောက်ပဲ သိတော့တယ်"

ဟု ပြောလေရာ ဒေါ်ငြိမ်းငြိမ်းသည် ဝမ်းသာအားရဖြင့် ထစ်ငေါ့စွာ -

"ဟုတ် - ဟုတ် - ဟုတ်ပါတယ် - ဆရာရယ် အဲဒါ - အဲဒါ လုပ်ပါဦး"

"ဟုတ်ပါပြီ - ကျည်းပုံမယ်၊ အခုတော့ကျွန်ပြောတဲ့ဇာတ်လမ်းလေးကို နားထောင်ပါဦး။ တစ်ခါတုန်းက မိသားစုတစ်စုမှာ သမီးအကြီးဆုံးလေးဟာ စက်ဘီးလေးစီးပြီး အပြင်ထွက်သွားတယ်၊ ပြန်လာတော့ စက်ဘီးမပါလာ တော့ဘူး။ မေးကြည့်တော့လည်း ပျောက်သွားတယ်ပြောတယ်။ မိဘတွေက စုံစမ်းကြည့်တော့ သူ့ကောင်လေး ဘောပွဲတွေ ရှုံးနေပြီး ငွေလိုနေလို့ ရောင်း ပေးလိုက်တာလို့ သိရတယ်၊ ဒါနဲ့ - အမေလုပ်တဲ့သူက ရိုက်တာပေါ့ဗျာ၊ နောက်နေ့ကျတော့ ကောင်မလေးက အိမ်ပေါ်က ဆင်းသွားပါလေရောလား နိုးရိုးဆင်းသွားတာမဟုတ်ပဲ အတွင်းပစ္စည်းတော်တော်များများကိုပါယူသွား တော့ အမေလုပ်သူက တစ်ခါတည်း ဒေါသတွေ ထွက်ပြီးတော့ ပရက်ရှာတွေ တက်ပြီး အိပ်ရာထဲ လဲသွားပါရောလား။ ရုပ်ရှင်ထဲက အတိုင်းပဲပေါ့ဗျာ။ အဲဒီမှာ အမေလုပ်သူက ဆရာဇော်မိုးအောင်ဆိုတဲ့ ကျုပ်ဆီ ကောင်မလေး ဘယ်နေရာမှာရှိလဲလို့ မေးပါလေရော မဟုတ်လား"

"အောင်မလေး - မှန်လိုက်တာ ဆရာရဲ့ - ဟီး - ဟီး - ဟီး"

ဟု ဆိုပြီး ဝိုယိုကာ သခင်းဖြစ်သူကို အမြန်ဆုံး ထိန်းသိမ်းနိုင်ရန်အတွက် ဘယ်နေရာမှာ ရှိသည်ကို တွက်ချက်ပေးပါရန် အကူအညီတောင်းလေတော့၏။ ကျွန်ုပ်တော့ စိတ်တွင်လည်း ဆရာဦးဇော်မိုးအောင်၏ တားရှေ့ပညာ အယူအဆများကို သိချင်နေမိလေ၏။

"ကဲလာ - ဘုရားကျောင်းဆောင်အောက်သွားရအောင်၊ ကိုလင်းသစ်လည်း လိုက်ခဲ့ဗျာ။ ဒါ - ကျွန်ုပ်စိတ်ထွေကျောင်းအုပ်ကြီးပဲ သူလည်း ဥက္ကဋ္ဌကြီးမှာ ပေဒင် မေးတာတယ်။ ခင်ဗျားက - ဘယ်လဲ"

"အစ်မတာ (ဂေါ့) ကျောင်းဆိုတော့ ဂေါ့ကျာပေါ့ ဆရာ"

"အဲဒီဘက်ရောက်လို့ကြုံရင်လည်း ဝင်ပေးပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ - ထိုင် - ဘယ်ဘက်လက်နဲ့ ရွေးယူနော်"

ဘုရားကျောင်းဆောင်ရှေ့တွင် ချထားသော စားပွဲခုံလေးပေါ်တွင် တားရှေ့ကတ်ပြားကလေးများကို ဖြန့်ခင်းလိုက်လေ၏။ ထို့နောက်အပေါ်ဆုံးမှ ကတ်ပြားကလေးကို ညင်သာစွာ ယူလိုက်ပြီး သူ့သာစွာ မှောက်လိုက်လေတော့၏။ တားရှေ့ကတ်ပြားလေးမှာ နံပါတ် (၁၈) လမင်းစန္ဒာကတ်ပြားလေး ဖြစ်လေသည်။ ထိုကတ်ပြားလေးကို ကြည့်၍ ဆရာဦးဇော်မိုးအောင်သည် လွန်စွာ ဝိုင်းနိုင်သော အသံဖြင့် -

"ဒီမှာ - ဒေါ်ငြိမ်းငြိမ်းရေ ခင်ဗျားသမီးကတော့ မိုးရာ လိုက်သွားပြီ။ နေရာသိရင်တော့ ရှာရတာ လွယ်ကူတာပေါ့"

"ဒါဆို ပုဇွန်တောင်မြို့နယ်ဗျာ"

"ပုဇွန်တောင်မြို့နယ်မှာ သူ့ရဲ့သူငယ်ချင်း လေးငါးယောက်လောက် ရှိတယ်။ ဘယ်တစ်ယောက်ဖြစ်မလဲ။ နာမည်အစအဆုံးလေး သိရအောင် တောင် အရိုန်ပိုရတာပေါ့ ဆရာရယ် - ကူညီပါဦး"

"စန္ဒာနိုင် ဒါမှမဟုတ် စန္ဒာခင်တစ်ခုခု ဖြစ်မယ်ဗျာ။ နောက်ဆုံး စန္ဒာနဲ့ ရမယ်ဗျာ။ အဲဒီမှာ စုံစမ်းကြည့်ပါ"

ဟု ပြောလိုက်လေသည်ကို တွေ့ရလေသည်။



The Moon

ထို ဒိန်းမဂြီး ပြန်သွားပြီးသည့်နောက်တွင် ကျွန်တော်သည် ဆရာ ဦးဇော်မိုးအောင်အား ထိုကတ်ပြားနှင့်ပတ်သက်၍ ယုဆပုံလေးများ ရှင်းပြရန် တောင်းဆိုသောအခါ ဆရာသည် ဂုဏ်းသောက်လေ့သောက်ထရှိသော (Red Rudy) စီးကရက်ကို မီးညှိ၍ ဖွာရှိုက်ပြီး မီးခိုးများကို အုခဲပါသို့ မှုတ်ထုတ်ကာ အောင်မြင်စန့်ညားသော ပင်ကိုယ်အသံဖြင့် –

"ဒီနေ့ – ကိုယ့်အတွက် အစီဉ္စာန်ပြီး တားရော့ချီးထားတော The Magician လို့ခေါ်တဲ့မှော်ဝိဇ္ဇာကတ်ပြားကျတယ်။ ဒါကြောင့် – ဒီနေ့မှာတော့ ကျုပ်ကမှော်ဆရာပဲပေါ့။ ကျုပ်စိတ်ကူးထဲ တွေးတောတွေဟာ ဖြစ်ကိုဖြစ်ရမယ်လို့ယုံကြည်နေတယ်။ အခု လာမေးတဲ့ ရွှေပေါက်ကံ ဒေါ်ငြိမ်းငြိမ်းဟာ လွန်ခဲ့တဲ့ တစ်လလောက်က ကျုပ်ဆီမှာ ဗေဒင် မေးဖူးတယ်။ အဲဒီတုန်းက သူ့ကို စက်ဘီးထွက်မယ်၊ ငွေဝင်ဝွမ်း ကျန်းမာရေး ညှံမယ်၊ သမီးရိုက အိမ်ထွက်မယ်လို့ ကိစ္စသုံးခု ဟောဖူးတယ်။ အဲဒါ ဒီနေ့လာတော့ ကျုပ်စိတ်ထဲမှာ ဒီအဟောသုံးခုကိုပြန်သတိရလာတာနဲ့ ဇာတ်လမ်းဆင်ပြီး ပြောထည့်လိုက်တာ။ ဒီအဟောသုံးခုကိုပြန်သတိရလာတာနဲ့ ဇာတ်လမ်းဆင်ပြီး ပြောထည့်လိုက်တော့ အပေါက်လမ်းတည့်ပြီး ကွက်တိဖြစ်သွားတာပဲ"

"ဒါဆို – မိုးရာ လိုက်သွားပြီး တို့ရောက်နေတဲ့ နေရာတို့ သွားသုငယ်ချင်းနာမည်တို့ကရော ဘယ်လိုဟောလဲ ဆရာ"

"သူ ရှိုးလို့ ကျတဲ့ကတ်ကို ဝေးခြားလည်း မြင်တာပဲလေ"

"ဟုတ်ပါတယ် ဆရာ ကျွန်တော်တော့ The Moon ကဒ်ပြားပဲမြင်တယ်။"

"ဒီလိုဗျ - ဒီကတ်တခုလေးဟာ သွေးထွက်သော လမင်းစန္ဒာ မဟုတ်လား။ ဒီကတ်ပြားဟာ အဓိပ္ပာယ်အမျိုးမျိုးရှိ အမှိုင်တွဲ ကဒ်ပဲ။ ဒီကတ်ကိုပဲ ထပ်ဆို ဆရာတွေက ငိုနေတဲ့လလို့လည်း သမုတ်တယ်။ ဒေါ်ငြိမ်းငြိမ်းဟာ သူ့သမီးကြီး အေးလှိုင်မိုးဆိုတဲ့ကောင်မလေး ဘယ်ရောက်နေလဲ၊ ဘာဖြစ်နေလဲ ဆိုတာ သိချင်လို့ မေးတာ ဒီကတ်ကျတာ မဟုတ်လား။ ဒီကတ်ရဲ့အဓိပ္ပာယ်ရ ဆိုရင် သွေးလည်း ထွက်နေပြီ၊ ငိုလည်း ငိုနေပြီဆိုပြီး မိုးရာလိုက်သွားပြီလို့ ဟောလိုက်တာပဲ၊ အရှယ်ရောက်နေတဲ့ မိန်းကလေးတွေဆိုရင် ဒီကတ်ပြား ကျရင် အပျိုရည် ပျက်တတ်တယ်လို့လည်း ဟောလို့ရတယ်။ ပြီးတော့ သူက ရည်းစားတွေ ဘာတွေရှိတော့ ပိုသေချာသွားတာပေါ့။ ကတ်ထဲမှာ ခွေးတို့ ဝံပုလွေတို့ကင်းမြီးကောက်တို့ပါတယ် မဟုတ်လား။ ဒီတော့ အပေါင်းအသင်းတွေလို့ ယူဆရတာပေါ့ဗျာ"

"နေရာ အတိအကျကို ဘယ်လို ကောက်လဲ ဆရာ"

"ဒီပုံမှာကတော့ လမင်းကို ရန်ရှာတဲ့အကောင်တွေမှာ ကင်းမြီးကောက်လို့ ပြတယ်၊ တချို့ကဲ့ပုံတွေမှာ လယ်ပုစွန်လုံး (ကဏန်းသုံးလုံး) နဲ့ ပြတယ်ပြ ဒီမှာကြည့်လေ"

ဟု ဆိုကာ တခြားတားရော တစ်စုအတွင်းမှ The Moon ကတ်ပြားကို ပင် ထုတ်ပြလေ၏။



The Moon

၁၀

ဆရာဦးဇော်မိုးအောင်သည် သောက်၍ ကုန်ခါနီးဖြစ်နေသော စီးကရက်ကို ပြာခွက်ထဲ ထည့်ချေလိုက်၍ ပြောလက်စ စကားကို ဆက်လေတော့၏။

"ဒီတော့ ပုစွန်လည်းပါ တောင်တွေပုံလည်းပါလို့ ပုစွန်တောင်မြို့မယ်လို့ ပြောလိုက်တာပဲ နာမည်ကတော့ ရှင်းပါတယ်။ လာစနှာကတော်မဟုတ်လား ဒီတော့ စနှာပါ မယ်တော်တာပေါ့ဗျာ"

ထို့နောက် ဆရာဦးဇော်မိုးအောင်သည် The moon ခေါ်တာရော နံပါတ် (၁၈) ကတ်ပြားလေးနှင့် ပတ်သက်၍ မမေ့နိုင်သော ဖြစ်ရပ်ထူးတစ်ခု ရှိခဲ့ကြောင်း ပြောလေ၏။ ထိုအကြောင်းကို ပြန်၍ပြောပြပါရန် ကျွန်တော်က တောင်းဆိုသောအခါ -

---



ဒီအဖြစ်အပျက်ဟာ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်ကပေါ့ဗျာ။ အဲဒီအချိန်တုန်းက ကျုပ်လည်းဒီပညာကိုစတင်ကာကာစဆိုတော့ပညာမာန် ကလေးထလည်း ရှိသမျှ သင့်မသင့်လည်း ချိန်ဆနိုင်တဲ့စွမ်းအားကလည်း နည်းသေးတာကိုး။ ငါ ဟောရင် မှန်ရမယ်၊ ငါ ပြောရင် ဖြစ်ရမယ်ဆိုတာပဲ ကျုပ်ဆီမှာ ရှိတယ်။ ကစားစရာသစ်ကလေး တစ်ခုရထားတဲ့ ကလေးတစ်ယောက်လိုပေါ့ဗျာ။ တစ်နေ့မှာ ကျုပ်ဗေဒင်ဟောနေတဲ့ဆီကို မိန်းကလေးတစ်ယောက် ရောက်လာတယ်။ အင်မတန်လည်း ချောပါတယ်။ ဒါပေမဲ့ ကျုပ်ဆီမှာ ဗေဒင်လာတွက်တာတော့ မဟုတ်ဘူးနော်။ ရှင်းအောင်ပြောရရင် အဲဒီတုန်းက ကျုပ်နေတဲ့နေရာ ထောက်ကြန့်အကပ်မှာ သူများအိမ်မှာ ဧကာ တည်းပြီးတော့ ဗေဒင်ဟောနေတာ။ သူက အိမ်ပိုင်ရှင်ဆီကိုလာတာ တဖြည်းဖြည်း နေမြင့်လာတော့ ဗေဒင်မေးတဲ့ ပရိသတ်တွေလည်း ကုန်သွားပြီ၊ အိမ်ပိုင်ရှင်အစ်မကြီးရယ်၊ သူရယ်၊ ကျုပ်ရယ်ပဲ ကျန်တော့တယ်။ အစ်မကြီးက ဗေဒင်မေးပါလားလို့ ပြောတဲ့အခါ –

"အလကား ဖြီးဖျန်းဟောနေတာတွေ ကျွန်မ စိတ်မဝင်စားဘူး"

လို့ ကျုပ်ကို ခုံပါလေရောဗျာ – အဲဒီအခါမှာ ကျုပ်ကလည်း ဒေါသထောင်းခနဲ ထွက်သွားပြီး –

"ဒါဆိုလည်း လာတွက်ကြည့်ဗျာ – မမှန်ရင် ဉာဏ်ပူဇော်ခ လုံးဝပေးရောမလိုတဲ့အပြင် ကျုပ်ဒီနေ့ဟောလို့ ရသမျှငွေအားလုံး ခင်ဗျားကို ပူဇော်လိုက်မယ်"

လို့ စိန်ခေါ်လိုက်ရောဗျ။ ဒါနဲ့ – ဗေဒင်ဟောဖြစ်ကြရောပေါ့ဗျာ။ သူ့ရိုးလိုကျတဲ့ကတ်ပြားဟာ The Moon ကတ်ပြားဖျမှုတွဲကလေးကိုသေချာကြည့် ဖျူးမျက်နှာသုံးခုနဲ့ ရွှေကလည်းခေါင်းသုံးလုံးနဲ့မဟုတ်လား။ အဲဒီမှာ သူမေးတဲ့ မေးခွန်းက သူက ဘာလုပ်သလဲလို့မေးတာ။ တစ်နည်းအားဖြင့် ပညာစမ်းတာပေါ့။ အခုအချိန် ဆိုရင် တော်တော်စဉ်းစားရမှာပဲ။ ဟိုတုန်းကတော့ မာန်ကလည်းတက် ဒေါသကလည်း ထွက်ဆိုတော့ မျက်နှာများရတဲ့အလုပ်ဟာ သရုပ်ဆောင်အလုပ်ပဲဆိုပြီး ဟောချလိုက်တာ မှန်တာပဲ။ ဒါပေမဲ့ –သူက

ဘာပြောသလဲဆိုတော့ သူ့ကြောင်ပြာတွေ့ရှားလို့သိတာလို့ပြောတယ်။ ဘုရား ပေးပေး။ ကျမ်းပေးပေးပါ ကျွန်တို့ရွာမှာ TV မှမရှိတာ။ ကျွန်ုပ်ကလည်း ဖါသနာ မပါတော့ တကယ်သူ့ကိုမသိဘူး။ အခု – ဘယ်နေရာမှာ နေလည်းထပ်မေး တော့ ကျွန်ုပ်က စောစောက နိမိတ်ကောက်တဲ့အတိုင်း မှုန့်တောင်မှာနေ တယ်လို့ ပြောခဲ့တော့လည်း သူ့လိုမင်းသမီးတစ်ယောက် ဘယ်မှာနေတယ် ဆိုတာ အင်တာဗျူးတွေဖတ်ရင် သိနိုင်တာပဲဆိုပြီး ဝန်မခံချင်ဘူးဗျ။ ဒါနဲ့ – ကျွန်ုပ်လည်း အတွေးတစ်ချက် ရသွားပြီး ဒီအဟောကို ဟောနဲ့ ဆုံးဖြတ် လိုက်တယ်။ ဗိုဒသရာဓအောင် ကျွန်ုပ်ကိုယ်ကျွန်ုပ် တားရှောပြန်ရှိုးကြည့်တော့ ခုံကြယ်ကတတ်ပြားကျတာနဲ့ ခိုခိုဝုံဝုံ ဟောမယ်ဆိုပြီး –

"လက်ရှိမှာတော့ ခင်ဗျားဟာ ဘယ်လိုလည်း မသိဘူး။ လွန်ခဲ့တဲ့ ဆယ့်ရှစ်လအတွင်းမှာတော့ ကိုယ်ဝန်ပျက်ကျဖူးတယ်။"

လို့ဝုန်းဒိုင်းကြီး ဟောချလိုက်ရော အိမ်ရှင်မလည်း မျက်လုံးမျက်ဆန် တွေပြူးကုန်လို့ သူမလည်း ဒေါသထွက်ပြီး မဟုတ်ဘူးပေါ့။ မှားတယ်ပေါ့ ပြောတော့တာပါပဲ။ အဲဒီမှာ ကျွန်ုပ်ဆရာမှာထားတာကို ပြောပြမယ်။ ခင်ဗျား လည်း သေရာမှတ်ထားကိုလင်းသစ်ရေ – ဗေဒင်ဆရာအဖြစ် အောင်မြင်ချင် ရင် အလျှော့မပေးရဘူး။ ကိုယ်ဟောတာ မှားနေရင်တောင် –

"ဟုတ်ကဲ့ – ကျွန်တော်ပြောတာ မှားသွားပါတယ်။ ဟဲ – ဟဲ" လို့သာယ် တော့မှ မပြောရဘူး။ ဖွတ်တစ်ရတယ် အဲဒီတော့ကျွန်ုပ်လည်း –

"ခင်ဗျားက ဒီအဟော မဟုတ်ဘူး ပြောတယ်။ ကျွန်ုပ်က ဒီအတိုင်းပဲ ဟောမယ်။ ဒီတော့ သစ္စာရေ သောက်ကြမယ်။ ခင်ဗျား သောက်ရဲတယ်ဆို ရင် ကျွန်ုပ် သိပ်မြတ်နိုးတဲ့ ဒီတားရှောအထုပ်ကို အခုတစ်ခါတည်း လွှတ်ပစ် လိုက်မယ်။ တစ်သက်လုံးလည်း ဗေဒင်ဟော မစားတော့ဘူး။ ကိုယ်စရိတ် ကိုယ်စားပြီး သုံးနှစ်သုံးမိုး ခင်ဗျားဆီမှာ ကျွန်ခံလိုက်ဦးမယ်"

ဆိုပြီး ပုဂံတော်က ကျိန်စာတွေ ရွတ်တော့တာပဲဗျို့။ အခုတော့ – အဲဒါ တွေလည်း မရတော့ပါဘူးဗျာ။ ဒီမင်းသမီးလည်း အဲဒီမှာ ငိုင်ကျသွားတာပဲ။

ပြီးတော့ မျက်ရည်တွေ ကျလာပြီး ကျွန်တော့်ကို ထိုင်ကန်တော့တယ်။ ကျွန် သိ လိုက်ပြီ။ ကျွန် ဟောတာ မှန်သွားပြီ၊ ဘာဖြစ်လို့ ကျွန် ဒီလို ဟောရသလဲဆို တော့ ဒီကဒ်ပြားဟာ အမျိုးသမီးဟာ အမျိုးသမီးနဲ့ ထိုင်တယ်။ ဒေသွးကျတယ် ဆိုတဲ့အတွက် ပုံမှန်အတိုင်းဆိုရင် ရာသီပန်းပွင့်တယ်၊ အမျိုးသမီးရောဂါဖြစ် တယ်လို့ ဟောလို့ရပေမယ့် သူကတော့ ကိုယ့်ကို ပညာစမ်းတာ ဖြစ်နေတဲ့ အတွက်ကြောင့် ပုံမှန်မဟုတ်တော့ဘူး။ ဒီတော့ ပုံမှန်မဟုတ်ပဲ အမျိုးသမီး သွေးထွက်ကျတဲ့ဟာ အဓေဘာရှင်း(ကိုယ်ဝန်ပျက်ကျခြင်း) ပဲ ဖြစ်ရမယ် ဆို ပြီး ဟောလိုက်တာပါပဲ၊ ဟုတ်တယ်ဗျ – နာမည်ကြီးမင်းသားတစ်ယောက်နဲ့ ပတ်သက်ခဲ့ဖူးတယ်၊ နောက်တော့ – ဗေလုဘားပေါ်က ချော်ကျပြီး ပျက်ကျ သွားတယ်ဆိုတာပဲဗျ ဟုတ်တယ်ဗျ ဟုတ်မဟုတ်တော့ သူ့ အပြောပေါ့လေ။ အဲဒီလောကဆိုတာ ရှုပ်သားဗျ – အခုတော့ ခင်ဗျားလည်း သိမှာပါ၊ သူက အနု ပညာလောကမှာ အခေါင့်ကိုအောင်မြင်ပြီးသွားပြီလေ။

ဟု ဆိုပြီး မင်းသမီးတစ်ဦး၏ အမည်ကို ပြောပြလေသည်၊ ဤကဲ့သို့ ပြောပြချင်သည်လည်း ဗေဒင်ဆရာတစ်ယောက်အနေဖြင့် မစောင့်စည်းခြင်း မဟုတ်ပဲ ပညာသင်သူတပည့်ဟာ ပညာရပ်အကြောင်း ရှင်းပြခြင်းပင်ဖြစ်၍ သူတစ်ပါး၏ နာမည်ဂုဏ်သိက္ခာ မထိခိုက်စေရန် ထိန်းသိမ်းရဲ့အတွက်ပါ သင်ကြားလိုက်လေသည်၊ ထိုအခါ ကျွန်တော် မောင်လင်းသစ်သည် ဆရာ ဦးဇော်မိုးအောင်အား –

"ဒါဆို – ဆရာ့အဖြစ်ဟာ နာမည်ကျော် ဂျပန်ဇာတ်ကားတစ်ကား ဖြစ်တဲ့(ရွှေမင်းသမီးနဲ့ဗေဒင်ပုံဆရာ) ဇာတ်ကားလိုပဲ The Princess and Tarot Master သီချင်းစတ်အခင် တားရော့မာဝတာလို့ ခေါ်ရမလို ဖြစ်နေပြီ"

"ဟုတ်တယ် – ကိုလင်းသစ်ရေ၊ ခင်ဗျားပြောတဲ့အတိုင်းပဲ ရွှေမင်း သမီးနဲ့ တားရော့ဆရာလို့ပဲ မှတ်ရမှာပေါ့ဗျာ"

=◈=

– ကျွန်တော်မောင်လင်းသစ်သည်ဤလမ်းစနှာကဒ်ပြားကိုရေးသော အခါတွင် ကျန်းမာရေးညံ့ခြင်း၊ အမျိုးသားမေးက ဗိုက်ရန်ဒေါသဖြစ်ခြင်းဖြစ်၍ သွေးတွက်သံလိုဖြစ်ရခြင်း၊ အမျိုးသမီးဖြစ်ကာ မီးယပ်စသည့်အမျိုးသမီးရောဂါ များဖြစ်ခြင်း စသည်တို့ကို ဟောသည်။ အခြားအထွေထွေ ဟောကိန်းများကို ပုံ၏ နိမိတ်အတိုင်းကောက်ယူ၍ ဟောပါသည်။ ကျွန်တော့်၏ နိမိတ်ကောက် ယူပုံများကို တားရောကို လိုက်စားလိုဝါသနာပါသူများအတွက် လက်ဆောင် ကမ်းချင်ပါသည်။ ဥပမာအားဖြင့် ဆိုရသော် ခွေးများဝိုင်းဟောင်နေခြင်း၊ ကြောင့် ပတ်ဝန်းကျင်၏ပြစ်တင်ပြောဆိုမှုကို ခံရခြင်း။ တောင်ကြားမှလမ်းကို ကျော်၍ စိတ်ညစ်ဖွယ် ဝေးသွားရခြင်း။ ငိုနေသောပုံဖြစ်၍ နာရေးကြုံတတ်ခြင်း။ ကင်းမြီးကောက်ပုံကို ကြည့်၍ အနီးတစ် ရန်သူပေါ်တတ်ခြင်း စသည်တို့ကို ဟောပါသည်။ ယကြားအနေဖြင့် ဤကဒ်ကို ကျပါသော် ခွေးစသော သတ္တဝါ များသည်လကိုစားသောက်ချင်နေသည့်အတွက်လမုန့်ခွေးကျွေးခြင်းကိုသော လုပ်နိုင်းပါသည်။ ကျွန်တော် ဆရာဦးဇော်မိုးအောင်ထံမှ ပြန်လာပြီး တစ်လ ခန့်အကြာတွင် ဆရာ့ထံသို့ မင်္ဂလာဆောင်ဖိတ်စာ တစ်စုရောက်ရှိလာလေ တော့၏။ အနီးဖိတ်တကား ဒေါ်ငြိမ်းငြိမ်း၏ သမီးဖြစ်သူ အေးလှိုင်မိုးဆိုသော ကောင်မလေး၏ မင်္ဂလာဆောင် ဖိတ်စာဖြစ်သည်ကိုတော့ အထူးတလည် ရှင်းပြစရာ လိုမည် မထင်တော့ပေ။

ကျွန်တော်မောင်လင်းသစ်၏ တားရောနှင့် ပတ်သက်၍ဖြတ်သန်း လာရာ လမ်းတစ်လျှောက်တွင် ဆုံကြုံထူးခြားဖွယ်ကောင်းလောက်အောင် မှန်ကန်ခဲ့သော ဟောကွက်များ၊ လွဲချော်ခဲ့သော အဖြစ်အပျက်များ မေ့မရ နိုင်အောင် နှလုံးသားထဲတွင် စွဲဝင်နေသော တားရော့ကဒ်ပြားလေးများ အကြောင်းကို ဆက်လက်၍ အိတ်ခွန်ဖာမှောက် ပြောပြချင်ပါသေးသည်။

●

→ မောင်လင်းသစ်

# မျောက်ခေါင်းရေထွက်
# ခံတက်ကောက်စိုး





ကျော်စွာလင်း

# မျောက်ခေါင်းရေထွက် ခံတက်ဓောက်ထိုး

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့မှ မိတ်ဆွေတစ်ဦး ရောက်လာသည်။ သူသည် ရှမ်းတိုင်းရင်းသား။ ရှမ်းတိုင်းသား စိုင်းနောင်နောင်ကား လယ် မလုပ်၊ ယာ မလုပ် ငယ်စဉ်မှပင် သူ၏ အသက်မွေးဝမ်းကျောင်းမိသားစုအတွက် အိမ်ထောင်ဦးစီးဖိုး သစ်လုပ်ငန်းဖြင့် အသက်မွေးကြီးပြင်းလာခဲ့သူ ဖြစ်၏။ သူ့ဝင်ငွေကား သစ်စက်၊ ခွဲစက်ဖြင့် ရပ်တည်နေသူပင် ဖြစ်သည်။

စိုင်းနောင်နောင်သည် နောင်ချိုတစ်ခွင် တောတောင်လျှိုမြောင် မရောက်ဘူးသည်မရှိ။ သစ်လုပ်ခွင့်ရသော တောနက်နတ် တောင်မြင့်မြင့် လျှိုမတ်စောက်စောက် အားလုံးရောက်၏။ ခွင့်ပြုချက်ရသောသစ်များ ခုတ်လှဲ၏။ (ကျွန်းမပါ) ပြင်ဦးလွင်ရှိ အသစ်ထပ်မံ တိုးချဲ့သည့် တပ်သစ်များ၊ စက်ရုံများအတွက်လည်း ခွဲသားတွေ ပို့ရ၏။ နောင်ချိုမြို့ပေါ် ပတ်ဝန်းကျင်ရှိ အသစ်ဆောက်လုပ်နေသောရုံး၊ စက်ရုံများအတွက်လည်း ခွဲသားတွေ ပို့ရ၏။ နောင်ချိုမြို့ပေါ်၊ ပတ်ဝန်းကျင်ရှိ အသစ်ဆောက်လုပ်နေသော ရုံး၊ စက်ရုံ၊ ကျောင်းတွေလည်း ပို့ရ၏။ သို့အတွက် သူလုပ်ပိုင်ခွင့်ရသော သစ်ကွက်များသို့ ကိုယ်တိုင် သွားရောက်ကြပ်မတ်လုပ်ကိုင်သည့်အတွက် တောထဲ၊ မြို့ပေါ်၊

မြို့အဝင်ရှိ ကျေးရွာများသို့လည်း ရောက်၏။ ညအိပ်၏။ သို့အတွက် မသိသူ ခင်ရှားရှား ခင်မှတ်သူ ခင်များများ လူမှုရေးသိတတ်သော ဦးစိုင်းနော်ခ်နောင် ပင် အသက်မှာတော့ လေးဆယ့်ခြောက်နှစ်ခန့်ပင် ရှိသေးသည်။

"ဆရာကြီးရဲ့ဂန္ထဝင္ထုတွေ ဖတ်ရတာပါ၊ အံ့တာပနော"

"ကျေးဇူးပဲ – ကိုစိုင်းနောင်နောင်"

"ဆရာကြီးကို ကျွန်တော် ထူးဆန်းတာ ပြောပြချင်တာပါ။ ထူးတာ လည်း ထူးတာပါ၊ ဆန်းတာလည်း ဆန်းတာပါ၊ အဖြစ်ကလည်း တကယ့် အဖြစ်ပနော့၊ အဲဒါ – ဆရာကြီးသာ ဝတ္ထုရေးရင် ဖတ်ကောင်းမှာပ"

"ဟုတ်လား – ပြောပြလေ၊ ကျွန်တော်လည်း ထူးတာ ဆန်းတာ လက် တွေ့ဖြစ်ပျက်မှုတွေကို ပိုနှစ်သက်တယ်၊ စာဖတ်သူတွေအတွက် ဖြစ်ရပ်မှန် တွေ များများသိစေချင်တယ်လေ၊ တကယ့်အဖြစ်အပျက်ဆိုတာ ဇနိတီးမှုတွေ ထက်သာတာ အများကြီး – ကိုစိုင်းနော်ခ်နောင်ရဲ့"

"ဒါဆို – ပြောရတာပနော့၊ ကျွန်တော် ကိုယ်တွေ့ – နောက် ဒီဖြစ်ပျက် ခဲ့တဲ့ ကျေးရွာအမည်က နားခါးရွာပါ၊ ရှမ်းကြီးတွေ နေတာပနော့"

=◈=

နားခါးရွာသူရွာသားများမှာကား လယ်လုပ်ကြသည်။ တောင်ယာနှင့် အတူ လက်ဖက်ခင်းတွေလည်း စိုက်ပျိုးကြသော ရိုးသားတည်ကြည် တောင်သူတောင်သား ရှမ်းတိုင်းရင်းသားကြီးများ၏ အိမ်ခြေ(၂၃)လုံး ကျော်ခန့် ရွာကြီးတစ်ရွာ၊ ထိုရွာသည် နောင်ချိုမြို့နယ် ဆိတ်ဖူးရွာလမ်းကြော အုန်းမခါးလမ်းခွဲခေါ်သော လားရှိုး၊ မန္တလေးကားလမ်းအတိုင်း အုန်းမခါး လမ်းခွဲမှ သွားရလေသည်။

ပထမ နားခါးရွာသည် အနိန့်ပိုင်းတွင် ရှိ၏။ ထိုရွာမှာ အနေကြာ၍ ဒေသ အခေါ် ရွာပြင်ကြီး၊ (ရွာသန့်ရှင်းခြင်း)အား ရှမ်းဆရာ "ဗိုးဆရာ" ဆိုသည့် ဆရာခြင့် မေးမြန်းစုံစမ်းကြရသည်၊ သူတို့ဒေသရွာတိုင်းလိုလို ဗိုးဆရာ ရှိ၏။ ဗိုးဆရာဆိုသည်မှာ နတ်ဆရာသဘောပင်၊ သို့သော် ထိုဗိုးဆရာမှ ရှမ်းဘာ

သာဖြင့် ဆက်တိုက် သေဆုံး၍ ရွာပြင်ခြင်းအပြင် ရွာသစ်တည်ရန် ဖြစ်၏။ ထိုနိုးတောင်ကုန်းပေါ်တွင် ရွာသစ်တည်ရန် ရွာလူကြီးများဖြင့်ပင် တိုင်ပင် ညှိနှိုင်းကာ နတ်ဆရာသဘော တဖတ်ပြီးနောက် ထိုတောင်ကုန်းပေါ်သို့ ရွာတည်ရန်အတွက် ဓံတက်ပင်အား ဖောက်ထိုးပထမစိုက်ရသည်။ ဓံတက်ပင် ရှင်မှ ရွာပြောင်းရန် ဖြစ်သည်။ ဒိုးဆရာ၏ အဓိဋ္ဌာန်အတိုင်း ထိုတောင်ကုန်း တွင် သွားစိုက်၏။

တစ်လခန့်အကြာတွင် ထိုဖောက်ထိုးစိုက်ထားသော ဓံတက်ပင်မှာ အညွန့်တလေးများ ထွက်လာပြီး အပင်ရှင်သန်လာသဖြင့် ထိုအပင်ခေါ်း တွင် နတ်ကွန်းသခေဘ် နတ်ကြီးစင် တောင်ဆောက်ခဲ့ပြီး ရွာသားများအား လုံး အောက်တွင်ရှိ နားခါးရွာမှ တောင်ပေါ်ရှိ နားခါးရွာသစ်သို့ အားလုံး ပြောင်းကြလေသည်။

ထိုသို့ပြောင်းစဉ် ဒိုးဆရာမှ တဖတ်ရင်း ဆုတောင်း၏။ တော့ရွာသစ် တိုးတက်ပါစေ၊ စည်ပင်သာယာပါစေ၊ အသေအပျောက်လည်း နည်းကြပါ စေဟု ဆုတောင်းမေတ္တာပို့သပြီး ခေသအခေါ် ရွာပြင်(ရွာသန့်ရှင်း)ခြင်းအမှု၊ အိမ်ကြီးအိမ်ကောင်းတွေ တည်ဆောက်ကာ နေထိုင်ကြ၏။ ပထမ နားခါး ရွာလေး ပျောက်ပြီး ရွာသစ် နားခါးရွာတွင် စည်ကားလျက် အေးအေးဆေးဆေး မိုးလော လုပ်ကိုင်စားသောက်နေစဉ် တစ်နှစ်ခန့်ပင် မကြာလိုက်ပါ။

"ရော် - အစိုင်းဆုံးတာပ"

"ဘာဖြစ်တာပဓအေး"

"ဘာမှမဖြစ်ပဲ သေတာပ - အုံတာပ"

ရွာမှ လူငယ်အသက်(၁၈)နှစ်ခန့် ယောက်ျားလေးအစိုင်း ဆုံးလေပြီ။ ဘာရောဂါမှ မဖြစ်သည့်အပြင် အကောင်းပကတိမှ ခေါင်းမူးသလိုဖြစ်ကာ ဆုံးသွားလေသည်။

အစိုင်းအသုဘအား နောက်နေ့တွင် ရှေးယခင်ရိုးရာအတိုင်း အသုဘ ချလိုက်သည်။ အသုဘချစဉ် ရှမ်းတိုးစံအတိုင်း လေ့ခါးသုံးထစ်ပါ ထည့်သွင်း ခဲ့လေသည်။ သချိုင်းရောက်တော့ အစိုင်း၏ညီဝယ် ရှစ်နှစ်ကျော် ကိုးနှစ်သား

မှ ထိုလေ့ခါးအား ပြန်ယူခဲ့သည့်အတွက် လူကြီးတွေမှ ပြန်ပို့ခိုင်းလိုက်သည်။

ထိုသို့ အစိုင်းအသုဘချပြီး နောက်တစ်နေ့မှာပင် လူငယ်တစ်ဦး ကောက်ကာ ငင်ကာ ဆုံးပြန်၏။ ထိုသေဆုံးသူအား သင်္ချိုင်းသို့ပို့ပြီးအပြန် ရွာထဲသို့ လူတွေပြန်အရောက်မှာပင် နောက်ထပ် အသက်(၁၇)နှစ်ခန့် မိန်းကလေး ဆုံးပြန်သည်။ ဤသို့ အသုဘချအပြီး နောက်တစ်ယောက် ဆုံးပြန်လေသည်။ အားလုံးပေါင်း အသက်(၁၇)၊ (၁၈)၊ (၂၀)ခန့် လူငယ်ရွယ် (၁၇)ယောက်ခန့် ဆုံး၏။ ရက်တွက်ကြည့်တော့ ရက်ပေါင်း တစ်ပါတ်(၇) ရက်အတွင်း လူငယ်ယောက်ျားလေး၊ မိန်းကလေး(၁၇)ယောက် ဆုံးပါးခဲ့သည့်အတွက် ရွာနေအိမ်ခြေမှ ရွာသူရွာသားတွေ မနေရဲကြတော့သည့်အပြင် ကြောက်လန့်မှု၊ ကြောက်ရွံ့မှုတွေဖြင့် ရွာကို ပစ်ခွာထွက်ပြေးကြလေတော့သည်။

=◈=

ရွာသူရွာသားများ ထွက်ပြေးသည့်ခုနှစ်မှာ မကြာသေးပါ။ ၁၉၉၉ - ခုနှစ်ကဖြစ်ကြောင်း။ ပြောင်းပြေးသည့် ကျေးရွာများမှာကား မန်တိုက်ရွာ၊ ပြိန်းလုံရွာ၊ မန်လယ်ရွာ၊ ဆိတ်ဖူးရွာ စသည့်ဆွေမျိုးမိတ်သင်္ဂဟတွေရှိရာသို့ ထွက်ပြေးကြရလေတော့သည်။

ထိုနားခါးရွာသစ်ကား ယနေ့တိုင် ရွာပျက်၊ အိမ်ပျက်အတိုင်း ရှိနေဆဲပင်။ နားခါးရွာပတ်ဝန်းကျင်ရှိ လယ်များ၊ ယာများ၊ လက်ဖက်ခင်းများ ပထမ မလုပ်ရဲကြသော်လည်း နောက်ပိုင်းမှာ လယ်ပြန်လုပ်ကြ၊ ယာတွေ လုပ်ကြပါသော်လည်း နားခါးရွာသို့ တစ်ဦးတစ်ယောက်မျှ ဝင်ထွက်သွားလာခြင်း မရှိကြ။

"မင်း - အဲဒီနားခါးရွာဟောင်းမှာ ကျွန်တော့်အလုပ်သမားတွေ သစ်ခွဲကြတာပနော့။ ညဘက်အခါ တစ်ခါတစ်ခါမှာ အဲဒီရွာထဲက လူငယ်တွေရဲ့ရယ်မောသံတွေ၊ ရှမ်းအိုးစည်တီးသံတွေ ကြားရလို့ ပိုပြီးမသွားရဲဖြစ်တာပ"

"ကျွန်တော်နဲ့ အလုပ်သမားတွေ ရွာထဲဝင်ပြီး စီးကတ်ရှက်တွေ ရှူးရှက် စားကြတာပါ။ ဘာမှတော့ မဖြစ်ပါနော့"

"ရွာသားတွေဟာ ဗုဒ္ဓဘာသာတွေပါ။ ဒါပေမဲ့ – သူတို့ရွာတွေမှာ ဘုန်းကြီး ကျောင်းတွေတော့ မရှိ။ ဘုန်းကြီးကျောင်းက ဆိတ်ဖူးရွာကြီးမှာပဲ ရှိတာပါ။ လူသေတော့လည်း သပိတ်သွတ်တာမျိုး မရှိပါ။ ရွာက ဇိုးဆရာဆိုတဲ့ နတ် ဆရာပနော့ – စာဖတ်ဆရာတဖတ်ရင် ပြီးတာပါ"

"အဲဒါကို အဲဒီနားပါးကျေးရွာဟာ ရွာပျက်ဖြစ်နေပြီပေါ့"

"ဖြစ်တာပေ – လူမနေတာ အင်း(၁၄)နှစ်ဝန်းပါ။ ယနေ့တိုင် အိမ်တွေ ပျက် ပေမယ့် တိုင်တွေက အလုံးကြီးတွေနဲ့ အခိုင်အမာ ဆောက်ထားတာပါ။ အိမ် ပုံပျက်ပေမယ့် ရွာပျက်ဆိုတာ အားလုံးမြင်တာနဲ့ သိတာပါ"

---



ကျွန်တော်တို့ ငါးတွေကို ဆန်စေ့တွေ ပေါက်ပေါက်တွေနဲ့
ဓာကလေးဆွေတွေ ကျွေးရင် အားလုံးစားတာပဲ။
ဆန်တစ်ဘူးလောက် ချကျွေးရင် အလွန်ဆုံး
နှစ်မိနစ်လောက်ဆို ကုန်တာပဲ။ ပေါက်ပေါက်နဲ့
ဓာကလေးဆွေဆို ပိုစားကြတာပနော့။

"မင်း – တော်တော်ထူးဆန်းတာပဲနော်၊ စံတက်ပင် ဖောက်ထိုးစိုက်တယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်လည်း မသိဘူးနော်"

"မသိပ – ရွာက ဖိုးဆရာဆိုတဲ့ တာဖတ်ဆရာပဲ – သိမှာပ၊ နားခါးရွာမှာ စံတက်ပင်ဟာ ခုဆို တော်တော်ကြီးနေတာပ၊ ယောက်ျားလက်နဲ့တွာရင် လေးတွာခန့်အထိ အပင်လုံးရှိနေတာပဒေး"

"တကယ် – မြစ်ရပ်မှန်တွေဟာ အံ့ဩစရာပဲနော်၊ ဇာတ်တာကချာ – ရွာတွေမှာ ဘုန်းကြီးကျောင်းတော့ ရှိသင့်တာဗျ၊ သာရေးထက် ခုလို နာရေးထိစွတွေမှာ ဗုဒ္ဓဘာသာ အယူဝါဒအတိုင်းဆိုရင် သေဆုံးသူ ကျွတ်လွတ်အောင် သပိတ်သွတ်တာတို့၊ သရဏဂုံတင်တာတွေ လုပ်သင့်တာပေါ့ဗျာ"

"ဟုတ်တာပနော်၊ အင်း – တစ်ဆက်တည်း ထူးဆန်းတာလေးတစ်ခု ဆက်ပြောချင်တယ်"

"ဗျာ – ပြောဗျာ၊ စိတ်ဝင်စားစရာတွေပဲ၊ ဝတ္ထုကောင်းကောင်းလည်း ဖြစ်ပြီဗျ"

ကိုစိုင်းနောင်နောင် ဝတ္ထုစကားပြောရပ်ရင်း ရေနွေးကြမ်းတစ်ခွက် သောက်၏၊ နောက်ထပ်တစ်ခွက် ငှဲပြီးသည်နှင့် သူ၏နှုတ်ခမ်းမွှေးနစ်သွယ်အား ပွတ်သပ်ပြီးမှ အေးအေးဆေးဆေး ထပ်မံပြောလာပါသည်၊

"ကျွန်တော်ပြောခဲ့တဲ့ ခုန်းပခါးလမ်းခွဲ၊ လားရှိုး၊ မန္တလေးလမ်းမကနေ ဆင်းလိုက်တာနဲ့ ကုန်းမို့ဆိုတဲ့ရွာပနော့"

ကုန်းမို့ရွာပြီးလျှင် နောင်တွမ်ရွာ၊ နားခေါက်ရွာအဝင် မရောက်တရောက်တွင် မျောက်ခေါင်းရေတွက်ဆိုသည့် နွေမိုးဆောင်း ရာသီမရွေး ရေထွက်နေသော ချောင်းနဲ့ အိုင်တစ်အိုင် ရှိလေသည်၊

ထိုမျောက်ခေါင်းရေတွက်အိုင်သည် ရေအနက် တစ်တွာခန့်သာ ရှိ၏၊ တစ်ဖန် ထိုရေအနက်နှင့် ဆက်နေသော ကလိုင်တွင်းအား တွေ့မြင်ရသည်မှာ မကျယ်ပါ၊ သို့သော် သေးငယ်သည်ဟု ထင်ရသော ရေအိုင်ကလိုင်ထဲတွင် အလွန်ကြီးမားသော ကျောက်ငါးကြင်းကြီးတစ်ကောင် ရှိလေသည်၊ ငါးကြီး၏မျက်လုံးမှာ တစ်လုံးတစ်လုံး လက်သီးဆုပ်မက ရှိသည့်အပြင် ထိုငါးကြင်းကြီး၏လုံးပတ်မှာ လူတစ်ယောက်ဖက်စာမက ကြီးထွားပြီး ထိုငါး

ကြင်းကြီးသည် နေ့စဉ် ညစဉ် မတွေ့ရ၊ လပြည့်လကွယ်ရောက်မှ တွေ့ရ သလို ဖမ်းဆီး သုတ်ဖြတ်၍လည်း မရသောငါးကြီး ဖြစ်လေသည်။

=◈=

မျောက်ခေါင်းရေတွက် ရေတစ်ထွာခန့်အိုင်အတွင်း ငါးကြင်းအကောင် ပေါက်တွေ အများကြီး၊ တစ်ကောင်နှင့်တစ်ကောင် ငါးရှဉ့်များပမာ လုံးထွေး နေကြ၏။ ထိုငါးကြီးများတို့ကား ဖမ်း၍မရ၊ မျှား၍မရ၊ တရှိုးသေနတ်များဖြင့် ပစ်ခတ်ခြင်း၊ မိုင်းခွဲခြင်း ပြုလုပ်ပါကလည်း ကျည်ဆန်မထွက်၊ မိုင်းမကွဲဘဲ ပြုလုပ်သူသာလျှင် တစ်စုံတစ်ရာဖြစ်၍ ရုတ်ချင်းသေဆုံးရကြောင်း သိရ သည်။

“ဒါဆို – ဒီငါးတွေ စားလို့မရဘူးပေါ့။ ဖမ်းလို့မရဘူးလား”

“ရှော် – စားလို့ရတာပ၊ အန္တရာယ် မဖြစ်ပနော့၊ ဖမ်းလို့လည်း ရတာပ”

“ဗျာ”

“ဒီလိုပ – ဒေး – အဲ့ဒီမျောက်ခေါင်းရေတွက်ပေါက်ထဲမှာ အများကြီးပ၊ နေစရာမရှိအောင် များတာပ၊ ကျွန်တော်တို့ ငါးတွေကို ဆန်စေ့တွေ၊ ပေါက် ပေါက်တွေနဲ့ တကာလေးခွေတွေ ကျွေးရင် အားလုံးစားတာပ၊ ဆန်တစ်ဘူး လောက် ချကျွေးရင်အလွန်ဆုံး နှစ်မိနစ်လောက်ဆိုကုန်တာပ၊ ပေါက်ပေါက် နဲ့ တကာလေးခွေဆိုပိုစားကြတာပနော့”

“ငါးတွေ စားလို့ရတယ်ဆိုတာ ဘယ်လိုစားလို့ ဖမ်းလို့ရတာလဲ – စိုင်း နောင်နောင်”

“ဟုတ်တာပ – အဲ့ဒီမျောက်ခေါင်းရေတွက်ပေါက်အိုင်ထဲကနေ ထွက် ကျဆင်းလာတဲ့ချောင်းကြောင်း၊ ပါလာတဲ့ ငါးကြင်းတွေတော့ ဖမ်းယူစားသုံး လို့ ရတာပနော့၊ မျောက်ခေါင်းရေတွက်ပေါက်အိုင်ထဲကသာ ဖမ်းယူမရ၊ အသက်အန္တရာယ်ကြီးတာပ၊ အင်း – ထူးဆန်းတာပနော့၊ အိုင်က သေးသေး လေးပ၊ ငါးတွေကများ၊ တစ်ခါ ကျောက်ငါးကြင်းကြီးကြီးဟာ လပြည့်နေ့မှာ လရောင်နဲ့မြင်ရသလို လကွယ်ညမှာ လက်နှိပ်မီးနဲ့ ထိုးကြည့်လည်း ရတာပ၊

ကောင်းကောင်းတွေ့ရတာပ။ ကြီးမှကြီးပ။ အထဲမှာတော့ သူတစ်ကောင်တည်း တွေ့ရတာပ။ ကျန်တဲ့ငါးကြင်းတွေက ရေထွက်ပေါက်အပေါ်မှာပဲ ကူးလူးနေတာပ။ အေး - ဒိုင်ကလေးငါးပေ၊ ငါးကလေး ငါးထောင်မက အုံတာပနော့။ လက်တွေ့ရှိနေတာပ။ ယနေ့တိုင် ရှိနေသလို နောင် ဘယ်လောက်အထိ ရှိမယ်ဆိုတာ မသိပ"

"အဲဒီမျောက်ခေါင်းရေထွက်ဒိုင်ထဲက ငါးတွေ ပစ်မရ ဖုံးခွဲမရဆိုတော့ ကျည်ဆန်မထွက်လို့လား"

"ထွက် - အဲဒီကျည်ဆန်ဟာ ကျည်အ ပေါ့တဲ့၊ မိုးပေါ်ထောင်ပစ်ရင် ရတာပနော့။ အယ် - ရေဒိုင်ထဲ ပစ်လို့ ကျည်ဆန်ပေါက်ပြီး အသံမြည်လှည်း ငါးတစ်ကောင်မှ မသေပ။ ပစ်တဲ့လူတော့ အသေဆိုးနဲ့ သေတာပ။ ဥပမာ လမ်းလျှောက်ရင်း အသံနက်ကြီးနဲ့ ထအော်ပြီး လဲကျသေဆုံးတာမျိုး၊ ဒါမှမဟုတ် ကြောက်ပါပြီဗျလို့ အော်ပြီး လဲကျသေဆုံးတာပ။ ကြောက်ကြတာပနော့။ ဒါဟာ နတ်ရေထွက်ပေါက်ပနော့။ အစားကြူးတဲ့သူတွေ လမ်းမှား၊ လမ်းမပျောက်၊ လမ်းမှာ အန္တရာယ်တင်းတဲ့ လက်တွေ့၊ နေဝင်မိုးချုပ် ရွာမရောက်လို့ တောစပ်လမ်းဘေးအိပ်လည်း လုံးဝအန္တရာယ်မရှိ၊ သားရဲတစ်ကောင် တစ်ပြီးမှ မလာပဘော"

ကျွန်တော် တွေးလိုက်မိသည်။ ဤမျောက်ခေါင်းရေထွက်ပေါက်ရှိသော အုန်းပေါ်လမ်းခွဲ ဆိတ်ဖူးရွာသွားလမ်း နားတော်ရွာအတွင်း မျောက်ခေါင်းရေအိုင်နဲ့ ရေထွက်ပေါက်သည်။ နွေ၊ မိုး၊ ဆောင်း ရေမခန်းသလို မိုးကာလမှာလည်း ရေများ သည့်ထက်များမလာကြောင်းနှင့် တောတော ပြောခဲ့သော ဆိတ်ဖူးအုပ်စု နားခါးကျေးရွာ (ယခုရွာပျက်) တို့၏ ထုံးဆန်းအံ့ဩဖွယ်ဖြစ်ရပ်တွေကား တစ်ဆက် တစ်စပ်တည်းပင်၊ ထိုသို့ထူးခြားသော သူတို့အပြော နတ်ကြီးသောနေရာဒေသတွေကား ယနေ့တိုင် ရှိနေဆဲ၊ ထူးဆန်းစွာ ဖြစ်ပေါ်နေဆဲပါကလားဟု တွေးရင်း သက်ပြင်းတစ်ချက် ချလိုက်မိပါတော့သည်။

→ ကျော်ရွာလင်း



# ဘာမဟုတ်တဲ့ည

မောင်သာမန် (ဇီးကုန်း)



# ဘာမှဟုတ်တဲ့ ညီ

မောင်သာမန်
(ဇီးကုန်း)

လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်အချိန်ကာလတစ်ခု၌ မယုံကြည်နိုင်စရာ ဖြစ်ရပ်ဆန်းတစ်ခုကို ကျွန်ုပ် ဒိဋ္ဌမှ ကြုံတွေ့ရခဲ့ဖူးပါ၏။ ထိုစဉ်ကာလက ကျွန်ုပ်သည် ပြည်သူ့ရဲတပ်ဖွဲ့ဝင် လက်နက်ကိုင်ရဲဘော်တစ်ဦးဖြစ်ခဲ့၏။ ကြုံတွေ့ခဲ့သော ဖြစ်ရပ်သည် ကျွန်ုပ်၏ စိတ်ထဲတွင် ယခုတိုင် အိပ်မက်သဖွယ် မှတ်ယူနေမိသည်။ ဖြစ်စဉ်ကား-

“အဖြစ်ကြေးကို ရွှေနဲ့ဆပ်မည်” ဟူသော ဆောင်ပုဒ်သည် ဆောင်ကျအကျဉ်းသားများအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဟု ဆိုရပေမည်။ နိုင်ငံတော် ဖွံ့ဖြိုးရေးလမ်းစဉ်များတွင် အကျဉ်းသားများအနေဖြင့် ခွန်အားကို အရင်းပြု၍ လုပ်အားပေးခြင်းဖြင့် ဖြစ်ဒဏ်များ လျှော့ပေါ့ပေးသကဲ့သို့ နှိုးသားကြိုးစားသော အကျဉ်းသားများကိုလည်း ဇာတိရပ်ထံသို့ တရားဝင်ခွင့်ဖြင့် ပြန်ခွင့်ရလေ့ရှိ၏။

သို့စေကာမူ မိုက်လုံးကြီး၍ အသိမေခါက်ဖော်ာ် အဝင်နက်သည့် တောင်ကျအကျဉ်းသားအချို့မှာမူ ခိုဘက်လုပ်အားပေးစခန်းမှ ပြောမဲ့စွာထွက်ပြေးလွတ်မြောက်လေ့ရှိကြ၏။ ထိုသို့ ထွက်ပြေးလွတ်မြောက်သွားသော ခိုဘက်ပြေးများသည် ဒေသမတွေ့။ နေမထူးသကို မိပွာလျက် ကမ်းကုန်အောင် ဆိုးသွမ်းကြ၏။ အနုကြမ်းစီး၏။ မားပြတိုက်၏။ ယုတ်စွအဆုံး ရထားလမ်းရှိသော ဒေသတွင် ရထားလမ်းတွင် တပ်ဆင်ထားသည့် မူလီများဖြုတ်ယူခြင်းဖြင့် မီးရထားတိမ်းမှောက်စေလျက် လုယက်ကြ၏။ ထို့ကြောင့်ပင်နယ်မြေ အေးချမ်းသာယာမှုမရှိ၊ တရားဥပဒေစိုးမိုးရေး ထိခိုက်လာရ၏။ သို့သာမက ပြည်သူတစ်ရပ်လုံး၏ လုံခြုံရေးပါ ထိပါးလာရသည်။

သို့ကြောင့် တပ်မတော်နှင့် ပြည်သူ့ရဲတို့သည် ထွက်ပြေးလွတ်မြောက်၍ ဆိုးသွမ်းနေသော ခိုဘက်ပြေးများအား လိုက်လံဖမ်းဆီးရန်အတွက် စစ်ဆင်ရေးတစ်ရပ်အသွင် ဆောင်ရွက်ခဲ့ကြသည်။ ထိုစစ်ဆင်ရေးတွင် "လင်းယုန်" စစ်ဆင်ရေးဟု အမည်ပေါ်တွင်လျက် နေရာဒေသအနှံ့ ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ကြသည်။

ထိုစဉ် ကျွန်ုပ်သည် ပြည်သူ့ရဲတပ်ဖွဲ့တွင် ခုတပ်ကြပ်ရာထူးဖြင့် နိုင်ငံတာဝန်များ ထမ်းဆောင်လျက်ရှိ၏။ ပြည်သူ့ရဲနှင့် တပ်မတော်နယ်မြေတပ်ရင်းများဖြင့် ပူးပေါင်းလှုပ်ရှားရသော စစ်ဆင်ရေးဖြစ်ပါ၏။ ကျွန်ုပ်တို့ လှုပ်ရှားသော အဖွဲ့ငယ်ကား တပ်မတော်မှ ရဲဘော်များ မပါဝင်ပေ။ ခုရဲအုပ်ခင်မောင်ထွန်းနှင့် ခုတပ်ကြပ်သောင်းနိုင်ဟူသော ကျွန်ုပ်အပါဝင် စုစုပေါင်းအင်အား ငါးဦးသာပါ၏။ ကျွန်ုပ်တို့ လှုပ်ရှားသော မြို့နယ်၏ အနောက်ဘက်ဒေသများတွင် ကျွန်ုပ်တို့အဖွဲ့ငယ်အပါအဝင် အဖွဲ့ငယ်စုစုပေါင်း ငါးဖွဲ့ဖွဲ့စည်းလျက် စစ်ဆင်ရေး ဆောင်ရွက်ခဲ့ကြသည်။ ထို့နည်းတူ အခြားသော ဒေသများတွင်လည်း ထိုကဲ့သို့ပင်။ စစ်ဆင်ရေး ဆင်နွှဲသောအချိန်ကာလအတွင်း ခိုဘက်ပြေးစုစုပေါင်း ဆယ်ဦးအား ကျွန်ုပ်တို့၏အဖွဲ့ငယ်မှ ပြန်လည်ဖမ်းဆီးရမိသည်။

နောက်ဆုံး ရှိဘက်နှစ်ဦးအား အဓိကအခဲဆုံး စမ်းစစ်ခဲ့ရသည့် အချိန်တွင် ကျွန်ုပ်တို့ လင်းယုန်အဖွဲ့ဝင်အတွက် ထူးခြားသောဖြစ်စဉ်များ၊ မယုံကြည်နိုင်ဖွယ် ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရသည်။ ကျွန်ုပ်တို့ လင်းယုန်အဖွဲ့ဝင်သည် ကျယ်ပြန့်၍ ရေအစီးသန်သော မြစ်မချောင်းကြီး၏ ပတ်ဝန်းကျင်ရှိ ရွာကြီးရွာငယ်များတွင် ခြေကုပ်စခန်းယူလျက် ရှိဘက်ပြေးများတည်ရှိရာနေရာများကို စုံစမ်းလေ့လာမှုပြုရသည်။ ထို မြစ်မချောင်းကြီးနံဘေး ကပ်လျက် ရွာများမှာ စဉ့်ကူရွာ၊ ကုလွှိုးစုရွာများ စသည်ဖြင့်ရှိ၍ ထိုရွာများမှာ ရွာဝန်းရှည်များဖြစ်ကြ၏။ ရှိဘက်ပြေးသတင်းများအား မိမိတို့၏ အမာခံနှင့် ကျေးရွာလူကြီးများက စုံစမ်းသတင်းပို့ ပေးလေ့ရှိသည်။ တစ်နေ့တွင် ကုလွှိုစုရွာမှ ရွာလူကြီး ဦးကျော်လှနှင့် ဆယ်အိမ်မှူးဦးဘထွန်းတို့သည် ကျွန်ုပ်တို့ရှိရာ ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာပါ၏။ ဒုရဲအုပ် ဝင်းမောင်ထွန်းမှ ဦးကျော်လှတို့အား ...

"လာကြပါ - ရွာလူကြီးကိုယ်တိုင် ကျွန်တော်တို့ဆီကို လာတယ်ဆိုတော့ အကြောင်းထူးရှိလိမ့်မယ်နဲ့တူတယ်"

ဦးကျော်လှက "ထူးတာပေါ့ - ဗိုလ်လေးရေ၊ ကျုပ်တို့နယ်မြေထဲကို သူစိမ်းနှစ်ယောက် ရောက်နေတယ်ဗျာ။ ကျုပ်တို့ ရွာတွေက မဟုတ်ဘူး"

"အဖြင့် - ခဏနေပါဦး" ဟု ဒုရဲအုပ်ဝင်းမောင်ထွန်းမှ ပြောပြောဆိုဆိုဖြင့် သူ၏ ဗိုင်ယာယီမှတ်စုစာအုပ်အား ထုတ်ယူလျက် ဦးကျော်လှ၏ ပြောသမျှကို ရေးမှတ်နေခဲ့၏။

ဦးကျော်လှမှ "ရွာထဲက ဖိုးညွှက်ရဲ့ လက်ထဲက တဲမှာသူတို့ရောက်နေတယ်လို့ သတင်းရတာနဲ့ ဗိုလ်လေးတို့ဆီလာခဲ့တာ။ ကျုပ်တို့ဆီမှာ ဗိုလ်လေးတို့အဖွဲ့ ရောက်နေတာ မသိလို့နဲ့တူတယ်။ တခြားနယ်ဘက်က ဗိုလ်လေးတို့လိုအဖွဲ့တွေ ဆင်းနေလို့ ကျုပ်တို့ဘက်ကို ရောက်လာတာ ဖြစ်လိမ့်မယ်"

ဒုရဲအုပ် ဝင်းမောင်ထွန်းမှ -

"ဒီတိရွတို့ လူတိုင်းမသိပါစေနဲ့ လုပ်ငန်းပေမယ်" သူတို့ရောက်နေတဲ့ လယ်ထဲ အလယ်နေရာမှာ ရှိတယ်ဆိုတာသာ ကျွန်တော်တို့ကို လမ်းညွှန် လိုက်ပါ။ နောက်ပြီး–လယ်ထဲက ချောင်းရဲ့ အနောက်ဘက်ကမ်းမှာဆို တော့ ကျွန်တော်တို့ကို ကူညီတဲ့အနေနဲ့ လှေတစ်စီးလောက် စီစဉ်ပေးပါ"

ဦးကျော်လှမှ "ဒီအတွက်–ဗိုလ်လေးတို့ ဘာမှမပူပါနဲ့။ ကျုပ်ရဲ့လှေကို စီစဉ်ထားလိုက်ပါ့မယ်။ ဟို ဘက်ကမ်းရောက်တဲ့အထိ ဆယ်အိမ်မှူးကိုသာ ထွန်းလိုက်ပို့ခိုင်းပါ့မယ်"

ဒုရဲအုပ် ကိုစင်မောင်ထွန်းမှာ "ဒါဆိုရင်–အတိုင်းထက်အလွန်ပေါ့ဗျာ။ ကျေးဇူးပဲ"

=◈=

ဒုရဲအုပ် ကိုစင်မောင်ထွန်းသည် စစ်ဆင်ရေးပြုလုပ်ရာ မြို့နယ်သို့ရောက် ရှိ တာဝန်ထမ်းဆောင်သည်မှာ မကြာလှသေး။ သူနှင့်အတူ တပ်သား တစ် ဖောင်ပါလာပြီး ကျွန်ုပ်နှင့် ကျွန်တပ်ခွဲဝင်နှစ်ဦးမှာ တခြားမြို့နယ်များမှဖြစ် ပြီး စစ်ဆင်ရေးအတွက် ဤမြို့နယ်မြေသို့ လာရောက်ရခြင်းဖြစ်၏။

ဒုရဲအုပ် စင်မောင်ထွန်းမှ "ကဲ–ထရာဝေသာင်းနိုင် ဒီတစ်ညတော့ အပင် ပန်းခံပါဦးဗျာ။ ကျုပ်တို့ မိနစ်ပေါက်မီတာနဲ့ တစ်ခါတည်း မြို့ထွက်မယ် ဗျာ"

သဘောကောင်း၍ ရည်မွန်လှသော ဒုရဲအုပ် ကိုစင်မောင်ထွန်းသည် ကျွန်ုပ်ထက် ငါးနှစ်ခန့် ငယ်ပေလိမ့်မည်။

"ရပါတယ်–ဗိုလ်လေးရယ်၊ ကျွန်တော်တို့က တာဝန်အရ ဦးလည် မသုန် လုပ်ကြရမှာပေါ့"

ညနေမှောင်သည်နှင့်ကျွန်ုပ်တို့သည်ခဲ့ထတ်တန်ဆောများဝတ်ဆင်၍လက် နက် ကိုယ်စီဖြင့် ကုတ္တိုးရွာ လူကြီးဦးကျော်လှ၏ အိမ်သို့ လာခဲ့ကြသည်။

ဦးကျော်လှ၏ အိမ်၌ ခေတ္တခဏနားလိုက်ပြီး ချောင်းစပ်သို့ ဆင်းခဲ့ကြသည်။ ချောင်းစပ်တွင် ဦးကျော်လှ စီစဉ်ပေးထားသော လှေနှင့် ဆယ်အိမ်မှူး ကိုသာထွန်းကို အသင့်တွေ့ရသည်။ ကိုသာထွန်းကိုယ်တိုင် လှေကို လှော်ဝတ်၍ ကျွန်ုပ်တို့ ငါးဦးအား တစ်ဖက်ကမ်းသို့ ပို့ပေးခဲ့သည်။

မိုးဦးကျကာလ ဖြစ်သည့်အားလျော်စွာ မြစ်မချောင်းကြီးသည် ရေပြည့်ရေလျှံဖြင့် ရေစီးသန်လှပေသည်။ အထက်ဘက်မှ မျောပါလာသော ဒိုက်သရေများ၊ သစ်ကိုင်းသစ်ခက်များအား ကျွန်ုပ်တို့၏လှေနှင့်မငြိရန် ကိုသာထွန်းမှ ကျင်လည်စွာလှေကို လှော်ဝတ်နိုင်ခဲ့ပါ၏။ တစ်ဖက်ကမ်းရောက်သည်နှင့် လှေဆိပ်ရှိတဲတွင် လှေကိုအပ်နှံခဲ့၍ ဦးတည်ရာသို့ ကိုသာထွန်း လမ်းပြလိုက်ပါခဲ့သည်။

တစ်မြန်နေ့က မုန်တိုင်းဖြင့် အတူပါလာသောမိုးကြောင့် လယ်ကွင်းများတွင် ရေပြည့်လျှံဖြစ်နေကြသည်။ လကွယ်ညဖြစ်သည့်ပြင် တိမ်ညိုတိမ်မိုင်းများ အုံ့ဆိုင်းနေသည့်ကြောင့် ပတ်ဝန်းကျင်တစ်ခွင် မည်းမှောင်လျက်ရှိသည်။ လယ်ကြေများ ရေနစ်မြုပ်နေသည်မှာ ကန်သင်းပင်မတွေ့ရ။ စပါးစိုက်ရမည့်အချိန်မဟုတ်၍ တော်တော့သည်။ ကျွန်ုပ်တို့ ကျွမ်းကျင်သောဒေသ မဟုတ်သဖြင့် ကိုသာထွန်းသွားရာသို့ ဝမ်းတိုးမှန်းတိုးသွားနေရသည်။ ညကြီးမင်းကြီး ကွင်းပြင်ကျယ်ကြီးတွင် သွားနေရသည်မှာ ဘယ်ကိုပေါက်၍ ဘယ်သို့ရောက်နေသည်မသိ။ မိနစ်နှစ်ဆယ်ခန့် သွားပြီး၍ ကန်သင်းဆုံတစ်ခုရှိ ခံတက်ပင်ရင်း၌ ရပ်လိုက်ကြပြီး ကိုသာထွန်းမှ...

"ဟဲ-ဗိုလ်လေးရေ၊ ဒီကန်သင်းအတိုင်း တည့်တည့်သာသွား။ လယ်သုံးကွက်ကျော်တာနဲ့ တဲကို ရောက်ပြီ။ ကျွန်တော် လိုက်ဖို့ လိုသေးလား"

ဒုရဲချုပ်ခင်မောင်ထွန်းမှ "ကိုသာထွန်း" ဒီမှာပဲ နေခဲ့မယ်ဆိုရင်နေခဲ့ပါ။ ကျွန်တော်တို့ ရှေ့ဆက်ပြီး သွားလိုက်ပါမယ်။ အားလုံးအဆင်ပြေမှ ကျွန်တော်တို့ ဝင်ရာကို ဓာတ်မီးထိုးပြီး ခေါ်လိုက်ပါမယ်"

"ကောင်းပါတယ်-ဗိုလ်လေး"

ဒုရဲအုပ်မှ ဆက်လက်၍ ကျွန်ုပ်အား –

“ဆရာကောင်းနိုင်ရေ တဲကို မရောက်ခင် လူခွဲပြီး တဲကို ဝိုင်းထားပြီး တဲထဲက ထွက်လာတဲ့ သူမှန်သမျှ အကုန်ဖမ်းရမှာ။ ထွက်ပြေးတဲ့သူရှိရင် အောက်ပိုင်းကို သေနတ်နဲ့ပစ်။

“ဟုတ်ကဲ့ – ဗိုလ်လေး”

ထို့ကြောင့် – ကျွန်ုပ်တို့သည် ဆက်လက်ထွက်ခွာခဲ့၍ကိုက် (၅၀) ခန့်အကွာမှ တဲကိုဝိုင်း၍ တဲနားသို့ တိုးကပ်သွားသည်။ ဒုရဲအုပ်ခင်မောင်ထွန်းမှ –

“တဲထဲမှာ ရှိတဲ့လူတွေ အကုန်ထွက်လိုက်ခမ်း။ တို့ – ပြည်သူ့ရဲတွေ မင်းတို့ကို ဝိုင်းထားပြီ၊ ခုခံမယ်တော့ မကြံကြနဲ့”

ပြောပြောဆိုဆိုဖြင့် တဲပေါက်ဝသို့ ဒုရဲအုပ်ခင်မောင်ထွန်း ရောက်ရှိသွားသည်။ ကျန်တပ်ဖွဲ့ဝင်များသည်လည်း သေနတ်များကို အသင့်အနေအထားဖြင့်ကိုင်၍ တစ်ဖက်မှလည်း ဓာတ်မီးထိုး၍ တဲဆီသို့ တိုးကပ်သွားကြသည်။ ထိုစဉ် – မှောင်ရိပ်ထားသော တဲအတွင်းမှ လူတစ်ယောက် ဓားရှည်ကိုင်၍ ပြေးထွက်လာပြီး –

“ငါတို့က – သေမထူး၊ နေမထူးတွေ”

ဟု အော်ဟစ်ကြိမ်းဝါးလျက် ဒုရဲအုပ်ခင်မောင်ထွန်းအား ပြေး၍ ဓားဖြင့် ပိုင်းလိုက်သည်။ ကျွန်ုပ်သည် ဒုရဲအုပ် ခင်မောင်ထွန်းအား ပြေးတွန်းလိုက်ပြီး မိမိကိုင်ဆောင်ထားသော စတင်းဂန်းဖြင့် ဓားရှည်အား ခုခံထားလိုက်သည်။ တစ်ဖက်လူ၏အားကောင်းမောင်းသန်မှုကြောင့် စတင်းဂန်းသေနတ်ဖြင့် ဓားကို ကာကွယ်ထားနိုင်သော်လည်း ဓားရှားပိုင်းသည် ကျွန်တော့် ပခုံးသို့ အနည်းငယ်ထိသွားခဲ့သည်။ ထို့ကြောင့် – ကျွန်ုပ်သည် စိတ်တိုသွားပြီး ဓားဖြင့်ခုတ်သော ဓါးသက်ပြေးအား စစ်ဒီနပ်ဖြင့် ဆောင့်ကန်ပစ်လိုက်၏။ ကျွန်ုပ်ကန်သော ကန်ချက်သည် ထိုသူတောင်းသား၏ အောက်ပိုင်း ဆည်သည့်နေရာကို ထိသွားသည်မသိ၊ “အား” ဟူသော ညည်းသံတစ်ချက် မြည်လျက် ထိုသူ၏လက်မှ ဓားပြုတ်ကျလျက် ဒူးထောက်ထိုင်သွားရသည်။ တဲ

ထဲ၌ရှိနေသော ရဲဘက်ပြေးတစ်ယောက်မှာ အပြင်သို့ ပြေးထွက်ရန် ကျန်သော်လည်း ကျွန်တပ်ခွဲဝင်များမှ ပိုင်းဖမ်းလိုက်ကြသဖြင့် မိသွားခဲ့သည်။ ထိုသူနှစ်ယောက်အား မေးဆီးချုပ်နှောင်ပြီးသကာလ ဗုံးဆိုပ် စင်မောင်ထွန်းမှ...

"ကျွန်တော်လည်း ဆရာသောင်းနိုင်ပေးတဲ့ အသက်ပဲရှိတော့တယ်၊ ကျေးဇူးပဲဗျာ"

ကျွန်ုပ်မှလည်း ... "ဒါ ကျေးဇူးတင်စရာလား၊ ပိုလ်လေးရယ်၊ ခုတော် ရဲဘက်ဆိုတာ ဒီလိုပဲ ရှိကြတာပဲဟာ"

ယင်းနောက် ဝပ်လုပ်းလုပ်းသစ်ပင်အောက်၌ရှိနေသော ဆယ်အိမ်မှူးကိုသာထွန်းအား တာဝန်ရိုက်၍ လွှဲပေးလိုက်ကြသည်။ ထိုရဲဘက်ပြေးများသည် ဤနယ်မှမဟုတ် တခြားသော စစ်ကြောင်းများကြောင့် ဒီနယ်ဒေသသို့ ထွက်ပြေးလာခြင်းဖြစ်ကြောင့် သိရသည်။ သူတို့နှင့်အတူ ဓားရှည်တစ်ချောင်းနှင့် လုပ်သေနတ်ကြောင်းကိုတစ်လက်၊ ခဲ ၃ ကျည်သုံးတောင့်သိမ်းဆည်းရရှိခဲ့သည်။ ဆက်လက်၍ မြစ်မချောင်းအား ဖြတ်ကူးလျက် ကုတ္တိုးရွာလူကြီး ဦးကျော်လှနှင့် တွေ့ရှိ၍...

"လူကြီးရေ - ကျေးဇူးပဲဗျာ — ရဲဘက်ပြေးနှစ်ယောက်က လက်နက်တွေပါလာတော့ ညတွင်းချင်းပဲ မြို့ကိုရောက်အောင် ပို့လိုက်တော့မယ်၊ စစ်ဆေးရေးကတော့ ပြီးသလေ့၊ ကျွန်တော်တော့ လူကြီးတို့ရွာကို ရောက်နေရဦးမှာပဲဗျို့"

ဦးကျော်လှသည်လည်း လိုလားစွာဖြင့် —

"အချိန်မရွေးလာသာလာခဲ့ပါဗျာ၊ အေးချမ်းသာယာရေးအတွက် လုပ်နေကြတဲ့ ရဲဘော်တွေကို ကျုပ်တို့ရွာက ကြိုဆိုပါတယ်ဗျာ"

ညတွင်းချင်းပင် ကုတ္တိုးရွာမှ ကျွန်ုပ်တို့ တပ်ခွဲဝင် (၅)ဦးနှင့်အတူ ရဲဘက်ပြေးနှစ်ဦးကို ချုပ်နှောင်လျက် မြို့သို့ပြန်ခဲ့ကြသည်။ အချိန်ကား ည ဆယ့်တစ်နာရီခန့် ရှိချေပြီ။

=◈=

အချိန်ကာလသည် ညသန်းခေါင်ရှိနေပြီဖြစ်ပြီး မှောင်မည်းနေသည့်ကြောင့် ကျွန်ုပ်တို့သည် ဓာတ်မီးထိုး၍ သွားနေရသည်။ ကျွန်ုပ်တို့ ငါးဦးနှင့် တရားခံ နှစ်ဦးစုစုပေါင်း ဓာတ်မီးနှစ်လုံးသာပါရှိရာ တရားခံနှစ်ဦးအား ဗိုလ်နုံလျှက် ရှေ့ဓာတ်မီးတစ်လုံး နောက်ဓာတ်မီးတစ်လုံးဖြင့် ဝမ်းတဝါးဝါး သွားနေရ သည်။ နာရီဝက်ခန့် သွားနေရာမှ ခုရဲအုပ်ခင်မောင်ထွန်းသည် ခေတ္တရပ် လိုက်ပြီး လက်မှ နာရီအား ကျွန်ုပ်၏ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ပြီး ...

"ဆရာဒေါက်တာနိုင်ရေ - ကျွန်ုပ်တို့တွေ ဦးတည်ရာမဲ့ သွားနေသလိုပဲဗျ ဒါ - သွားနေကျ လူသွားလမ်း မဟုတ်ဘူးထင်တယ်။ ကျွန်တော် ဒီဒေသကို ရောက်တာ မကြာသေးတော့ သိပ်မနေပ်ဘူးဗျ။ ကျွန်တော့်တောင် တစ် ခေါက်ကလည်း တခြားမြို့နယ်က ပြောင်းလာတာ တစ်လပဲရှိသေးတော့ သိပ်မသိဘူး"

"မထူးပါဘူး ဗိုလ်လေးရယ်၊ လမ်းဆုံးတော့ ရွာတွေ့မှာပါပဲ၊ တွေ့တဲ့ ရွာမှာ စနည်းနာလိုက်ရင် လမ်းမှန်ရောက်သွားမှာပါ"

သို့ဖြင့် - ခုရဲအုပ်ခင်မောင်ထွန်းမှာ မည်သို့မျှ မပြောတော့၊ ဆက်လက် ၍ သွားနေသည်။

ခုရဲအုပ် ခင်မောင်ထွန်း ပြောသကဲ့သို့ပင် ကျွန်ုပ်တို့ လျှောက်နေသော လမ်းသည် ပြည်တော်သာလမ်းများကဲ့သို့ မဟုတ်သကဲ့သို့၊ ဆိုးဝါးသော ရွှံ့ဗွက်လူညည်းလမ်း မဟုတ်ပေ။ မြေနီလမ်းဖြစ်၏။ ဤနယ်ဤဒေသတစ်ခွင် မြေနီလမ်းဟူ၍ မကြားရ မမြင်ရဖူး များသေးသောကြောင့် ရွှံ့စေးမြေလမ်းများ သာဖြစ်၏။ ထူးတော့ထူးသည်ဟု ကျွန်ုပ်ယူဆမိသည်။ တရားခံ ရဲဘက်မြေး နှစ်ဦးကပင် -

"ဒီလမ်းက ထူးဆန်းတယ်" ဟု အရှင်းရှင်း ပြောသံတို့ ကျွန်ုပ်ကြား လိုက်ရသည်။ ဆက်လက်၍ လျှောက်နေရာမှ မြေနီလမ်းကိုဖြတ်လျှောက် မီး အိမ်တစ်လုံးဖြင့် လူငယ်အား အမှတ်တမဲ့ တွေ့ရှိ၍ အံ့ဩခြင်းဖြင့်အတူ၊

"ဟေ့ - ရပ်စမ်း - မင်းဘယ်က လာတာလဲ -"

ထူးဆန်းဖွယ်ရာပင် ဓောဓောက ဆူညံနေသော ရှုကာလေးသည်
ယနေ့အခါတွင်မူ တစ်ရွာလုံး အံ့ကျသဲ ကြွေးရလောက်အောင်
လုံးဝ ငြိမ်သက်တိတ်ဆိတ်၍ နေတော့သည်။
အတန်ကြာ ငြိမ်သက်အနားယူခိုက်တွင် . . .



ထိုလူဝယ်မှာ ကျွန်ုပ်တို့အား အံ့အားသင့်စေလေဟာလျက်၊ စူးရှတောက် ပြောင်စေသော မျက်ဝန်းများဖြင့်၊

"ကျွန်တော် - ဟိုဘက်ရွာက မြန်လာတာခင်ဗျ။ အဲဒီမှာ - ကျွန်တော့် ရည်းစားရှိလို့ သွားတွေ့တာ၊ မှလို့ နောက်ကျတာပါ"

ကျွန်ုပ်ရော ဓရဲ့အုပ်စစ်မောင်တွန်းပါ သူ၏ ပြောစကားကို နားထောင်လျက် ပယ်ဝန်းကျင်အား အကဲခတ်လိုက်ပြီး -

"မင်း - ဘယ်ရွာကလဲ၊ မင်းပြောလိုသာပဲ ဒီအနီးအနားမှာ ရွာရှယ်လို မတွေ့ပါလားကွ"

"ကျွန်တော်က အောက်ချိုင့်ရွာကပါ။ တစ်ရွာနဲ့တစ်ရွာ နည်းနည်းလှမ်းတယ်ဗျ။ ကျွန်တော့်နာမည် မောင်မှတ်ပါ၊ ရှေ့နား နည်းနည်းလျှောက်ရင် ကျွန်တော်တို့ရွာကို ရောက်ပါပြီ"

ခုတစ်ဘားတောင်အောင်မှ လှငယ်အား မယုံသင်္ကာဖြင့် -

"ဟုတ်ရဲ့လားကွာ - ဒီဒေသမှာ အောက်ချိုင့်ရွာလို့ မကြားဖူးပါဘူး"

"ခင်ဗျား - ဒီဒေသကို မနှစ်စ်ကတည်းက ခင်ဗျားပြောတာနဲ့တင် သဘော ပေါက်ပါတယ်"

စကားရှည်နေမည်စိုး၍ ခုရဲဘော် ခင်မောင်ထွန်းမှ -

"ကဲ - မင်းတို့နေတဲ့ ရွာကို သွားမယ်ကွာ။ ရွာထဲမှာတော့ မနေပါဘူး။ တို့မှာက တရားစခန်းတွေပါနေတော့ ရွာက ကြောက်လန့်နေမှာစိုးတယ်။ ဘုန်းကြီးကျောင်းကိုပဲ သွားမယ်၊ မင်းလိုက်ပို့ရမယ် - မောင်မှတ်"

မောင်မှတ်မှ -

"လိုက်ပို့မှာပေါ့ဆရာရယ်၊ ကဲ - သွားကြမယ်"

စီးအိမ်ဆွဲ၍ ရှေ့မှ သွားနေသော မောင်မှတ်နောက်သို့ ကျွန်ုပ်တို့မှာ ခပ်သုတ်သုတ်လိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့မှာ ထိုဒေသမှမဟုတ်ကြ၊ စစ်ဆင်ရေးအရ တခြားမြို့နယ်များမှ လာရသဖြင့် နယ်မြေနှင့်စပ်ခြင်း အလျဉ်းမရှိပါပေ။ ကျွန်ုပ်တို့သည် အောက်ချိုင့်ရွာကိုဖြတ်လျှက် ဘုန်းကြီးကျောင်းသို့ ဦးတည်နေကြသည်။ ကျွန်ုပ်တို့အား ပေါက်၍နေသော ခွေးဟောင်သံများကြောင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေရာမှ လှုပ်လှုပ်ရွရွ ရှုရှည်းည်ဖြစ်သွားကြသည်၊ တထိတ်တလန့်လည်း ဖြစ်သွားကြသည်၊ ခုရဲဘော် ခင်မောင်ထွန်းမှ -

"မင်းတို့ရွာကလည်းကွာ ငါတို့ဖြတ်လို့ ခွေးဟောင်တာနဲ့ တစ်ရွာလုံး ဆူပွက်သွားတာပဲ"

မောင်မှတ်မှ -

"ဟုတ်တယ် - သူတို့က ခွေးဟောင်ရင် မကောင်းတော့ အတိတ်နိမိတ်လို့ ယူဆထားတယ်။ အိမ်တိုင်း ခွေးမမွေးကြပါဘူး။ တစ်အိမ်နှစ်အိမ်သာ မွေး

ကြတာ၊ ရွေးဟောင်းရှင်ရွာထဲကို အမင်္ဂလာတွေ ဝင်လာတယ်လို့ အလွန်ရှိနေတာ၊ အနုဆရာတို့ ရွာထဲဖြတ်လိုက်လို့ ရွှေဟောင်းတော့ ဒုတို့ ထိတ်လန့်ကုန်တာပေါ့ဗျာ၊ ဒါပေမဲ့ - ကျွန်တော်ရှင်းပြလိုက်ပါမယ်၊ ဒတ်တော့ ဓတ်တယ်ချူနိုးရာဝလေ့တွေကို အဓိပ္ပာယ်ခွဲနေသလိုဖြစ်နေကြတော့"

မောင်မှတ်ဆက်မပြောတော့ပါ။ ရွာထိပ်ရောက်သည်နှင့် မောင်မှတ်က ဘုန်းကြီးကျောင်းတ လက်ညှိုးထိုးလျက် "ဒါ - ရွာဦးကျောင်းပဲ၊ ဆရာတော်ဦးပညာတစ်ပါးပဲ ကျောင်းထိုင်တယ်။ ဓမ္မနေ ဦးပဥ္စင်း ကိုရင်နဲ့ကပ္ပိယလုံးဝမရှိဘူး။ ရွာကပဲ ဆွမ်းပို့ပေးတယ်၊ ဆရာတော်ဆီ ခွင့်တောင်းကြည့်ပါ"

ကျွန်ုပ်မှ - "ဆရာတော် ဒီလောက်ဆို ကျိန်းနေရောပေါ့"

"ဒီအချိန် ဆရာတော်မကျိန်းသေးပါဘူး။ ဘာဝနာတရားစီးဖြန်းဖို့ စီစဉ်နေတုန်းရှိသေးတယ်၊ ကျွန်တော်တော့ မလိုက်တော့ဘူး။ ဒီကပဲ ပြန်တော့မယ်"

မောင်မှတ်သည် ပြောပြောဆိုဆိုဖြင့် စီးဆိမ်ချွဲလျက် ရွာထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ဘုန်းတော်ကြီးကျောင်းဝင်းထဲသို့ဝင်လိုက်ပြီး ဆရာတော်သီတင်းသုံးရာကျောင်းပေါ်သို့ ကျွန်ုပ်နှင့် ခုရဲဆုဝ် ဝင်မောင်ထွန်း တတ်ဦးတို့၏ တက်ခဲ့ကြသည်၊ ကျောင်းပေါ်ရောက်သည်တွင် မှန်ဘုရားရှင်၏ ကြေးဆင်းတုတော်ကြီး၏ရှေ့၌ မရေမတွက်နိုင်သော ဆီမီးများထွန်းညှိထား၍ တစ်ကျောင်းလုံးလင်းထိန်လျက်ရှိလေ၏၊ ထိုဘုရားရှင်၏ရှေ့၌ တင်ပျဉ်ခွေ၍ ထိုင်နေသော ဆရာတော် ဦးပညာမှ ကျွန်ုပ်တို့အား မြင်သည်နှင့် -

"ဘုန်းကြီးရဲ့ ကျောင်းပေါ်ကို ရောက်လာတဲ့ ဧည့်သည်တွေက မင်းမှတ်တွေတို့"

ကျွန်ုပ်မှ - "တင်ပါ့ဘုရား။ တပည့်တော်တို့ တာဝန်ကြီးလို့ မြို့ကိုပြန်ရင်းဒီကို ရောက်လာခဲ့တာပါဘုရား။ မနက်ကို မြို့အရောက်ပြန်ရမှာပါ ဘုရား။

လေလောရေယင် ဆရာတော်ကျောင်းမှာ မွေ့လျော်နားနိုင်မှာပါဘုရား။ တပည့်တော်တို့ကို ဖေ့လျော်နားနိုင်ပေးပါဘုရား...

"အေးလေ - လူသားတွေရဲ့ဒုက္ခတွေ မဝေသားပါလားကွယ်။ ဟုတ်ပါပြီ - ဒကာတို့ ကျောင်းအောက်မှာ နားကြပါ။ ဘုန်းကြီးလည်း အမိန့်နဲ့ ကမ္မဋ္ဌာန်း စီးဖြန်းရတော့မှာမို့ ဘုန်းကြီးလုပ်စရာရှိတာ လုပ်လိုက်ပါဦးမယ်"

ကျွန်ုပ်ရောဖုန်းခိုဝင်မောင်တွန်းတို့မှာ "တင်ပါ့ဘုရား" ဟုဝန်ခံလျက် ဆရာတော်ဘုရားအား ဝတ်ပြုပြီး ကျောင်းအောက်သို့ ဆင်းခဲ့ကြသည်။ ကျွန်ုပ်အနေဖြင့် ဆုံကြံနေသည်ကား ဤတစ်ညသည် လွန်စွာရှည်လျားလှသော ညဟု ထင်မြင်နေမိပါ၏။ ထူးဆန်းဖွယ်ရာပင် စောစောက ရှည်နေသောမျှကလေးသည်ယခုအခါတွင်မူတစ်ရှာလုံးအပ်ကျသံကြားရလောက်အောင် လုံးဝငြိမ်သက် တိတ်ဆိတ်၍ နေတော့သည်။ အတန်ကြာ ငြိမ်သက်အနားယူမိကတွင်...

"ခုန်း - ခုန်း - ခုန်း - ခုန်း"

ဘုန်းကြီးကျောင်း ခေါင်းမိုးပေါ်မှ လေးလံသော အရာဝတ္ထုတစ်ခု ကျရောက်သံ၊ ထိုအရာဝတ္ထုသည် တခုန်းခုန်း လိမ့်ဆင်းသံတို့သည် ကျွန်ုပ်တို့မှာ တထိတ်တလန့် ကြားနေရသည်။ ခိုတင်သားလေး ဖော်ဝင်းမှာ ကြောက်လန့်သည့်ဟန်ဖြင့် ကျွန်ုပ်နားသို့ တိုးကပ်၍...

"ဆရာ - ဆရာ - အဲ့ဒါဘာလဲဗျ။ ကြောက်စရာလှန်စရာအသံနဲ့ဗျာ"

ဖော်ဝင်း၏ အမေးစကားအား ကျွန်ုပ်မှ ဂရုမစိုက်သည့်ဟန်ဖြင့်...

"ဘာမှမဟုတ်ပါဘူးကွာ၊ ခေါင်မိုးပေါ် တစ်ခုခုကျတာပါ။ အုန်းသီး ဒါမှမဟုတ် ထန်းသီးပြုတ်ကျတာနေမှာပေါ့ကွ"

ခိုတင်သားတင်အောင်မှ အသံတုန်တုန်ဖြင့်...

"ဆရာသောင်းနိုင်ကလည်း လေမတိုက် ဘာမတိုက်နဲ့ ပြုတ်ကျစရာ အကြောင်းမရှိပါဘူး။ ကျောင်းပတ်ဝန်းကျင်လည်း ကြည့်လိုက်ပါဦး။ အုန်းပင်၊ ထန်းပင်မပြောနဲ့ ဘာသစ်ပင်မှမရှိဘူး။ ရွာထဲက လာပြီး ကျွန်တော်တို့ကို မခံကျနိုင်လို့ ခြောက်ခဲနဲ့ ထုတာလားမသိဘူး"

ကျွန်ုပ် စိတ်မရှည်ချင်တော့...

"ဘာမှ မဟုတ်ပါဘူးလို့ မင်းတို့ကို ပြောပြီးသားပဲကွာ။ ဒါ ဘာမှ ပြောစရာ အကြောင်းမရှိတော့ဘူး"

ကျွန်ုပ်၏ စကားအဆုံး ငြိမ်သက်သွားကြသည်။ ဓုရဲအုပ် ခင်မောင်ထွန်းမှာ ဝေဖန်ရှုလ်သူဖြစ်သော်လည်း ဘုရား၊ တရား၊ ကြည်ညိုသူဖြစ်ခြင်းကြောင့် သူ၏ တိုးလုံးပုတီးလေးထုတ်၍ ဂုဏ်တော်တိုးပါးကို ပုတီးစိပ်နေပေသည်။

ထိုစဉ် ကျောင်းဝင်းအတွင်း ဓာတ်မီးတစ်လက်ဖြင့် ကင်းတာဝန်ယူနေသော ရဲတပ်သားတင်အောင် ရောက်ရှိလာပြီး...

"ထွမ်းတားကျောင်းမှာ လူရှိတယ်နဲ့တူတယ်။ ရှားလို့ညည်းနေတဲ့ အသံကြားရတယ်ဗျ"

စိတ်မြန်လက်မြန်ရှိသော ကျွန်ုပ် ဓာတ်မီးကိုထိုးလျက်ထွမ်းတားကျောင်းဘက်လျှောက်လာခဲ့သည်။ ထိုထွမ်းတားကျောင်းပေါ်သို့ တက်လျက် ဓာတ်မီးဖြင့် ရှေ့ရပ်ထိုးကြည့်ရာ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရှိသည့်ပြင် သပိတ်၊ ထွမ်းခွက်နှင့် ဝေယျာဝစ္စပစ္စည်းများ မတွေ့ရှိပေ။ ကျပ်မိုးနှင့် ဖုန်များအထပ်ထပ်တက်လျက် မည်သူမျှ မရှိသည့်ပမာ။ ကျွန်ုပ်သည် အံ့ဩလွန်း၍ ကြက်သေသ သေနေရာမှ ထိုထွမ်းတားဆောင်မှ ထွက်လာခဲ့သည်။ ဗိုလ်လေး ခင်မောင်ထွန်းအား သွားရောက်လက်တို့လျက်...

"ဗိုလ်လေး - ဒီကနေ ကျွန်တော်တို့ ထွက်သင့်ပြီထင်တယ်"

ဗိုလ်လေးခင်မောင်ထွန်းသည် လက်မှနာရီအား ဓာတ်မီးဖြင့် ထိုးကြည့်လျက်...

"နာရီပြန်နစ်ချက်ပဲ ရှိသေးတယ် ဆရာသောင်းနိုင်၊ ဘာလဲ... ခင်ဗျား သွားချင်နေပြီလား။ သွားချင်သွားလေ ကျွန်တော် ကျောင်းထိုင်ကြီးကို ကန်တော့လိုက်ဦးမယ်"

ပြောပြောဆိုဆို မာတင်ဗီးထိုးလျက် ကျောင်းပေါ်တက်သွားလေ၏။ တစ်ဆောင့်လောက်ပင် မကြာလိုက်၊ ခုခဲ့ဒုစ် ခင်မောင်ထွန်းသည် ကျောင်းလေ့ကားပေါ်မှ ကတိုက်ကရိုက်ဆင်းလာပြီးနောက်...

"ဆရာသောင်းနိုင် - ဆရာပြောတဲ့ သွားသင့်ပြီဆိုတာကို ကျွန်တော်လက်ခံတယ်။ ကျွန်တော်တို့ ဒီကနေသွားမှဖြစ်မယ်။"

ဟု ပြောလျက် ရဲဝတ်တန်ဆာများ ကောက်ဝတ်လိုက်ပြီး ကျွန်ုပ်ရဲဘော်များအား...

"ကဲ - အဆင်သင့်ဖြစ်ရင် ထွက်ကြမယ်။ ရဲဘက်မြေးတွေကိုလည်းသေသေရျာချာ ထိန်းခေါ်လာခဲ့ကြ။ ထွက်မပြေးစေနဲ့ - သူတို့ပြေးရင် ငါတို့အလုပ်ပြုတ်လိမ့်မယ်"

ပါးစပ်မှ ချစ်တောက် ချစ်တောက်ဖြင့် ရေရွတ် ဦးဆောင်ထွက်လေတော့သည်။ ကျယ်ပြန့်သော လယ်ကွင်းပြင်အား ဖြတ်သန်းနေရခြင်းဖြင့် နံနက်လေးနာရီကျော်လာခဲ့ပါပြီ။ ပတ်ဝန်းကျင်၌ ရွာဟူ၍မရှိ။ တစ်ရွာနှင့်တစ်ရွာ ဖျပ်ဖျပ်သာ မြင်ရသည်။ မိမိတို့ ခေတ္တအနားယူခဲ့သည့် ဘုန်းကြီးကျောင်းနှင့် အောက်ချိုင့်ဆိုသည့် ရွာလည်းမတွေ့ရပေ။

ကျွန်ုပ်တို့အားလုံး ထိတ်လန့်တကြား ပဟေဠိဆန်သွားရသည်။ ဤမျှကျယ်ပြန့်သောကွင်းပြင်၌ဘုန်းကြီးကျောင်းနှင့်ရွာသည် ဘယ်ပျောက်သွားပါသနည်း။ စဉ်းစား၍မရ။ ထိုစဉ် - ကျွန်ုပ်တို့အနီးမှ နွားများဆွဲ၍ လာသောလယ်သမားတစ်ဦးအား ကျွန်ုပ်မှ...

"ဒီမှာနောင်ကြီး - ဒီနားမှာ ဘုန်းကြီးကျောင်းနဲ့ ရွာအောက်ချိုင့်ဆိုတဲ့ရွာရှိလားဗျ"

ထိုလယ်သမားမှာ ဇဝေဇဝါဖြစ်လျက် ကြောင်ငေးနေရာမှ -

"ကြားတောင် မကြားဖူးပါဘူး။ ဒီမှာက - တစ်ရွာနဲ့တစ်ရွာ အလှမ်းဝေးတယ်ဗျ။ နောက်ပြီးအောက်ချိုင့်ဆိုတဲ့ရွာ ဒီတစ်ပိုင်မရှိပါဘူး။ ဒါနဲ့ - ရဲဘော်တို့က ဘယ်ကလာတာလဲ"

"ဟို - အင်္ဂါကလာခဲ့တာ၊ ညက အောက်မြို့ရွာက ဘုန်းကြီးကျောင်းမှာ ကောနားခဲ့ကြသေးတာ"

လယ်သမားမှာ ဝပ်စားလျက် ...

"အဲဒီကျောင်းက ဆရာတော်က ဘယ်သူ"

ခိုတင်သာ၊ အောင်တင်မှ "ဦးပညာပါ" ဟု ဖြေကြားသောအခါ လယ်သမားကြီးမှာ ခေါင်းတညိတ်ညိတ်ဖြင့် ...

"လွန်ခဲ့တဲ့ ငါးနှစ်တုန်းက ဦးပညာဆိုတဲ့ တောထွက်ရဟန်းတစ်ပါး ဖုံ လွန်တော်မူလို့ ခုခင်ဗျားတို့ ဖြတ်သန်းလာတဲ့ မြေနီကုန်းကွက်လပ်မှာ မီး သင်္ဂြိုဟ်ခဲ့ဖူးပါတယ်၊ အဲဒီကွက်လပ်က နေ့နေ့မိုးမိုးတောင်းတောင်း မြက် ပေါင်းပင် တစ်ခါမှမပေါက်၊ ဘယ်လို ဖြစ်လဲတော့မသိဘူး။ မြေကြီးက ပြောင်နေတာပဲ၊ ထူးဆန်းတယ် - အဲဒီမြေကွက်လပ်ရဲ့ တောင်ဘက်ကုန်း ပြောင်ပြောင်ကတော့ လူပြောများတဲ့ ကျတ်ကုန်းရှိတယ်လို့ သိရတယ်၊ ဘယ်သူမှမသွားကြပါဘူး။ ခင်ဗျားတို့ပြောတဲ့ အောက်မြို့ရွာဆိုတာ ကျတ် တွေနေတဲ့ ရွာများလားမှမသိတာ"

"ဗျာ"

ဒုရဲအုပ် ခင်မောင်ထွန်း၊ ကျွန်ုပ်နှင့်ခင်ဗျားများ၊ ခုတက်ပြေးနစ်ယောက် တို့သည် မျက်လုံးများ ပြူးကျယ်လျက် ရှိကြတော့၏။ ကျွန်ုပ်သည် ဒုရဲအုပ် ခင်မောင်ထွန်းအား မေးစရာရှိနေသည်ကို သတိရ၍ မေးလိုက်ပါ၏။

"ဒါနဲ့ - ကျောင်းပေါ်ကနေ ဒုရဲအုပ် ကတိုက်တရိုက် ဆင်းလာပြီး သွား မယ်သွားမယ်နဲ့ဖြစ်တာ ဗိုလ်လေးကျောင်းပေါ်မှာ ဘာတွေ့ခဲ့လို့လဲ"

ဒုရဲအုပ် ခင်မောင်ထွန်းမှာ ကြောင်တောင်တောင်ဖြင့် -

"ဘာဆိုဘာမှ မတွေ့ခဲ့လို့ ရုတ်ရုတ်သွားမယ်လို့ ပြောတာပေါ့ဗျာ"

"ခြော" ဟူသော အာမေဍိတ်တစ်လုံးသည်သာ ကျွန်ုပ်၏နှုတ်မှ ထွက် သွားပါလေ၏။

ကျွန်ုပ်တို့သည် ညမိုက်မိုက် လမ်းမှောင်မှောင်တွင် လမ်း၌တွေ့ရသော မောင်မှတ်ဆိုသော လူငယ်ကိုလည်းကောင်း၊ အောက်ချိုင့်ရွာကိုလည်းကောင်း၊ ဘုန်းတော်ကြီးကိုလည်းကောင်း ပြန်တွေးရင်း ကြက်သီးတဖြန်းဖြန်း ထမိပါကြတော့သည်။

→ စောင်းသာစန် (မီးတုန်း)


**ဒါနများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့၊
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈ / ၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



ကျွန်တော်၏ အလုပ်တာဝန်မှာ သက်တမ်းလွန်နေ
သူများနေထိုင်ရန်နှင့် လုပ်ငန်းဆောင်တာများ
ထားရှိဆောင်ရွက်ရန် မသင့်တော်တော့သဖြင့်
သက်ဆိုင်ရာမှ ဖျက်သိမ်းရန် ပိတ်ပင်ထားသော
အဆောက်အအုံဟောင်းကြီးများကို ဖြိုလှဲ
ဖျက်ဆီးရသည့် "အင်စပက်တော်" အလုပ်ဖြစ်ပါသ

ကျွန်တော် လှည့်လည်စပ်စုနေရသော အဆောက်အအုံတော်ကြီးများမှာ တစ်နေ့နေ့တွင် အဝေးမှနေ၍ အမြန် ပြိုကျပျက်စီးပစ်ရမည့် အပို အလျှံ အမိုက်အမိုက်ထုထည်ကြီးများနှင့် တူလှသည်။ သူတို့ကို ဖျက်ဆီး ပယ်ရှားပြီးလျှင် သူတို့နေရာတွင် ခေတ်မီအဆောက်အအုံသစ်များကို ဆောက



တစ်ခါက ထွက်ပြေးပုန်းရှောင်နေသော လူသတ်ဓားပြတစ်ဦးက ကျွန်တော့်ကို ဓားမြောင်ဖြင့် အပြတ်ရှင်းဖို့ ကြိုးစားရာ ကျွန်တော်က ဝမ်းနည်းစွာဖြင့်ပင် သူ့ဗိုက်ကို ဖောက်ခွဲပစ်လိုက်ရပါသည်။ တာဝန်ထမ်းဆောင်နေစဉ် ကျွန်တော့်မှာ သေနတ်သာမက ဒုတိယကမ္ဘာစစ်တုန်းက ဂေါ်ရခါးစစ်သည်တစ်ဦး ထိထိရောက်ရောက် အသုံးပြုခဲ့ဖူးသော ဓားကောက်ကြီးတစ်လက်လည်း ပါရှိသေးသည်။ တရားဥပဒေအရိုးဖောက်ရန် ဝန်မလေးသူများကို တရားမမျှတခြင်းတစ်မျိုးနှင့် ပြသ၍ ဖျောင်းဖျနားချဖို့ မလိုအပ်ပါ။

ထိုးတည့်ဆောက်ရှိ စီမံကိန်းလည်း အနိုင်အမာရှိပါသည်။ သို့ဖြစ်လျှင် လူသူလည်း မနေထိုင်၊ ပစ္စည်းပစ္စယများလည်း မရှိကြတော့သည့် တိုက်ဟောင်းကြီးတွေကို ဘာကြောင့် အလုပ်ရှုပ်ခံပြီး သက်စွန့်ဆံဖျား လှည့်လည်စစ်ဆေးနေရပါသနည်းဟု မေးခွန်းထုတ်လာစရာ ရှိနေပါသည်။

ခေတ်သစ်မြို့ပြလူနေမှုစနစ်ထဲတွင် မပျောက်နိုင်သေးသော အကျင့်ဟောင်း စရိုက်ဟောင်း၊ အကျင့်ပျက် စရိုက်ပျက်အချို့နှင့်အတူ တံကြမ်းအောက်သင့်ဖြစ်ရပ်အချို့ ကျန်ရှိနေကြပါသေးသည်။ အရိုးရှင်းဆုံး ဝေါဟာရကို သုံးနှုန်းရလျှင် တရားဥပဒေ ချိုးဖောက်မှုများဟုသာ ဆိုရပါလိမ့်မည်။

ကျွန်တော်က အလုပ်တာဝန်မှာ တရားဥပဒေ ချိုးဖောက်မှုများကို ကာကွယ်တားဆီးဖို့ နှိမ်နင်းအရေးယူဖို့ဖြစ်သည်။ ထိုတာဝန်အတွက် ကျွန်တော်သည် ပြည်သူလူထုထံမှ ဝန်ထမ်းလစာငွေကောင်းကောင်း ရယူထားခဲ့ပါသည်။ သူ့ဆန်စားလျှင် ခံရပါလိမ့်မည်။ ထို့ပြင် ကျွန်တော်၏ ဇီဇောတ်အစ်တွင် တရားဥပဒေ ချိုးဖောက်သူများကို မုန်းတီးရွံရှာမှု အပြည့်ရှိပါသည်။

စင်စစ် လူသူစွန့်ပစ်ထားခဲ့သော အဆောက်အအုံဟောင်းများဆိုသည်မှာ တရားဥပဒေ ချိုးဖောက်သူများနှင့် အဆက်အစပ် ရှိနေတတ်ကြသော နေရာဌာနများလည်း ဖြစ်နေကြပါသည်။ ထိုလူမိုက်များ၏ ဝန်းစကား အသုံးအနှုန်းနှင့်ဆိုရလျှင် ထိုနေရာဌာနများသည် သူတို့၏ "ဂျကာ" များ ဖြစ်ကြပါသည်။

=◈=

တစ်ခါက ကျွန်တော်သည် လေးထပ်လူနေတိုက်ခန်းတွဲ အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်စစ်ဆေးနိုက် အိပ်ပျော်နေသော သူခိုးတစ်ယောက်ကို အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ ရေဒီယိုကက်ဆက် စသည့် သူ၏ခိုးရာပါပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ခဲ့ပါသည်။ နောက်တစ်ကြိမ်တွင်မူ အခေတ်အတန် လုံခြုံသော အဆောက်အအုံဟောင်းတစ်ခု

ထဲတွင် ပုန်းအောင်းနေကြသော ဝရမ်းပြေးတော်မြန်မာ့စလယာဝတ်ကို (၁၀)ရက် ဝေးနိုင်ရာများနှင့်တကွ ဖမ်းမိနိုင်ခဲ့ပါသည်။

ရာဇဝတ်ကောင်များသည် ကျွန်တော့်လက်ထဲမှ ကြောက်မက်ဖွယ် ကျည်ဆံအပြင်းထန်လှသည့် (၄၅)ဘိုဝက်ဘလီအမျိုးအစား ခြောက်လုံးပြူး သေနတ်ကြီးကို သေမင်းတကပင် ပိုမို၍ကြောက်ရွံ့ကြပုံ ရှိပါသည်။

တစ်ခါက ထွက်ပြေးပုန်းရှောင်နေသော လူသတ်တရားခံတစ်ဦးက ကျွန် တော့်ကို တားမြှောင်ဖြင့် အပြတ်ရှင်းဖို့ကြိုးစားရာ ကျွန်တော်က ဝမ်းနည်းစွာ ဖြင့်ပင် သူ၏ဒိုက်ကို ဖောက်ခွဲပစ်လိုက်ရပါသည်။ တာဝန်ထမ်းဆောင်နေ စဉ် ကျွန်တော့်မှာ သေနတ်သာမက ဒုတိယကမ္ဘာစစ်တုန်းက ဂေါ်ရခါးစစ် သည်တစ်ဦး ထိုးစီရောက်ရောက် အသုံးပြုခဲ့ဖူးသော ဓားကောက်ကြီးတစ် လက်လည်း ပါရှိသေးသည်။ တရားဥပဒေချိုးဖောက်ရန် ဝန်မလေးသူများ ကို တရားမွေ့ကျမ်းတစ်ပုဒ် ပြသ၍ ရှောင်းချများရန် မလိုအပ်ပါ။

"ဤအဆောက်အအုံအနီး (၁၀) ပေအတွင်းသို့မဝင်ရ၊ တွေ့ရှိက အဓေး ယူမည်" ဟု ထင်ရှားစွာ ရေးသားဖော်ပြထားသော အနီရောင်ဆိုင်းဘုတ်များ ကို ရာဇဝတ်ကောင် ဝရမ်းပြေးများသာမက ခြေသလုံးအိမ်တိုင် တလေ ကရေးများနှင့် စိတ်မနှံ့သူများကပါ အလေးထား အသိအမှတ်ပြုခြင်း မရှိ လှပါ။ ကျွန်တော်သည် ပုပ်ဟောင်သော ကိုယ်နံ့များ ရှိကြသည့် စိတ်ဝေဒနာ ရှင်များကို တိုက်ဟောင်းများထဲမှ ဒိမိကိုယ်တိုင် ရှာဖွေလှန်းပြီး ခံစားရရင်းမှ မကြာခဏ ဆိုသလို ဆွဲထုတ်ပစ်ရလေ့ ရှိပါသည်။

တစ်ခါက ကျွန်တော် ကြုံတွေ့ခဲ့ရသောအဖြစ်ကမူ ရင်နာစရာကောင်းလှ ကောင်းလှသည်။ ငြိမ်သွန်တိုက်ပျက်ကြီးတစ်လုံးထဲတွင် အခြေအနေမဲ့ကံဆိုး မိုးမှောင်ကျနေကြရရှာသူ မိသားစုတစ်စုကို တွေ့ခဲ့ကြရပြီး သူတို့ကတော့ တိုက်ပျက်ကြီးကို နန်းတော်ကြီးတစ်ဆောင်သဖွယ် ထင်မြင်ခံစား၍ မှီခိုနေ ထိုင်လျက် ရှိကြပါသည်။

သူတို့က ကျွန်တော့်ခြေသလုံးကို ဝိုင်းဖက်ကြသည်။ နွေရာသီကုန်ဆုံးသည့်အထိ နေထိုင်ခွင့်ပြုပါရန် အသနားခံကြသည်။ ကျွန်တော်က သူတို့ကို (၇)ရက်နိုးတစ်ပေးပြီး ခွင့်ပြုလိုက်ပါသည်။ နောက်တစ်နေ့တွင် ရုတ်တရက် ငလျှင်အသေးစားတစ်ခု လှုပ်ခတ်စဉ်သကာလ ညအချိန်၌ ထိုတိုက်ပေါင်းကြီး ပြိုကျသွားခဲ့သည်။ ထိုမိသားစုအလောင်းများကို ခက်ခဲစွာ ဆွဲထုတ်နေကြပုံကို ကျွန်တော် ပင့်သက်တရှိုက်ရှိုက်ဖြင့် သွားကြည့်ခဲ့ရပါသည်။

=◈=

ယခုနေ့ ကျွန်တော် တာဝန်ကျသော နေရာဌာနမှာ တစ်ချိန်က ဒီဇကြိုတ် တကြည့်တိုက်နှင့် ရှေးဟောင်းပြတိုက်တို့ကို တွဲဖက်ထားခဲ့ဖူးသော အုတ်နီတိုက်ဟောင်းကြီးတစ်လုံးဖြစ်ပါသည်။ အဆောက်အအုံကြီး၏ ဗိသုကာပုံစံမှာလည်း ဗိတိုရိယခေတ် ဗိသုကာလက်ရာနှင့် ခေတ်သစ်ဗိသုကာဟန်တို့ ပေါင်းစပ်ထားသဖြင့် မှုညားတည်ငြိမ်မှုနဲ့ ချောက်ချားဖွယ် ခံအားစက်စက် အသွင်ကိုဆောင်လျက် ရှိသည်။ သည်းထိတ်ရင်ဖိုရုပ်ရှင်ကားများထဲတွင် ပါဝင်လေ့ရှိသော မကောင်းဆိုးဝါး စံအိမ်ကြီးတစ်လုံးနှင့်ပင် တူသယောင် ရှိပါသည်။

အဆောက်အအုံထဲတွင် ပရိဘောဂနှင့် အဖိုးတန် ပစ္စည်းပစ္စယများ ဘာတစ်ခုမှ မကျန်တော့သော်လည်း မသမာသူများအတွက် အကျိုးစီးပွား အနည်းငယ်ဖြစ်ထွန်းနိုင်သည့်အရာဝတ္ထုများ ကျန်ရှိနေခဲ့ကြပါသည်။ သူတို့သည် အဆောက်အအုံထဲမှ ကြမ်းခင်းကျောက်ပြားများ၊ နံရံကပ်ကြွေပြားများ၊ တံခါးများမှ မှန်ချပ်များကိုသာမက သတ္တုရေပိုက်များကိုပါ ဖြုတ်ခွာခိုးယူခဲ့ကြသည်။ ထိုမျှသာမက အကောင်းစား ကြွေရည်သုတ်အိမ်သာ ကမုတ်ခွက်ကြီးများကိုပါ ခိုးထုတ်ခဲ့ကြသည်။ ထိုသူခိုးများသည် "စုပါမင်း" ကဲ့သို့သော စွမ်းအားရှိလျှင် အဆောက်အအုံကြီး တစ်လုံးကိုပါ မ,ယူလစ်ပြေးသွားကြလေမလား မဆိုနိုင်ပေ။

ထို့ကြောင့် သက်ဆိုင်ရာဌာနမှူး ညှိနှိုင်းမှု အစီအစဉ်တစ်ရပ်ဖြင့် ထိုအဆောက်အအုံကြီးသည် ကျွန်တော်တို့၏ ကာကွယ်စောင့်ရှောက်မှုအောက်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ဤစာကြည့်တိုက်နှင့် ပြတိုက်ဟောင်းကြီးကို အခါအားလျော်စွာ ရှောင်တခင် စစ်ဆေးကြည့်ရှုပေးရပါသည်။ အခြားအဆောက်အအုံဟောင်းများနှင့် မတူသောအချက်မှာ ဤတိုက်အိုကြီးသည် ပိုမိုလုံခြုံခိုင်ခံ့နေခြင်းဖြစ်ပြီး ယင်း၏တံခါးများကို တော်ရုံတန်ရုံ ဘူဒိုဇာတစ်စီးပင်လျှင် ခက်ခက်ခဲခဲ ဖျက်ဆီးဖွင့်လှစ်ရပါလိမ့်မည်။ တံခါးမကြီးလေးခုမှ အာမခံသော့ခလောက်ကြီးများဆိုလျှင်လည်း "အစက်ထလင်း" ဂဟေဆော်မီးတောက်ဖြင့် အရည်ပျော်ရုံမှ ဖွင့်သွားနိုင်ပါသည်။

အိမ်ဘာ ကမုတ်ဆိုးလောက်သော ခိုးယူရှင်သူများသည် ဤအဆောက်အအုံထဲသို့ ခွန်အားစိုက်ထုတ်၍ အပင်ပန်းခံ ဝင်ရောက်ကြလိမ့်မည်ဟူ၍ ကျွန်တော် မထင်ပါ။ သို့သော် ကျွန်တော့်အတွက် တာဝန်သည် တာဝန်သာဖြစ်ပါသည်။ အင်္ဂလိပ်နီတိစာရေးဆရာကြီး "ဆင်မြူရယ် စမိုင်း" ကလည်း "လူ့ဘဝ၏ နေရာဌာနတိုင်းတွင် တာဝန်ရှိသည်" ဟု ရေးသားမိန့်ဆိုခဲ့ပါသည်။

"ဟေ့ - ရှာတိတ်၊ ငါတော့ မူဘုရင်မ ပန်းဆွာမင်းသမီးနဲ့ စကားပြည့်သွားပြောရင်း စကားလေး ဘာကလေး နားနားနေနေ ဖတ်လိုက်ဦးမယ်ကွာ။ မင်း နာရီဝက်ရတော့ အညောင်းဖြေ လမ်းလျှောက်နေလိုက်ဦးပေါ့"

ထုံးစံအတိုင်း ကျွန်တော်က လုပ်ဖော်ကိုင်ဖက် အကူရဲဘော်ကလေးကို ခပ်ရွှင်ရွှင် လှမ်းပြောရင်း တိုက်ဟောင်းကြီး၏ ထပ်ဝင်အောက်သို့လျှောက်လာခဲ့ပါသည်။ ကျွန်တော် လမ်းလျှောက်ရင်း ကျွန်တော်၏ခါးနောက်ကိုယ်ရှိ လုပ်ငန်းသုံးတန်ဆာပလာ ဓါးရာများထဲမှ ချွင်ချွင်ရွှင်ရွှင် အသံမြည်လျက် ရှိပါသည်။ ကျွန်တော်၏ သွင်ပြင်ပုံစံမှာ အဆောက်အအုံ အင်ဝင်ဝတ်တော်တစ်ဦးထက်စာလျှင် သတ္တုတွင်းအလုပ်သမားတစ်ယောက်နှင့် ပိုမိုတူနေပါသည်။

ကျွန်တော့်ချောကိုယ်ပေါ်တွင် အစလေးမျိုးနီ ပေါင် (၁၀၀) နီးနီးရှိသည့် ပစ္စည်းကိရိယာတွေ ချိတ်တွယ်ထားကြပါသည်။

=◈=

ကျွန်တော် ဆောင်းထားသော ဦးထုပ်သံခမောက်ရှေ့တွင် ဘက်ထရီလျှပ်စစ်အားသုံး မီးလုံးတစ်လုံး တပ်ဆင်ထားပါသည်။ ကျွန်တော်၏နှာခေါင်းတွင် နှာခေါင်းညှပ်ကလေးနှင့်တွဲလျက် မိုက်ကရိုဖုန်းကလေး ပါရှိသည်ကိုလည်း တွေ့မြင်ရပါလိမ့်မည်။ မြစ်ပရှိ အကူခဲတော်နှင့် ဆက်သွယ်ရာတွင် အသုံးပြုရန်ဖြစ်သည်။ အခဲ ဆောက်အအုံတစ်ခုထဲသို့ ကျွန်တော် ဝင်ရောက်သွားသည်နှင့် နှာခေါင်းမှ အသံဖမ်း ကိရိယာကလေးက စတင်အသက်ဝင်လာမည် ဖြစ်သည်။ ရှေ့မှ မီးသီး မတော်တဆ ပျက်စီးသွားလျှင် အစားထိုး အသုံးပြုရန် ကျွန်တော့်တွင် အားကောင်းသော (ရေအောက်မှာပါ အသုံးပြုနိုင်သော) လက်နှိပ်ဓာတ်မီးတစ်လက် ပါရှိပါသေးသည်။

အထူးခြားဆုံးပစ္စည်းမှာ ကျွန်တော် ကျောပိုးထားသည့် အောက်စီဂျင်ဘူးပင် ဖြစ်သည်။ မြေတိုက်ခန်းများထဲသို့ ဆင်းသက်ရာတွင် အောက်စီဂျင်လိုအပ်ပါက ယင်းဘူးကို မိနစ် (၂၀) ကြာမျှ အသုံးပြုနိုင်မည်ဖြစ်သည်။ ကျွန်တော်၏ညာဘက်လက်ထဲတွင် နစ်ဖက်ချွန် ပေါက်ပြားအသေးစားတစ်ခု ကိုင်စွဲထားပါသည်။

ရှေးဟောင်းသုတေသနသမားများလည်း ထိုပေါက်ပြားမျိုးကို အသုံးပြုတတ်ကြသည်။ ကျွန်တော်၏ သားရေခါးပတ် တစ်ဖက်တစ်ချပ်စီတွင် ရေဘူးနှင့် သေနတ်ဝတ္တုအိတ် ချိတ်ဆွဲထားပြီး တင်ပါးတစ်ဖက်၌ ဂေါ်ရခါးဓားကောက်ကြီး ပါရှိသည်။

ကျွန်တော်၏ ဂျက်ကက်အင်္ကျီအိတ်ကပ်များထဲတွင် ပလိုင်ယာ၊ ဝက်အူလှည့်၊ လျှပ်စစ်စမ်းကက်တော၊ မှန်ဘီလူးဖိန့်သွားစေသော တိုလီမိုလီ လက်

သုံးကိရိယာကလေးတွေလည်း ပါရှိကြသည်။ အစရေးပေါ်သုံး လျှပ်စစ်ဖယောင်းတိုင်တစ်တိုင်လည်း ကျွန်တော် ဆောင်ထားရသေးသည်။ ဓာတ်ငွေ့သုံး စက်ပိုင်းမီးခြစ်တစ်လုံးနှင့် လျှပ်စစ်သုံး သံဖြတ်လွှငယ်ကလေးတစ်စုတို့လည်း ကျွန်တော့်မှာ ပါရှိကြသည်။ စစ်မြေပြင်ရှိ ခြေလျင်တပ်သားတစ်ဦးမှာပင်လျှင် (လက်နက်ခဲယမ်းကလွဲ၍) ကျွန်တော့်လောက် ကိရိယာတန်ဆာပလာ မစုံလင်နိုင်ပါ။

အဆောက်အအုံပေါင်း စစ်ဆေးသည့်အင်စပိတ်တော် တစ်ဦးအနေဖြင့် ဤမျှ တိုလီမုတ်စ တန်ဆာပလာတွေများရန် မလိုအပ်ဟု အချို့က ထင်ကောင်း ထင်ကြလိမ့်မည်။ ကျွန်တော်တို့ဌာနကတော့ အမြင်တစ်မျိုးရှိပါသည်။ SAFELY FIRST လုံခြုံရေးအသိကဆိုသော ဆောင်ပုဒ်မှာ ကျွန်တော်တို့ဌာန၏ အထူးဦးစားပေး ပေါ်လစီ ဖြစ်ပါသည်။

ယုတ်စွအဆုံး ပြောရလျှင် ကျွန်တော် စီးနင်းထားသော ဘွတ်ဖိနပ်သည်ပင်လျှင် မီးမစွဲနိုင်သော ဓာတုသားရေတုဖြင့် ချုပ်လုပ်ထားပြီး ထိုဘွတ်ဖိနပ်ဖြင့် ခြေထောက်ကို ရေလုံးဝမစိုစွတ်စေရပဲ ရေထဲမှာ (၁)နာရီကြာ နေနိုင်ပါသည်။

= ◈ =

အဆောက်အအုံကြီးထဲသို့ ပင်မတံခါးမကြီးကို သော့ဖွင့်၍ ကျွန်တော်ဝင်လာခဲ့ပါသည်။ ဝင်လိုက်သည်နှင့် ခန်းမငယ်တစ်ခုထဲသို့ ရောက်ရှိခဲ့ပြီးညာဘက်သို့ ချိုးကွေ့လျှင် စာကြည့်တိုက်အဖြစ် အသုံးပြုခဲ့သော အဆောင်များဆီသို့ ရောက်နိုင်ကာ ဘယ်ဘက်သို့ ချိုးကွေ့လျှင် ရှေးဟောင်းပစ္စည်းပြတိုက်အဖြစ် အသုံးတော်ခံခဲ့ရာ ကျယ်ဝန်းသော အခန်းဆောင်များဆီသို့ ရောက်ရှိမည်ဖြစ်သည်။ လွန်ခဲ့သော တစ်လနီးပါးခန့်က ဤတိုက်ဆိုကြီးကို ကျွန်တော်ပထမတစ်ကြိမ် လှည့်လည်စစ်ဆေးပြီးခဲ့ပါပြီ။

နောက်ဆုံးနေထိုင်စောင့်ရှောက်သွားခဲ့ကြသော ဝန်ထမ်းများ စွန့်ထားရစ်ခဲ့ကြသည့်အတိုင်း၊ အပျက်အစီးလုံးဝမရှိဘဲ တံခါးများအားလုံးကလည်း ကြံ့ခိုင်တောင့်တင်းစွာ ပိတ်လျက်သားရှိနေကြပါသည်။ လူများမရှိကြတော့သဖြင့် စားရေရိက္ခာ ရရှိရန် စက်ခဲကုန်ကြသည့် ကြွက်များ၊ ပိုးများလည်း မရှိကြတော့ပါ။ ကျွန်တော်၏ စေ့စေ့စပ်စပ် ရှာဖွေစစ်ဆေးမှုထဲတွင် ပိုးဟပ်တစ်ကောင်၊ ပုရွက်ဆိတ်တစ်အုံမျှကိုပင် မတွေ့ခဲ့ရပါ။ သို့သော် တံခါးမကြီးများရှိ ကျွန်းသား၊ ယိုးအသားပန်းကနုတ်များကို ခိုးယူရန် ကြိုးစည်နေကြသည့် လူအချို့ ကျိုမြို့တော်ထဲမှာ ရှိနေကြမှာကတော့ သေချာသည်။

မိုးလေဝသအခြေအနေ ကောင်းမွန်သာယာသော နံနက်(၁၀)နာရီအချိန်ခန့်ဖြစ်သော်လည်း အလင်းပိတ်တံခါးများချည်းသာ ရှိကြပြီး ထိုတံခါးပေါက်များအားလုံးကို သေချာကျနစွာ ပိတ်ဆို့ထားခဲ့ခြင်းကြောင့် အဆောက်အအုံအတွင်းပိုင်းမှာ မြေအောက်ခေါင်းတလားတစ်လုံးထဲမှာထက်ပင် ပို၍ မှောင်မိုက်နေသကဲ့သို့ ထင်ရပါသည်။ ကျွန်တော်၏ ဓာတ်မီးလုံးက ရှေ့ဘက်မီတာ (၂၀) ခန့်အထိ ဖြာလက်သော အလင်းစက်ဝန်းကို ဖြန့်ခင်းပေးထားပါသည်။ ကြာမြင့်စွာ အလင်းမရခဲ့၊ လေလုံလောက်စွာ မရခဲ့သဖြင့် အဆောက်အအုံထဲတွင် ဖုန်နံ့မှုံ့မှုံ့ ဟောင်နေပါသည်။ ကျွန်တော် ယဉ်ပါးနေသောလေမျိုးဖြစ်၍ ကျွန်တော် စိတ်အနှောင့်အယှက် လုံးဝမခံစားရပါ။

=◈=

ကျွန်တော်လည်း ရှေးဟောင်းပစ္စည်းပြ တိုက်ဟောင်းဘက်အခြမ်းကို ဦးစွာစစ်ဆေးပါသည်။ ခန်းဆောင်များအားလုံး ဟာလာဟင်းလင်းဖြစ်နေကြပြီး သေတ္တာအခွံများနှင့်သာ တွေ့နေပါသည်။ မှန်အကြည်များ ကာရံထားသည့် အခန်းများထဲတွင် သဘာဝအလျောက် ဆင်ယင်ရင်းကျင်းလျက်သား

ရှိနေကြသော ဝိုးရှည်မျှင်ကွန်ယက်များကို တွေ့မြင်ရသော်လည်း အလှ တရား အာရုံနိုးကြားစေနိုင်သောမြင်ကွင်းမျိုး မဟုတ်ပါ။

ကျွန်တော်က အားကောင်းသော လက်နှိပ်ဓာတ်မီးကိုသုံးပြီး ဝန်းရာ အနှံ့ကို စေ့စေ့စပ်စပ် ကြည့်ရှုခဲ့ပါသည်။ ဖုန်များ၊ ဝိုးအိမ်မျှင်များမှလွဲလျှင် ဘာမှမတွေ့မြင်ရပါ။ ယခင်တစ်ချိန်တုန်းကလည်း ဤခန်းမများသည် များ သောအားဖြင့် အေးအေးစက်စက် တိတ်ဆိတ်နေခဲ့ကြပါပြီး ယခု တိတ်ဆိတ် မှုကတော့ အသက်ဓာတ်ကင်းမဲ့လှသည်ဟု ကျွန်တော် ထင်မြင်မိပါသည်။ ဤသို့ တိတ်ဆိတ်အားကြီးခြင်းသည် များမကြာမီကာလတစ်ခုတွင် ဤ အဆောက်အအုံကြီးကို ပြိုရျက်ဆီးယင်ကြမည့် ဘုရားတကာရိုန်းတားကြီးများ၏ နားကွဲမတတ် ရှည်ပေါက်ကွဲမှုကို စောင့်ဆိုင်းနေသည့် အစီအစဉ်များ လားဟု ကျွန်တော် တွေးမိပါသည်။

"ပေ့ - ရာတိတ်၊ ဒီနေ့ ဒွတ္တဓိဘောင်နဲ့ ပန်တွာမင်းသမီးတို့ စည်စီမံပွဲတစ် ခုခု သွားနေကြပုံရတယ်ပေ့၊ သူတို့နဲ့ မတွေ့ရဘူး။ ငါ စာကြည့်တိုက်ဘက် ကူးတော့မယ်"

ဟု ကျွန်တော်က အပြင်ဘက်ရှိ အကူရဲဘော်ကလေးထံ ထုံးစံအတိုင်း ဟာသသ ရောနှော၍ အကြောင်းကြားလိုက်သည်။

"ဒီလိုဆိုရင်လည်း နရသီဟပတေ့ဘုရင်နှင့် ထမင်းလက်ဆုံ ဝင်စားခဲ့ ပါလား။ ထမင်းဆိုင်မှာ ဆရာရှာလို့မရဘူးဆိုတဲ့ လိပ်ဥတို့၊ မြွေဖွေးဆီပြန် ဟင်းတို့ကို နရသီဟပတေ့ ဟင်းပွဲတော်ခုစ်ထဲမှာ ဆရာတွေ့နိုင်တယ်"

ဟု သူကလည်း အရွှန်းစကား တုံ့ပြန်လာသည်။

ကျွန်တော်သည် စိတ်မပါဘဲ ရယ်မောလိုက်ပြီးနောက် မြတ်ဂိုက်တံခါး ကို သော့ဖွင့်၍ စာကြည့်တိုက်ဘက်သို့ပြန်လျှောက်လာခဲ့သည်။ စာကြည့် တိုက်ခန်းဘက်မှ ခန်းဆောင်များမှာလည်း ယခင်က ထားရှိခဲ့ကြသော စားပွဲ၊ ဘုလားထိုင်၊ ဗီရို၊ စာအုပ်စင်၊ စာအုပ်သေတ္တာများ မရှိကြတော့သဖြင့် သေတ္တာ များနှင့်သာ တူနေကြပါသည်။ ယခင်က သမိုင်းဝင် ဆီဆေးပန်းချီကားချပ်

ကြီးများ ရိုတ်ထွဲထားလေ့ရှိသည့် နံရံများမှာ မျက်စိ နာစေမင်း ပါးဝင်ဝင်ဘော အင်္ဂါများ မပါရှိသည့် မျက်နှာကြီးများလို မသဝါစရာ ဖြစ်နေကြသည်။

တကြည့်စီးစလောင်းများမှာ မီးသီးများ မရှိကြတော့သဖြင့် သွားမပါသော ပါးဝင်ပေါက်များနှင့် တူသည်ဟု ကျွန်တော် ခံစားရပါသည်။ တကြည့်တိုက်တွင် အခန်းများ ပိုမိုဖွဲ့စည်းထားသဖြင့် ဖုန်များ ပိုတူသလိုလို၊ လေနံ့ပိုမွှန်ထူပ်ဟောင်သလိုလိုရှိသည်။ ထိုလေနံ့ထဲတွင် တစ်ချိန်က ဤခန်းဆောင်များထဲမှာ လှုပ်ရှားသွားလာခဲ့ကြသော တကြည့်တိုက်ဝန်ထမ်းများ၊ တကြမ်းဝိုးများ၏ကိုယ်နံ့အကြွင်းအကျန် အရှိန်တော့ ရှိနိုင်တောင်းပါသည်။

တဖတ်ခန်းများကို တစ်ခန်းဝင် တစ်ခန်းထွက် လှည့်လည်ကြည့်ရှုရင်း ကျွန်တော် မောပန်းသလိုလို ခံစားလာမိသည်။ ကျွန်တော် တစ်ကိုယ်လုံး ချွေးစို့နေကြောင်းလည်း သတိပြုမိပါသည်။ ကျွန်တော် အသက်ရှူမဝဟု ခံစားရခြင်းမှာလည်း ဖုန်နံ့မွှန်လှသဖြင့် မကြာခဏ အသက်ရှူအောင့်ထားမိသောကြောင့် ဖြစ်နိုင်တောင်းသည်။ ဝင်စစ်အားဖြင့် သွေးအားနည်းရောဂါ မကြာခဏ ဖြစ်ပေါ်တတ်သော ကျွန်တော့်ကို ခေါင်ခေါင်မြည် ကျန်းမာသူဟု မသတ်မှတ်နိုင်ပါ။ ကျွန်တော်သည် မကြာမကြာ မူးဝေမိန်းမောတတ်ပါသည်။

နေ့ခုလ

ဒါ အပြင်ပြန်ထွက်မယ်၊ အခန်းကုန်အောင် စစ်မနေတော့ပါဘူး။ ဒါ တာဝန်မကျေတာကို ဘယ်သူက သိနိုင်မှာလဲဟု ကျွန်တော် တွေးမိသည်။ သို့ရာတွင် ကျွန်တော့်ခြေလှမ်းများက နောက်ကြောင်းသို့ ပြန်မလှည့်ပါ။ ကျွန်တော်၏ပင်ကိုသိလာတရားက အလုပ်တာဝန်ကို ဖြစ်ကတတ်ဆန်း ဝတ်ကျေတမ်းကျေ ထမ်းဆောင်ခြင်းမျိုးကို လုံးဝခွင့်မပြု မလိုက်လျောပါ။

=◈=

ကျွန်တော်သည် အဆောက်အအုံ၏ အရှေ့ဘက်အစွန်ရှာရှိ "တကြည့်တိုက်မှူး" အခန်းဆီသို့ မှောင်မည်းဖုန်ထူနေသော ကြော်လမ်းကျဉ်းအတိုင်း

ခြေတရွတ်ဆွဲ၍ လျှောက်လာခဲ့ပါသည်။ ထိုအခန်းကို ဝင်ရောက်စစ်ဆေး ကြည့်ရှု ကျွန်တော် များစွာစိတ်အား မထက်သန်လှပါ။ ထိုအခန်းထဲတွင် လူ တစ်ယောက် သေဆုံးခဲ့ဖူးကြောင်း ကျွန်တော် ကြိုတင်သတင်းရထား သည်။ စာကြည့်တိုက်မှူးအမျိုးသမီး အပျိုကြီးတစ်ယောက် ဖြစ်သည်။

သူမသည် သူမ၏စားပွဲနောက် သူမထိုင်နေကျ ဆုံလည်ကုလားထိုင် ပေါ်တွင် ထိုင်လျက်သား နှလုံးသွေးကြောပြတ်၍ သေဆုံးခဲ့ခြင်း ဖြစ်သည်။

---



ကျွန်တော်သည် အဆိပ်ရှိသော သတ္တဝါတစ်ကောင်က ရုတ်တရက်
ကိုက်ခဲခြင်း ခံလိုက်ရသလို ဆတ်ဆတ်ခါမျှ တုန်ယင်သွားကာ
အသံလာရာဘက်သို့ ဖျတ်ခနဲ လှည့်ရပ်ပြီးသား ဖြစ်သွားသည်။
ကျွန်တော့်အနေအထားပြောင်းသလို ကျွန်တော့်ထံမှ
အလင်းရောင်များကလည်း နေရာရွှေ့ပြောင်း
လင်းလက်သွားကြသည်။ ဘာမှမရှိ။

တဖဝဲရိုင်း သေဆုံးသွားခြင်းဟု ဆရာဝန်က မှတ်ချက်ချခဲ့သည်။ သူမ၏ တဖွဲ့ပေါ်တွင် သူမ၏လက်တစ်ဖက်ဖြင့် ဖိလျက်သား ဖတ်လက်စ စာအုပ် တစ်အုပ်မှောက်လျက် တွေ့ကြရသည်။ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသည့် တိဗက်ဘာသာစရေးကျမ်းစာအုပ်ကြီးဖြစ်သည်။ စာအုပ်အမည်မှာ "အသုဘ ကျမ်း"ဖြစ်သည်။ စာကြည့်တိုက်မှူး အမျိုးကြီး (အသက် ၅၅ နှစ်) သည် အသုဘကျမ်းထဲမှ ဆန်းကြယ်သော ဝိညာဉ်လောကအကြောင်းအရာများ ကို ဖတ်ရှုရင်း စိတ်အာရုံရောက်ရာမှ လွန်ကဲကာ နှလုံးသွေးရပ်ခဲ့ခြင်း ဖြစ်မည်ဟု အများက ထင်ကြေးပေးခဲ့ကြပါသည်။

စာကြည့်တိုက်မှူးသည် စာအုပ်တစ်ပေနှင့် စာကြည့်တိုက်ကို အလွန် သံယောဇဉ်ကြီးသူဖြစ်ရာ စာကြည့်တိုက်မှ မလွတ်မကျွတ်သေးဘဲ ရှိသည် ဟု ပြောသံ ဆိုသံများကိုလည်း ကျွန်တော် ကြားရသည်။ ကျွန်တော်သည် ပရလောကကို စိတ်ဝင်စားမှု အနည်းအကျဉ်း ရှိပါသည်။ နာနာဘာဝ ဝိနာ ဘာဝဆိုသူများ၌လည်း အကဲဝင်ယုံကြည်မှု ရှိပါသည်။ ခေတ်ပညာတတ် တစ်ဦးအနေဖြင့် လူ၏သာမန်မျက်စိဖြင့် မမြင်နိုင်စွမ်းသော "အီလက်ထရွန်" အမှုန်များ၊ ကြွေဝဲလာတစ်ခွင် ပျံ့နှံ့နေကြောင်း နားလည်လက်ခံသလို "တစ္ဆေ" ရှိကြောင်းလည်း မငြင်းမဆန် လက်ခံရန် အသင့်ရှိပါသည်။

သို့ရာတွင် လူသေလေ့မရှိသော နေရာမျိုးတစ်ခုဖြစ်သည့် စာကြည့် တိုက်တစ်ခုထဲတွင် လူတစ်ယောက် သွေးရိုးသားရိုး သေဆုံးခဲ့သော်လည်း ထိုသူ၏ဝိညာဉ်က စွဲကပ်ဆဲရှိကြောင်း ကြားသိထားပြီးသည့်အခါ ထိုနေရာ သို့ စိတ်ဝန်းစနောင့်မဖြစ်ဘဲ တစ်ယောက်တည်း သွားနိုင်ဖို့ မိမိ၏စိတ်နှလုံး ကိုပြုပြင်အားသွင်းပေးရပါသည်။ တစ္ဆေဖြစ်နေသော စာပေမွေ့သူ စာကြည့် တိုက်မှူး အမျိုးသမီးတစ်ဦးသည် တစ္ဆေဘဝ၌လည်း သိမ်မွေ့နူးညံ့လိမ့်မည် ဟု ကျွန်တော် မျှော်လင့်ထားပါသည်။ ထို့ပြင် တာဝန်ဆိုသည်က တာဝန်သာ ဖြစ်ပါသည်။

တကြည့်တိုက်မှူးရုံးခန်းသည်ဤအဆောက်အအုံကြီးထဲတွင် အမှောင်ဆုံးအခန်း ဖြစ်ကောင်းဖြစ်ပေမည်ဟု ပထမအကြိမ် ဝင်ရောက်ကြည့်ရှုခဲ့စဉ်ကတည်းက ကျွန်တော် ထင်မြင်ယူဆခဲ့ပါသည်။ တံခါးကို သော့ဖွင့်၍ တံခါးရွက်ကို တွန်းလိုက်သည်နှင့် ဝိန်းပိတ်နေသော သိပ်သိပ်သည်းသည်း အမှောင်ထုထဲမှ ဖုန်များက ကျွန်တော့်နှာခေါင်းဝဆီသို့ ရုန်းမြူးဝင်လာကြသည်ဟု ထင်မိသည်။

ကျွန်တော်က ခမောက်သီးရော၊ လက်နှိပ်ဓါးကိုပါ ဖွင့်၍ အခန်းတစ်ခွင်လုံးကို ကြည့်ရှုပါသည်။ ဘာမျှမရှိ။ စတုဂံပုံ အခန်းလွတ်ကြီး တစ်ခုမျှသာ ဖြစ်ပါသည်။ ဘာမျှမထူးခြားပါ။ ပိုးချည်ကွန်ယက်များနှင့် ဖုန်များသာ ရှိနေကြမှန်း သေချာသည်။ ကျွန်တော် တံခါးပြန်ပိတ်ပြီး လှည့်ထွက်လာသင့်ပါသည်။ သို့သော် ကျွန်တော်၏ခန္ဓာကိုယ်က ဖုန်နံ့မွန်သော အခန်းထဲသို့ ရွေ့လျားသွားခဲ့ပါသည်။

ကျွန်တော်၏ ခမောက်ဓါးနှင့် လက်နှိပ်ဓါးတို့က တစ်ခန်းလုံးကို လင်းထိန်မနေစေနိုင်ခဲ့ကြပါ။ ကျွန်တော်၏ဘေးနှစ်ဖက်တွင် အမှောင်ထုကျဆင်းနေပါသည်။ လက်နှိပ်ဓါး အလင်းတန်းများထဲမှ အမှောင်ရိပ်များ ရိပ်ခနဲ ရိပ်ခနဲ ထွက်ပြေးနေကြပါသည်။

ထိုစဉ် စကားပြောသံ ပေါ်လာခြင်း ဖြစ်သည်။ ဂုဏ်မဖော် ယောကျာ်းကြီး တစ်ယောက်က ကျွန်တော်၏ ညာဘက် (၅)ပေခန့်အကွာ အမှောင်ရိပ်ထဲကနေ ကျွန်တော့်ကို သွေ့ခြောက်အက်ကွဲသံဖြင့် လှမ်းပြောသံမျိုးနှင့် တူလှသည်။

ကျွန်တော်သည် အဆိပ်ရှိသော သတ္တဝါတစ်ကောင်က ရုတ်တရက် ကိုက်ခဲခြင်း ခံလိုက်ရသလို ဆတ်ဆတ်ခါမျှ တုန်ယင်သွားကာ အသံလာရာဘက်သို့ ချက်ခနဲ လှည့်ရပ်ပြီးသား ဖြစ်သွားသည်။ ကျွန်တော့်အနေအထားပြောင်းသလို ကျွန်တော့်ထံမှ အလင်းရောင်များကလည်း နေရာရွှေ့ပြောင်းသွားကြသည်။ ဘာမျှမရှိ။ ပေါင်းမြည့်သော အစိမ်းနရောင်

အင်္ဂတေနံရံကြီးသာ ရှိနေပါသည်။ မဟုတ်နိုင်သေးပါ။ လူတစ်ယောက်က (မင်းဟာ တော်တော်စိတ်ပျက်စရာကောင်းတဲ့ အကောင်တစ်ကောင်)ဟု ဝီဝီသသကြီး ပြောခဲ့ပါသည်။ သေချာပါသည်။ ကျွန်တော် နားကြားမလွဲပါ။

"ဘာဖြစ်လို့ စိတ်ပျက်စရာကောင်းရသလဲဆိုရင် မင်းဟာ စိတ်ပျက်စရာကောင်းတဲ့အလုပ်တာဝန်တစ်ခုကို ထမ်းဆောင်နေလို့ပဲ"

ဟူ၍ ထွက်ပေါ်လာသော အသံက ကျွန်တော်၏နောက်ကျောဘက်မှ ပေါ်ထွက်လာပြန်သည်။ စာစာက အသံရှင်မှန်းသေချာပါသည်။ ခြောက်ကပ်ကပ်နိုင်လှသော်လည်း အလွန်ဝီသရှင်းလင်းပါသည်။ ကျွန်တော့်မှာ အံ့ဩမှုပဲ ရှိပါသည်။ ထိတ်ထိတ်လန့်လန့် မခံစားရသေးပါ။ ကျွန်တော်က နောက်ကိုယ်ကို(၁၈၀)ဒီဂရီလှည့်စောင်းပစ်လိုက်ပါသည်။ ရှင်းလင်းတောက်ပသော အလင်းထဲတွင် ဘာမျှမရှိ။ အကောင်အထည် ဖြစ်တုမဆိုနှင့် အရိပ်အယောင်ပင် မရှိ။

"မင်း – ငါ့ကို ရှာလို့မတွေ့နိုင်ဘူး။ ငါ့ကို ဘယ်သူမှ မမြင်နိုင်ဘူး။ ဒါပေမဲ့ – ငါက ကိုယ်ပျောက်လူ မဟုတ်ဘူး။ တစ္ဆေလည်း မဟုတ်ဘူး။ ရုပ်မရှိဘဲ နာမ်ချည်းသက်သက်ရှိတဲ့ ဒေဝလောကသားလည်း မဟုတ်ဘူး။ ငါဟာ ငါပဲ။ ငါ့ဖြစ်တည်မှုသဘောနဲ့ ငါရှိနေတဲ့ဖြစ်တည်မှုတစ်ခုပဲ။ ငါ့ကိုမြင်တွေ့ဖို့ မကြိုးစားပါနဲ့။ မင်း မောသွားမယ် – ငါ့လူ။ ငါဆိုတဲ့ကောင်ကို တစ္ဆေတွေကတောင် တွေ့အောင် မရှာနိုင်ဘူး မှတ်ပါ"

=◈=

မယုံချင်စရာကောင်းလောက်အောင် ဆက်လက်ထွက်ပေါ်လာနေသော စကားသံက ကျွန်တော်၏လက်ဝဲဘက် မှောင်ရိပ်ထဲမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

အမှန်တကယ် လိုအပ်သော သတိ၊ သိမှတ်စိတ်ဝင်လာပြီ၊ ကျွန်တော်၏ နှုတ်ခမ်းများအနီးမှာ အသင့်ရှိနေခဲ့သည့် မိုက်ကရိုဖုန်းငယ်ကလေးဆီသို့ အရေးတကြီး စကားပြောလိုက်ပါသည်။

"ဟဲလို - ရှာတိတ် - ရှာတိတ် - ဒါပြောတာ ကြားလားဟေ့"

ကျွန်တော်အသံသည် ကျွန်တော်နှင့် မီတာ (၅၀) ခန့်အကွာမှာ ရှိနေမည့် အကူရဲဘော်ကလေးဆီမှ ဆက်သွယ်ရေးစက်ထဲသို့ ချက်ချင်းဝင် ရောက်သွားမည် ဖြစ်သည်။

"ဟုတ်ကဲ့ - ဆရာ၊ ကျွန်တော် ကြားပါတယ်"

ဟူသော တုံ့ပြန်သံကို ကျွန်တော် ကြားရပါသည်။

"မင်းစက်ထဲမှာ တခြားဘာစကားသံ ကြားရသေးလဲကွ"

"ရှာ - ဆရာပြောတာ ကျွန်တော် သဘောမပေါက်ဘူး"

"ဒို့အသံအပြင် တခြားဘယ်သူ့အသံ ကြားရသေးလဲလို့ မေးတာ"

အကူရဲဘော်ဘက်မှ စတွန့်အနည်းငယ်ကြာ တိတ်ဆိတ်နေသည်။

"ဆရာမေးပုံက အထဲမှာ ဆရာ့အပြင် တခြားတစ်ယောက်ယောက် ရှိနေသလိုပဲ၊ ကျွန်တော်တော့ ဆရာ့အသံတစ်ခုပဲ ကြားတယ်"

ကျွန်တော် ရင်ဆိုင်နေရသော အခြေအနေက ရှုပ်ထွေးဆန်းကြယ်နေမှန်း ကျွန်တော် နားလည်သော်လည်း အကူရဲဘော်ကို လတ်တလော ထုတ်မပြောချင်သေးသဖြင့် ကျွန်တော် နှုတ်ပိတ်ထားလိုက်ပါသည်။ ထိုအခိုက်မှာပဲ အမှောင်ထဲမှ စကားသံက ဆက်လက်ပေါ်ထွက်လာပြန်သည်။

"အမှန်တော့ကွာ - ဒို့အပြင်မှာ မင်းတစ်ယောက်တည်း စိတ်ပျက်စရာ ကောင်းနေတာ မဟုတ်ဘူး။ လူအားလုံးဟာ စိတ်ပျက်စရာ ကောင်းနေတာ ပဲ"

သဘာဝကျကျ ဖြစ်ပေါ်လာရမည်ဆိုလျှင် ကျွန်တော့်အနီးမှ ပေါ်ထွက်နေသော စကားသံသည် ကျွန်တော်၏ မိုက်ကရိုဖုန်းမှတစ်ဆင့် အကူရဲဘော်ထံ ရောက်ရှိပြီး သူလည်း ကြားသိနိုင်ရမည်သာ ဖြစ်သည်။

"ဟဲလို - ရှာတီတ် - မင်း ဘာကြားလိုက်သလဲဗျ"

ဟု ကျွန်တော် အော်ပြောလိုက်ပါသည်။ တုံ့ပြန်မှုမရပါ။ အသံရှင်ကတော့ သက်သောင့်သက်သာ အသံမျိုးဖြင့် စကားဆက်ပြောနေသည်။

"လူတွေဟာ ကံတရားရဲ့ ပိုးမိုးစီမံမှုအောက်မှာ အသက်ရှင်နေကြရတာကို မေ့လျော့နေကြတယ်။ ကံတရားက ဖြစ်ပျက်ပြောင်းလဲခြင်း သဘာဝကြီးကို တိတိကျကျ ဖန်တီးကြိုးကိုင်နေတာကို ငါ ကောင်းကောင်းသိတယ်။ ရုတ်ခဲအကျိုးအပဲ့ပုံကြီးဘဝ ရောက်တော့မယ့် ဒီတိုက်အိုကြီးကို မင်း ဘာကိစ္စ လာကြည့်နေရတာလဲ။ ဒါဟာ အလုပ်ပိုသက်သက်ပဲ။ တခြားအကျိုးရှိတဲ့အလုပ်ကို လုပ်ပါလား။ ဒီတိုက်ကြီးကို မကြာခင် ဖြိုချပစ်တော့မှာ မဟုတ်လား။ ဒီနေရာမှာ အဆောက်အအုံအသစ်တစ်ခု ဆောက်ဦးမှာပေါ့။ ဒါဟာ ဖြစ်ပျက်ပြုပြင်မှု သဘာဝရဲ့ အစိတ်အပိုင်းပဲ။ ဒီထက်မပိုဘူး"

ကျွန်တော်က နေရာမရွေ့ဘဲ ငြိမ်သက်စွာ ရပ်နေလိုက်သည်။ ပြီးလျှင် အကူရဲဘော်ဆီသို့ ထပ်မံအော်ဟစ် ညွှန်ကြားလိုက်ပြန်သည်။

"ဟေ့ - ရှာတီတ် - ငါ့ဘက်က အသံတွေကို ပီပီသသကြားရအောင် မင်းဖက်က (ရစီဗာ)ကို အသံညှိပြီး ဖမ်းထားစမ်း။ ငါပြောတာ ကြားလား"

"ကြားတယ် - ဆရာ။ ဆရာပြောတာ အကုန်ပီပီသသ ကြားတယ်။ ဆရာ - တစ်ခုခုဖြစ်နေသလား။ ကျွန်တော် ဝင်လာခဲ့ရမလား"

အကူရဲဘော်၏အသံကို ကျွန်တော် ကောင်းစွာကြားရသည်။ ကျွန်တော် နားမလည်နိုင်သောအချက်မှာ ကျွန်တော့်အနီးမှာ ပေါ်ထွက်နေသောအသံကို သူ့ဘက်မှ ကြားသိနိုင်သော အဆက်အသွယ်ရှိပါလျက် သူ မကြားရဘဲ ရှိခြင်းကိုဖြစ်ပါသည်။ ကျွန်တော် ကြားနေရသော စကားသံသည် ကျွန်တော်၏အာရုံမှောက်မှားမှု သက်သက်ပေလော။

"မင်း မလာခဲ့ပါနဲ့။ လိုအပ်တော့မှ ငါခေါ်မယ်။ လောလောဆယ် ငါ လုပ်စရာလေးတစ်ခု ရှိနေတယ်။ မင်းဘက်က ဝင်လာတဲ့အသံမှန်သမျှကို သာ လွှတ်မသွားစေရအောင် အာရုံစိုက်ပြီး နားစွင့်ထောင်နေပါ"

ဟု ကျွန်တော်က ရှင်းလင်းပြတ်သားစွာ ညွှန်ကြားခဲ့ပါသည်။

မှောင်ထဲမှ အသံရှင်ကလည်း ကျွန်တော် စကားပြောရှိန်တွင် ငြိမ်သက်နေခဲ့ပြီး ကျွန်တော် စကားပြောရပ်လိုက်မှပဲ သူ၏ ပုံမှန်ခြောက်ကပ်ကပ်အသံကြီးဖြင့် စကားဆက်လာပါသည်။

"မင်းမှတ်ထားစမ်း။ ဘယ်သူမဆို ကိုယ်ဖြစ်ချင်တာ ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ကံတရား ဖြစ်စေချင်တာပဲ ဖြစ်ရတယ်။ ငါဟာ ပထမတော့ ဓါသနာဝီဇအရ ကမ္ဘာလောကကြီးတစ်ခုလုံးအပေါ်မှာ ဩဇာလွှမ်းမိုးနိုင်တဲ့ စာရေးဆရာကြီး ဖြစ်ချင်ခဲ့တာပေါ့။ ဒါပေမဲ့ - မန်လည်ဆရာတော်တို့လို၊ လယ်တီပဏ္ဍိတဦးမောင်ကြီးတို့လို ကြီးကျယ်တဲ့ တရားဆရာကြီးတွေတောင် လမ်းခုလတ်မှာတင် ချုပ်ဆိုင်းသွားခဲ့ကြရတယ်၊ အင်မတန်ကြီးကျယ်တဲ့ အင်္ဂလိပ်ကဗျာဆရာ ဘိုင်ရွန်လည်း ကျဆုံးသွားတယ်၊ အင်မတန်ကြီးကျယ်တဲ့ ရုရှားစာရေးဆရာ တော်စတွိုင်းလည်း ကျဆုံးသွားတယ်။

ငါတို့ မြန်မာစာပေလောကမှာ အလွန်ထွန်းတောက်တဲ့ စာရေးဆရာဇန်းမော်တင်အောင်ဟာလည်း စာအုပ်ကလေး နည်းနည်းပါးပါး ရေးထားပစ်ခဲ့ပြီး ဆုတ်ခွာသွားခဲ့ရတာပဲ၊ ရယ်စရာတွေ တော်တော်ရေးတတ်တဲ့ သော်တာဆွေဆိုတဲ့ စာရေးဆရာရော အခု ဘယ်မှာလဲ၊ အနိုင်ရကြီး ဖြစ်နေပြီမဟုတ်လား။ အဲဒီလိုမျိုး - အဲဒီလိုမျိုး စာရေးဆရာတွေကို ကြည့်ရှုသုံးသပ်ပြီး ငါ စာရေးဆရာဖြစ်ချင်တဲ့ဆန္ဒတွေ အပြီးအပိုင် ဖျက်ဆီးရေချွန်းပစ်လိုက်တယ်"

အသံရှင်သည် ဝို၍ အသံတည်ငြိမ်လာကြောင်း ကျွန်တော် သတိပြုမိပါသည်၊ သူ၏စကားများကလည်း အဆက်အစပ်ရှိရှိ အဓိပ္ပာယ်ထွက်နေသည်ဟု ထင်ပါသည်။

=◈=

ရုတ်တရက် ကျွန်တော် ရင်းစိမ့်စိမ့် ဖြစ်လာရပါသည်။ အဆမတန် ယိုစီးထွက်အန်နေကြသော သွေးများက တစ်ကိုယ်လုံးမှာ ညှိစို့နေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ကြောက်ရွံ့ရောက်ရှားစိတ် ဝင်ရောက်စပြုလာသော ကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။

စကားသံက ကျွန်တော်နှင့် ပိုနီးကပ်လာသည်ဟုလည်း ကျွန်တော် ထင်နေသည်။

"ဒါက ပြတ်ထွက်လွင့်စဉ်ပြီး မြေကြီးပေါ်မှာ ဖော်လီလုံးလို တလိမ့်လိမ့် ပြေးနေတဲ့ ငါ့ခေါင်းနောက်ကို ပြေးလိုက်သွားတယ်။ ငါ့ကိုယ်ခန္ဓာမှာ ခေါင်း မရှိရင် မဖြစ်ဘူးလေ၊ ငါ့ခေါင်းကို ငါ ပြန်ကောက်ရမှာပေါ့။ ငါ့ခေါင်းနောက် ကို ငါ အမောတကော ပြေးလိုက်နေရတုန်း ရန်သူရဲ့နောက်ထပ် မော်တာ ကျည်ဆန်ကြီးတစ်လုံးက ငါ့ဗိုက်ကို တည့်တည့်ကြီး ဝင်မှန်တော့တာပဲ။ မှန်ရုံတင် ဘယ်ကမလဲ၊ ငါ့ဝမ်းတွင်းကလီစာတစ်ပြုံလုံးသာမက ကစ်ပယ် အိတ်ပါမကျန် ဆွဲထုတ်သွားတော့။

အခုဆိုရင် ငါ့ခန္ဓာဟာ နံရိုးအိမ်သက်သက်နဲ့ ပေဟာင်းလောင်းကြီးပေါ့ ကွာ၊ အဖြစ်ဆိုးတယ်လို့ မင်းထင်သလား။ မထင်နဲ့။ ငါ သိပ်ကံကောင်းသွား တာ။ သူမတူအောင် ကံကောင်းသွားတာပဲ၊ ငါ့မှာ ခေါင်းမရှိတော့ ဦးနှောက် မရှိဘူး။ ဦးနှောက်မရှိတော့ စဉ်းစားတွေးခေါ်စရာ မလိုတော့ဘူး။ လူတစ် ယောက်ရဲ့ အရှုပ်ထွေးဆုံးအလုပ်တစ်ခု ကင်းရှင်းသွားတာပဲ မဟုတ်လား။ ပြီးတော့ - ငါ့မှာ အစာအိမ်၊ အူသိမ်၊ အူမတွေ မရှိတော့တဲ့အတွက် ငါ အစာ စားစရာ မလိုတော့ဘူး။ ကဲ - ဘယ်လောက်များ ထူးတဲ့ဆုလာဘ်ကြီးလဲ"

ကျွန်တော်က ခန္ဓာကိုယ်ကို မရွှေ့ပြောင်းဘဲ ညာလက်ကို ဘယ်လက် သို့ ကွေးကာ ဘယ်ဘက်မှောင်ရိပ်ထဲရှိ စကားသံထွက်ပေါ်နေရာဆီသို့ ကျည်တစ်တောင့် ပစ်သွင်းလိုက်ပါသည်။ မြောက်လုံးပြူးယမ်းအား ပေါက် ကွဲသံမှာ မိုးကြိုးပစ်သံတမျှ ကျယ်လောင်ပြည်ဟိန်းသွားသည်။

"ငါ့ကို ပစ်လို့ ကျည်ဆန်ကုန်ရုံပဲ – ဝေ့အရဲ၊ ဒါကြောင့်မို့ မင်းဟာ စိတ်ပျက်စရာအကောင်တစ်ကောင်လို့ ငါပြောခဲ့တာ"

ဤသည်မှာ ကျွန်ုပ်ကြားခဲ့ရသော နောက်ဆုံးစကားသံပင် ဖြစ်ပါသည်။

အကူရဲဘော်ကလေး ပြေးဝင်လာချိန်၌ သေနတ်သံ၏အသံလှိုင်း တုန်ခါမှုရိုက်ခတ်ပြီး ပြိုကျလာသော မျက်နှာကြက် အင်္ဂတေပြားတစ်ချပ် ခေါင်းပေါ်ကျပြီး သတိလစ်နေသည့် ကျွန်တော့်ကို သေနတ်ကိုင်လျက်နှင့် တွေ့ရသည်ဟု ဆိုပါသည်။

→ ကြွန်

စာမူရှင်များသို့ ...

"ဝန္တီရေစွေဝင်း" တွင် ဖော်ပြပါဝင်ခဲ့သော စာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မသိရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ခွင့်မရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် ရုံးသို့ကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂျိုးမှူဝင်း